# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်   ၂၀၁၅ ခုနှစ်၊ ဧပြီ ၁၉ ရက်၊ တနင်္ဂနွေနေ့၊   အတွဲ [၅၄]၊ အမှတ် [၁၉၆]


**သုသိက္ခိတ ဝိနယမင်္ဂလာ**

စည်းကမ်းကျင့်ဝတ်ကို ကောင်းစွာသင်ယူခြင်း၊
လိုက်နာကျင့်သုံးခြင်းသည်
ကောင်းမြတ်သော မင်္ဂလာမည်၏။



**နိုင်ငံတစ်ဝန်း အခြေခံပညာစာမေးပွဲ အောင်စာရင်းများ ထုတ်ပြန်ကြေညာ**

အခြေခံပညာမူလတန်းအဆင့်မှ အထက်တန်းအဆင့်အထိ စာမေးပွဲအောင်စာရင်းများကို နိုင်ငံတစ်ဝန်းထုတ်ပြန်ကြေညာခဲ့ရာ မိတ္ထီလာမြို့တွင် စာမေးပွဲအောင်စာရင်း လာရောက်ကြည့်ရှုသူများကို ဤသို့တွေ့ရသည်။

(သတင်း၊ စာမျက်နှာ-၃) ဓာတ်ပုံ-ချမ်းသာ(မိတ္ထီလာ)

## တပ်မတော်စစ်ကြောင်းများက စန်တအိုက်ရှန်နယ်မြေအတွင်း လမ်းပန်းဆက်သွယ်မှု လွယ်ကူစွာသွားလာနိုင်ရန်အတွက် ကိုးကန့်သောင်းကျန်းသူများထောင်ထားသော ကားမိုင်းများနှင့် ဆက်စပ်ပစ္စည်းများ ဖော်ထုတ်ရှင်းလင်း

စာမျက်နှာ-၁၂

## တပ်မတော်စစ်ကြောင်းများ ရခိုင်ဒေသအတွင်း နယ်မြေရှင်းလင်းစဉ် ရခိုင်သောင်းကျန်းသူအဖွဲ့နှင့် ထိတွေ့တိုက်ပွဲဖြစ်ပွား

စာမျက်နှာ-၁၂


**ထွန်းရွှေဝါဆေးတိုက် နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ**

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ထုတ်လုပ်သော မြန်မာ့တိုင်းရင်းဆေးဝါးများအား အဘက်ဘက်မှဝိုင်းဝန်းပံ့ပိုးကူညီအားပေးခဲ့ကြသော ကျေးဇူးရှင်ဆရာသမားများနှင့် မိတ်ဆွေအပေါင်းအသင်းများ၊ အနယ်နယ်အရပ်ရပ်ရှိ ဆေးရောင်းကိုယ်စားလှယ်တော်ကြီးများနှင့် သုံးစွဲသူ မိဘပြည်သူများ၊ ခေတ်မီဖွံ့ဖြိုးတိုးတက်နေသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ ပြည်သူ ပြည်သားများအားလုံး မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ် နှစ်သစ်မင်္ဂလာအခါသမယမှစ၍ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်အတူ စီးပွားဥစ္စာများ ဒီရေအလား တိုးတက်ပါစေကြောင်း ထွန်းရွှေဝါ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# စည်းကမ်းရှိမှတိုးတက်မည်

ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံသစ်ဆီသို့ ဦးတည်လျှောက်လှမ်းနေသော နိုင်ငံတစ်နိုင်ငံအနေဖြင့် စည်းကမ်းသည် အလွန်ပင်အရေးကြီးပါသည်။ ဒီမိုကရေစီနိုင်ငံအဖြစ် ပြုပြင်ပြောင်းလဲရာတွင် လူတိုင်းလိုက်ပါပြီး အခြေခံပြုပြင်ပြောင်းလဲရမည့် လုပ်ငန်းစဉ်သည် စည်းကမ်းဖြစ်ပါသည်။ လူတစ်ဦးချင်းမှအစ စည်းကမ်းကို လေးစားလိုက်နာကျင့်သုံးကြရမည်ဖြစ်ပါသည်။ စည်းကမ်းရှိမှ တိုးတက်မည်ဟူသော စကားအတိုင်း စည်းကမ်းသည် တိုးတက်မှု၏ အခြေခံအုတ်မြစ်ပင်ဖြစ်ပါသည်။

စည်းကမ်းဟူသည် ဘောင်အနားဖြစ်ပါသည်။ လုပ်ကိုင်ဆောင်ရွက်ရမည့် ရည်မှန်းချက်များ မတိမ်းမစောင်း၊ မယိမ်းမယိုင်ရလေအောင် စည်းကမ်းဘောင်အနားများ သတ်မှတ်ထားခြင်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် ကောင်းမွန်သောရည်မှန်းချက်များဖြင့် ထုတ်ပြန်ထားသော ဥပဒေများ၊ စည်းကမ်းချက်များ ကြေညာချက်များပင်ဖြစ်ပါသည်။ ထိုဥပဒေ စည်းကမ်းများကို လိုက်နာဆောင်ရွက်ခြင်းဖြင့် တည့်မတ်ဖြောင့်တန်းစွာ ဆောင်ရွက်လုပ်ကိုင်သည့် လုပ်ငန်းအဖြာဖြာတို့ တိုးတက်အောင်မြင်မှုများ ရရှိနိုင်မည်ဖြစ်ပါသည်။

ပြီးခဲ့သည့် သင်္ကြန်ကာလကိုပြန်လည်ဆန်းစစ်ကြည့်လျှင် မြို့ကြီးပြကြီးများ၌ စည်းကမ်းကိုလေးစား တန်ဖိုးထားကြဖို့ လိုအပ်နေပြီဖြစ်ကြောင်း တွေ့ရမည်ဖြစ်ပါသည်။ ရေကစားမဏ္ဍပ်ကြီးများ အသီးသီးတို့အနီး၌ စည်းကမ်းမဲ့စွာ စွန့်ပစ်ထားကြသော ဖော့ဘူးခွံများ၊ပလတ်စတစ်အိတ်ခွံများ၊ စက္ကူဘူးများ၊ ဘီယာ အရက်ဘူးခွံ၊ ပုလင်းခွံများ၊ စွန့်ပစ်စားကြွင်းစားကျန်များ နေရာအနှံ့တွင် တွေ့ရမည်ဖြစ်ပါသည်။

ထို့အပြင် ရေကစားမဏ္ဍပ်များအနီး၌ ယာဉ်များကို စည်းကမ်းမဲ့စွာ ရပ်နားထားခြင်း၊ ပလက်ဖောင်း မြက်ခင်းများပေါ် ယာဉ်တက်ရောက်ရပ်နားခြင်း၊ ယာဉ်မောင်းများကွမ်းတံတွေးများကို စည်းကမ်းမဲ့စွာ ထွေးခြင်း၊ လူသူမြင်ကွင်းများ၌ စည်းကမ်းမဲ့စွာ အပေါ့အလေးသွားခြင်း စသောစည်းကမ်းမဲ့လုပ်ရပ်များကိုလည်း တွေ့ခဲ့ကြရသည်။ ဤသို့ စည်းကမ်းမဲ့လုပ်ရပ်များကြောင့် မြန်မာ့ရိုးရာသင်္ကြန်အလှကို ထိခိုက်စေခဲ့ပါသည်။ မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်သည် လူမျိုးမရွေး၊ ဘာသာမရွေး ပါဝင်ဆင်နွှဲနိုင်သည့် ရေသဘင်ပွဲတော်ကြီးဖြစ်သကဲ့သို့ ပြည်ပနိုင်ငံခြားသားခရီးသွားဧည့်သည်များ အများအပြားလာရောက်ပါဝင်ဆင်နွှဲရာ ပွဲတော်ကြီးလည်း ဖြစ်ပါသည်။

ဤအချက်များကို ထောက်ရှုခြင်းအားဖြင့် မြန်မာနိုင်ငံ၌ စည်းကမ်းကိုလေးစားတန်ဖိုးထားလိုက်နာကြရန် လိုအပ်ကြောင်း မီးမောင်းထိုးပြလိုက်ခြင်းပင် ဖြစ်ပါသည်။ စင်ကာပူနိုင်ငံ ခေါင်းဆောင် လီကွမ်ယူက စင်ကာပူနိုင်ငံကို တတိယကမ္ဘာမှ တိုးတက်ခေတ်မီသော ပထမကမ္ဘာသို့ ပို့ဆောင်ပေးရာတွင် စည်းကမ်းကို အလေးအနက်ထား ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ တိုးတက်သော နိုင်ငံအသီးသီးတို့၌ စည်းကမ်းကို အလေးအနက် တန်ဖိုးထားတတ်ကြပါသည်။ စည်းကမ်းရှိ၍လည်း တိုးတက်ခြင်းဖြစ်ပါသည်။ မည်သည့်အလုပ်၊ မည်သည့်အမှုကိစ္စတို့၌ မဆို စည်းကမ်းရှိကြရမည်ဖြစ်ပါသည်။ စည်းကမ်းနှင့် တိုးတက်မှုတို့သည် ဒွန်တွဲလျက်ရှိပါသည်။ စည်းကမ်းစနစ်ကောင်းပြီး ချမှတ်ထားသော စည်းကမ်းကို လူတိုင်းလိုက်နာကြပါမှ တိုးတက်ကြီးပွားမည်ဖြစ်ပါသည်။ သို့ပါ၍ မြန်မာပြည်ကြီး တိုးတက်ဖို့ဆိုလျှင် လူတိုင်းလူတိုင်း စည်းကမ်း၊ စနစ်များကို အထူးလေးစားတန်ဖိုး ထားလိုက်နာကြရန် လိုအပ်ပါကြောင်း။ ။

# ရတနာသိယံဗိမာန်တော်ကြီးအား ရွှေထီးတော်တင်လှူပူဇော်



**မန္တလေး မေ ၁၈**


မန္တလေး ချမ်းမြသာစည်မြို့နယ် သံလျှက်မော်တောင်ရပ် ဧရာထွန်းမြို့သစ် အကွက် (၄၅၄) နတ်ရွာကုန်းရပ်ကွက်ရှိ ဝိဇ္ဇာတည်ထား ကမ္ဘာပြည့်ဝ လောကမုနိ နဂါးနီဘုရား အတွင်းရှိ ရတနာသိယံဗိမာန်တော်ကြီးအား ရွှေထီးတော်တင်လှူပူဇော်ပွဲကို မြန်မာနှစ်ဆန်း ၁ ရက်နေ့ နံနက် ၁၀ နာရီက အဆိုပါဘုရားဝင်းအတွင်းရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မုဒိသာသနာပြုဘုရားဂေါပကအဖွဲ့ဝင်များ၊ ခုနစ်ရက်သားသမီး အလှူရှင်မိသားစုများက ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်နှင့် ဘုံအဆင့်ဆင့်တို့ကို မင်္ဂလာအချိန်ကျရောက်သည်နှင့်တစ်ပြိုင်နက် တင်လှူပူဇော်ကြပြီး ရွှေထီးတော်တင်လှူပူဇော်ပွဲ အောင်ပွဲအထိမ်းအမှတ်အဖြစ် ခုနစ်ရက်သားသမီး အလှူရှင်များက ရတနာ၊ ရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးပေးကြသည်။

ခုနစ်ရက်သားသမီးများနှင့် ပါရမီရှင် ပဌာန်းဆက် ဆွေတော်မျိုးတော်အပေါင်း လှူဒါန်းခဲ့တဲ့ ကျွန်တော်တို့ရဲ့ ဝိဇ္ဇာတည်ထား ကမ္ဘာပြည့်ဝ လောကမုနိ နဂါးနီဗိမာန်တော်ကြီးကို ရွှေထီးတော်တင်လှူခြင်းဖြစ်ပါတယ်။ နောက်ပိုင်းမှာလည်း ဘုံခုနစ်ဆင့်ဖြစ်တဲ့ ဂန္ဓကုဋိတိုက်တော်ကြီးကိုလည်း တည်ဆောက်သွားဖို့ ရှိပါတယ်”ဟု အဆိုပါဘုရားမှ မုဒိတာ သာသနာပြုဘုရား ဂေါပကအဖွဲ့ဥက္ကဋ္ဌက ပြောကြားသည်။

အဆိုပါ ရတနာသိယံဗိမာန်တော်ကြီး ရွှေထီးတော်တင်လှူပွဲ မကျင်းပမီ မဟာသင်္ကြန် အတက်နေ့နှင့် မြန်မာနှစ်ဆန်း ၁ ရက်နေ့ နံနက်တို့တွင် စတုဒိသာအဖြစ် သက်သတ်လွတ် ထမင်းနှင့် ဟင်းလျာများ ကျွေးမွေးလှူဒါန်းပြီး အောင်ပွဲအထိမ်းအမှတ်အဖြစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် ဝင်းစန္ဒာဗိုလ် မင်္ဂလာဆိုင်းအဖွဲ့နှင့် ရွှေသံစဉ် ခေတ်ပေါ်တေးဂီတအဖွဲ့တို့ဖြင့် ဧည့်ခံဖျော်ဖြေပေးကာ မြန်မာ နှစ်ဆန်း ၂ ရက်နေ့ ညတွင် ဟာသလူရွှင်တော် ဖိုက်စတားအဖွဲ့တို့ဖြင့် ဧည့်ခံဖျော်ဖြေခဲ့ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**





# အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ပွဲနှင့် သက်ကြီးပူဇော်ပွဲ

**နေပြည်တော် မေ ၁၈**

သာသနာရေးဝန်ကြီးဌာန မိသားစုများ၏ ဒသမအကြိမ်မြောက် အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ပူဇော်ပွဲနှင့် သက်ကြီးပူဇော်ပွဲအခမ်းအနားကို နေပြည်တော် ရုံး အမှတ်(၃၁) သာသနာရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ မြန်မာနှစ်ဆန်း ၁ ရက်က ကျင်းပရာသာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းဦးဆောင်သော ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဖွင့်လှစ်ခဲ့၍ ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိမလ ဗုဒ္ဓိထံမှ ငါးပါးသီလခံယူဆောက်တည်ကာ ဆရာတော် သံဃာတော်များ ရွတ်ဖတ်တော်မူသော ပရိတ်တရားတော်များနာယူပြီး ရေစက်သွန်းချအမျှပေးဝေခဲ့သည်။

ယင်းနောက် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်နှင့် လယ်ဝေးမြို့နယ်နှင့် ဇမ္ဗူသီရိမြို့နယ်များမှ အဘိုး အဘွား ၄၃ ဦးတို့အား ဦးခေါင်းသန့်စင်ခြင်း၊ ခြေလက်သန့်စင်ခြင်း၊ ခြေသည်းလက်သည်းညှပ်ခြင်းများပြုလုပ်ခဲ့ပြီး အဘိုးအဘွားတစ်ဦးလျှင် အလှူငွေကျပ် ၅၀၀၀၀ စီ လှူဒါန်းခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** **(မြန်မာ့အလင်း)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၈-၄-၂၀၁၅

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၈၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၄၆၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၈၇၀၀၀ |

### စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၅ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၈၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၆၄၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၉၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၁၀ |

### သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၃၇၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၄၅၀၀-၆၈၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၄၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၇၀၀၀-၃၃၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၂၀၀-၉၅၀၀ |

### နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၈၀-၁၀၈၅ |
| ဥရောပ | တစ်ယူရို | ၁၂၂၀-၁၂၃၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၈၀-၇၈၂ |
| ထိုင်း | တစ်ဘတ် | ၃၀.၅-၃၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၅.၇-၁၆.၃ |
| တရုတ် | တစ်ယွမ် | ၁၆၅-၁၇၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၀-၃၄၃ |

### ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

| | | |
|---|---|---|
| နှမ်းဆန် (အသစ်) | တစ်အိတ် | ၁၆၈၀၀-၁၇၂၀၀ |
| မိုးဆန်သစ် (မနောသုခ) | တစ်အိတ် | ၁၇၃၀၀-၁၇၈၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၉၀၀၀-၃၄၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၄၁၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၃၀ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၂၇၅-၄၀၀ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၁၀၅၀-၁၄၀၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၁၉၀၀-၁၉၅၀ |
| အာလူး(ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၄၉၀-၈၆၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၃၁၀၀-၃၁၅၀ |
| ငရုတ်ပွ (မြစ်ဝ) | တစ်ပိဿာ | ၅၂၀၀-၅၈၀၀ |
| သကြား | တစ်ပိဿာ | ၈၇၀-၉၀၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဇော်ဇော်ငတင်ပြသည်။

# လောက်ကိုင်ဒေသတိုက်ပွဲများတွင် နိုင်ငံတော်အတွက် အသက်ကိုပဓာနမထားဘဲ ရဲဝံ့စွန့်စားစွာ တာဝန်ထမ်းဆောင်ရင်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြသော တပ်မတော်သားများအား ရင်းနှီးနွေးထွေးစွာ တွေ့ဆုံအားပေး

**နေပြည်တော် ဧပြီ ၁၈**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးလှ‌ဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး သူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများသည်သတင်းမီဒီယာများလိုက်ပါလျက် ယနေ့နံနက်ပိုင်းက လားရှိုးတပ်နယ် တပ်မတော်ဆေးရုံသို့သွားရောက်ကာ ယခုကာလအတွင်း ဖြစ်ပွားခဲ့သည့် လောက်ကိုင်ဒေသ တိုက်ပွဲများတွင် နိုင်ငံတော်နှင့် တပ်မတော်အတွက် စွန့်လွှတ်စွန့်စားသည့် စိတ်ဓာတ်ဖြင့် စွမ်းစွမ်းတမံ သက်စွန့်ကြိုးပမ်း တာဝန်ထမ်းဆောင်ရင်း ထိခိုက်ဒဏ်ရာရရှိပြီး ဆေးကုသမှုခံယူနေသည့် အရာရှိ၊ စစ်သည်များအား ရင်းနှီးနွေးထွေးစွာတွေ့ဆုံ၍ ဂုဏ်ပြုအားပေးစကား ပြောကြားသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက် ကုသမှုခံယူနေသော အရာရှိ၊ စစ်သည်နှင့် ၎င်းတို့၏မိသားစုများအား တစ်ဦးချင်း ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ထိခိုက်ဒဏ်ရာရရှိမှုနှင့် ဆေးကုသမှုအခြေအနေ အသေးစိတ်ကို မေးမြန်းကာ ဆေးကုသမှုဆိုင်ရာလိုအပ်ချက်များ၊ စစ်သည်တစ်ဦးချင်း၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ထောက်ပံ့ငွေ၊ ပစ္စည်းနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကာ ထိခိုက်ဒဏ်ရာရရှိသော အရာရှိ၊ စစ်သည်များ၊ တိုင်းပြည်အတွက် အသက်စွန့်လွှတ်ခဲ့ရသော အရာရှိ၊ စစ်သည်များ၏ မိသားစုများနှင့် မစွမ်းမသန်ဖြစ်သွားသော အရာရှိ၊ စစ်သည်များ၏ ဘဝရပ်တည်ရေးနှင့် နေထိုင်နိုင်ရေးအတွက် ပူပင်ကြောင့်ကြမှုမရှိစေရန်နှင့် ဘဝအာမခံချက်ရှိရန်ဆောင်ရွက်ပေးထားသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်ပေးမည့်အစီအစဉ်များအား ပြောကြားပြီး လိုအပ်သောအုပ်ချုပ်မှုကိစ္စရပ်များအား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့အတူ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များသည် ဆေးကုသမှုခံယူနေသော အမျိုးသမီးလူနာဆောင်ရှိ မိသားစုဝင်များကို တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေနှင့်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများပေးအပ်သည်။

ဆက်လက်၍ ညနေပိုင်းတွင် ပြင်ဦးလွင်တပ်နယ်ရှိ တပ်မတော်ဆေးရုံသို့ ရောက်ရှိပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းရွက်ရင်း ထိခိုက်ဒဏ်ရာရရှိပြီး ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်များအား တစ်ဦးချင်း ရင်းနှီးစွာတွေ့ဆုံ အားပေးစကားပြောကြားကာ ထောက်ပံ့ငွေ၊ ပစ္စည်းနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။

အလားတူ Red Link ကုမ္ပဏီ၊ စကိုင်းဝမ်းဆောက်လုပ်ရေးကုမ္ပဏီ၊ Adventure Myanmar Group ကုမ္ပဏီလီမိတက်နှင့် မင်းဒင်ဖောင်ဒေးရှင်းတို့မှ တာဝန်ရှိသူများကလည်း ဆေးရုံတက်ရောက်ကုသမှုခံယူနေသည့် အရာရှိ၊ စစ်သည်များအား ထောက်ပံ့ငွေနှင့် ပစ္စည်းများကို တစ်ဦးချင်းပေးအပ်သည်။

လားရှိုးတပ်နယ်နှင့် ပြင်ဦးလွင်တပ်နယ်ရှိ တပ်မတော်ဆေးရုံတွင် နိုင်ငံတော် ကာကွယ်ရေးတာဝန်များအတွက် အသက်ကိုပဓာနမထားဘဲ စွန့်လွှတ်စွန့်စားစွာတိုက်ပွဲဝင်ရင်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည့် အရာရှိ၊ စစ်သည်များနှင့် ဆေးကုသမှုများ ဆောင်ရွက်ပေးနေသည့် တပ်မတော်ဆေးရုံမှ တာဝန်ရှိသူများကို သတင်းမီဒီယာများက သိရှိလိုသည်များ မေးမြန်းခဲ့ကြသည်။

၎င်းအပြင် ယနေ့တွင် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများက လောက်ကိုင်ဒေသ၌ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ကိုယ်ကျိုးစွန့်တိုက်ပွဲဝင်နေကြသော တပ်မတော်သားများနှင့် မိသားစုများ စားသုံးရန် ထောပတ်ထမင်းထုပ် ၅၀၀၀၊ ရွှေပုစွန်ကိတ် အလုံး ၈၁၀ နှင့် အချိုရည်ဘူး ၅၀၀၀ တို့ကို ရဟတ်ယာဉ်၊ မော်တော်ယာဉ်များဖြင့် လောက်ကိုင်ဒေသသို့ ပို့ဆောင်ပေးခဲ့သည်။

ယမန်နေ့ကလည်း လောက်ကိုင်ဒေသတွင် တိုက်ပွဲဝင်နေသော တပ်မတော်သားများအတွက် ခေါက်ဆွဲကြော်အထုပ် ၅၀၀၀ အား ပေးပို့ခဲ့ကြောင်းသိရှိရသည်။

ဖုန်ကြားရှင်ဦးဆောင်သော ကိုးကန့်သောင်းကျန်းသူများသည် ပြည်ထောင်စုနေ့မတိုင်မီ လောက်ကိုင်မြို့အား သိမ်းပိုက်ပြီး နိုင်ငံတော်အစိုးရ အကျပ်အတည်းဖြစ်စေရန် နိုင်ငံရေး၊ စစ်ရေးအကျပ်ကိုင်မှုများ ပြုလုပ်ရန်ရည်ရွယ်၍ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်မှ စတင်ကာ လောက်ကိုင်ဒေသအား တိုက်ခိုက်မှုများပြုလုပ်လာခဲ့သည်။ ကိုးကန့်သောင်းကျန်းသူများသည် အခြားလက်နက်ကိုင် တိုင်းရင်းသားအဖွဲ့များနှင့် ပူးပေါင်း၍လောက်ကိုင်ဒေသအား သိမ်းပိုက်ရရှိရေးတိုက်ပွဲများ စတင်ဆင်နွှဲတိုက်ခိုက်ခဲ့သော်လည်း မြန်မာ့တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရန်နှင့် ဒေသတည်ငြိမ်အေးချမ်းရေးအတွက် အသက်ကိုပဓာနမထားဘဲ တပ်မတော်သားတို့၏ အသက်၊ သွေး၊ ချွေးများပေးဆပ်ကာ ရှုပ်ရှုပ်ချွံချွံ၊ ရဲရဲတက်၊ ရဲရဲတိုက်၊ ရဲရဲချေမှုန်း တိုက်ခိုက်နိုင်မှုများကြောင့် ယခုအခါ လောက်ကိုင်ဒေသတစ်ခုလုံးရှိ အဓိကအရေးကြီးသော တောင်ကုန်းများ၊ အချက်အချာနယ်မြေများအား သိမ်းပိုက်ထိန်းချုပ်ထားနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။

**(မြဝတီ)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လောက်ကိုင်ဒေသတိုက်ပွဲများတွင် တာဝန်ထမ်းဆောင်ရင်း ထိခိုက်ဒဏ်ရာရရှိပြီး ဆေးကုသမှုခံယူနေသည့် အရာရှိ၊ စစ်သည်များအား ရင်းနှီးနွေးထွေးစွာတွေ့ဆုံအားပေးစဉ်။** (မြဝတီ)

# စတုတ္ထတန်းနှင့် အဋ္ဌမတန်းစာမေးပွဲတွင် အဆင့် D ရရှိသူများ မေ ၁၄ ရက်တွင် စာမေးပွဲပြန်လည်ဖြေဆိုရမည်

**မိတ္ထီလာ ဧပြီ ၁၈**

အခြေခံပညာမူလတန်းအဆင့် သူငယ်တန်းမှ အထက်တန်းအဆင့် နဝမတန်းအထိ စာမေးပွဲအောင်စာရင်းများကိုနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများတွင် ဧပြီ ၁၈ ရက် နံနက်ပိုင်းက ထုတ်ပြန်ကြေညာပေးခဲ့ရာ မိတ္ထီလာတွင်လည်း အလားတူ စာမေးပွဲ အောင်စာရင်းများ ထုတ်ပြန်ကြေညာပေးခဲ့ပြီး စတုတ္ထတန်းနှင့် အဋ္ဌမတန်းစာမေးပွဲတွင် အဆင့်ဒီ ရရှိသူများအနေဖြင့် မေ ၁၄ ရက်တွင် စာမေးပွဲပြန်လည်ဖြေဆိုရမည်ဖြစ်ကြောင်း သိရသည်။

“ဒီနေ့ အခြေခံပညာမူလတန်းအဆင့် သူငယ်တန်းကနေ အထက်တန်းအဆင့် နဝမတန်းအထိ စာမေးပွဲအောင်စာရင်းတွေကို သက်ဆိုင်ရာ စာသင်ကျောင်းများမှာ ထုတ်ပြန်ကြေညာပေးထားပါတယ်။ စတုတ္ထတန်းနဲ့ အဋ္ဌမတန်းစာမေးပွဲမှာ အဆင့်ဒီ ရှိသူများအနေနဲ့ မေ ၁၄ ရက်မှာ စာမေးပွဲပြန်လည်ဖြေဆိုရမှာပါ။ အဲဒီလို စာမေးပွဲ ဖြေဆိုဖို့အတွက် ဧပြီ ၂၂ ရက် ကနေ ဧပြီ ၂၉ ရက်အထိ သင်ခန်းစာတွေ ပြန်လည်တက်ရောက်သင်ကြားရမှာဖြစ်ပါတယ်။ စာမေးပွဲကို မေ ၁၄ ရက်ကနေ ၁၆ ရက်အထိ တစ်ရက်လျှင် ဘာသာရပ်နှစ်ခု နံနက်ပိုင်းနဲ့ နေ့လယ်ပိုင်း ခွဲခြားပြီး သုံးရက် ဖြေဆိုရမှာဖြစ်ပါတယ်။ စတုတ္ထတန်းက ဘာသာရပ်ငါးခုပဲရှိတော့ နှစ်ရက်နဲ့ နံနက်ပိုင်းတစ်ပိုင်းဖြေဆိုရမှာ ဖြစ်ပါတယ်”ဟု မိတ္ထီလာ ခရိုင်ပညာရေးမှူးရုံးမှ ခရိုင်လက်ထောက်ပညာရေးမှူး ဦးသက်လေးဦးက ပြောသည်။

စတုတ္ထတန်းနှင့် အဋ္ဌမတန်း စာမေးပွဲဖြေဆိုသူများအား A အဆင့်၊ B အဆင့်၊ C အဆင့်၊ D အဆင့် ခွဲခြားသတ်မှတ်ထားပြီး ဘာသာရပ်အားလုံး၏ စုစုပေါင်းရမှတ်သည် ပျမ်းမျှ ၁၀၀ မှတ်မှ ၈၀ မှတ် A အဆင့်၊ ပျမ်းမျှ ၇၉ မှတ်မှ ၆၀ မှတ်အတွင်း Bအဆင့်၊ ပျမ်းမျှ ၅၉ မှတ်မှ ၄၀ မှတ်အတွင်း Cအဆင့်၊ ပျမ်းမျှ ၃၉ မှတ်အောက် Dအဆင့်ဟု သတ်မှတ်ထားခြင်းဖြစ်ကာ D အဆင့် ရရှိသူများအနေဖြင့် စတုတ္ထတန်းမှ ပဉ္စမတန်းသို့ လည်းကောင်း၊ အဋ္ဌမတန်းမှ နဝမတန်းသို့ လည်းကောင်း အတန်းတက်ခွင့်ရရှိသူများဖြစ်အောင် စာမေးပွဲပြန်လည်ဖြေဆိုခွင့်ပြုထားခြင်းဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

*✻ ကျောဖုံးမှ*

မြန်မာနိုင်ငံတွင် ဒီရေတောများကို ရခိုင်၊ ဧရာဝတီ၊ တနင်္သာရီတိုင်းဒေသကြီးတို့တွင် အများဆုံးတွေ့ရှိရပြီး ရန်ကုန်တိုင်းဒေသကြီးတွင်လည်း ဒီရေတောများပေါက်ရောက်လျက်ရှိသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျောက်တန်း၊ ကွမ်းခြံကုန်း၊ သုံးခွမြို့နယ်များရှိ ကမ်းတက်မြေများ၌ သဘာဝအလျောက်ပေါက်နေသော ဒီရေတောများတည်ရှိနေရာ စနစ်တကျထိန်းသိမ်းစောင့်ရှောက်ရန် စီစဉ်လျက်ရှိသည်။

သဘာဝပတ်ဝန်းကျင်နှင့် သစ်တောရေးရာဝန်ကြီးဌာနက ဧရာဝတီတိုင်းဒေသကြီးတွင် ၂၀၀၈ ခုနှစ် မတိုင်မီနှင့် နာဂစ်မုန်တိုင်းဒဏ်ခံရပြီးနောက်ပိုင်း၌ ဒီရေတောစိုက်ခင်းဧက ငါးသောင်းခွဲခန့် စိုက်ပျိုးခဲ့ပြီး ဒီရေတောထိန်းသိမ်းမှုလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ်အများဆုံးကြုံတွေ့ခံစားရသည့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြစ်ဝကျွန်းပေါ်ဒေသများတွင် သဘာဝဘေးအန္တရာယ်များအားကြိုတင်ကာကွယ်နိုင်ရန် ဒီရေတောများ ပြန်လည်ထူထောင်ရေး စီမံကိန်းကို ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း အကောင်အထည်ဖော်နိုင်ရေး ကြိုးစားနေပြီဖြစ်သည်။

ဒီရေတောများ ပြန်လည်ထူထောင်နိုင်ရေးအတွက်ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင်သတ်မှတ်ကာလငါးနှစ်အတွင်း ဂျိုက်ကာ(JICA) အဖွဲ့နှင့်ပူးပေါင်းကာ ဒီရေတောဧက ၂၈၀၀ ကျော်စိုက်ပျိုးထူထောင်သွားမည်ဖြစ်သည်။ ထိုသို့ ဒီရေတောများထူထောင်မှုနှင့် ထိန်းသိမ်းမှုလုပ်ငန်းများတွင် ဒေသခံများအား ဒီရေတောများ၏တန်ဖိုး၊ အကျိုးကျေးဇူးများကို ပညာပေးခြင်း၊ ဟောပြော ဆွေးနွေးခြင်းများလည်း ပြုလုပ်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ဒီရေတောဧရိယာသည် ဧရာဝတီတိုင်းဒေသကြီးတွင် ၄၆ ရာခိုင်နှုန်းခန့်၊ တနင်္သာရီတိုင်းဒေသကြီးတွင် ၃၇ ရာခိုင်နှုန်းခန့်နှင့် ရခိုင်ကမ်းရိုးတန်းဒေသတွင် ၁၇ ရာခိုင်နှုန်းခန့်ရှိနေရာ ဒီရေတောပြန်လည်ထူထောင်မှုနှင့် ထိန်းသိမ်းမှုများ ပြုလုပ်ရန်လိုအပ်လျက်ရှိသည်။ မြန်မာနိုင်ငံသည် ကမ္ဘာတွင်သတ္တမမြောက် ဒီရေတောအများဆုံးဖြစ်ကြောင်း အက်ဖ်အေအို၏ သစ်တောသယံဇာတအကဲဖြတ်ချက် အစီရင်ခံစာ၌ဖော်ပြထားသည်။

သဘာဝဘေးအန္တရာယ် အများဆုံး ကြုံတွေ့ရသည့်နိုင်ငံများတွင် မြန်မာနိုင်ငံလည်း ပါဝင်လျက်ရှိရာ ဒီရေတောများ ထူထောင်ရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းများကို ဒေသခံများအား အသိပညာပေးပြီး ပါဝင်ဆောင်ရွက်စေကာ ဒီရေတောများ တိုးပွားရေး ဂျိုက်ကာ(JICA) အဖွဲ့နှင့် ပူးပေါင်းလုပ်ကိုင်လျက်ရှိသည်။ **(မြန်မာ့အလင်း)**

**အောက်ပိုင်းဒေသများ နေ့အပူချိန်များအနည်းငယ်တိုးနိုင်**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် နေ့အပူချိန်များအနည်းငယ်တိုးလာနိုင်သည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည် ဖြစ်သည်။ **(မိုး/ဇလ)**

# အာဖဂန်နစ္စတန်နိုင်ငံရှိ အသေခံဗုံးခွဲတိုက်ခိုက်မှု လူ ၃၃ ဦးထက်မနည်းသေဆုံး

**ဂျလာလာဘတ် မေ ၁၈**

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း နန်ဂါဟာပြည်နယ် မြို့တော် ဂျလာလာဘတ်ရှိ ဒေသဆိုင်ရာဘဏ်ခွဲတစ်ခုတွင် ဧပြီ ၁၈ ရက် နံနက်ပိုင်းက အသေခံဗုံးခွဲတိုက်ခိုက်မှု တစ်ခုဖြစ်ပွားခဲ့ရာ လူ ၃၃ ဦးထက်မနည်းသေဆုံးပြီး ၁၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့နှင့် ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

ဖြစ်စဉ်မှာ အသေခံဗုံးခွဲတိုက်ခိုက်ရေးသမားတစ်ဦးက ဒေသစံတော်ချိန် နံနက် ၈ နာရီခန့်တွင် ကဘူးဘဏ်ခွဲသစ် ဝင်ပေါက်အနီး၌ ၎င်း၏ ဂျာကင်အင်္ကျီထဲတွင် ဝှက်ထားသော ပေါက်ကွဲပစ္စည်းကို ဖောက်ခွဲခဲ့ပြီးနောက် ယင်းကဲ့သို့သေဆုံးမှုများ ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့ အကြီးအကဲဖြစ်သူ ဖာဇီလ်အာမက် ရှာဇတ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အဆိုပါဗုံးပေါက်ကွဲမှုကြောင့် ယခုအထိ လူ ၃၃ ဦး သေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူ ၁၀၀ ကျော်တို့ကို ဆေးဝါးကုသမှုခံယူရန်အတွက် ယနေ့နံနက်ပိုင်းက ဂျလာလာဘတ်မြို့ရှိ ဆေးရုံများသို့ ပို့ဆောင်ခဲ့ကြောင်း၊ ဒဏ်ရာရရှိသူအတော်များများမှာ အခြေအနေဆိုးရွားသဖြင့် သေဆုံးမှုဦးရေလည်း နောက်ထပ်တိုးလာနိုင်ကြောင်း ဒေသဆိုင်ရာ ကျန်းမာရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အီနာမူလာ မီယာခေးလ်က မီဒီယာများသို့ပြောကြားသည်။

ပေါက်ကွဲမှုဖြစ်ပွားစဉ်တွင် တပ်မတော်သားများ အပါအဝင် လူအများအပြားသည် အဆိုပါဘဏ်ခွဲထဲသို့ ဝင်ရန် တန်းစီနေကြကြောင်း မျက်မြင်သက်သေများ၏ အဆိုအရသိရသည်။ ယင်းပေါက်ကွဲမှုကြောင့် အနီးအနားရှိ ဈေးဆိုင်များနှင့် မော်တော်ယာဉ်များကိုလည်း ထိခိုက်ပျက်စီးခဲ့ပြီး ပေါက်ကွဲမှုဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများကို ဆေးဝါးကုသမှုခံယူရန်အတွက် လူနာတင်ယာဉ်များနှင့် ရဲကားများဖြင့် နီးစပ်ရာဆေးရုံများသို့ အရေးပေါ်ပို့ဆောင်ခဲ့ကြောင်း၊ အဆိုပါတိုက်ခိုက်မှုနှင့် ပတ်သက်ပြီး မည်သူမည်ဝါ၏ လက်ချက်ဖြစ်သည်ကို ယခုအထိမသိရသေးကြောင်းဖြင့် ရဲတပ်ဖွဲ့အကြီးအကဲက ပြောကြားသည်။



အာဖဂန်နစ္စတန်နိုင်ငံတွင် ၂၀၁၄ ခုနှစ်အတွင်း၌ တာလီဘန်အုပ်စုဦးဆောင်သည့် တိုက်ခိုက်မှုများနှင့် အခြားသော အငြင်းပွားမှုများကြောင့် အရပ်သားပြည်သူ ၃၇၀၀ နီးပါးသေဆုံးပြီး ၆၈၀၀ ကျော်ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သတင်းများအရ သိရသည်။

**(ဆင်ဟွာ)**



# ဆက်ဒမ်ဟူစိန်၏ ညာလက်ရုံး အယ်လ်ဒိုရီ ဆာလာဟူဒင် ပြည်နယ်တိုက်ပွဲအတွင်း ကျဆုံး

**ဘဂ္ဂဒက် မေ ၁၈**

အီရတ်ခေါင်းဆောင်ဟောင်း ဆက်ဒမ်ဟူစိန်၏ ညာလက်ရုံး စစ်သွေးကြွခေါင်းဆောင် အီဇတ်အီဘရာဟင် အယ်လ်ဒိုရီသည် ဘဂ္ဂဒက်မြောက်ဘက် ဆာလာဟူဒင်ပြည်နယ်တိုက်ပွဲအတွင်း သေဆုံးသွားပြီဖြစ်ကြောင်း အီရတ်တာဝန်ရှိသူများက ပြောသည်။

သို့ရာတွင် ၎င်းအားထောက်ခံသူများက ငြင်းဆိုထားသည်။ အသက် ၇၂ နှစ်အရွယ်ရှိ ဒိုရီသည် မကြာသေးမီက ထကြွသောင်းကျန်းလာသည့် အိုင်အက်စ်အဖွဲ့၏ နောက်ကွယ်တွင်ရှိနေသည့် အဓိကအကြမ်းဖက်အဖွဲ့ကို ဦးဆောင်နေသူဖြစ်သည်။ ၎င်းသည် အမေရိကန်ကျူးကျော်ထိုးစစ်ဆင်မှုကြောင့် ၂၀၀၆ ခုနှစ်တွင် ကျဆုံးသွားသော ဆက်ဒမ်ဟူစိန်၏ လက်ထောက်ဖြစ်သည်။ ဒိုရီသည် ဆက်ဒမ်ဟူစိန်၏ ဘတ်ပါတီတွင် တာဝန်အရှိဆုံးပုဂ္ဂိုလ်ဖြစ်ပြီး ပါတီအတွင်း ဩဇာတိက္ကမကြီးမားသူအဖြစ် ထင်ရှားကျော်ကြားသည့်ပုဂ္ဂိုလ် ဖြစ်သည်။ ဒိုရီသေဆုံးမှုကို ဘတ်ပါတီက ငြင်းဆိုထားသည်။ သို့သော်လည်း ဒိုရီ၏ ရုပ်အလောင်းကို အယ်လ်အာရေဗျ ရုပ်မြင် သံကြားက ထုတ်လွှင့်ပြသခဲ့သည်။ ၎င်း၏ ရုပ်အလောင်းကို ဒီအင်န်အေစစ်ဆေးရန် ဘဂ္ဂဒက်သို့ ယခုအခါတွင် လွှဲပြောင်းပေးလိုက်ပြီဖြစ်သည်။

**(ဘီဘီစီ)**

# အီရတ်ကာ့ဒ်ဒေသရှိ အမေရိကန်ကောင်စစ်ဝန်ရုံး အပြင်ဘက်တွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွား၊ သုံးဦးသေဆုံး

**အာရဘီ မေ ၁၈**

အိုင်အက်စ်အဖွဲ့မှ ထောင်ထားသည်ဟုယူဆရသော ကားဗုံးတစ်လုံးသည် လွန်ခဲ့သော သောကြာနေ့က အာရဘီရှိ အမေရိကန်ကောင်စစ်ဝန်ရုံးအပြင်ဘက်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ သုံးဦးသေဆုံးခဲ့သည်။ အဆိုပါတိုက်ခိုက်မှုသည် အီရတ်ကာ့ဒ်ဒေသတွင် ဖြစ်တောင့်ဖြစ်ခဲတိုက်ခိုက်မှုတစ်ခုဖြစ်သည်။

အဆိုပါပေါက်ကွဲမှုတွင် မည်သည့် အမေရိကန်နိုင်ငံသားတစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရခြင်းမရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဌာနက ပြောခဲ့သည်။

အီရတ်ကာ့ဒ်ဒေသသည် အမေရိကန်ဦးဆောင် မဟာမိတ်တပ်ဖွဲ့များ၏ အိုင်အက်စ်တို့ကို တိုက်ခိုက်ချေမှုန်းရာ အရေးကြီးသောနေရာဖြစ်သည်။ အိုင်အက်စ်တပ်ဖွဲ့များသည် လွန်ခဲ့သောနွေရာသီတွင် အီရတ်ရှိ နေရာဒေသ အတော်များများကို စီးနင်းခဲ့ပြီး အာရဘီကို သိမ်းပိုက်ရန် ခြိမ်းခြောက်ခဲ့သည်။

ဗုံးပေါက်ကွဲမှု ဖြစ်ပြီးနောက် အန်ကာဝါပြည်နယ်တွင် တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။ ၎င်းဒေသသည် ခရစ်ယာန်များ လွှမ်းမိုးနေထိုင်ရာဖြစ်ပြီး ကော်ဖီဆိုင်များတွင် နိုင်ငံခြားသားများဖြင့် စည်ကားလျက်ရှိသောနေရာ ဖြစ်သည်။ အဆိုပါ ဗုံးဖောက်ခွဲတိုက်ခိုက်ခြင်းသည် ကောင်စစ်ဝန်ရုံးကို ဦးတည်တိုက်ခိုက်ခြင်းဖြစ်ကြောင်း အာရဘီမြို့တော်ဝန်က ရိုက်တာသို့ ပြောခဲ့သည်။ အန်ကာဝါဒေသ အကြီးတန်းလုံခြုံရေးအရာရှိက အဆိုပါပေါက်ကွဲမှုတွင် လူသုံးဦး သေဆုံးခဲ့ပြီး ၁၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြောခဲ့သည်။ ယခုကဲ့သို့ ဗုံးပေါက်ခြင်းသည် အိုင်အက်စ်စစ်သွေးကြွများရှိကြောင်းကို ပြသလိုက်သကဲ့သို့ ဖြစ်သည်။ သောကြာနေ့က ဘဂ္ဂဒက်တွင် ဗုံးနှစ်လုံးပေါက်ကွဲရာ ၂၇ ဦး သေဆုံးခဲ့ပြီး ၎င်းသည် အိုင်အက်စ်တပ်ဖွဲ့များကြောင့်ဖြစ်ကြောင်း သိရသည်။ အာရဘီကောင်စစ်ဝန်ရုံးကို တိုက်ခိုက်မှုသည် အိုင်အက်စ်တို့ကြောင့်ဖြစ်ကြောင်း အမေရိကန်အကြမ်းဖက်တန်ပြန်တိုက်ခိုက်ရေး အရာရှိက ရိုက်တာသို့ပြောခဲ့သည်။

**(ရိုက်တာ)**

# မက္ကဆီကိုနယ်စပ်တွင် သေနတ်ပစ်ခတ်မှုကြောင့် သုံးဦးသေဆုံး

**ရေနိုဆာ မေ ၁၈**

အမေရိကန် နယ်စပ်အနီးရှိ မက္ကဆီကိုနိုင်ငံ၏ မြို့တစ်မြို့ဖြစ်သည့် ရေနိုဆာမြို့တွင် မူးယစ်ဂိုဏ်းများ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် သုံးဦးထက်မနည်း သေဆုံးခဲ့သည်။ ၎င်းတို့၏ အဓိက မူးယစ်ဂိုဏ်းခေါင်းဆောင်တစ်ဦးကို ၎င်းဒေသတွင် ဖမ်းဆီးပြီးနောက် အဆိုပါတိုက်ခိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါမူးယစ်ဂိုဏ်းသည် ပြည်နယ်တပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်မှုကိုပြန်လည် တုံ့ပြန်ခြင်းဖြစ်သည်ဟု အရာရှိများကဖော်ပြခဲ့သည်။ သေဆုံးသူများမှာ လက်နက်ကိုင်အရပ်သားများဖြစ်သည်ဟုလည်း ဖော်ပြထားသည်။ သေနတ်သမားများက ယာဉ်များကိုမီးရှို့တိုက်ခိုက်ပြီး မြို့တော်ရှိ အစိတ်အပိုင်းများကို ပိတ်ဆို့ခဲ့သည်ဟု အရာရှိများက ပြောသည်။

သေနတ်ပစ်ခတ်ခြင်းနှင့် ပိတ်ဆို့ခြင်းများကြောင့် ဒေသခံပြည်သူများအနေဖြင့် အဓိကလမ်းမကြီးများကို အသုံးမပြုရန် အာဏာပိုင်များက အရေးပေါ် ကြေညာချက်ထုတ်ပြန်ခဲ့သည်။ အကြမ်းဖက်မှုပြုလုပ်ရာတွင် ထင်ရှားသော El Gafe ဟုခေါ်သော Gulf Cartel ၏ ခေါင်းဆောင်ကို အာဏာပိုင်များက ဖမ်းဆီးခဲ့သည်။ Gulf Cartel နှင့်၎င်း၏ပြိုင်ဖက်များကြား ပြင်းထန်သည့်ပဋိပက္ခများကြောင့် ရေနိုဆာနှင့် အခြားမြို့များတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်လာခဲ့သည်။ ဘိန်းမှောင်ခို ကုန်စည်စီးဆင်းမှုအဓိကဖြစ်သည့် အဆိုပါဒေသကို ထိန်းချုပ်နိုင်ရေးအတွက် အကြမ်းဖက်ဂိုဏ်းများ ယှဉ်ပြိုင်တိုက်ခိုက်လျက်ရှိသည်။

**(ဘီဘီစီ)**




# မဲလ်ဘုန်း၌ အကြမ်းဖက်ရန်ကြံစည်မှုဖြင့် ဩစတြေးလျ ဆယ်ကျော်သက်များ အဖမ်းခံရ

**မဲလ်ဘုန်း မေ ၁၈**

ပထမကမ္ဘာစစ် ရာပြည့်နှစ် အထိမ်းအမှတ်ပွဲတော်တစ်ခုကို အိုင်အက်စ်အဖွဲ့က အကြမ်းဖက်တိုက်ခိုက်ရန် လျှို့ဝှက်ကြံစည်မှုအား ဖျက်ဆီးနိုင်ခဲ့သည်ဟု ဩစတြေးလျရဲတပ်ဖွဲ့က ပြောကြားသည်။

အသက် ၁၈ နှစ်အရွယ် လူငယ်နှစ်ဦးပါဝင်သည့် သံသယဖြစ်ဖွယ်လူငါးဦးကို ရဲများက ဖမ်းဆီးထားသည်။

အဆိုပါ လူငါးဦးသည် လာမည့်သီတင်းပတ်တွင် မဲလ်ဘုန်းမြို့၌ကျင်းပပြုလုပ်မည့် ပထမကမ္ဘာစစ် ရာပြည့်နှစ်အထိမ်းအမှတ်ပွဲတော်၌ ရဲတပ်ဖွဲ့အားပစ်မှတ်ထားတိုက်ခိုက်ရန် ကြံစည်သူများဖြစ်သည်ဟု ရဲတပ်ဖွဲ့ကဆိုသည်။ စနေနေ့အစောပိုင်းက ရဲအရာရှိ ၂၀၀ တို့ပါဝင်လျက် မြို့တွင်း၌ အကြမ်းဖက်မှုတန်ပြန်နှိမ်နင်းရေး စစ်ဆင်မှုတစ်ရပ်ကိုပြုလုပ်ခဲ့ရာ အဆိုပါလူငါးဦးကို ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

သက်သေအထောက်အထားများအရ အဆိုပါသံသယရှိသူများသည် အိုင်အက်စ်တို့၏ဩဇာလွှမ်းမိုးခြင်းခံရသူများဖြစ်သည်ဟု ဒုတိယရဲမှူးကြီး နီလ်ဂေါ်ဂန်က သတင်းထောက်များ သို့ ပြောကြားခဲ့သည်။

အကြမ်းဖက် တရားခံတစ်ဦးဟု ယူဆရသူ ဆက်ဗ်ဒတ်ဘီစင်အား မဲလ်ဘုန်းရှိ တရားရုံး၌ ကြားနာစစ်ဆေးပြီး အကြမ်းဖက်လုပ်ဆောင်ရာ၌ ပူးပေါင်းကြံစည်မှုဖြင့် အရေးယူထားသည်။ အကြမ်းဖက်မှု ဆက်နွယ်သော ကိစ္စရပ်များ၌ ပါဝင်ပတ်သက်သည့် ဒုတိယသံသယရှိသူကိုလည်း အရေးယူမည်ဖြစ်သည်ဟု ရဲတပ်ဖွဲ့ကဆိုသည်။

**(ဘီဘီစီ)**

# ဇီဝိတဒါနငါးလွှတ်ပွဲ၊ သင်္ကြီးပူဇော်ပွဲ၊ စုပေါင်းသွေးလှူဒါန်းပွဲနှင့်အန္တရာယ်ကင်း ပရိတ်တရားတော်နာယူပွဲကျင်းပ

**မြစ်ကြီးနား ဧပြီ ၁၈**

မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာနှင့်အညီ မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် နှစ်စဉ်မပျက်ကျင်းပသည့် ဇီဝိတဒါနငါးလွှတ်ပွဲ၊ သင်္ကြီးပူဇော်ပွဲ၊ သွေးလှူဒါန်းပွဲနှင့် အန္တရာယ်ကင်းပရိတ်တရားတော်နာမင်္ဂလာအခမ်းအနားများကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ဧပြီ ၁၇ ရက် နံနက်ပိုင်းက ကျင်းပရာ ရှေးဦးစွာ ရုံးကြီးလမ်းနှင့်ကမ်းနားလမ်းထောင့် ဧရာဝတီမြစ်ဆိပ်၌ ဇီဝိတဒါနငါးလွှတ်ပွဲကို ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွန်ငန်ဆိုင်းနှင့် ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျုံး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များသည် ဧရာဝတီမြစ်အတွင်းသို့ ငါးသားပေါက်ကောင်ရေ သုံးသိန်းကျော်ကို ဇီဝိတဒါနအဖြစ်လွှတ်ပေးကြသည်။

ယင်းနောက် သာသနဗိမာန်တော်၌ သင်္ကြီးပူဇော်ပွဲတွင်ဘိုးဘွား ၇၈ ဦးအား ပူဇော်ကန်တော့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီးနှင့်မိသားစုက လှူဖွယ်ပစ္စည်းများနှင့် အလှူငွေကျပ် ၃၉၀၀၀၀၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ငွေကျပ် ၇၈၀၀၀၀၊ ပြည်နယ်အစိုးရအဖွဲ့က ဘိုးဘွားတစ်ဦးလျှင် ငွေကျပ် ၂၅၀၀၀ နှုန်းဖြင့် ငွေကျပ် ၁၁၀၂၅၀၀၀၊ ပြည်နယ်နှင့်မြို့နယ်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က ငွေကျပ် ၄၆၈၀၀၀ တို့ကို တာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြပြီး ပြည်နယ်အစိုးရအဖွဲ့မှ လှူဒါန်းသည့် အလှူငွေများကို အခမ်းအနားသို့ တက်ရောက်နိုင်ခြင်းမရှိသည့် ဘိုးဘွား ၃၆၃ ဦးအား နေအိမ်များအရောက် ပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့မှတစ်ဆင့် မြစ်ကြီးနားအထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး၌ ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီကကျင်းပသည့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများနှင့် စေတနာသွေးအလှူရှင်များက စုပေါင်းသွေးလှူဒါန်းနေမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့များက အားပေးကြည့်ရှုကြပြီး ဆေးနှင့်အာဟာရများ ပေးအပ်ကာ ပြည်နယ်ဝန်ကြီးချုပ်က ငွေကျပ်ငါးသိန်း၊ လွှတ်တော်ဥက္ကဋ္ဌက ငွေကျပ်လေးသိန်းနှင့် အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ် နှစ်သိန်းခွဲတို့ကို ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် မြို့တော်ခန်းမ၌ ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ပဉ္စမအကြိမ်မြောက် နှစ်သစ်ကူးအန္တရာယ်ကင်း ပရိတ်တရားတော်ရွတ်ဖတ်ပူဇော်ပွဲတွင် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသီလဝံသ အမှူးပြုသော သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်သဇ္ဈာယ်တော်မူကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ပရိတ်တရားတော်နာယူကြကာ သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများဆက်ကပ်လှူဒါန်းကြပြီး နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**



ရန်ကုန်မြို့ ရွှေတိဂုံဘုရားနှင့် မဟာဝိဇယစေတီတော်တို့တွင် မဟာသင်္ကြန်နှစ်ဆန်း ၁ ရက်က ဘုရားပရိဝုဏ်မွှာရုံများ၌ ဘုရားဖူးလာရောက်၍ ကုသိုလ်ယူကြသူများအား စတုဒိသာများ ကျွေးမွေးလှူဒါန်းခြင်း၊ ဇီဝိတဒါနငါးလွှတ်ခြင်း၊ ငှက်လွှတ်ခြင်းများ ဆောင်ရွက်ကြရာ အဘွားအိုတစ်ဦး ငှက်ကလေးများ လွှတ်နေသည်ကို ကြည်နူးဖွယ်မြင်တွေ့ရစဉ်။ ကိုကြီးစိုး(ဆိပ်ကမ်း)

# ဇီဝိတဒါနအသက်လွှတ်ပွဲကျင်းပ

**ရန်ကုန် ဧပြီ ၁၈**

ရန်ကုန် အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ်ကြားတောရရပ်ကွက်ရှိ ကြေးသွန်းဘုရားကြီး၌ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ခင်သက်ဌေးနှင့် အဖွဲ့တို့က ဇီဝိတဒါနအသက်လွှတ်ပွဲအဖြစ် ငါးလွှတ်ပွဲနှင့်ငှက်လွှတ်ပွဲများကို ကျင်းပရာ ငါးအကောင်ရေ ၃၀၀၊ ငှက်အကောင်ရေ ၁၄၀ တို့ကို ဇီဝိတအသက်လွှတ်ပွဲကျင်းပခဲ့ပြီး ကြေးသွန်းဘုရားကြီးအား ပန်း၊ ဆီမီး၊ ရေချမ်းများ ကပ်လှူပူဇော်ခြင်း၊ ကြေးသွန်းဘုရားကြီးအတွက် အလှူငွေကျပ် ၃၂၀၀၀၀ တို့ကို ကြေးသွန်းဂေါပကအဖွဲ့အား ပေးအပ်လှူဒါန်းခဲ့ကြောင်းသိရသည်။

ဆက်လက်၍ ဗဟန်းမြို့နယ် ရွှေတောင်ကြား(၂)ရပ်ကွက်ရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာ သီရိရတနာခန်းမ၌ အဘိုး ၇၀၊ အဘွား ၁၃၃ ဦး စုစုပေါင်း ၂၀၃ ဦးတို့ကို ပုဆိုး၊ လုံချည် လှူဖွယ်ပစ္စည်းများပေးအပ်လှူဒါန်းကန်တော့ခြင်း၊ နံ့သာလိမ်းပေးခြင်း၊ ခြေသည်း၊ လက်သည်းများ လှီးပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး ဘိုးဘွားရိပ်သာသို့ အလှူငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းခဲ့သည်။

**(မြန်မာ့အလင်း)**

# ပြင်ဦးလွင်၌ သင်္ကြန်ရွှေဖလား ဂေါက်ရိုက်ပြိုင်ပွဲ ဆုချီးမြှင့်

**ပြင်ဦးလွင် ဧပြီ ၁၈**

ပြင်ဦးလွင် ဂေါက်သီးရိုက်အသင်း၏ (၅၇)ကြိမ်မြောက် မဟာသင်္ကြန်ရွှေဖလား (Gold Cup) ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုပေးပွဲနှင့် ညစာစားပွဲ အခမ်းအနားကို ဧပြီ ၁၅ ရက် ညနေက ပြင်ဦးလွင် ဂေါက်ကလပ် ရှေ့မြက်ခင်းပြင်၌ ကျင်းပခဲ့ကြောင်း သိရသည်။




အခမ်းအနားသို့ ပြင်ဦးလွင် ဂေါက်သီးရိုက်အသင်း၏ နာယကများဖြစ်ကြသော မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဇာနည်ဝင်း၊ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းနှင့်အဖွဲ့ဝင်များ၊ ပြင်ဦးလွင် ဂေါက်သီးရိုက်အသင်းဥက္ကဋ္ဌ ဦးအောင်ဇော်လတ်နှင့် အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်ဂေါက်သီးအားကစားသမားများ တက်ရောက်ခဲ့ကြသည်။

ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ရွှေအဆင့် အသင်းလိုက်ပြိုင်ပွဲတွင် ဟန်ဂေါက်ကလပ်အသင်းက ၄၄၁ ချက်ဖြင့် ပထမ၊ မြန်မာဂေါက်ကလပ်အသင်းမှ ၄၄၄ ချက်ဖြင့် ဒုတိယ၊ ပြင်ဦးလွင် (ခ)အသင်းက ၄၅၂ချက်ဖြင့် တတိယ၊ ငွေအဆင့် အသင်းလိုက်ပြိုင်ပွဲတွင် ပတ္တမြားမြေအသင်းမှ ၄၆၆ ချက်ဖြင့် ပထမ၊ KM ရွှေစာရံအသင်းမှ ၄၇၁ ချက်ဖြင့် ဒုတိယ၊ ပြင်ဦးလွင် (က) အသင်းမှ ၄၉၁ ချက်ဖြင့် တတိယ၊ ကြေးအဆင့် အသင်းလိုက် ပြိုင်ပွဲတွင် ပြည်အသင်းမှ ၄၉၅ ချက်ဖြင့် ပထမ၊ ပြင်ဦးလွင်(က)အသင်းမှ ၅၀၃ ချက်ဖြင့် ဒုတိယ၊ ပြင်ဦးလွင်(ခ) အသင်းမှ ၅၀၅ ချက်ဖြင့် တတိယ ရရှိခဲ့ကြကြောင်း သိရသည်။

တစ်ဦးချင်းပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသော ပီတာချစ်(ပြင်ဦးလွင်)၊ ထွန်းမြင့် (ပြင်ဦးလွင်)၊ ဥမ္မာ(နောင်ချို)၊ တိုးဝေအောင်(ပြည်)၊ နေဦးနိုင် (KM ရွှေစာရံ)၊ မင်းနိုင်စိုး၊ ကျော်သက်ဦး (မြန်မာဂေါက်ကလပ်)၊ အတွဲလိုက် ပြိုင်ပွဲတွင် MGA မှ ဇော်ဇော်ထွန်းနှင့် ဇင်အောင်မင်း၊ ပြည်အသင်းမှ တိုးဝေအောင်နှင့် ဝဏ္ဏထွေးစသည့် ဆုရရှိသူများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

(၅၇)ကြိမ်မြောက် ပြင်ဦးလွင် မဟာသင်္ကြန် ရွှေဖလားဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပြိုင်ပွဲအသီးသီး၌ စုစုပေါင်း ပြိုင်ပွဲဝင် ၅၄၆ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသဖြင့် ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်း၏သမိုင်းတွင် အကြီးကျယ်ဆုံးနှင့် အအောင်မြင်ဆုံး ပြိုင်ပွဲကြီးတစ်ခုဖြစ်ကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

## စာအုပ်စာပေ လူ့မိတ်ဆွေ

# မန္တလေးတိုင်းဒေသကြီးတွင် အဋ္ဌမတန်း ဖြေဆိုအောင်မြင်သူ ၄၀ ရာခိုင်နှုန်းကျော်ရှိ

**မန္တလေး ဧပြီ ၁၈**

မန္တလေးတိုင်းဒေသကြီး အခြေခံပညာကျောင်းများ၏ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် သူငယ်တန်းမှ နဝမတန်းအထိ စာမေးပွဲဖြေဆိုအောင်မြင်သူများ၏ အမည်စာရင်းများကို ဧပြီ ၁၈ ရက် နံနက်တွင် ထုတ်ပြန်ကြေညာခဲ့ရာ တိုင်းဒေသကြီးအဆင့် စစ်ဆေးသည့် အဋ္ဌမတန်းစာမေးပွဲ ဖြေဆိုအောင်မြင်သူ ၄၀ ရာခိုင်နှုန်းကျော်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်၌ အဋ္ဌမတန်းတွင် တက်ရောက် ပညာသင်ကြားနေသော ကျောင်းသားကျောင်းသူ စုစုပေါင်းမှာ ၇၃၁၇၄ ဦးရှိခဲ့သော်လည်း ၇၂၁၆၅ ဦး ဝင်ရောက်ဖြေဆိုခဲ့ရာ အောင်မြင်သူ ၂၉၄၅၇ ဦးရှိခဲ့သဖြင့် အောင်ချက်ရာခိုင်နှုန်း ၄၀ ဒသမ ၈၂ ရာခိုင်နှုန်းရှိကြောင်း တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာ စတုတ္ထတန်းနဲ့ အဋ္ဌမတန်းကို စာမေးပွဲ စစ်ဆေးတဲ့စနစ်တွေ ပြောင်းလဲထားပါတယ်။ စတုတ္ထတန်းကိုခရိုင်အလိုက် မေးခွန်းပြုစုပြီး စစ်ဆေးတဲ့စနစ်နဲ့ အဋ္ဌမတန်းကိုတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် မေးခွန်းပြုစုပြီး စစ်ဆေးတဲ့စနစ်တွေအပြင် ကုစားဖြေဆိုခွင့်ပြုတဲ့စနစ်တွေပါပဲ။ ဒါကြောင့် ယနေ့ထုတ်ပြန်ကြေညာပေးတဲ့အောင်စာရင်းနဲ့အတူ ကုစားဖြေဆိုရမယ့်သူများရဲ့ အမည်စာရင်းနဲ့ ပြန်လည်ဖြေဆိုရမယ့် ဘာသာရပ်တွေကို တစ်ခါတည်း ကြေညာပေးထားပါတယ်။ တိုင်းဒေသကြီးတစ်ခုလုံးအနေနဲ့ ကုစားဖြေဆိုရမယ့် ဦးရေ ၄၂၇၀၈ ဦးရှိပါတယ်”ဟု ပြောသည်။

စာမေးပွဲအောင်စာရင်းလာကြည့်သူ ကျောင်းသားမိဘတစ်ဦးကလည်း “ကျွန်တော့်သမီးက အဋ္ဌမတန်းဖြေထားလို့လာကြည့်တာပါ။ ဒီနှစ်ထူးခြားချက်ကတော့ အောင်မြင်သူစာရင်းမှာမပါတဲ့ ကျောင်းသား ကျောင်းသူတွေအတွက် သူတို့ကျရှုံးတဲ့ ဘာသာတွေကို ပြန်လည်ဖြေဆိုဖို့ စာရင်းကိုတစ်ပါတည်း ကြေညာပေးထားတာပါပဲ”ဟု ပြောသည်။

ကျောင်းသူတစ်ဦးကလည်း“သမီးကတော့ အဋ္ဌမတန်းဖြေထားတာပါ။ အောင်တဲ့စာရင်းထဲမှာပါလို့ ဝမ်းသာရပေမယ့် သမီးသူငယ်ချင်းနှစ်ယောက်ကတော့ ကုစားစာရင်းမှာပါနေလို့ သူတို့အတွက် စိတ်မကောင်းဖြစ်ရပါတယ်”ဟု ပြောသည်။



စတုတ္ထတန်းနှင့် အဋ္ဌမတန်းအတွက် ကုစား ဖြေဆိုရမည့် ကျောင်းသားကျောင်းသူများအား ဧပြီ ၂၂ ရက်မှ ၂၉ ရက်အထိ သက်ဆိုင်ရာ ကျောင်းအလိုက် ကုစားသင်ကြားခြင်းများကို ပြုလုပ်ပေးမည်ဖြစ်ပြီး မေ ၁၄ ရက်မှ ၁၆ ရက်အထိ ကျရှုံးဘာသာရပ်များကို တစ်နေ့လျှင် နှစ်ဘာသာနှုန်းဖြင့် ပြန်လည်ကုစားဖြေဆိုခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# အနည်းဆုံးအခကြေးငွေအရေး ဆွေးနွေးပေးကြပါ

ကိုရွှေကျီး

ယနေ့မီဒီယာများရဲ့မျက်နှာစာတွေမှာ စက်ရုံ၊ အလုပ်ရုံအချို့မှ အလုပ်သမားများ လက်ရှိရရှိနေတဲ့ လုပ်ခလစာအပေါ် အခြေခံပြီး လုပ်ခလစာတိုးမြှင့်ရရှိရေး တောင်းဆိုနေကြတာကို မကြာခဏတွေ့မြင်နေရပါတယ်။ အဲဒီလိုလုပ်ခလစာတိုးမြှင့်တောင်းခံတဲ့ အဓိကအချက်ကတော့ အနည်းဆုံးအခကြေးငွေသတ်မှတ်နိုင်ခြင်း မရှိသေးတဲ့အချက်ကိုပြောဆိုနေကြတာလည်း ကြားနေရပါတယ်။ စဉ်းစားစေလိုတဲ့အချက်ကတော့ အနည်းဆုံးအခကြေးငွေသတ်မှတ်လိုက်ရုံနဲ့ ယနေ့ဖြစ်ပေါ်နေတဲ့ အလုပ်ရှင်/အလုပ်သမားပြဿနာတွေက အမှန်တကယ်ပြေလည်သွားမှာလားဆိုတာရယ်၊ နိုင်ငံတော်ရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း တစ်ဖက်တစ်လမ်းက အထောက်အကူပြုမှာလားဆိုတာကလည်း အဓိကစဉ်းစားရမယ့်အချက်များလို့ ယူဆပါတယ်။ အနည်းဆုံးအခကြေးငွေသတ်မှတ်ရာမှာ ဥပဒေအရ သတ်မှတ်တာရှိသလို အလုပ်သမားနဲ့ အလုပ်ရှင်တို့ နှစ်ဦးနှစ်ဖက် ညှိနှိုင်းသတ်မှတ်နိုင်တာလည်း ရှိပါတယ်။

အနည်းဆုံးအခကြေးငွေရဲ့အဓိပ္ပာယ်နဲ့ လုပ်ခလစာဆိုတဲ့ အဓိပ္ပာယ်တွေရဲ့ ခြားနားချက်ကိုလည်း ဦးစွာရှင်းရှင်းလင်းလင်းသိရှိနားလည်ဖို့လည်း လိုပါတယ်။ အလွယ်တကူနဲ့ အရှင်းဆုံးပြောရရင် အနည်းဆုံးအခကြေးငွေဆိုတာဟာ အလုပ်သမားများရဲ့ စားဝတ်နေရေးအတွက် ရပ်တည်နိုင်ဖို့ လိုအပ်တဲ့ အနိမ့်ဆုံးလုပ်ခ (သို့မဟုတ်) လုပ်ခနှုန်းထားကိုဆိုလိုတာဖြစ်ပါတယ်။ အလုပ်သမားတစ်ဦးအလုပ်ဝင်တာနဲ့ နေထိုင်စားသောက်နိုင်ဖို့အတွက် အနည်းဆုံးသတ်မှတ်ပေးတဲ့ ငွေကြေးပဲဖြစ်ပါတယ်။ အနည်းဆုံးအခကြေးငွေကိုတစ်နာရီ၊ တစ်ရက် သို့မဟုတ် တစ်လစသည်ဖြင့် ကာလအပိုင်းအခြားအလိုက် တိကျတဲ့ ပုံမှန်အလုပ်ချိန်အပေါ် မူတည်သတ်မှတ်ခြင်းဖြစ်ပါတယ်။ လုပ်ခလစာဆိုတာက အနည်းဆုံးအခကြေးငွေလည်းဖြစ်နိုင်သလို အလုပ်ရှင်က အလုပ်သမားရဲ့ ကျွမ်းကျင်မှုတွေ၊ လုပ်ငန်းအောင်မြင်မှုတွေအပေါ်မှာ ဆုချီးမြှင့်တာတွေ၊ ကုန်ထုတ်စွမ်းအားတိုးတက်ဖို့အတွက် မက်လုံးပေးတဲ့ ငွေတွေက အစပါရှိပါတယ်။

အနည်းဆုံးအခကြေးငွေ သတ်မှတ်ထားရှိပြီးကြတဲ့ နိုင်ငံအများစုမှာတော့ လူတစ်ဦးချင်းစီရဲ့ နေထိုင်စားသောက်မှု ကုန်ကျစရိတ်ရဲ့ ၆၀ ရာခိုင်နှုန်းခန့်ကိုသာ အနည်းဆုံး အခကြေးငွေအဖြစ် သတ်မှတ်ကြတယ်လို့ လေ့လာခဲ့ဖူးပါတယ်။ ကျန်တဲ့ ၄၀ ရာခိုင်နှုန်းကိုတော့ အလုပ်သမားရဲ့ကျွမ်းကျင်မှုနဲ့ ကုန်ထုတ်လုပ်နိုင်စွမ်း

**အလုပ်သမားများကို အကြံပြုလိုတာကလည်း အနည်းဆုံးအခကြေးငွေ သတ်မှတ်လိုက်ပေမယ့် ယခင်ရရှိနေတဲ့ အခကြေးငွေက ဥပဒေအရသတ်မှတ်ပေးမယ့် အခကြေးငွေထက် ပိုပြီးရနေမယ်ဆိုရင် အဲဒီအခကြေးငွေကို ဆက်လက်ခံစားခွင့်ရှိနေမှာဖြစ်**

ပေါ် မူတည်ပြီး ဖြည့်ယူရတာဖြစ်ပါတယ်။ ဒီနေရာမှာ အနည်းဆုံးအခကြေးငွေနဲ့ လုပ်ခ၊ လစာဟာ မတူညီဘူးဆိုတာကို တွေ့ကြရမှာဖြစ်ပါတယ်။ ဘယ်လိုပဲ သတ်မှတ်သတ်မှတ် အဓိကကတော့ အလုပ်ရှင်နဲ့ အလုပ်သမားအကြား နှစ်ဦးနှစ်ဖက်သဘောတူကျေနပ်ကြဖို့ အဓိကပဲဖြစ်ပါတယ်။

အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနအနေနဲ့ကလည်း အလုပ်ရှင်နဲ့အလုပ်သမားတွေကို အကြိမ်ကြိမ်တွေ့ဆုံခဲ့ပြီး နှစ်ဖက်သဘောတူတဲ့ ငွေကြေးပမာဏတစ်ခုရရှိဖို့ ကြိုးစားခဲ့ပေမယ့် လုပ်ငန်းသဘောသဘာဝမတူညီတာ၊ လုပ်ငန်းသဘောသဘာဝတူညီပေမယ့် Buyer (ဝယ်သူ)မတူညီတာ၊ နယ်မြေဒေသမတူညီတာတွေအပေါ်မှာအခြေခံပြီး နှစ်ဖက်က သဘောတူညီတဲ့ရလဒ်မရနိုင်သေးဘူးလို့ သိရပါတယ်။ ဒါကြောင့် ဝန်ကြီးဌာနက ကြားဝင်ပြီးဆောင်ရွက်ပေးဖို့ လိုအပ်လာပါတယ်။

အနည်းဆုံးအခကြေးငွေသတ်မှတ်မယ့် ကိစ္စဟာ အလုပ်သမားများ အချိန်ကြာမြင့်စွာကတည်းက စောင့်မျှော်နေကြတဲ့ကိစ္စဖြစ်သလို အလုပ်ရှင်များကလည်း စိတ်ဝင်တစား စောင့်ကြည့်နေကြတဲ့ကိစ္စဖြစ်ပါတယ်။

**နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက်သုံးပွင့်ဆိုင် ဆွေးနွေးမှုမှရရှိလာသော ပျမ်းမျှအဆိုပြုနှုန်းထားများနှင့် စစ်တမ်းမှရရှိလာသောအချက်အလက်များအပေါ် ကနဦးတွက်ချက်မှုမှရရှိလာသော တစ်ဦးပျမ်းမျှကုန်ကျစရိတ်များအား နှိုင်းယှဉ်ဖော်ပြချက်**

| စဉ် | နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ် | နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ပျမ်းမျှအဆိုပြုနှုန်းထား (တစ်နေ့နှုန်းထား)(ကျပ်) | စစ်တမ်းကောက်ယူခြင်းမှ ရရှိလာသော တစ်ဦးပျမ်းမျှ ကုန်ကျစရိတ်(ကျပ်) | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ကချင် | ၄,၀၀၀ | ၂,၅၀၀ | |
| ၂။ | ကယား | ၃,၅၀၀ | ၂,၆၀၀ | |
| ၃။ | ကရင် | ၃,၅၀၀ | ၂,၂၀၀ | |
| ၄။ | ချင်း | ၄,၀၀၀ | ၃,၀၀၀ | |
| ၅။ | စစ်ကိုင်း | ၃,၀၀၀ | ၂,၆၀၀ | |
| ၆။ | တနင်္သာရီ | ၄,၀၀၀ | ၃,၀၀၀ | |
| ၇။ | ပဲခူး | ၄,၀၀၀ | ၃,၀၀၀ | |
| ၈။ | မကွေး | ၃,၅၀၀ | ၂,၅၀၀ | |
| ၉။ | မန္တလေး | ၄,၀၀၀ | ၃,၅၀၀ | |
| ၁၀။ | မွန် | ၄,၀၀၀ | ၂,၂၀၀ | |
| ၁၁။ | ရခိုင် | ၄,၀၀၀ | ၂,၈၀၀ | |
| ၁၂။ | ရန်ကုန် | ၅,၀၀၀ | ၃,၅၀၀ | |
| ၁၃။ | ရှမ်း | ၅,၀၀၀ | ၃,၀၀၀ | |
| ၁၄။ | ဧရာဝတီ | ၃,၀၀၀ | ၂,၅၀၀ | |
| ၁၅။ | နေပြည်တော် | ၃,၅၀၀ | ၂,၆၀၀ | |

ဒီကိစ္စဟာ လွယ်သယောင်နဲ့ခက်ပြီး တိမ်သယောင်နဲ့ နက်နဲတဲ့ကိစ္စဖြစ်ပါတယ်။ အလျင်စလိုလုပ်ရမယ့်ကိစ္စ မဟုတ်ဘဲ အချိန်ယူဆောင်ရွက်ရမယ့်၊ အဘက်ဘက်က စဉ်းစားပြီး သိမ်မွေ့စွာကိုင်တွယ်ဖြေရှင်းရမယ့်ကိစ္စတစ်ရပ်သာဖြစ်ပါတယ်။ ဒါကြောင့်လည်း ဝန်ကြီးဌာနက အနည်းဆုံးအခကြေးငွေသတ်မှတ်ပေးနိုင်ရေးလုပ်ငန်းစဉ်ကြီးကို အချိန်ယူပြီး လုပ်ဆောင်နေရတဲ့အပေါ်မှာလည်း သဘောပေါက်နားလည်ပါတယ်။ နှစ်ဦးနှစ်ဖက်အတွက် မျှတမှုမရှိဘဲ သတ်မှတ်လိုက်တဲ့အနည်းဆုံးအခကြေးငွေတစ်ခုဟာ ကောင်းကျိုးထက် ဆိုးကျိုးဘက်ကို ဦးတည်သွားနိုင်လို့ပဲ ဖြစ်ပါတယ်။

အနည်းဆုံးအခကြေးငွေကို မြင့်မားစွာသတ်မှတ်လိုက်မယ်ဆိုရင် ကုန်ဈေးနှုန်းတွေမြင့်မားလာနိုင်ခြင်း၊ စက်ရုံ၊ အလုပ်ရုံများရဲ့ ထုတ်လုပ်မှုကုန်ကျစရိတ်တွေ တိုးမြှင့်လာလို့ စက်စွမ်းအားတွေ ပိုမိုအသုံးပြုလာပြီး ဝန်ထမ်းအင်အားတွေ လျှော့ချလာနိုင်ခြင်း၊ အလုပ်ရှင်တွေ မတတ်နိုင်တော့ရင် စက်ရုံတွေပိတ်သိမ်းသွားနိုင်လို့ အလုပ်လက်မဲ့ အလုပ်သမားများ တိုးပွားလာနိုင်ခြင်းနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကိုလည်း အဟန့်အတားဖြစ်စေခြင်းဆိုတဲ့ ပြဿနာတွေဖြစ်ပေါ်လာနိုင်ပါတယ်။

အနည်းဆုံးအခကြေးငွေကို နည်းပါးစွာသတ်မှတ်လိုက်မယ်ဆိုရင်လည်း အလုပ်သမားတွေရဲ့ စားဝတ်နေရေး အခက်အခဲများဖြစ်ပေါ်လာစေနိုင်ခြင်း၊ အလုပ်ရှင်နဲ့ အလုပ်သမားအငြင်းပွားမှုပြဿနာများ ပိုမိုများပြားလာနိုင်ပြီး ကုန်ထုတ်စွမ်းအားကျဆင်းလာနိုင်ခြင်းနဲ့ လုပ်ငန်းခွင်အေးချမ်းသာယာမှုကို ထိခိုက်လာနိုင်ခြင်းစတဲ့ ပြဿနာတွေဖြစ်ပေါ်လာနိုင်တာပဲ ဖြစ်ပါတယ်။

ဒါပေမယ့်လည်း လွှတ်တော်အပါအဝင် အလုပ်သမားများရဲ့တောင်းဆိုမှုတွေအပေါ် အချိန်နဲ့တစ်ပြေးညီ တာဝန်ယူဆောင်ရွက်ရမယ့်အချိန်တွေကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနက သဘောပေါက်နားလည်ပြီး အကောင်းဆုံးဆောင်ရွက်ပေးဖို့ လိုအပ်နေပါပြီ၊ ဒီလိုဆောင်ရွက်ရာမှာ လူနည်းစုရဲ့ သဘောထားထက် ကာယကံရှင်တွေဖြစ်တဲ့ အလုပ်ရှင်/အလုပ်သမားအများစုရဲ့ သဘောထားကိုပဲ ရယူပြီး သတ်မှတ်ပေးဖို့ လိုအပ်ပါတယ်။ အားလုံးရဲ့ သဘောတူညီချက်ရမှုဆိုရင်တော့ အလွန်ပဲခက်ခဲပြီး ကြန့်ကြာမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ အိမ်တွင်းမှုလုပ်ငန်းများအပါအဝင် အလုပ်ရှင်အချို့အနေနဲ့ ခက်ခဲမှုတွေလည်း ရှိနိုင်ပါတယ်။ အထူးသဖြင့် အထည်ချုပ်လုပ်ငန်းလို CMP လက်ခစားရတဲ့ အလုပ်ရှင်တွေအတွက် နိုင်ငံတော်ကလည်း တစ်ဖက်တစ်လမ်းကနေပြီး ပံ့ပိုးနိုင်တဲ့အပိုင်းက ပံ့ပိုးပေးနိုင်မှသာ ရေရှည်ရပ်တည်နိုင်မယ်ဆိုတာလည်း ဂရုပြုဖို့လိုပါတယ်။

အလုပ်သမားများကို အကြံပြုလိုတာကလည်း အနည်းဆုံးအခကြေးငွေ သတ်မှတ်လိုက်ပေမယ့် ယခင်ရရှိနေတဲ့ အခကြေးငွေက ဥပဒေအရသတ်မှတ်ပေးမယ့် အခကြေးငွေထက် ပိုပြီးရနေမယ်ဆိုရင် အဲဒီအခကြေးငွေကို ဆက်လက်ခံစားခွင့်ရှိနေမှာဖြစ်ပါတယ်။ ယခုသတ်မှတ်တဲ့စနစ်အရလည်း လုပ်ခလစာမှာ အလုပ်ရှင်တွေကပေးနေတဲ့ ခေါင်းစဉ်အမျိုးမျိုးအစား အလုပ်ချိန် ၈ နာရီအတွင်းမှာပေးမယ့်တစ်နေ့လုပ်အားခကိုပဲ အနည်းဆုံးအခကြေးငွေအဖြစ် သတ်မှတ်ပေးမယ်လို့ သိရပါတယ်။ အလုပ်ရှင်တွေက လက်ရှိပေးနေတဲ့ ရက်မှန်ကြေး၊ ဆုကြေး၊ မုန့်ဖိုးဆိုတဲ့အပိုင်းတွေကတော့ အလုပ်ရှင်ရဲ့လုပ်ငန်း ကောင်းမွန်မှုနဲ့ အလုပ်ရှင်ရဲ့ စေတနာထားမှုအခြေအနေအရပဲ ဖြစ်လာတော့မှာဖြစ်ပါတယ်။ ဒါပေမယ့်လည်း အလုပ်သမားများရဲ့ အခြေခံလစာမှာ နေ့တွက်စရိတ်တိုးလာတာနဲ့ အချိန်ပိုလုပ်အားခကလည်း မြင့်တက်လာမှာမို့လို့ အလုပ်သမားတွေအတွက် ပိုပြီးအကျိုးရှိလာမှာဖြစ်ပါတယ်။ တစ်ခုအသိပေးလိုတာကတော့ လုပ်ခလစာနဲ့ကုန်ထုတ်စွမ်းအားဆိုတာ ဆက်စပ်နေတာဖြစ်လို့ လုပ်ခလစာမြင့်လာတာနဲ့အမျှ တူညီတဲ့ကုန်ထုတ်စွမ်းအားကို တိုးမြှင့်လုပ်ဆောင်ပေးရတော့မှာဖြစ်ပါတယ်။ ဒီအချက်နှစ်ခုကို ဟန်ချက်ညီညီ မဆောင်ရွက်နိုင်ရင်တော့ အလုပ်ရှင်တွေဘက်မှာ အခက်အခဲဖြစ်ပြီး လုပ်ငန်းခွင်တည်မြဲရေးဆိုတဲ့ ပြဿနာရှိလာမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း အလုပ်သမားထုကြီးဘက်ကနေပြီး မိမိရဲ့လုပ်ငန်းတွေအပေါ်မှာ သတ်မှတ်ထားတဲ့ စံချိန်စံညွှန်းတွေနဲ့အညီ ကုန်ထုတ်စွမ်းအားတိုးမြှင့်လုပ်ဆောင်ပေးဖို့၊ ကျွမ်းကျင်တဲ့ဝန်ထမ်းတွေဖြစ်ဖို့ တာဝန်ရှိတယ်ဆိုတာတွေကို ဂရုပြုဖို့လိုမှာဖြစ်ပါတယ်။

အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနအနေနဲ့လည်း အနည်းဆုံးအခကြေးငွေအမြန်ဆုံးသတ်မှတ်ပေးနိုင်ဖို့အတွက် ကြိုးစားဆောင်ရွက်နေတာကို တွေ့ရှိရပါတယ်။ အလုပ်ရှင်နဲ့အလုပ်သမားတွေရဲ့ မတူညီတဲ့ သဘောထားတွေကြောင့် စနစ်တကျနဲ့အမြန်ဆုံး ပေါ်ပေါက်လာနိုင်စေဖို့ လုပ်ငန်းစဉ်အဆင့်(၅)ရပ်ချမှတ်ပြီး လုပ်ကိုင်နေရာမှာ လုပ်ငန်းစဉ်အဆင့်(၃) အထိရောက်ရှိပြီးစီးနေပြီဟု သိရပြီး လုပ်ငန်းစဉ်အဆင့်(၃)ကတော့ အနည်းဆုံးအခကြေးငွေသတ်မှတ်ရာမှာ အထောက်အကူဖြစ်စေဖို့ အလုပ်သမားများ၏ နေ့စဉ်နေထိုင်စားသောက်ကုန်ကျစရိတ်သိရှိဖို့အတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် အိမ်ထောင်စုများ၏ နေထိုင်စားသုံးစရိတ်အခြေအနေ စစ်တမ်းကောက်ယူတဲ့အပိုင်းဖြစ်ပါတယ်။ ဒါကလည်းယခုနှစ် မတ်လဆန်းမှာတော့ မြို့နယ်ပေါင်း ၁၀၈ မြို့နယ်က အိမ်ထောင်စုပေါင်း ၂၂၀၃၂ စုကို ကောက်ယူပြီးပြီလို့လည်း သိရပါတယ်။

စာရင်းကောက်ယူတဲ့နေရာမှာလည်း အထောက်အထားအချက်အလက်တွေ မှန်ကန်စေဖို့၊ ပွင့်လင်းပြီး ထင်သာမြင်သာရှိစေဖို့အတွက် ဝန်ကြီးဌာနက ဝန်ထမ်းတွေအပြင် အလုပ်သမားကိုယ်စားလှယ်များ၊ အလုပ်ရှင်ကိုယ်စားလှယ်များ၊ လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနဲ့အတူတကွကောက်ခံခဲ့တယ်လို့ သိရပါတယ်။

ပြီးခဲ့တဲ့အပတ်က အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနမှာ ပြုလုပ်ခဲ့တဲ့ ကျွမ်းကျင်ပညာရှင်များနဲ့ ဆွေးနွေးခဲ့တဲ့အနည်းဆုံး အခကြေးငွေအစည်းအဝေးကရရှိခဲ့တဲ့ အချက်အလက်အချို့ကိုလည်း အသိပေးလိုပါတယ်။ အဲဒီအစည်းအဝေးမှာ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနဲ့ ပြည်နယ်များအလိုက် အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးကော်မတီများမှ သက်ဆိုင်ရာတိုင်းဒေသကြီးအလိုက် အလုပ်ရှင်/အလုပ်သမားများနှင့် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေးပွဲများက ရရှိလာတဲ့ ရလဒ်များနဲ့ အနည်းဆုံးအခကြေးငွေကို အထောက်အကူပြုစေနိုင်ရန် ကောက်ခံခဲ့သည့် အိမ်ထောင်စုများ၏ နေထိုင်စားသောက်မှုစရိတ် စစ်တမ်းကောက်ကွက်အချို့မှထွက်ပေါ်လာသော အချက်အလက်များကို ယှဉ်တွဲဖော်ပြထားပြီး အခကြေးငွေနှုန်းထားတစ်ခု အဆိုပြုနိုင်ရေးဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ စာရင်းစစ်တမ်းများ၊ အချက်အလက်များ ပြီးပြည့်စုံခြင်းမရှိသေးသော်လည်း စာရင်းအချုပ်ကိန်းဂဏန်းများအား ဆွေးနွေးလိုသူများအတွက် ကြိုတင်လေ့လာနိုင်စေဖို့ နှိုင်းယှဉ်ဖော်ပြချက်ဇယားမှာ ဖော်ပြထားပါတယ်။

အထက်ပါအချက်တွေကိုအခြေခံပြီး လာမယ့် ဧပြီလ ၂၅ ရက်နေ့မှာ အလုပ်ရှင်ကိုယ်စားလှယ်များ၊ ၂၆ ရက်နေ့မှာ အလုပ်သမားကိုယ်စားလှယ်များနဲ့ တွေ့ဆုံဆွေးနွေးမယ်လို့ သိရပါတယ်။ ဒီ့အပြင် လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ကျွမ်းကျင်ပညာရှင်များ၊ အလုပ်ရှင်နဲ့ အလုပ်သမားကိုယ်စားလှယ်များ ပါဝင်တဲ့အလုပ်ရုံဆွေးနွေးပွဲကြီးတစ်ခုကိုလည်း လာမယ့်မေလအတွင်း အားလုံးအဆင်ပြေမယ့်အချိန်မှာ ပြုလုပ်မယ်ဆိုတာ သိရပါတယ်။ အဲဒီဆွေးနွေးချက်တွေက ရရှိလာမယ့်နှုန်းထားတစ်ခုကို အဆိုပြုအနည်းဆုံးအခကြေးငွေအဖြစ် သတ်မှတ်မှာဖြစ်ပြီး ရက်ပေါင်း ၆၀ ကြိုတင်၍ ပြည်သူလူထုကို အသိပေးရမှာ ဖြစ်ပါတယ်။ အနည်းဆုံးအခကြေးငွေမသတ်မှတ်မီ ရရှိလာမယ့် အကြံပြုချက်၊ ကန့်ကွက်ချက်များပေါ် မူတည်ပြီး ဆက်လက်ညှိနှိုင်းသတ်မှတ်ပေးရမှာ ဖြစ်ပါတယ်။

အနည်းဆုံး အခကြေးငွေနဲ့ပတ်သက်ပြီး အားလုံးက လိုလားတောင့်တနေကြလို့ သက်ဆိုင်ရာဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ပေးနေတဲ့ လုပ်ငန်းစဉ်တွေမှာလည်း အလုပ်ရှင်နဲ့ အလုပ်သမားများအပြင် အားလုံးက အပြုသဘောဆောင်ပြီး လုပ်ငန်းခွင်အေးချမ်းသာယာရေး၊ လုပ်ငန်းခွင်တည်မြဲရေးတို့အတွက် ပူးပေါင်းဆောင်ရွက်မှုတွေပေးဖို့ လိုအပ်ပါတယ်။ မကြာခင်မှာ ပြုလုပ်မယ့်အစည်းအဝေးတွေမှာလည်း အကျိုးအပြစ်တွေကို ပွင့်ပွင့်လင်းလင်းဝိုင်းဝန်းထောက်ပြဆွေးနွေးအကြံပေးကြဖို့လည်း လိုပါတယ်။ ယခုတင်ပြထားတဲ့ အချက်အလက်တွေအပေါ်မှာ အသုံးချပြီး အမြတ်ထုတ်ဖို့ ကြိုးစားမယ့်သူတွေကိုလည်း သတိထားရမှာ ဖြစ်ပါတယ်။ ဒါကြောင့် တွေ့ဆုံဆွေးနွေးအဖြေရှာတဲ့နည်းလမ်းနဲ့ အားလုံးပူးပေါင်းဆောင်ရွက်ခြင်းဖြင့်သာ မြန်မာနိုင်ငံအတွင်းအနည်းဆုံး အခကြေးငွေတစ်ရပ် အမြန်ဆုံးပေါ်ပေါက်လာနိုင်ရေးကြိုးစားဆောင်ရွက်သင့်ပါကြောင်း အကြံပြုလိုက်ရပါတယ်။ ။

# ရန်ကုန်တိုင်းဒေသကြီးအတွင်း သင်္ကြန်ပွဲတော်ကာလ မှုခင်းများလျော့နည်းကျဆင်း

**ရန်ကုန် ဧပြီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အနေဖြင့် သင်္ကြန်ပွဲတော်ကာလအတွင်း မှုခင်းများဖြစ်ပွားမှု မရှိစေရေးအတွက် အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး မှုခင်းကြိုတင်ကာကွယ်မှုများ ဖမ်းဆီးအရေးယူမှုများကို သင်္ကြန်မတိုင်မီကာလမှစ၍ ဆောင်ရွက်ခဲ့ရာ သင်္ကြန်မတိုင်မီ မတ် ၂၃ ရက်မှ သင်္ကြန်ပွဲတော်ပြီးဆုံးသည့် ဧပြီ ၁၆ ရက်အထိ ကြိုတင်ကာကွယ်ဖမ်းဆီးမှုများမှာ လောင်းကစားမှု ၃၇ မှု၊ လက်နက်ပုန်း ၈၈ မှု၊ ယစ်မျိုး ၇၇၇ မှု၊ ပြည့်တန်ဆာမှု ၄၀၊ မူးယစ်ဆေးဝါးမှု ၆၀၊ ခြေချုပ် ၁၂၁ မှု၊ ရဲအက် ၁၀၈၃ မှု၊ ကျင့် ၅၄ (၁၃၂) မှုနှင့် ဆင်ဆာမဲ့ဗီဒီယို ဖမ်းဆီး အရေးယူမှု ၃၁ မှု စုစုပေါင်း ၂၃၆၉ မှု ဖမ်းဆီးအရေးယူခဲ့သည်။

ထိုသို့ ကြိုတင်ကာကွယ်ဖမ်းဆီးမှုများ ဆောင်ရွက်ခြင်း၊ ရေကစားသူများ လိုက်နာရန် သတိပေးနှိုးဆော်ချက်များ ထုတ်ပြန်ခြင်းများအပြင် စည်းကမ်းထိန်းသိမ်းရေး အဖွဲ့များဖြင့် ဆောင်ရွက်ခဲ့၍ ယခုနှစ် သင်္ကြန်ပွဲတော်ကာလအတွင်း သင်္ကြန်နှင့် ဆက်နွယ်သည့် မှုခင်းဖြစ်ပွားမှုများမှာ ယာဉ်တိုက်မှု ခုနစ်မှု၊ ခိုက်ရန်ဖြစ်ပွားမှု ကိုးမှု၊ တာဝန်ဝတ္တရားနှောင့်ယှက်မှု နှစ်မှု၊ သေမှုသေခင်း တစ်မှု၊ ကာယိန္ဒြေဖျက်ဆီးမှု တစ်မှု၊ မူးယစ်ရမ်းကားမှု ခြောက်မှုနှင့် အခြားအမှု တစ်မှုဖြစ်ပွားခဲ့ပြီး ခါးပိုက်နှိုက်မှု လေးမှု၊ ခါးပိုက်နှိုက်မသင်္ကာမှု ၃၇ မှုနှင့် လက်နက်ပုန်း နှစ်မှုတို့ကိုလည်း ဖမ်းဆီးဆောင်ရွက်နိုင်ခဲ့သဖြင့် ယခင်နှစ်ကထက် မှုခင်းလျော့နည်းကျဆင်းခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# မိုင်းယောင်းမြို့နယ် နမ့်ယောင်းချောင်း၌ သင်္ကြန်ရေကစားသည့်ကလေးတစ်ဦးသေဆုံး

**မိုင်းယောင်း ဧပြီ ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် မုန်းလိုက်အုပ်စု နမ့်ယောင်းချောင်း၌ သင်္ကြန်ရေကစားနေသည့် ကလေးတစ်ဦး ရေနစ်သေဆုံးသည့်ဖြစ်စဉ် ဧပြီ ၁၆ ရက်က ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဧပြီ ၁၆ ရက် ညနေ ၄ နာရီ ၁၀ မိနစ်က မိုင်းယောင်းမြို့ ပြည်သူ့ဆေးရုံသို့ ကလေးတစ်ဦး ရေနစ်သေဆုံး ရောက်ရှိလာကြောင်း သတင်းအရ မိုင်းယောင်းမြို့မစခန်းမှူးနှင့်အဖွဲ့က ဆေးရုံသို့ သွားရောက်ပြီး သေဆုံးသူအား စစ်ဆေးခဲ့ရာ စိုင်းခမ်းလော့ (၁၃ နှစ်) အမှတ်(၈) ရပ်ကွက် မိုင်းယောင်းမြို့နေသူသည် သူငယ်ချင်းများနှင့်အတူ သင်္ကြန်တွင်းအများ ပြည်သူရေကစားသည့် နမ့်ယောင်းချောင်း မုန်းလိုက်အုပ်စု ဝမ်ကောင်းရွာ ရဲစခန်းတောင်ဘက် ငါးမိုင်ခန့်တွင် ညနေ ၃ နာရီ ၁၅ မိနစ်က သင်္ကြန်ရေကစားရင်း ရေနစ်သေဆုံး၍ ဆေးရုံသို့ ပို့အပ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မိုင်းယောင်းမြို့မရဲစခန်းက ဆေးစာပို့အပ်ထားရှိပြီး ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်/မဟုတ် စစ်ဆေးနိုင်ရန် အမှုဖွင့် စစ်ဆေးဆောင်ရွက်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# ၁၀၀ ကျပ်တန် ငွေစက္ကူပဲ့သည့်ကိစ္စဖြင့် စကားများရန်ဖြစ်ပြီး ဓားနှင့်ထိုးသဖြင့် တစ်ဦးသေဆုံး

**သာစည် ဧပြီ ၁၈**

သာစည်မြို့နယ် ဟံဇားကျေးရွာ ရဲစခန်းပိုင် မြင်းခြံကျေးရွာတွင် နေထိုင်သူ မတင်(၃၂နှစ်)က ၎င်း၏ ခင်ပွန်းဖြစ်သူ ကိုမောင်စိုး(၃၅ နှစ်)ကို တစ်ရွာတည်းနေ ကိုဇော်ဇော်အောင်နှင့် ကိုမာဒင်၊ မဌေးဦးတို့က ဓားနှင့်ထိုးသဖြင့် သေဆုံးသွားသောကြောင့် အရေးယူပေးပါရန် ဧပြီ ၁၆ ရက်တွင် ဟံဇားရဲတပ်ဖွဲ့စခန်းသို့ လာရောက်တိုင်တန်းသဖြင့် ဟံဇားရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

ဖြစ်စဉ်မှာ မြင်းခြံကျေးရွာတွင် နေထိုင်သူ ကိုမောင်စိုးသည် ဧပြီ ၁၅ ရက် ည ၇ နာရီခွဲက ၎င်း၏ ခြောက်နှစ်အရွယ် သမီးဖြစ်သူ မယွန်းကို ငွေ ၁၀၀ ကျပ်တန်တစ်ရွက်ပေး၍ အိမ်နီးချင်း ဦးမာဒင်ဈေးဆိုင်သို့ ဈေးဝယ်ခိုင်းလိုက်သည်။ ကိုမောင်စိုးပေးလိုက်သော အဆိုပါငွေစက္ကူ ကျပ် ၁၀၀ တန်မှာ ပဲ့နေသဖြင့် ဈေးဆိုင်မှ ပစ္စည်းမရောင်းဘဲ မယွန်းကို ပြန်ခိုင်းလိုက်သည်။ မယွန်း အိမ်ပြန်ရောက်ချိန်တွင် ကိုမောင်စိုးက သူဝယ်ခိုင်းလိုက်သောပစ္စည်း ပါမလာဘဲ ငွေစက္ကူပဲ့ကြောင်း ပြောရပါမည်လားဆိုပြီး ဦးမာဒင်ဈေးဆိုင်ကို နေအိမ်ဝိုင်းအတွင်းမှ အော်ဟစ်ဆဲဆိုနေသဖြင့် ဆိုင်ရှင်ဦးမာဒင်နှင့် ဇနီးဖြစ်သူ မဌေးဦး၊ ညီဖြစ်သူ ဇော်ဇော်အောင်တို့သုံးဦးက ကိုမောင်စိုးအိမ်ရှေ့လမ်းပေါ်သို့ လာရောက်ပြီး ရှင်းလင်းပြောပြရာမှ စကားများကြပြီးနောက် ဇော်ဇော်အောင်က ၎င်းတွင် အသင့်ပါလာသော အရိုးအသွားတစ်ပေ၊ သုံးလက်မခန့်ရှိ ဓားမြှောင်ဖြင့် ကိုမောင်စိုး၏ ရင်ညွန့်အတွင်းသို့ ထိုးသွင်းလိုက်ရာ ကိုမောင်စိုးမှာ အဆိုပါထိုးသွင်းဒဏ်ရာ တစ်ချက်ဖြင့် အခင်းဖြစ်နေရာတွင်ပင် သေဆုံးသွားခဲ့သည်။

အမှုနှင့်ပတ်သက်၍ ဟံဇားရဲစခန်းမှ ရဲအုပ်ဇော်လွင်က အခင်းဖြစ်နေရာသို့ သွားရောက်၍ လိုအပ်သည်များကို စုံစမ်းစစ်ဆေးပြီး ဇော်ဇော်အောင်(၂၃ နှစ်)နှင့် အပေါင်းအပါ ဦးမာဒင်(၃၇ နှစ်)၊ ၎င်း၏ ဇနီး မဌေးဦး(၃၇ နှစ်)တို့ကို ဥပဒေအရ အရေးယူဖမ်းဆီးထားကြောင်း သိရသည်။

**မောင်ကို(သာစည်)**

# ရေကြောင်းသတိပေးချက်

**နေပြည်တော် ဧပြီ ၁၈**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Total E & P Myanmar သည် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-6 တွင် Geophysical Site Survey လုပ်ငန်းများကို ASIAN WARRIOR(Call Sign:V4VG) ဖြင့် အောက်ဖော်ပြပါ Coordinates များတွင် ၅-၅-၂၀၁၅ ရက်မှ ၁၅-၅-၂၀၁၅ ရက်နေ့အထိ ဆောင်ရွက်မည်ဖြစ်သည်-

(က) CARBAN 1 တွင် ဆောင်ရွက်မည့် Coordinate များ

| Latitude | Longitude |
| --- | --- |
| 15° 23' 36" N | 95° 15' 25" E |
| 15° 22' 46" N | 95° 16' 06" E |
| 15° 22' 02" N | 95° 15' 18" E |
| 15° 22' 48" N | 95° 14' 32" E |

(ခ) CARBAN 2 တွင်ဆောင်ရွက်မည့် Coordinate များ

| Latitude | Longitude |
| --- | --- |
| 14° 55' 41" N | 95° 02' 10" E |
| 14° 55' 41" N | 95° 03' 19" E |
| 14° 54' 37" N | 95° 03' 19" E |
| 15° 54' 37" N | 95° 02' 10" E |

(ဂ) CARBAN 3 တွင် ဆောင်ရွက်မည့် Coordinate များ

| Latitude | Longitude |
| --- | --- |
| 15° 16' 58" N | 95° 13' 27" E |
| 15° 16' 11" N | 95° 14' 10" E |
| 15° 15' 26" N | 95° 13' 22" E |
| 15° 16' 13" N | 95° 12' 35" E |

(ဃ) M6-B တွင် ဆောင်ရွက်မည့် Coordinate များ

| Latitude | Longitude |
| --- | --- |
| 14° 53' 10" N | 94° 53' 19" E |
| 14° 53' 10" N | 94° 54' 28" E |
| 14° 52' 02" N | 94° 54' 28" E |
| 14° 52' 02" N | 94° 53' 19" E |

အထက်ဖော်ပြပါ ပိုက်လိုင်းတစ်လျှောက်၏ ဘေးဘယ်ညာမီတာ ၅၀၀ စီအတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရေး ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားကြောင်း သတင်းရရှိသည်။

**(မြန်မာ့အလင်း)**




# တရားမဝင်သယ်ဆောင်လာသော လူသုံးကုန်ပစ္စည်းများ ဖမ်းဆီးရမိ

**မူဆယ် ဧပြီ ၁၈**

တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီကွပ်ကဲမှုရုံး (ရန်ကုန်)မှ လိုင်စင်/ID ဖြင့် ကြော်ငြာတင်ဆောင်သော မော်တော်ယာဉ်များတွင် အကောက်ခွန်မဲ့ ကုန်ပစ္စည်းများပါ ရောနှောတင်ဆောင်လျက်ရှိကြောင်း သတင်းရရှိသဖြင့် မြဝတီ-ရန်ကုန် ကုန်သွယ်မှုလမ်းကြောင်းပေါ်ရှိ စစ်တောင်းတံတားဟောင်း/အသစ် လမ်းဆုံဖြစ်သော ညောင်ခါးရှည်အခြေပြု လှုပ်ရှား-၂ Mobile Team အဖွဲ့သည် မတ် ၂၇ ရက်က ကြိုတင်သတင်းရရှိမှုအရ မော်တော်ယာဉ်လေးစီးကို တားဆီးစစ်ဆေးနိုင်ခဲ့သည်။

အဆိုပါ ယာဉ်လေးစီးသည် သွင်းကုန်လိုင်စင်၊ သွင်းကုန်ကြော်ငြာလွှာ(ID)ထက် ပိုမိုတင်ဆောင်လာခြင်း၊ အကောက်ခွန်မဲ့ပစ္စည်းများ ပါရှိလာခြင်းတို့ကို သိရှိခဲ့ရသဖြင့် ရန်ကုန်ဆူးလေဆိပ်ကမ်း မြေပြင်ချစစ်ဂိုဒေါင်ဝင်းသို့ ပို့ဆောင်စေခဲ့ပြီး Mobile Team အထူးစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့သည်။

ထိုသို့ မြေပြင်ချစစ်ဆေးရာ တစ်ဖက်နိုင်ငံမှ တရားမဝင် အကောက်ခွန်မဲ့ တင်သွင်းလာသော ဂြိုဟ်တု ရုပ်သံဖမ်းစက်များနှင့် ဆက်စပ်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ ဆေးဝါးများ၊ ခေါက်ဆွဲထုပ် ၁၀၉ ဖာ၊ နို့မှုန့် (Nestle) ၁၀ ဖာ၊ တာပင်တိုင်ဆီဖာ ၄၀၊ ပုံး ၂၄၀၊ အဝတ်အစားဟောင်း(ဘေထုပ်)၈၀ ကို သွင်းကုန်စာရင်းတွင် ကြေညာထားခြင်းမရှိသော ကုန်ပစ္စည်းများဖြစ်ကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသဖြင့် အကောက်ခွန်မဲ့ ပစ္စည်းများအဖြစ် သိမ်းဆည်းခဲ့ပြီး ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ အကောက်ခွန်အမှုတွဲဖွင့်လှစ်ကာ အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သိရသည်။

**ကျော်ဆန်းမြင့်(iprd)**


## Daily Eleven သတင်းစာက

## ရွှေသံလွင်ရေကစားမဏ္ဍပ်သတင်းနှင့်ပတ်သက်ပြီး ရေးသားဖော်ပြရာတွင် မိခင်ဖြစ်သူအား ဇနီးဟု မှားယွင်းစွာရေးသားခဲ့ခြင်းအပေါ် မိဘပြည်သူများသို့ ပြန်လည်ရှင်းလင်းတင်ပြခြင်း

၂၀၁၅ ခုနှစ် ဧပြီ ၁၈ ရက် စနေနေ့ထုတ် Daily Eleven သတင်းစာ စာမျက်နှာ (၁၅) တွင် ဖော်ပြသောသတင်းတစ်ပုဒ်တွင် "စကိုင်းနက်ဦးကျော်ဝင်းရဲ့ဇနီး ဒေါ်နီနီ" ဟု လုံးဝမှားယွင်းစွာဖော်ပြသွားခဲ့သည်ကို လွန်စွာစိတ်ထိခိုက်ဝမ်းနည်းစွာဖြင့် ရွှေသံလွင်ကုမ္ပဏီ ဝန်ထမ်းမိသားစုများက တွေ့ရှိဖတ်ရှုရပါသည်။ သတင်းအမှန်မှာ ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ဝင်း၏ မိခင်ဖြစ်သူ ရွှေသံလွင်ကုမ္ပဏီ နာယကကြီး ဒေါ်နီသာဖြစ်ပါသည်။

သို့ဖြစ်ပါ၍ Daily Eleven သတင်းစာက မိခင်အား ဇနီးဟု လုံးဝမှားယွင်းစွာရေးသားဖော်ပြခဲ့ခြင်းအပေါ် မိဘပြည်သူများနှင့် Daily Eleven သတင်းစာဖတ်ပရိသတ်များအား သတင်းအမှန်သိစေရန်အတွက် ရိုသေလေးစားစွာ အသိပေးတင်ပြအပ်ပါသည်။

**ရွှေသံလွင်ကုမ္ပဏီ ဝန်ထမ်းမိသားစုများ။**


# ခမ်းပါတ်မြို့နယ်၌ ဘိန်းစိမ်း ၃ ဒသမ ၁၁၄ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၁၈**

ဧပြီ ၁၆ ရက်က ခမ်းပါတ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် မူးယစ်တပ်ဖွဲ့စု(၇) တမူးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ခမ်းပါတ်မြို့ အမှတ်(၁) ရပ်ကွက် ခမ်းပါတ်-ကျီခါးသွား ကားလမ်းပေါ်တွင် ချင်းပြည်နယ် တွန်းဇံမြို့နယ် ဘားဘီလ်ကျေးရွာမှ တမူးသို့ လေငိုက်ထန် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ၎င်းဝတ်ဆင်ထားသော နာရီလက်ပတ်ကြိုးနှင့် လက်ကြားအတွင်းမှ ပလတ်စတစ်ဖြင့် ထုပ်ထားသော ဘိန်းစိမ်း သုံးဂရမ်၊ ဆိုင်ကယ်ရှေ့ခွကြား ပီနံအိတ်အတွင်းမှ ဘိန်းစိမ်း ၃ ဒသမ ၁၁၁ ကီလို စုစုပေါင်း ဘိန်းစိမ်း ၃ ဒသမ ၁၁၄ ကီလိုတို့ကို သိမ်းဆည်းရမိသဖြင့် လေငိုက်ထန်(၂၂ နှစ်)ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



လေငိုက်ထန်အား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# ရေစကြိုမြို့နယ် ကြူရွာ-ဇီးကုန်းကျေးရွာချင်းဆက် ကုန်ထုတ်လမ်း မြေသားလမ်းဖောက်လုပ်ပြီးစီး



**ရေစကြို ဧပြီ ၁၈**

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်သည် ဧပြီ ၁၃ ရက် မွန်းလွဲပိုင်းတွင် ရေစကြိုမြို့အတွင်းရှိ ကြူရွာ၊ ဗလဘ၊ အင်းမ၊ ကိုရင့်၊ ဟသ်ာ၊ ရသာ၊ ဘုမ္မ၊ ဇီးကုန်းကျေးရွာများတစ်လျှောက် ဖောက်လုပ်လျက်ရှိသော ကျေးရွာချင်းဆက် ကုန်ထုတ်လမ်းဖောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ယင်းနောက် ကိုရင့်ကျေးရွာ ဓမ္မာရုံ၌ ဇီးကုန်းကျေးရွာ၊ ဗလဘကျေးရွာ၊ ရသာကျေးရွာ၊ ကိုရင့်ကျေးရွာတို့မှ ရပ်မိရပ်ဖအဖွဲ့ဝင်များ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု အဖွဲ့ဝင်များ၊ ကျေးရွာသူရွာသားများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကိုဆွေးနွေးသည်။

ဧပြီ ၁၄ ရက်တွင်ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့သည် ရေစကြိုမြို့နယ် ပခန်းကြီးမြို့ဟောင်းရှိ ရတနာဘုမ္မိ ကျောင်းတိုက်သို့သွားရောက်ပြီး ဆရာတော်ဘဒ္ဒန္တဇနိတအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းပြီး စည်သူရှင်မြတ်စွာဘုရားကြီးဂေါပကသစ်အဖွဲ့ဝင် ပဏာမရွေးချယ်ထားသူများနှင့်တွေ့ဆုံ၍ ဘုရားကြီး ဘဏ္ဍာငွေများ လုံခြုံရေးအတွက်စနစ်တကျ ဆောင်ရွက်နိုင်မည့်သူများနှင့် ဂေါပကအဖွဲ့ယာယီဖွဲ့စည်းခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပခန်းကြီးမြို့ဟောင်းစည်သူရှင်မြတ်စွာဘုရားကြီးသို့မွန်းလွဲ ၂ နာရီတွင်ရောက်ရှိပြီး သာရက္ခန်မြတ်စွာဘုရားအား ဖူးမြော်ကာ ဘုရားကြီးပရိဝုဏ်သို့ရေးပေးဝေရန်အတွက် လေးလက်မစက်ရေတွင်း တူးဖော်ရာသို့ကြည့်ရှုစစ်ဆေးသည်။ အဆိုပါစက်ရေတွင်းသည်ပိုက်ချအနက် ပေ ၈၀၊ ရေထိပ် ၁၅ ပေရှိပြီး ရေမြှုပ်ပန့် သုံးကောင်ကို အလှူရှင်မိသားစုက လှူဒါန်းပြီး ဘုရားကြီးဂေါပက အစီအစဉ်ဖြင့် ဘုရားကြီးပရိဝုဏ်အတွင်းရေဂါလန် ၈၀၀၀ ဆံ့ ရေသိုလှောင်စင်ဆက်လက်ဆောက်လုပ်၍ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မြန်မာနှစ်ဆန်း ၁ ရက် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့

**မန္တလေး ဧပြီ ၁၈**

မြန်မာနှစ်ဆန်း ၁ ရက်(၁၃၇၇ ခုနှစ်) ဧပြီ ၁၇ ရက် နံနက် ၈ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မင်းတဲအီကင်းရပ် ၁၉ လမ်း အနောက်ထိပ်နေ ဦးမြသိန်း- ဒေါ်မိမိခိုင်(ဝါးထရံရောင်းဝယ်ရေးလုပ်ငန်း မိသားစု)က အသက် ၇၅ နှစ်အထက်ဘိုးဘွား ၃၅ ဦးကို မြန်မာ့ယဉ်ကျေးမှုရိုးရာမပျက် ပူဇော်ကန်တော့ပွဲ ကျင်းပသည်။

အဆိုပါသက်ကြီးပူဇော်ပွဲတွင် အသက် ၇၅ နှစ်အထက် သက်ကြီးအဘိုး၊ အဘွား ၃၅ ဦးကို တစ်ဦးလျှင် ဆန်တစ်အိတ်၊ ဆီတစ်ပုံး၊ ငွေကျပ်တစ်သိန်းစီနှင့် အခြားလှူဖွယ်ပစ္စည်းများပေးအပ်ကန်တော့သည်။ ထို့နောက် သက်ကြီးဘိုးဘွားများနှင့် ရပ်ကွက်တွင်းရှိ ရပ်ကွက်သူ ရပ်ကွက်သားများအား ထမင်းကျွေးမွေး လှူဒါန်းသည်ဟု သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

## အခြေခံပညာကျောင်းများအောင်စာရင်းထွက်ရှိ

**ရန်ကုန် ဧပြီ ၁၈**

ရန်ကုန်တိုင်းဒေသကြီးရှိ အခြေခံပညာကျောင်းများ မူလတန်း၊ အလယ်တန်း၊ အထက်တန်း (နဝမတန်းအထိ) အောင်စာရင်းပြန် လည်ဖြေဆိုရမည့်သူများစာရင်းနှင့် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများစာရင်းကို ယနေ့နံနက်ပိုင်းက သက်ဆိုင်ရာ အခြေခံပညာကျောင်းများတွင် ကပ်ထားကြောင်းသိရသည်။

အခြေခံပညာကျောင်းများ ဖြစ်သည့် သူငယ်တန်းမှ နဝမတန်းအထိ စာမေးပွဲ အောင်စာရင်းများထဲမှ အစိုးရစစ်စတုတ္ထတန်းနှင့် အဋ္ဌမတန်းတို့တွင် စာမေးပွဲအောင်စာရင်းများအပြင် ပြန်လည်ဖြေဆိုရမည့် ကျောင်းသားများ၏ စာရင်းများလည်း ကပ်ထားသည်။

ပြန်လည်ဖြေဆိုရမည့် ကျောင်းသားများသည် ဧပြီ ၂၇ ရက်နံနက် ၉ နာရီမှစတင်၍၎င်းတို့ကျရှုံးသည့် ဘာသာရပ်များအား ကျောင်းတွင် ပြန်လည်သင်ကြားပေးမည်ဖြစ်ပြီး မေ ၁၄ ရက်၊ ၁၅ရက်နှင့် ၁၆ ရက်တို့တွင် အသီးသီးပြန်လည်ဖြေဆိုရမည်ဖြစ်ကြောင်း အ. ထ. က(၆) ဗိုလ်တထောင်(စိန်ပေါ)၏ ကျောင်းအုပ်ဆရာကြီးဦးကျော်ကျော်ထွန်းကပြောသည်။




စိန်ပေါကျောင်းတွင် စတုတ္ထတန်း၌ ကျောင်းသား ၁၁၈ ဦးဖြေဆိုရာ ၁၀၃ ဦးအောင်မြင်ပြီး ရာခိုင်နှုန်းအားဖြင့် ၈၇ ဒသမ ၂၈ ရာခိုင်နှုန်းအောင်မြင်ကြောင်း၊ အဋ္ဌမတန်းတွင် ၁၇၇ ဦးဖြေဆိုရာ ၁၁၇ ဦးအောင်မြင်ပြီး ၆၆ ဒသမ ၁ ရာခိုင်နှုန်း အောင်မြင်သည်ဟု ၎င်းက ပြောသည်။

**သန့်ဇင်ဝင်း**

**အင်္ဂပူမြို့နယ် ရှမ်းခေါင်းမြဲကျေးရွာအုပ်စု ရှခင်းသာကျေးရွာတွင် ၄ နှစ်မြောက် ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲကို ဧပြီ ၁၇ ရက်က ကျင်းပရာ ကျေးရွာပြည်သူများက ကညင်ချောင်းအတွင်းသို့ ငါးများလွှတ်ပေးစဉ်။**

မန်းကျော်(iprd)



## ဒုတိယအကြိမ် ပြည်ကြီးတံခွန်မြို့နယ်သက်ကြီးပူဇော်ပွဲကျင်းပ

**မန္တလေး ဧပြီ ၁၈**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ဒုတိယအကြိမ်မြောက် သက်ကြီး ဘိုးဘွားပူဇော်ကန်တော့ပွဲကို ဧပြီ ၁၈ ရက် နံနက် ၈ နာရီက တံခွန်တိုင်ရပ်ကွက် ရန်ကုန်-မန္တလေးကားလမ်းဘေးရှိ မျိုးသိန်းအီလက်ထရွန်နစ် နိဗ္ဗာနမုခဗိမာန်တော်ကြီး၌ ကျင်းပခဲ့သည်။

ပူဇော်ပွဲတွင် မြို့နယ်အတွင်းရှိ အသက် ၉၀ နှင့်အထက် သက်ကြီး အဘိုးအဘွား ၅၂ ဦးတို့အား အမျိုးသားလွှတ်တော်နှင့် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ စေတနာရှင် အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များက ပူဇော်ကန်တော့ကြ၍ ဘိုးဘွားတစ်ဦးလျှင် ငွေကျပ် ၃၅၀၀၀ နှင့် ငွေကျပ်တစ်သိန်းခုနစ်သောင်းတန်ဖိုးရှိ အဝတ်အထည်များ၊ အိမ်သုံးဆေးဝါးများဖြင့် ပေးအပ်ကန်တော့ကြရာ ကန်တော့ခံ ဘိုးဘွားများကိုယ်စား အဘိုးတစ်ဦးက ဆုတောင်းမေတ္တာပို့သခဲ့သည်။

အခမ်းအနားအပြီးတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အသင်းဝင်များသည် ဘိုးဘွားတို့ကို မြန်မာ့ရိုးရာ အစဉ်အလာနှင့်အညီ ခြေသည်းလက်သည်း ညှပ်ပေးခြင်းဖြင့် ကုသိုလ်ယူကြကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**



### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၁၉-၄-၂၀၁၅(တနင်္ဂနွေနေ့)

| | | |
|---|---|---|
| ၆း၀၀ | - | တေးဂီတအစီအစဉ် |
| ၆း၂၀ | - | မြန်မာဗီဒီယိုဇာတ်လမ်း **ဝိညာဉ်ခိုတဲ့မှန်** ဝေဠုကျော်၊ မေကဗျာ၊ ချယ်ဆုသီ (ဒါရိုက်တာ-လွင်ကိုမင်း) |
| ၈း၀၀ | - | **လေခွန်** |
| ၈း၀၅ | - | ဆိုကြမယ်၊ ပျော်ကြမယ် |
| ၉း၂၀ | - | မြန်မာရုပ်ရှင်(ဆေးရောင်စုံ) **မိုးညအိပ်မက်မြူ** နေတိုး၊ ရဲအောင်၊ အောင်ရဲလင်း၊ မိုးဟေကို၊ သင်ဇာဝင့်ကျော်၊ စိုးပြည့်သဇင်၊ ခင်သီတာထွန်း (ဒါရိုက်တာ-ကြည်ဖြူရှင်) |

### ဘင်္ဂလားပင်လယ်အော် အခြေအနေ

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**(မိုး/ဇလ)**

# ဝ • ထ • က • လ • သ ရွတ်ဆိုသံများ ရှမ်းရိုးမတောင်တန်း၌ ပဲ့တင်ထပ်



သတင်းဆောင်းပါး-တင်မောင်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ-မောင်မွေး

"ဝ. ထ. က. လ. သ" ဟူသော စာသားကို စာလုံးပေါင်းပြီးရွတ်ဆိုနေသည့် စာဖတ်စာအံသံများသည် အနီးရှိ ရှမ်းရိုးမတောင်တန်းများအထိအောင်ပင် ပဲ့တင်ရိုက်ခတ်ပျံ့လွင့်လျက်ရှိနေသည်။ ရှေ့တည့်တည့်တွင် ထောင်ထားသည့် အနက်ရောင် စာသင်ပုန်းမှ "ဝ. ထ. က. လ. သ" စာသားကို သံပြိုင်ရွတ်ဆိုနေကြသူများသည် သုံးလေးနှစ်အရွယ် မူလတန်းကြိုကျောင်းမှ ကျောင်းသား ကျောင်းသူများမဟုတ်ကြဘဲ အသက် ၄၀ မှ ၆၀ အရွယ်ကြားရှိသူများဖြစ်ပြီး သူတို့အားလုံး ထိုစာသားကို ဖတ်နေချိန်သည် သူတို့ဘဝ၏ ပထမဦးဆုံး စာရေးစာဖတ်အလေ့အထကို စတင်လိုက်သည့်အချိန်ပင်ဖြစ်သည်။

စာသင်သား ၁၀ ဦးခန့်ရှိ အဆိုပါ စာသင်ဝိုင်းလေးသည် ပြီးခဲ့သည့်နှစ်အတွင်း တစ်နိုင်ငံလုံး စာရင်းကောက်ယူထားသည့် စာမတတ်သူများပြားသည့် မြို့နယ် ၃၀ မှ တစ်မြို့အပါအဝင်ဖြစ်သော ပျဉ်းမနားမြို့၏ အရှေ့ဘက် သနပ်ပင်ဆိပ်အရှေ့ကျေးရွာမှ စာမတတ်သူ လျော့နည်းပပျောက်ရေးအတွက် စာတတ်မြောက်ရေးလှုပ်ရှားမှုဖြင့် စာသင်ကြားနေသည့် စာသင်ဝိုင်းတစ်ဝိုင်းဖြစ်သည်။

ပျဉ်းမနားမြို့နယ်တွင် အခြေခံစာတတ်မြောက်ရေး လှုပ်ရှားမှုအဖြစ် ကျေးရွာအုပ်စု ၁၇ အုပ်စုရှိ ကျေးရွာပေါင်း ၄၇ ရွာမှ စာသင်ဝိုင်းပေါင်း ၆၅ ဝိုင်းတွင် စာသင်သား ၆၅၇ ဦးကို မိတ္ထီလာကတ္တသိုလ်မှ ကြီးကြပ်သူ ဆရာ ဆရာမ ခုနစ်ဦး၊ လုပ်အားပေး ကျောင်းသား ကျောင်းသူ ၆၅ ဦးဖြင့် သင်ကြားပေးနေခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့အဖွဲ့ ၇၂ ဦးဟာ ဒီပျဉ်းမနားမြို့ အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုအတွက် မတ် ၃၀ ရက်က ရောက်ရှိပြီး ဧပြီ ၁ ရက်က ဆင်သေရွာမှာ စာတတ်မြောက်ရေးလှုပ်ရှားမှုဖွင့်ပွဲ ပြုလုပ်ပြီး သင်ကြားပေးခဲ့ပါတယ်။ ကျွန်တော်တို့ ဒီမြို့နယ်မှာဆိုရင် စာတတ်မြောက်ရေးလှုပ်ရှားမှုမှာပါဝင်တဲ့ ကျေးရွာ ထက်ဝက်နီးပါးက အရှေ့ဘက်ရှမ်းရိုးမတောင်ပေါ်က တိုင်းရင်းသားတွေ ဖြစ်ပါတယ်။ တိုင်းရင်းသားရွာတွေ ဖြစ်တဲ့အတွက် သင်ကြားမှုနားလည်ဖို့အတွက် ဘာသာစကားအခက်အခဲတော့ အနည်းငယ်ရှိတယ်။ အဲဒါဟာ ကျွန်တော်တို့အတွက် အဓိကပြဿနာဖြစ်ခဲ့တယ်။ လူမျိုးကတော့ ကရင်၊ ကယန်း၊ ပအိုဝ်းတွေများတယ်။ အခြေခံသင်ကြားမှုအပိုင်းက မြန်မာစာဖြစ်တော့ ကြားခံအနေနဲ့ တိုင်းရင်းသားဘာသာစကားရော မြန်မာဘာသာစကားပါ နှစ်မျိုးစလုံးတတ်တဲ့ ဒေသခံတိုင်းရင်းသားတွေရဲ့ အကူအညီနဲ့ ဘာသာပြန်ပြီး သင်ကြားပေးရတယ်။ သူတို့အားလုံးက တိုင်းရင်းသားလူမျိုးတွေဖြစ်ပေမယ့်လည်း မြန်မာစာနားလည်ချင်တော့ တကယ့်ကို လိုလိုလားလားနဲ့ သင်ယူတာကို တွေ့ရပါတယ်။ စာသင်ချိန်ကိုတော့ ညဘက်ကို အဓိကထားပြီး သင်ပေးပါတယ်။ လမ်းပန်းဆက်သွယ်ရေးအနေနဲ့လည်း အခက်အခဲတွေ ရှိပေမယ့် စာမတတ်သေးတဲ့သူတွေကို အခုလို သင်ကြားပေးရတာကိုက ကျွန်တော်တို့အတွက် တကယ့်ကို ဝမ်းသာပီတိဖြစ်မိပါတယ်" ဟု ပျဉ်းမနားမြို့နယ် စာတတ်မြောက်ရေးလှုပ်ရှားမှုတွင် အဖွဲ့ဝင်ခေါင်းဆောင်အဖြစ် အဓိကလိုက်ပါလာသည့် မိတ္ထီလာတက္ကသိုလ် (မြန်မာစာဌာနမှ ကထိက) ဒေါက်တာသိန်းဝင်းက မြန်မာ့အလင်းသို့ ပြောသည်။

စာသင်ရမှုနှင့်ပတ်သက်ပြီး သနပ်ပင်ဆိပ်ကျေးရွာမှ အသက် ၆၀ ခန့်ရှိ အဘွားဒေါ်ခင်အုန်းမြင့်က "အသက်တွေ ကြီးလာပေမယ့် ကုန်သွားတဲ့အချိန်တွေကို ပြန်တွေးကြည့်တော့ မနေ့တစ်နေ့ကလိုပဲ။ စာတွေဆိုရတော့ ကိုယ့်ကိုကိုယ် ပြန်ငယ်သွားသလိုတောင် ခံစားရတယ်။ ငယ်ငယ်တုန်းက အသုံးလုံးတော့ သင်လိုက်ရသေးတယ်။ အခုတော့ အသက်ကြီးလာတော့ ဘုရား၊ တရားနဲ့ပတ်သက်တဲ့ စာအုပ်တွေ၊ သတင်းစာတွေ ဖတ်ချင်လို့ အခုလို လာပြီး သင်ယူတာပါ။ သင်ကြားပေးတဲ့ ဆရာမလေးကလည်း စေတနာထားပြီး သင်ကြားပေးလို့ ဝမ်းသာပီတိ ဖြစ်မိပါတယ်"ဟု ရယ်ရယ်မောမောဖြင့်ပြောသည်။

အခြေခံစာတတ်မြောက်ရေး စာတန်းတံဆိပ်ပါ အဖြူရောင်တီရှပ်ကို ဝတ်ဆင်ထားသည့် မိတ္ထီလာတက္ကသိုလ်မှ စတုတ္ထနှစ် ဓာတုဗေဒဘာသာရပ်ကျောင်းသူ မအေးအေးလင်းက "ကျွန်မအနေနဲ့ အခြေခံစာတတ်မြောက်ရေး လှုပ်ရှားမှုမှာတစ်ခါမှ အတွေ့အကြုံမရှိဖူးတော့ စာစသင်တဲ့နေ့မှာ အဘွားအရွယ်တွေပါတော့ ရင်ထဲမှာ တစ်မျိုးကြီးပဲခံစားရတယ်။ ဘာပဲဖြစ်ဖြစ် အခုလို စာတတ်မြောက်အောင် သင်ပေးခွင့်ရတာကိုပဲ ဝမ်းသာမိပါတယ်။ ပထမတော့ ဒီလိုစာတတ်မြောက်ရေးလှုပ်ရှားမှုမှာပါဝင်ရမယ်ဆိုတာ မမျှော်လင့်ခဲ့ပါဘူး။ နောက်ပိုင်းကျတော့ ကိုယ်ကလည်း တကယ်ဝါသနာပါတဲ့အတွက်ကြောင့် ဘယ်နေရာ ဘယ်ဒေသတွေပဲကျကျ သွားရောက်သင်ကြားမယ်ဆိုတဲ့ ရည်ရွယ်ချက်ထားပြီး အခုလို လာသင်ပေးခဲ့တာဖြစ်ပါတယ်။ သင်ယူသူတွေကလည်း ကြိုးကြိုးစားစားနဲ့သင်ယူကြတာတွေ့မြင်ရတော့ ပျော်လည်းပျော်ပါတယ်။ အားလည်းအားရတယ်။ ပြောမပြတတ်အောင် ဝမ်းသာပါတယ်"ဟု ပြောပြသည်။

သနပ်ပင်ဆိပ်ကျေးရွာမှ စာသင်သားတစ်ဦးကလည်း "အရင်ကတော့ အသုံးလုံးသင်တန်းတော့ တစ်ကြိမ်တက်ဖူးသေးပါတယ်။ အဲ့ဒီတုန်းကတော့ သိပ်မဖတ်တတ်ဘူး။ အခုလို လာတက်လိုက်တော့ ကျွန်တော် ဖတ်ချင်တဲ့ သတင်းစာတွေ၊ ဂျာနယ်တွေ၊ တီဗွီကလာတဲ့ မြန်မာစာတန်းထိုးဇာတ်ကားတွေကြည့်လို့ရတော့မှာပါ" ဟု ပြောသည်။

မြန်မာနိုင်ငံတွင် အခြေခံစာတတ်မြောက်ရေးကို အမျိုးသားရေးလှုပ်ရှားမှုတစ်ရပ်အနေဖြင့် ၂၀၁၃ ခုနှစ်က ပထမအကြိမ်အဖြစ် ပြည်နယ်ငါးခုရှိ မြို့နယ်ပေါင်းကိုးမြို့နယ်မှ စာမတတ်သူ ၂၂၄၁၇ ဦးကို တက္ကသိုလ် ၁၀ ခုမှ လုပ်အားပေး ကျောင်းသား ကျောင်းသူ ၁၉၈၅ ဦးဖြင့်လည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင် ဒုတိယအကြိမ်အဖြစ် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ မြို့နယ် ၂၉ မြို့နယ်မှ စာမတတ်သူ ၄၆၄၇၉ ဦးကို တက္ကသိုလ် ကျောင်းသား ကျောင်းသူ ၄၂၆၀ ဖြင့် လည်းကောင်း သင်ကြားပေးခဲ့ကြောင်း သိရသည်။

ယခုနှစ်တွင် အခြေခံစာတတ်မြောက်ရေး လှုပ်ရှားမှုအဖြစ် မြို့နယ်ပေါင်း ၃၀ မှ စာသင်ဝိုင်းပေါင်း ၃၀၇၁ ဝိုင်း ဖွင့်လှစ်ပြီး တက္ကသိုလ် ၂၈ ခုမှ လုပ်အားပေး ကျောင်းသား ကျောင်းသူ ၃၀၇၁ ဦး၊ ကြီးကြပ် ဆရာ ဆရာမ ၃၁၀ ဖြင့် ဧပြီ ၁ ရက်မှ စတင်ပြီး မေ ၁၅ ရက်အထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်အခြေခံစာတတ်မြောက်ရေး လှုပ်ရှားမှုပြုလုပ်သည့် မြို့နယ် ၃၀ မှာ မြစ်ကြီးနား၊ ရွှေကူ၊ ဘော်လခဲ၊ မြဝတီ၊ မင်းတပ်၊ ခန္တီး၊ အရာတော်၊ မြင်းမူ၊ ကျွန်းစု၊ ပဲခူး၊ သဲကုန်း၊ ပန်းတောင်း၊ မလှိုင်၊ မိတ္ထီလာ၊ သပိတ်ကျင်း၊ ပွင့်ဖြူ၊ အောင်လံ၊ သံဖြူဇရပ်၊ မြေပုံ၊ မာန်အောင်၊ သာကေတ၊ မောက်မယ်၊ ညောင်ရွှေ၊ နမ္မတူ၊ သိန်းနီ၊ တာချီလိတ်၊ ဝါးခယ်မ၊ ကျုံပျော်၊ ဟသ်ာတနှင့် ပျဉ်းမနားမြို့နယ်တို့ ဖြစ်သည်။

**အသက်တွေ ကြီးလာပေမယ့် ကုန်သွားတဲ့အချိန်တွေကို ပြန်တွေးကြည့်တော့ မနေ့တစ်နေ့ကလိုပဲ။ စာတွေဆိုရတော့ ကိုယ့်ကိုယ်ကိုယ် ပြန်ငယ်သွားသလိုတောင် ခံစားရတယ်။ ငယ်ငယ်တုန်းက အသုံးလုံးတော့ သင်လိုက်ရသေးတယ်။ အခုတော့ အသက်ကြီးလာတော့ ဘုရား၊ တရားနဲ့ပတ်သက်တဲ့ စာအုပ်တွေ၊ သတင်းစာတွေ ဖတ်ချင်လို့ အခုလိုလာပြီး သင်ယူတာပါ**

## တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် မူကြမ်းကို ကြိုဆိုထောက်ခံသည့် ပြည်သူများ ဖာပွန်မြို့၌ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်



**ဖာပွန် ဧပြီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဖာပွန်မြို့၌ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) မူကြမ်းကို အောင်မြင်စွာ လက်မှတ်ရေးထိုးခြင်းအား ကြိုဆိုထောက်ခံသည့်အနေဖြင့် ဧပြီ ၁၈ ရက် နံနက် ၈ နာရီမှ စတင်၍ မြို့၏ အနောက်ဘက်အထွက် ဆိုင်းဘုတ်မှ စတင်ပြီး ပြည်သူ ၇၀၀ ကျော်ခန့်သည် သတ်မှတ်လမ်းကြောင်းအတိုင်း စီတန်းလှည့်လည် ဆန္ဒထုတ်ဖော်ကြပြီး အောင်သာကုန်းကျေးရွာ မြို့ဦးစေတီသို့ နံနက် ၉ နာရီတွင် ရောက်ရှိကာ ကြွေးကြော်သံများဖြင့် ကြွေးကြော်ကြပြီး ငြိမ်းချမ်းစွာလူစုခွဲသွားကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

## မောင်တောမြို့၌ စတုတ္ထတန်းနှင့် အဋ္ဌမတန်း စာမေးပွဲအောင်စာရင်း ထုတ်ပြန်

**မောင်တော ဧပြီ ၁၈**

မောင်တောခရိုင် မောင်တောမြို့တွင် အခြေခံပညာ စတုတ္ထတန်း အောင်စာရင်းနှင့် အဋ္ဌမတန်း အောင်စာရင်း ဧပြီ ၁၈ ရက်တွင် သက်ဆိုင်ရာ ကျောင်းအသီးသီး၌ အောင်စာရင်းများ ကပ်ထားကြောင်း သိရသည်။

မောင်တောမြို့နယ်တွင် အခြေခံပညာစတုတ္ထတန်းကို ဖြေဆိုသူ ၃၄၇၉ ဦးရှိရာ အောင်မြင်သူ ၁၆၁၅ ဦး အောင်မြင်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၄၆ ဒသမ ၄၂ ရာခိုင်နှုန်း အောင်မြင်ကြောင်းနှင့် အခြေခံပညာ အဋ္ဌမတန်းစာမေးပွဲတွင် ဖြေဆိုသူ ၁၃၁၂ ဦးဖြေဆိုပြီး အောင်မြင်သူ ၅၀၇ ဦးရှိသည့်အတွက် ၃၈ ဒသမ ၆၄ ရာခိုင်နှုန်း အောင်မြင်ကြောင်း သိရသည်။

အခြေခံပညာ စတုတ္ထတန်းနှင့် အဋ္ဌမတန်းစာမေးပွဲတွင် ကျရှုံးသူများကို ကုစားအနေဖြင့် မေ ၁၄ ရက်တွင် တစ်ရက်လျှင် နှစ်ဘာသာနှုန်းဖြင့် ကျရှုံးသည့်ဘာသာရပ်များကို ပြန်လည်ဖြေဆိုကြရမည်ဖြစ်ကြောင်း ပညာရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

(ခရိုင် ပြန်/ဆက်)

**စာပေမြင့်မှ လူမျိုးတင့်မည်**

◆ ကျောဖုံးမှ

အဆိုပါ ပယ်နယ်တီကို ကွင်းလယ်ကစားသမား ပါရီဂျိ ကန်သွင်းခဲ့ရာ ဂိုးမရရှိခဲ့ပေ။

ဘာစီလိုနာ အသင်းသည် ဘောလုံးအသာစီးဖြင့် ကစားနိုင်ပြီး ဧည့်သည် ဗလင်စီယာအသင်းက တန်ပြန်တိုက်စစ်ဖြင့် ခြိမ်းခြောက်နိုင်ခဲ့သော်လည်း ပထမပိုင်းပွဲပြီးချိန်တွင် တစ်ဂိုး-ဂိုးမရှိဖြင့်သာ ပြီးဆုံးခဲ့သည်။

ဒုတိယပိုင်းတွင် နှစ်သင်းစလုံး လူစားပြောင်းလဲမှုများပြုလုပ်လာပြီး အပြန်အလှန် ဖိအားပေးနိုင်ပြီး မိနစ်ကိုးဆယ်ထိ နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ပေ။ နာကျင်အချိန်ပိုတွင် ဘာစီလိုနာအတွက် ထပ်မံဂိုးကို တိုက်စစ်မှူး မက်ဆီက သွင်းယူပေးခဲ့သည်။ ပွဲပြီးချိန်တွင် အိမ်ရှင်ဘာစီလိုနာအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဘာစီလိုနာအသင်း နိုင်ပွဲရရှိသည့်အတွက် ရမှတ် ၇၈ မှတ်ရရှိပြီး ဇယားထိပ်ဆုံးမှာ ဆက်လက်ရပ်တည်နေသည်။ ဘာစီလိုနာနှင့် ဗလင်စီယာအသင်း နှုးကမ့်ကွင်းတွင် ၁၀ နှစ်အတွင်း ၁၀ ကြိမ်တွေ့ဆုံမှုတွင် ခုနစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးတွေ့ဆုံထားသည်။ တိုက်စစ်မှူး မက်ဆီမှာ ယခုရာသီတွင် ၃၅ ဂိုးရရှိထားပြီဖြစ်သည်။

# ပါဠိသက်၊ သက္ကတသက်စာလုံးပေါင်းအချို့(၃)

မောင်ခင်မင် (ဓနုဖြူ)

"ဘဘ၊ သူတို့က မေးချင်တာတွေ ကျန်သေးတယ်ဆိုလို့ သမီးတို့ ထပ်လာကြတာပါ"

"ထိုင်ကြ၊ ထိုင်ကြ။ ကဲ. . . ဘယ်သူက စမေးမှာလဲ"

"သမီးစမေးပါရစေ။ 'လ'ဒွေးသတ် 'လဒ်'နဲ့ လရေးချ ဘကုန်းသတ် 'လာဘ်'ကို ဘယ်လိုခွဲသုံးရမလဲဆိုတာ သိချင်တာပါ ဆရာကြီး"

"ဟုတ်ပြီ။ အဲဒီစလုံးနှစ်လုံးက အသံထွက်ချင်းလည်းတူတယ်။ အဓိပ္ပာယ်ချင်းလည်း ခပ်ဆင်ဆင်မို့ခွဲခြားပြီး သိဖို့လိုတာပေါ့။ လကို ဒွေးသတ်တဲ့ 'လဒ်'က 'လဒ္ဓ'ဆိုတဲ့ပါဠိကလာတာ။ 'ရအပ်သော'လို့အဓိပ္ပာယ်ရတယ်။ သုံးတာကတော့ 'ရလဒ်' ဆိုပြီး 'ရ'နဲ့ 'လဒ်' ကို တွဲသုံးတယ်မဟုတ်လား။ ဂဏန်းသင်္ချာတွက်တဲ့အခါ အစားပုစ္ဆာဆိုပါတော့၊ တွက်လို့ရတဲ့အဖြေကို 'ရလဒ်' လို့ခေါ်သလို တစ်ခုခုလုပ်ကိုင်လို့ ပေါ်ထွက်လာတဲ့အကျိုးကိုလည်း 'ရလဒ်' လို့ခေါ်တယ်"

"ဟုတ်ကဲ့ပါ"

"လရေးချဘကုန်းသတ်တဲ့ 'လာဘ်'ကလည်း'လာဘ' ဆိုတဲ့ ပါဠိကလာတာပဲ။ အသံထွက်ချင်းတူတယ်။ ရတဲ့ငွေကြေးပစ္စည်းကိုလည်း လာဘ်လို့သုံးတယ်။ အကျိုးမျှော်ကိုးပြီးပေးတဲ့ပစ္စည်းကိုလည်း 'လာဘ်'လို့ သုံးတယ်။ 'လာဘ်စား'ဆိုတဲ့စကားဟာ အသုံးအတွင်ဆုံးပေါ့။ 'လာဘ်ကောင်' ၊'လာဘ်တိုက်'၊ 'လာဘ်ပေးလာဘ်ယူ'၊ 'လာဘ်ပိတ်'၊ 'လာဘ်ဖြစ်'၊ 'လာဘ်ရွှင်' စသည်ဖြင့် 'လာဘ်' အသုံးတွေ အများကြီးရှိတယ်"

"နားလည်ပါပြီ ဆရာကြီး"

"ဘဘ၊ 'ပရပိုက်'လို့ အသံထွက်တဲ့စကားလုံးလည်း နှစ်လုံးရှိတယ်နော်။ သမီးတို့ ကွဲကွဲပြားပြားမသိလို့ပါ"

"အေး ဟုတ်တယ်" အသံထွက်တူပေမယ့် ရေးပုံမတူဘူးလေ။ ဘဘ ရေးပြမယ်"

ကျွန်တော်က 'ပရိဗိုဇ်'၊ 'ပုရပိုက်' ဟု ရေးပြသည်။

"ဟုတ်ပါတယ် ဘဘ၊ အဲဒီနှစ်လုံးပါ"

"သမီးက တစ်မျိုးမေးပြန်ပြီ။ ဘယ်လို ကလပ်နှစ်မျိုးလဲကွဲ့"

"လမှာ ရေးချမပါတဲ့ 'ကလပ်' နဲ့ရေးချပါတဲ့ 'ကလာပ်' ပါ"

"သြော်. . . သြော်၊ ဟုတ်ပြီ။လမှာရေးချမပါတဲ့ 'ကလပ်' ကတော့ ခြေထောက်တစ်ချောင်းပါတဲ့ တင်စရာဗန်းကလေးကို ကလပ်လို့ခေါ်တာလည်းရှိတယ်။ 'ကွမ်းကလပ်' တို့ 'ပန်းကလပ်' တို့ပေါ့။ ပြီးတော့ အင်္ဂလိပ်စကား Club ကလာတဲ့ 'ကလပ်'လည်း ရှိတယ်။ အသင်းအဖွဲ့ လူစုလူဝေးဆိုတဲ့ အဓိပ္ပာယ်ပေါ့။ 'နိုက်ကလပ်'တို့ 'တင်းနစ်ကလပ်' တို့ ဆိုတာမျိုးပေါ့။ အဲ. . . ရေးချပါတဲ့ 'ကလာပ်'ကတော့ 'ကလာပ'ဆိုတဲ့ ပါဠိစကားက လာတာပဲ။ 'ကလာပ်စည်း' ဆိုတဲ့ အသုံးက တွင်ကျယ်တယ်။ နိုင်ငံရေးအခြေခံအဖွဲ့ကို ဆိုလိုတာပါ"

"နားလည်ပါပြီဆရာကြီး။ နောက်သမီးတို့ ရောတတ်တာတစ်ခုက၊ ဗဟို ဆိုတဲ့စကားနဲ့ 'ပဟိုရ်'ဆိုတဲ့စကားပါ။ ဘယ်စကားလုံးက ဘယ်အဓိပ္ပာယ်လဲဆိုတာ မကြာမကြာ ရောသွားတတ်လို့ပါ"

" 'ဗဟို' က 'အလယ်၊ အချက်အချာ' လို့အဓိပ္ပာယ်ရတဲ့ မြန်မာစကားပါ။ ဗဟိုကော်မတီတို့၊ ဗဟိုအဖွဲ့တို့ဆိုတာမျိုးသုံးတယ်။ ရောတတ်တာက 'ပဟိုရ်' နဲ့ ရောတတ်တာမဟုတ်လား။ အဲဒီ 'ပဟိုရ်'က 'ပဟာရ'ဆိုတဲ့ ပါဠိကလာတာလေ။ ရှေးမြန်မာဘုရင်တွေလက်ထက်က အချိန်နာရီကို အချက်ပေးဖို့တီးတဲ့စည်ကြီးကို 'ပဟိုရ်စည်' လို့ ခေါ်တယ်လေ။ 'ရွှေပဟိုရ်' စည်သံများကိုလ၊ မကြားရကြာချေပြီ" ဆိုတဲ့ ကဗျာတောင်ရှိတယ်မဟုတ်လား။ ရှေးကသုံးတဲ့ အချိန်အပိုင်းအခြားလို့လည်း အဓိပ္ပာယ်ရတယ်။ ဒါပေမယ့် 'ဗဟို' လို့ပဲ အသံထွက်တော့ ရောနိုင်တာပေါ့"

"ဟုတ်ကဲ့ပါ။ ရှင်းသွားပါပြီ"

"ဒါဆို ရှုပ်နေတာ ဘာတွေကျန်သေးသလဲကွယ်"

"ဆရာကြီး 'ဝိဘတ်'က အမှန်လား 'ဝိဘက်'က အမှန်လားသိချင်ပါတယ်"

"သမီးတို့မြန်မာသဒ္ဒါမှာ သင်ရတဲ့ ဝါစင်္ဂတွေထဲက စကားလုံးကိုပြောတာ မဟုတ်လား"

> "နောက်စည်းကမ်းတစ်ခုက ဗျည်းသုံးဆယ့်သုံးလုံးမှာ ဝဂ်ဗျည်းလို့ခေါ်တဲ့ 'က' က 'မ'အထိ ဗျည်း ၂၅ လုံးထဲက တစ်လုံးနဲ့၊ အဝဂ်ဗျည်းလို့ခေါ်တဲ့ 'ယ၊ ရ၊ လ၊ ဝ၊ သ၊ ဟ' ဗျည်းတွေထဲက တစ်လုံးနဲ့ အထက်အောက် ဆင့်ရင် အပေါ်က ဝဂ်ဗျည်းက အသံပျောက်မသွားဘူး။ ဒီတော့ ဝဂ်ဗျည်းဖြစ်တဲ့ 'က' နဲ့ အဝဂ်ဗျည်း 'ယ' နဲ့ ဆင့်တာမှာလည်း 'က' သံမပျောက်တော့ ကနဲ့ ယနဲ့ပေါင်းပြီး 'ကျ' လို့ အသံထွက်တာပါ။ ဒါကြောင့် 'ဝါကျ' ဖြစ်သွားတာပေါ့"

"ပရိဗိုဇ်က 'ပရိဗ္ဗာဇက 'ဆိုတဲ့ ပါဠိကဆင်းသက်တာ။ 'သာသနာပ ရဟန်းတစ်မျိုးလို့ အဓိပ္ပာယ်ဖွင့်လေ့ရှိတယ်။ ဗုဒ္ဓဘာသာဝင် ရဟန်းမဟုတ်ဘဲ တခြားဂိုဏ်းက ရဟန်းကိုခေါ်တဲ့ စကားပါ။ အဲ. . . 'ပုရပိုက်' လို့လည်း /ပရဗိုက်/လို့ပဲ အသံထွက်တယ်။ ဒီပုရပိုက်ကတော့ စာရေးဖို့ အပြန်ပြန်အလှန်လှန် ခေါက်ထားတဲ့စက္ကူတစ်မျိုးကို ခေါ်တာပါ။ ရှေးက သုံးတဲ့ စာရေးကိရိယာပေါ့။ သက္ကတစကားက လာတာလို့လည်း အယူအဆ ရှိတယ်။ တချို့ကလည်း တရုတ်စကားက လာတာလို့ ယူဆကြတယ်"

"ဟုတ်ကဲ့ပါ ဘဘ"

"ကလပ်လည်း နှစ်မျိုးရှိတယ် မဟုတ်လားဆရာကြီး"

"ဟုတ်ပါတယ် ဆရာကြီး"

"အဲဒါက 'ဝိဘတ်'လေ။ နာမ်တွေ၊ ကြိယာတွေနောက်ကဆက်တဲ့ 'သည်၊ကို၊ မှ၊ သို့၊ ၌၊ တွင်'ဆိုတဲ့ စကားလုံးမျိုးတွေကို'ဝိဘတ်' လို့ခေါ်တာပေါ့။'ဝိဘတ္တိ' ဆိုတဲ့ ပါဠိစကားက ဆင်းသက်တာလေ"

"သမီးတို့ သူငယ်ချင်းတချို့က အဲဒီစကားလုံးကို'ဝိဘက်'လို့ အသံထွက်နေကြတာ ကြားရပါတယ် ဆရာကြီး"

"အဲဒါကတော့ခုခေတ် သမီးတို့လူငယ်တွေ မှားတတ်တဲ့အသံထွက်တစ်ခုပဲကွဲ့။ ကသတ်နဲ့ တသတ်၊ ပသတ်နဲ့ မှားပြီး အသံထွက်တာတွေ မကြာခဏ ကြားရတယ်။ 'တော်တော်ခက်တယ်' ကို 'တော်တော်ခတ်တယ်' လို့ အသံထွက်တာ၊ 'ပတ်သက်'ကို 'ပတ်သတ်' လို့ အသံထွက်တာတွေလေ။ 'လွတ်လပ်ရေး' ကျတော့ 'လွတ်လက်ရေး' တဲ့ ဖြစ်ပြန်ရော။ ဒီတော့ 'ဝိဘတ်' ကိုလည်း 'ဝိဘက်'လို့ မှားထွက်ကြတာပေါ့ကွယ်"

"ဟုတ်တယ်နော် ဆရာကြီး"

'ဝိဘက်'လို့ အသံထွက်တဲ့စာလုံးက 'ဝိပါက' ဆိုတဲ့ ပါဠိစကားကလာတဲ့ 'ဝိပါက်' ပဲ။ အသံထွက်တော့ /ဝိဗက်/လို့ အသံထွက်တယ်။ 'အကျိုးဆက်' လို့ အဓိပ္ပာယ်ရတယ်။ 'သိလျက်နှင့်ပင်၊ ဝိပါက်ကြမ္မာငင်လို့ 'ဆိုတဲ့ ကဗျာထဲကလိုပေါ့ကွယ်"

"နားလည်ပါပြီ ဆရာကြီး"

"ဆရာကြီး၊ 'ဒသ'ကို 'ဒဿ'လို့ရေးတာက အသံထွက်တာကိုလိုက်ပြီး မှားရေးတာပေါ့နော်"

"ဟုတ်တယ်။ 'တစ်ဆယ်' လို့ အဓိပ္ပာယ်ရတဲ့ပါဠိစကားက 'ဒသ'ပါပဲ။ 'ဒသမ'တို့ 'ဒသဂီရိ'တို့လည်း အဲဒီလိုပဲရေးရတယ်။ 'ဒဿမ'တို့ 'ဒဿဂီရိ' တို့မှားရေးတတ်ကြတယ်"

"အသံထွက်အကြောင်း ရောက်လာလို့စာလုံးတစ်လုံးရဲ့ အသံထွက် အကြောင်းမေးပါရစေ ဆရာကြီး"

"မေးလေ"

" 'ဝါကျ'ဆိုတဲ့ စာလုံးကို /ဝက်ကျ/လို့ ဘာဖြစ်လို့ အသံထွက်ရသလဲ ဆိုတာ သမီးတို့ မသိလို့ပါဆရာကြီး"

"သမီးတို့ သိပ်မေးသင့်တဲ့ မေးခွန်းပေါ့။ 'ဝါကျ' ဆိုတာ မြန်မာစကားလုံး မဟုတ်ဘူး၊ ပါဠိကယူထားတဲ့ စကားလုံးလေ။ မြန်မာစကားလုံးဆိုရင်တော့ /ဝါကျ /လို့ပဲအသံထွက်မှာပေါ့။ ဝ ရေးချဝါ၊ ကကြီးယပင့်ကျ၊ 'ဝါကျ'ပေါ့။ ဟုတ်တယ်မဟုတ်လား"

"ဟုတ်ပါတယ်ဆရာကြီး"

" 'တ'ပါတဲ့ မြန်မာစကားလုံးစစ်စစ်တွေကိုဖတ်ရင်လည်း 'ဝါဂွမ်း' ၊ 'ဝါကြိတ်'၊ 'ဝါဖန်'ဆိုပြီး 'ဝါ'လို့ပဲအသံထွက်တယ်မဟုတ်လား။ သက္ကတစကားကနေ တစ်လုံးတည်းခွဲယူထားတဲ့ 'ဝါ'ကို မြန်မာစာလုံးနဲ့ တွဲပြီး 'ဝါဆို၊ ဝါခေါင်၊ ဝါပန်'ဆိုတဲ့ စကားတွေမှာလည်း'ဝါ' လို့ပဲ အသံထွက်တယ်။ 'ဝါကျ' ကတော့ နှစ်လုံးတွဲနေတဲ့ ပါဠိစကားလုံးအတိုင်း ယူထားတာမို့ ပါဠိ အသံထွက်တဲ့စနစ်အတိုင်း ထွက်ရတာပါ"

"သမီးတို့ သိပ်မရှင်းပါဘူး ဆရာကြီး"

"ရှင်းပြပါ့မယ်။ ပါဠိမှာ ပါဌ်ဆင့်လို့ခေါ်တဲ့ နှစ်လုံးဆင့်ကိုဖတ်ရင် ရှေ့စာလုံးကို အသတ်အဖြစ် ဖတ်ရတယ်ဆိုတာ သမီးတို့ သိပြီးပါပြီနော်"

"သိပါတယ် ဘဘ၊ 'စက္က'ဆိုတဲ့ စာလုံးဆိုရင် အပေါ်က 'က'ကို အသတ်လုပ်ပြီး 'စက်က ' လို့ ဖတ်ရတာမျိုးပါဘဘ"

"ဟုတ်ပါပြီ။ 'ဝါကျ' ဟာလည်း ပါဠိစကားမို့ 'ကျ'ဟာ 'က'နဲ့ 'ယ' ဆင့်ထားတဲ့နှစ်လုံးဆင့်ဖြစ်တယ်ဆိုတာ အရင်သိဖို့လိုတာပေါ့။ ဒီတော့ အပေါ်စာလုံးဖြစ်တဲ့ 'က' ကိုအသတ်အဖြစ် ဖတ်ရမယ်ဆိုတဲ့ စည်းကမ်းအရ၊ ဝရေးချနဲ့ တွဲလိုက်ရင် 'ဝါက်'ပေါ့။ အသံထွက် တော့ 'ဝက်'လို့ အသံထွက်တာပေါ့"

"ဟုတ်ကဲ့ပါ"

"နောက်စည်းကမ်းတစ်ခုက ဗျည်းသုံးဆယ့်သုံးလုံးမှာ ဝဂ်ဗျည်းလို့ခေါ်တဲ့ 'က' က'မ'အထိ ဗျည်း ၂၅ လုံးထဲက တစ်လုံးနဲ့၊ အဝဂ်ဗျည်းလို့ခေါ်တဲ့ 'ယ၊ ရ၊ လ၊ ဝ၊ သ၊ ဟ' ဗျည်းတွေထဲက တစ်လုံးနဲ့ အထက်အောက်ဆင့်ရင် အပေါ်က ဝဂ်ဗျည်းက အသံပျောက်မသွားဘူး။ ဒီတော့ ဝဂ်ဗျည်းဖြစ်တဲ့ 'က'နဲ့ အဝဂ်ဗျည်း 'ယ'နဲ့ ဆင့်တာမှာလည်း 'က' သံမပျောက်တော့ ကနဲ့ယ နဲ့ပေါင်းပြီး 'ကျ'လို့ အသံထွက်တာပါ။ ဒါကြောင့် 'ဝါကျ' ဖြစ်သွားတာပေါ့"

"အဲဒီသဘောမျိုး တခြားသာဓကရော ရှိပါသလား ဆရာကြီး"

"ရှိတယ်။ လိုရင်းပြောရရင် 'သကျသာကီဝင်'မှာပါတဲ့ 'သကျ'ကို /သက်ကျှ/လို့ အသံထွက်ရတာ၊ 'စကြာ' ကို/ စက်ကျာ/ လို့အသံထွက်ရတာ တွေဟာ 'ဝါကျ'ကို 'ဝက်ကျ'လို့ အသံထွက်ရတာနဲ့ သဘောချင်းအတူတူ ပါပဲကွယ်"

"နားလည်ပါပြီ ဆရာကြီး။ ကျေးဇူးတင်ပါတယ်"



## နေပြည်တော်တိုင်းရဲတပ်ဖွဲ့ သက်ကြီးပူဇော်ပွဲကျင်းပ

**နေပြည်တော် ဧပြီ ၁၈**

နေပြည်တော်ကောင်စီနယ်မြေ နေပြည်တော်တိုင်းရဲတပ်ဖွဲ့ အစည်းအဝေးခန်းမ၌ (၁၃၇၇ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်) ဧပြီ ၁၇ ရက် နံနက် ၈ နာရီက သက်ကြီးပူဇော်ပွဲအခမ်းအနားကျင်းပရာ နေပြည်တော်တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကိုကိုအောင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ဒုတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်ခင်အောင်က သက်ကြီးပူဇော်ပွဲကျင်းပရခြင်း၏ အကြောင်းကို ပြောကြားသည်။

ဆက်လက်၍ သက်ကြီးဘိုးဘွားများကို ငွေကျပ်ငါးသိန်းနှင့် ကန်တော့ခံပစ္စည်းများဖြင့် လှူဒါန်းပူဇော်ကြပြီး သက်ကြီးအဘိုးအဘွားများအနက် အဘိုးတစ်ဦးက ဆုတောင်းမေတ္တာများ ချီးမြှင့်သည်။ **(အပေါ်ပုံ)**

ထို့နောက် စည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌနှင့် မိသားစုဝင်များက သက်ကြီးဘိုးဘွားများအား ခေါင်းဆေးမင်္ဂလာပြုလုပ်ပေးခြင်း၊ ခြေသည်းလက်သည်းများ ညှပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဇော်မျိုးနိုင်**

## ရခိုင်ရိုးရာ နှံ့သာသွေးပြိုင်ပွဲကျင်းပ

**သံတွဲ ဧပြီ ၁၈**

ရခိုင်ပြည်နယ် သံတွဲခရိုင် သံတွဲမြို့တွင် မဟာသင်္ကြန်ပွဲတော်အထိမ်းအမှတ်အဖြစ် ရခိုင်ရိုးရာ နှံ့သာသွေးပြိုင်ပွဲကို ဧပြီ ၁၃ ရက် နံနက် ၇ နာရီခွဲက သံတွဲမြို့ ဘုရင့်နောင်လမ်းရှိ ဗဟိုမဏ္ဍပ်၌ကျင်းပရာ သံတွဲမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ခင်စောညွန့်က အမှာစကားပြောကြားပြီး ဒေါ်ခင်မိမိ(ဒိုင်ချုပ်)က ပြိုင်ပွဲစည်းကမ်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြိုင်ပွဲကိုကျင်းပရာ ဌာနဆိုင်ရာများနှင့် ကျေးရွာ၊ ရပ်ကွက်ကိုယ်စားပြုအသင်းများ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး**(အောက်ပုံ)**ရရှိလာသောနံ့သာရည်များကို သံတွဲမြို့ပေါ်ရှိ တန်ခိုးကြီးရွှေဆံတော်၊ ရွှေနံတော်၊ ရွှေအံတော်စေတီများနှင့် သာသနာ့ဗိမာန်တော်ရှိ ဆင်းတုတော်တို့ကို ရေသပ္ပာယ်ကုသိုလ်ယူကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



## သက်ကြီးပူဇော်ပွဲနှင့် ငါးလွှတ်ပွဲ မြင်းမူ၌ ကျင်းပ

**မြင်းမူ မေ ၁၈**

မြန်မာနှစ်ဆန်း ၁ ရက်နေ့က မြင်းမူမြို့နယ်အတွင်းရှိ အသက် ၇၅ နှစ်နှင့်အထက် အဘိုး၂၇ ဦး၊ အဘွား ၅၂ ဦး သက်ကြီးဘိုးဘွား ၇၉ ဦးအား ပူဇော်ကန်တော့ပွဲကို မေ ၁၇ ရက် နံနက်ပိုင်းကမြင်းမူမြို့ ရွှေပြည်သစ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးသောင်းမြင့်၊ မြို့နယ် စီမံခန့် ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့်တက်ရောက်လာကြသူများက သက်ကြီး ဘိုးဘွားများအား ပူဇော်ကန်တော့ကြပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က သက်ကြီးပူဇော်ပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

မြန်မာနှစ်ဆန်း ၁ ရက်နေ့ညနေပိုင်းတွင် မြင်းမူမြို့ ဖောင်တော်ကူးမြတ်စွာဘုရား ဝေယျာဝစ္စလူငယ်များအသင်းက ဦးဆောင်ပြီးရပ်ကွက်နေပြည်သူများ၊ လူငယ်များက ဧရာဝတီမြစ်အတွင်းသို့ ငါးကောင်ရေ ၇၀၀ ကျော်ကို ဇီဝိတဒါနကုသိုလ်အဖြစ် စုပေါင်းလွှတ်ပေးခဲ့ကြသည်။

အလားတူမြင်းမူမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများတွင်လည်း ဆရာတော်၊ သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားများ ရွတ်ဖတ်ပူဇော်ကြပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**အောင်စိုးဖေ(iprd)**



တောင်ငူမြို့ ၁၈ ရပ်ကွက် လူငယ်များ ဦးစီးကျင်းပသော ဘာသာမရွေးသက်ကြီးပူဇော်ကန်တော့ပွဲကို မေ ၁၈ ရက်တွင် ၁၈ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးဘေး၌ကျင်းပရာ ပူဇော်ကန်တော့ခံမည့် သက်ကြီးရွယ်အို အဘိုးအဘွား ၆၀ အား လူငယ်များက ခြေသည်း လက်သည်းညှပ်ပေးပြီး အလှူရှင်များက လှူဒါန်းသည့် လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ လှူဒါန်းစဉ်။ သူရ(တောင်ငူ)

## မျက်စိအထူးကုဆေးရုံကြီးသို့ သင်္ကြန်ရက်များအတွင်း ပြင်ပလူနာ ၂၀၁ ဦး ကျန်းမာရေးစောင့်ရှောက်မှုခံယူ

**ရန်ကုန် မေ ၁၈**

ရန်ကုန်မြို့ နတ်မောက်လမ်း(ကန်တော်ကြီးကန်ပတ်လမ်း)ရှိ ရန်ကုန်မျက်စိ အထူးကုဆေးရုံကြီးသို့ နှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်ရက်များနှင့် မြန်မာနှစ်ဆန်း ၁ ရက်နေ့တို့တွင် ပြင်ပလူနာ ၂၀၁ ဦးလာရောက်ပြသ ကျန်းမာရေးစောင့်ရှောက်မှုခံယူခဲ့ကြောင်း သိရသည်။

တစ်ရက်ချင်းအလိုက် ကျန်းမာရေးစောင့်ရှောက်မှုခံယူခဲ့သော ပြင်ပလူနာ ဦးရေမှာ မေ ၁၃ ရက်(သင်္ကြန်အကြိုနေ့)တွင် ၄၆ ဦး၊ မေ ၁၄ ရက်(သင်္ကြန်အကျ နေ့)တွင် ၄၁ ဦး၊ မေ ၁၅ ရက်(သင်္ကြန်အကြတ်နေ့)တွင် ၃၁ ဦး၊ မေ ၁၆ ရက်( သင်္ကြန်အတက်နေ့)တွင် ၂၇ ဦးနှင့် ၁၃၇၇ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်(မေ ၁၇ ရက်)တွင် ၅၆ ဦး စုစုပေါင်း ၂၀၁ ဦးရှိကြောင်း ရန်ကုန်မျက်စိအထူးကုဆေးရုံကြီး ပြင်ပလူနာဌာနမှ သိရသည်။

**ကိုချစ်**

## အန္တရာယ်ကင်း ပရိတ်တရားတော်ရွတ်ဖတ်ပူဇော်ပွဲနှင့် သက်ကြီးပူဇော်

**မောင်တော**

မောင်တောမြို့နယ်တွင် အသက် (၇၀)နှစ်နှင့်အထက် အဘိုးရှင် အဘောင်ရှင် (အဘိုးအဘွား)များအား (၃၈)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို မေ ၁၇ ရက် နံနက် ၉ နာရီကမောင်တောမြို့ သာသနာ့ဗိမာန်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အသက် ၇၀ နှစ်နှင့်အထက် အဘိုးအဘွား ၁၅၁ ဦးအား ငွေသားများ၊ ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြပြီး အဘိုးအဘွားများအတွက် ငွေပဒေသာပင်များ စိုက်ထူထားပြီး အခမ်းအနားသို့ ရခိုင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ထိန်လင်း၊ ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးမြအောင်၊ နယ်ခြားစောင့်ကွပ်ကဲရေး တပ်ဖွဲ့မှူး ရဲမှူးချုပ် တင်ကိုကို၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လွင်၊ မြို့မိမြို့ဖများနှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

**ဟားခါး**

မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် ချင်းပြည်နယ် အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ကျင်းပသည့် အန္တရာယ်ကင်းပရိတ်တရားတော်ရွတ်ဖတ်ပူဇော်ပွဲကို မေ ၁၇ ရက် မွန်းလွဲ ၁ နာရီက ဟားခါးမြို့ ပြည်နယ်အစိုးရ အဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး ကျောဘုတ်သာသနာပြုကျောင်းဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညောဘာသထံမှ ငြို့ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြကာ ဆရာတော်သံဃာတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်နှင့် ကမ္မဝါစာများကို နာယူကြသည်။

ဆက်လက်၍ ပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လူမှုရေးဝန်ကြီးဒေါက်တာဘမောင်နှင့် တာဝန်ရှိသူများက ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(ပြည်နယ် ပြန်/ဆက်)**

**ကလေး**

ကလေးမြို့ မြို့တော်ခန်းမတွင် သက်ကြီးအဘိုးအဘွား ၁၉၉ ဦးတို့အား ပူဇော်ကန်တော့ပွဲကို ၁၃၇၇ ခုနှစ် မြန်မာသက္ကရာဇ် နှစ်ဆန်း ၁ ရက်နေ့ မေ ၁၇ ရက် နံနက် ၉ နာရီခွဲကကျင်းပရာ ကလေးခရိုင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးက ပူဇော်ပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် သက်ဆိုင်ရာတာဝန်ရှိသူများက သက်ကြီးအဘိုးအဘွားများအား ငွေသားနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းကြပြီး အသက် ၉၀ ကျော်ရှိ အဘိုး ဦးချစ်လှိုင်က အဘိုးအဘွားများကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။ **ဂျူနိုင်း**

**မော်လမြိုင်ကျွန်း**

မော်လမြိုင်ကျွန်းမြို့နယ်ရှိ သက်တော် ၇၀၊ သိက္ခာတော် ၅၀ အထက်မဟာထေရ် သက်တော်ရှည်ဆရာတော်ကြီးများအား ပထမအကြိမ်မြောက်သာသနာ့အကျိုးတော်ဆောင် ဓမ္မဝေပုလ္လအဖွဲ့ကဦးဆောင်၍ အလှူရှင်မြို့နယ်သူ မြို့နယ်သားများက စုပေါင်းပူဇော်ပွဲကို မေ ၁၇ ရက်ညနေ ၅ နာရီကမြို့နယ်ကျက်သရေဆောင် ပုညဝိသုဒ္ဓိသာသနာ့ဗိမာန်တော်၌ ကျင်းပရာ မြို့နယ်အတွင်းမှ မဟာထေရ် သက်တော်ရှည်ဆရာတော်ကြီး ၁၂ ပါးတို့အား လှူဖွယ်ဝတ္ထုများ၊ ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းပူဇော်ကြသည်။

**မြင့်အောင်(မော်ကျွန်း)**

## ဆိပ်ဖြူမြို့နယ် ရဲတပ်ဖွဲ့ သင်္ကြန်ကာလအတွင်း လုံခြုံရေးအထူးကြပ်မတ် ဆောင်ရွက်ပေးခဲ့

**ဆိပ်ဖြူ မေ ၁၈**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်ရဲတပ်ဖွဲ့မှူး၏ကြီးကြပ်မှုဖြင့် သင်္ကြန်အကြိုကာလများတွင် ယာဉ်အန္တရာယ်ကင်းဝေးရေး အသိပညာပေးဆောင်ရွက်ခြင်း၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းများလိုက်နာဆောင်ရွက်ရေး၊ တားမြစ်ဆေးဝါးများ ရောင်းချခြင်း၊ သုံးစွဲခြင်းမရှိစေရေးတို့ကို ဆောင်ရွက်ခဲ့ပြီး သင်္ကြန်ကာလများတွင် သင်္ကြန်ရေကစားသူများ အေးချမ်းစွာ ရေကစားနိုင်ရေးအတွက် ဆိပ်ဖြူမြို့ မြို့မစခန်းမှူးရဲမှူးမြင့်အောင်ထွန်းဦးဆောင်၍ မြို့ပေါ်ရပ်ကွက်များတွင် ယာဉ်စည်းကမ်း လမ်းစည်းကမ်းကြီးကြပ်ခြင်းလုပ်ငန်းများ၊ ယောချောင်းအတွင်းတွင် ရေကစားသူများ အေးချမ်းစွာ ရေကစားနိုင်ရေးအတွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့ခြင်းကြောင့် ခိုက်ရန်ဖြစ်ပွားမှုလျော့နည်းခဲ့ပြီး ဆိပ်ဖြူမြို့မရဲစခန်းတွင် ခိုက်ရန်ဖြစ်ပွားနာကျင်မှုနှစ်ခုသာ အရေးယူဆောင်ရွက်ပေးခဲ့ရကြောင်း သိရသည်။

**စိုးလင်းနိုင်(iprd)**

## ယခုနှစ်သင်္ကြန်ကာလ မန္တလေးတွင် မှုခင်းဖြစ်ပွားမှုလျော့နည်း

**မန္တလေး မေ ၁၈**

သင်္ကြန်အကြိုကာလနှင့် သင်္ကြန်ကာလအတွင်း လုံခြုံရေးဆိုင်ရာ ဆောင်ရွက်မှုများနှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဟန်ထွန်းနှင့် ယနေ့ နံနက်ပိုင်းက သွားရောက်ခဲ့ရာ သင်္ကြန်မတိုင်မီ သင်္ကြန်ပွဲတော်အောင်မြင်စွာကျင်းပနိုင်ရန် လုံခြုံရေးအစည်းအဝေးများကို မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ ခရိုင် ရဲတပ်ဖွဲ့မှူးရုံး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးများတွင် မတ် ၂၃ ရက်မှ ဧပြီ ၁၂ ရက်အထိ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးနယ်မြေအတွင်း သင်္ကြန်ကာလမှုခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်း လိုက်နာရေးအတွက်လည်း မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၊ ပညာပေးရေးနှင့် စည်းကမ်းသတ်မှတ်ရေးဆပ်ကော်မတီ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ အကြံပြုပညာပေး ဟောပြောဆောင်ရွက်မှုများကို မတ် ၁၈ ရက်မှစတင်ပြီး သက်ဆိုင်ရာခရိုင်များအလိုက် စုစုပေါင်း အကြိမ် ၅၀၀ ပြုလုပ်၍ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပြီး မန္တလေးတိုင်းဒေသကြီး နယ်မြေအတွင်း လိင်စိတ်နှိုးဆွသော ဆေးဝါးများ ရောင်းချမှုမရှိစေရေးအတွက် ဈေးဆိုင်များနှင့် လမ်းဘေးဈေးဆိုင်များကို မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေး၊ စိုက်ပျိုးရေးဦးစီးဌာန၊ အထောက်အကူပြုအဖွဲ့များ ပူးပေါင်း၍ မတ် ၂၅ ရက် မှဧပြီ ၁၂ ရက်ထိ ဆေးဆိုင်များအား ၂၄ ကြိမ် ရှာဖွေခဲ့သည်။

ဧပြီ ၉ ရက်မှ ၁၂ ရက်အထိ သင်္ကြန်အကြိုကာလ ယာဉ်/လမ်းစည်းကမ်း အသိပညာပေးဆောင်ရွက်ခြင်းနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးတို့အတွက် ယာဉ်စစ်ဆေးရှာဖွေခြင်းများအား ၂၅ ကြိမ် ဆောင်ရွက်ခဲ့ကြောင်း၊ မဟာသင်္ကြန်ပွဲတော်ကျင်းပစဉ်အတွင်း လူ့အသက်အား အန္တရာယ်ပြုနိုင်သော လက်နက်/ကိရိယာများ သွားလာကိုင်ဆောင်ခြင်းမပြုနိုင်ရန်အတွက် ယာဉ်စစ်ဆေးရှာဖွေခဲ့ရာ သစ်သားတုတ် ၁၇၅ချောင်း၊ ဝါးတုတ် ၁၇ ချောင်း၊ သံချောင်း/သံပိုက် ၅၁ ချောင်း၊ စတီးလ်ပိုက် ၂၂ချောင်း၊ တူငါးခု၊ ဓားနှစ်လက်၊ ချိန်းကြိုးသုံးခု၊ ကျောက်လှည့် ငါးခု၊ ကျောက်ခဲ ငါးခု၊ ပုလင်းခွံ ၁၁၃၅ လုံး သိမ်းဆည်းရမိသည်။





မှုခင်းဖြစ်ပွားမှုအနေဖြင့် ၂၀၁၄ ခုနှစ် သင်္ကြန်ကာလတွင် နာကျင်စေမှုကိုးမှု၊ နာကျင်(ယာဉ်)သုံးမှု၊ အခြားအမှု ၂၀၊ စုစုပေါင်း ၃၂ မှု ဖြစ်ပွားခဲ့ပြီး ယခုနှစ်သင်္ကြန်ကာလတွင် နာကျင်စေမှု ငါးမှု၊ နာကျင်(ယာဉ်) ငါးမှု၊အခြားအမှုလေးမှု စုစုပေါင်း ၁၄ မှု သာဖြစ်ပွားခဲ့ရာ ၂၀၁၅ခုနှစ် မဟာသင်္ကြန်ပွဲတော်ကာလအတွင်း မှုခင်းဖြစ်ပွားမှုသည် ယခင်နှစ်များနှင့် နှိုင်းယှဉ်လျှင် လျော့နည်းသွားကြောင်း တွေ့ရှိရသည်။

သရုပ်ပျက်ဝတ်စားဆင်ယင်မှုများလည်း ယခင်နှစ်ထက် အလွန်နည်းပါးသွားကြောင်း တွေ့ရပြီး ထိုသို့နည်းပါးရခြင်းမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်အတူ သက်ဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေး အဖွဲ့များ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ တာဝန်ရှိသူများ ပူးပေါင်း၍ သင်္ကြန်မတိုင်မီ ပညာပေးဟောပြောဆွေးနွေးခြင်း၊ သင်္ကြန်ကာလအတွင်း ပါဝင်ဆင်နွှဲကြသော မိဘပြည်သူများကလည်း မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာကို ဝိုင်းဝန်းထိန်းသိမ်းခဲ့ခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

# တပ်မတော်စစ်ကြောင်းများက စန်တအိုက်ရှန်နယ်မြေအတွင်း လမ်းပန်းဆက်သွယ်မှု လွယ်ကူစွာသွားလာနိုင်ရန်အတွက် ကိုးကန့်သောင်းကျန်းသူများထောင်ထားသော ကားမိုင်းများနှင့် ဆက်စပ်ပစ္စည်းများ ဖော်ထုတ်ရှင်းလင်း

**နေပြည်တော် ဧပြီ ၁၈**

ကိုးကန့် သောင်းကျန်းသူများသည် လောက်ကိုင်ဒေသအား ထိန်းချုပ်နိုင်ရန်နှင့် တပ်မတော်စစ်ကြောင်းများ၏ သံချပ်ကာတိုက်ယာဉ်၊ လူသယ်ယာဉ်များဖြင့် လှုပ်ရှားချီတက်မှုများကို ကန့်သတ်နှောင့်ယှက်နိုင်ရန်အတွက် စန်တအိုက်ရှန်နယ်မြေအတွင်း ဆက်သွယ်ရေးလမ်းကြောင်းများအား သဘာဝအတားအဆီးများနှင့်ပေါင်းစပ်၍ လမ်းကြောင်းမြေသားများအား ဖြတ်တောက်ခြင်း၊ အတားအဆီးများချထားခြင်း၊ ပေါက်ကွဲအား ပိုမိုပြင်းထန်စေရန် ဂက်စ်အိုးများဖြင့် ပေါင်းစပ်ပြုလုပ်ထားသော ကားမိုင်းများထောင်ထားခြင်းကို တပ်မတော်စစ်ကြောင်းများက ဖော်ထုတ်ရှင်းလင်းနိုင်ခဲ့သည်။



ကိုးကန့်သောင်းကျန်းသူများက ပါစင်ကျော်နှင့် ဘီပီ-၁၃၇ သွားသောကားလမ်းကြောင်းတွင် အကျယ် ၆ ပေ၊ အနက် ၅ ပေခန့်ရှိ ကန့်လန့်ဖြတ်မြေဖြတ်ကျင်းများ တူးဖော်ထားပြီး အကျယ် ၅ ပေ၊ အမြင့် ၁ ပေခွဲရှိ တြိဂံပုံတင့်ကားထောင် ကွန်ကရစ်အတားအဆီးများ၊ မြေမြှုပ်မိုင်းများဖြင့် အတားအဆီးများပြုလုပ်ထားသည်ကို တပ်မတော်စစ်ကြောင်းများက ဧပြီ ၁၇ ရက်က မြေဖြတ်ကျင်းများအား စက်ယန္တရားဖြင့်မြေဖို့ခြင်း၊ တင့်ကားထောင် အတားအဆီးများအား ဖယ်ရှားခြင်းနှင့် မြေမြှုပ်မိုင်းများအား ဖော်ထုတ်ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ထို့အတူ လောက်ကိုင်-ချင်းရွှေဟော်သွားကားလမ်းပေါ်ရှိ လုံထန်ကျေးရွာမှ စန်တအိုက်ရှန်ကုန်းမြင့်ဒေသအား ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက်လမ်းကြောင်းတွင်လည်း အကျယ် ၁၂ ပေ၊ အနက် ၈ ပေရှိ ကန့်လန့်ဖြတ်မြေဖြတ်ကျင်းများနှင့် ၄င်းမြေဖြတ်ကျင်းများအကြားတွင် ပေါက်ကွဲအား ပိုမိုပြင်းထန်စေရန် ဂက်စ်အိုးများနှင့် ပေါင်းစပ်ပြုလုပ်ထားသော တင့်ကားထောင်မိုင်းများ ထောင်ထားခြင်းကို တပ်မတော်စစ်ကြောင်းများက မြေဖြတ်ကျင်းများအား မြေဖို့ခြင်း၊ တင့်ကားထောင်မိုင်းများအား ဖော်ထုတ်ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။



ကိုးကန့်သောင်းကျန်းသူများက တပ်မတော်မှ သံချပ်ကာတိုက်ယာဉ်များဖြင့် ချီတက်တိုက်ခိုက်လာနိုင်သည့်လမ်းကြောင်းနှင့် အုပ်ချုပ်ထောက်ပံ့မှုဆက်သွယ်ရေး လမ်းကြောင်းများအား ပြတ်တောက်စေရန် ရည်ရွယ်ဆောင်ရွက်ထားသော အတားအဆီးများကို တပ်မတော်က ရှင်းလင်းဖယ်ရှားနိုင်ခဲ့သဖြင့် ပြည်သူအများအနေဖြင့်လည်း ဒေသအတွင်း ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ကောင်းမွန်ချောမွေ့စွာ သွားလာနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

(မြဝတီ)

## တပ်မတော်စစ်ကြောင်းများ ရခိုင်ဒေသအတွင်း နယ်မြေရှင်းလင်းစဉ် ရခိုင်သောင်းကျန်းသူအဖွဲ့နှင့် ထိတွေ့တိုက်ပွဲဖြစ်ပွား

**နေပြည်တော် ဧပြီ ၁၈**

တပ်မတော် စစ်ကြောင်းများ ရခိုင်ဒေသအတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်စဉ် ဒေသခံပြည်သူများ၏ သတင်းပေးချက်အရ ပလက်ဝဒေသ တစ်ဝိုက်၌ ရခိုင်သောင်းကျန်းသူအဖွဲ့များ ဝင်ရောက်နေကြောင်း သတင်းရရှိသဖြင့် နယ်မြေအတွင်း အသေးစိတ်ရှင်းလင်းရာ ရခိုင်သောင်းကျန်းသူ အင်အားအချို့နှင့် ထိတွေ့တိုက်ပွဲ ဖြစ်ပွားခဲ့သည်။


ထိုသို့ တပ်မတော်စစ်ကြောင်းများ နယ်မြေရှင်းလင်းစဉ် ဧပြီ ၁၇ ရက် နံနက်ပိုင်းက ကျောက်တော်မြို့ မြောက်ဘက် ၁၄ မိုင်ခန့်အကွာ ပင်လုံကျေးရွာအနီး၌ ရခိုင်သောင်းကျန်းသူအချို့နှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားရာ သောင်းကျန်းသူများ ဆုတ်ခွာထွက်ပြေးသွားသဖြင့် တပ်မတော်စစ်ကြောင်းက ရန်သူ့နောက်သို့ ထပ်ချပ်လိုက်လံချေမှုန်းသောကြောင့် ထိတွေ့တိုက်ပွဲထပ်မံဖြစ်ပွားပြီး သောင်းကျန်းသူများ အနောက်မြောက်ဘက်သို့ ကစဉ့်ကလျား ဆက်လက်ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ထို့အတူ ဧပြီ ၁၇ ရက် ညနေပိုင်းတွင် တပ်မတော်စစ်ကြောင်းနှင့် အောင်လံချောင်းကျေးရွာအနီး တောင်ကုန်းပေါ်၌ နေရာယူထားသော ရခိုင်သောင်းကျန်းသူ အင်အားအချို့ ထိတွေ့တိုက်ပွဲဖြစ်ပွားရာ သောင်းကျန်းသူများ မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

အဆိုပါဖြစ်စဉ်များတွင် ရခိုင်သောင်းကျန်းသူများထံမှ ပြောက်ကျားကျောပိုးအိတ်နှစ်လုံး၊ မြန်မာငွေကျပ် ၁၂၀၀၀၊ Ipad တစ်လုံး၊ HUAWEI တယ်လီဖုန်းတစ်လုံး၊ သံလိုက်အိမ်မြှောင်တစ်ခု၊ ဟန်းကောတစ်လုံး၊ အရပ်ဝတ်အင်္ကျီ သုံးထည်တို့ကို သိမ်းဆည်းရမိခဲ့သည်။

တပ်မတော်စစ်ကြောင်းများ အနေဖြင့် တည်ငြိမ်အေးချမ်းလျက်ရှိသော ရခိုင်ဒေသအတွင်း ရခိုင်သောင်းကျန်းသူများ စိမ့်ဝင်လာမှုမရှိစေရန် ဒေသခံပြည်သူလူထုများနှင့်ပေါင်းစပ်၍ နယ်မြေအတွင်း အသေးစိတ်ပိတ်ဆို့ ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(မြဝတီ)




## ထူးခြားသည့် နေ့အပူချိန်များ

၁၈-၄-၂၀၁၅

| | |
|---|---|
| ချောက်မြို့ | ၄၃ ဒီဂရီစင်တီဂရိတ် |
| ညောင်ဦးမြို့ | ၄၂ ဒီဂရီစင်တီဂရိတ် |
| မင်းဘူးမြို့ | ၄၂ ဒီဂရီစင်တီဂရိတ် |
| မကွေးမြို့ | ၄၂ ဒီဂရီစင်တီဂရိတ် |
| ဆင်ဖြူကျွန်းမြို့ | ၄၂ ဒီဂရီစင်တီဂရိတ် |

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၈-၄-၂၀၁၅

| | |
|---|---|
| အမ်းမြို့ | ၁ ဒသမ ၃၀ လက်မ |
| ကျောက်ဆည်မြို့ | ၀ ဒသမ ၄၀ လက်မ |
| မိုင်းဆတ်မြို့ | ၀ ဒသမ ၂၈ လက်မ |

# နွေရာသီယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**ကျောက်တံခါး မေ ၁၈** ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ရင်းတိုက်ကုန်းကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာ ဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော် ဦးခေမာသီရိ (ဓမ္မာစရိယ)၏ဩဝါဒကိုခံယူ၍ အမျိုးဘာသာသာသနာစောင့်ရှောက်ရေးအဖွဲ့ (ကျောက်တံခါးဒေသ)မှ ကြီးမှူးဖွင့်လှစ်သော ဒုတိယအကြိမ် နွေရာသီယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို မေ ၁၀ ရက် မွန်းတည့် ၁၂ နာရီက ညောင်ပင်သာကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဘုရားကန်တော့ ဖွင့်လှစ်ခဲ့ပြီး ကျောက်တံခါးမြို့နယ် မဘသဥက္ကဋ္ဌ ရွှေမန်းတောရကျောင်း ဆရာတော် ဉူးဥက္ကံသက အမှာစကားမိန့်ကြား၍ သင်တန်းတွင် ၂၅ ရက် ကြာ သင်ကြားထားသော သင်တန်းသား ၇၀ အား ဗုဒ္ဓဓမ္မအမေးအဖြေများကို ဆရာတော်သံဃာတော်များက မေးမြန်းခဲ့ရာ ဖြေဆိုအောင်မြင်သော သင်တန်းသား ငါးဦးအား ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုများနှင့် သင်တန်းဆင်း လက်မှတ်များကို ဆရာတော် သံဃာတော်နှင့် မဘသ(ကျောက်တံခါးဒေသ)နာယက ဦးလှဝင်း၊ ဥက္ကဋ္ဌ ဦးသန်းနိုင်နှင့်အဖွဲ့ဝင်များက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# စတုတ္ထတန်းနှင့်အဋ္ဌမတန်းအောင်စာရင်းနှင့် ကျရှုံးစာရင်းထုတ်ပြန်

တွံတေး မေ ၁၈

**ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် တွံတေးမြို့နယ်အတွင်းရှိ စတုတ္ထတန်းနှင့်အဋ္ဌမတန်းအောင်စာရင်းကို မြို့နယ်ပညာရေးမှူးရုံးနှင့် အခြေခံကျောင်းများတွင် မေ ၁၈ ရက် နံနက်မှစတင်ထုတ်ပြန်ထားသည်။ အောင်စာရင်းအပြင် ကျရှုံးစာရင်းကိုပါ ထုတ်ပြန်ထားသည်။**



ကျရှုံးစာရင်းတွင် အမည်ပါသူများက ကျသည့်ဘာသာကိုသာ ပြန်လည်ကုစားစာမေးပွဲကို မေ ၁၄ မှ ၁၆ ရက်အထိ ပြန်လည်ဖြေဆိုရမည်ဖြစ်ကြောင်း သိရသည်။ အောင်စာရင်းကြည့် မိဘတစ်ဦးကလည်း "ဒီနှစ်အောင်စာရင်းကြည့်ရတာ ပျော်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အောင်စာရင်းအပြင် ကျစာရင်းမှာ ဘယ်နှဘာသာကျတယ်။ ကျတဲ့ဘာသာပြန်ဖြေရမယ်ဆိုတော့ ကျွန်တော်တို့ ကျောင်းသားမိဘတွေအတွက် တစ်နှစ်စာကုန်ကျစရိတ် သက်သာသွားတာပေါ့" ဟု ပြောကြားသွားသည်။

**မျိုးလှိုင်(တွံတေး)**

# မိန်းမလှကျွန်း တောထဲ၌ ဓားခုတ်မှုဖြစ်

**ဘိုကလေး မေ ၁၈**

မေ ၃ ရက် ည ၁၂ နာရီခန့်က ဘိုကလေး မြို့မရဲစခန်း၌ ဒုရဲမှူး စောစိုးမိုး စခန်းမှူးတာဝန်ဆောင်ရွက်နေစဉ် ဘိုကလေးမြို့နယ် မိန်းမလှကျွန်းတောထဲတွင် လူသတ်မှုဖြစ်ပွား၍ ပြစ်မှုကျူးလွန်သူအား ထိန်းသိမ်းထားကြောင်း သတင်းအရ စက်ဆန်းနယ်မြေရဲစခန်းသို့ သွားရောက်စစ်ဆေးခဲ့သည်။

အမှုဖြစ်စဉ်မှာ မေ ၃ ရက် နံနက် ၁ နာရီခန့်တွင် စက်ဆန်းကျေးရွာအုပ်စု သုခဝတီမြစ်တန်းကျေးရွာနေ ချစ်ကို၊ မလုံးလုံး(၁၃ နှစ်)၊ ဦးသန်းမြင့်၊ ဒေါ်သန်းအေးတို့လေးဦးသည် လှေတစ်စင်းဖြင့် မိန်းမလှကျွန်းတောထဲ၌ မဒမပင်ခြောက်များခုတ်/ နုတ်ရန်ထွက်သွားခဲ့ကြောင်း၊ နံနက် ၂ နာရီခန့်တွင် ၄င်းတို့လေးဦးသည် မိန်းမလှကျွန်းတောသို့ရောက်ရှိသွားခဲ့ပြီး ညအိပ်ခဲ့ကြောင်း၊ နံနက် ၇ နာရီခန့်တွင် ၄င်းတို့သည်အိပ်ရာမှထ၍ မိန်းမလှကျွန်းထဲ၌ ချစ်ကိုနှင့်မလုံးလုံးတို့က တစ်နေရာ၊ ဦးသန်းမြင့်၊ ဒေါ်သန်းအေးတို့က တစ်နေရာ မဒမပင်ခြောက်များကို လိုက်လံခုတ်ခဲ့ကြောင်း၊ နံနက် ၉ နာရီခန့်တွင် ချစ်ကိုမှာကျန်းမာရေးမကောင်း၍ တောထဲ၌အိပ်နေစဉ် စိတ်ထဲတွင် လူတစ်ဦးကလည်ပင်းကို ညှစ်မည့်ပုံစံကို မြင်ရသဖြင့် ရုတ်တရက်လန့်နိုးကာ အနီးရှိ ကိုင်းခုတ်ဓားရှည်ကိုယူ၍ ဘေးတွင်ထိုင်နေသော မလုံးလုံးကို ဓားဖြင့်နှစ်ချက်ခုတ်ခဲ့ကြောင်း၊ ထို့နောက် ချစ်ကိုမှာသတိပြန်လည်၍ ပုံမှန်ဖြစ်ချိန်တွင် မလုံးလုံးမှာသေဆုံးနေသည်ကိုတွေ့ရ၍ လူတစ်ခေါ်ခန့်ဝေးသော ဦးသန်းမြင့်၊ ဒေါ်သန်းအေးတို့ထံသွားရောက်ကာ ဖြစ်စဉ်ကိုပြောပြခဲ့ပြီး ၄င်းတို့သုံးဦး သုခဝတီမြစ်တန်းရွာသို့လှေဖြင့် ပြန်ခဲ့ကြောင်း၊ ရွာသို့အရောက်တွင် ချစ်ကိုအား ကိုနိုင်သူ၊ ကိုကျော်နိုင်တို့က စက်ဆန်းနယ်မြေရဲစခန်းသို့ ခေါ်ဆောင်ပို့ အပ်ခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည်။

ထို့နောက် စက်ဆန်းအုပ်ချုပ်ရေးမှူး ဦးထိန်ဝင်း၊ ဦးသန်းမြင့်တို့နှင့်အတူ အခင်းဖြစ်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ မိန်းမလှကျွန်းအတွင်းရှိ ဘုရားချောင်းနှင့် ကိုက် ၂၀၀ ခန့်အကွာ သီလရှင်ကွင်း တောထဲ၌ မလုံးလုံးမှာ ဒဏ်ရာများဖြင့် သေဆုံးနေပြီး ၄င်းအနီးတွင် သွေးစွန်းနေသောကိုင်းခုတ်ဓားတစ်လက်ကို တွေ့ရှိ သိမ်းဆည်းကာ အလောင်းကို ရဲဆေးစာဖြင့် ဆေးရုံသို့ တင်ပို့ခဲ့သည်။

ဖြစ်စဉ်အရ မလုံးလုံးအား ဓားဖြင့်ခုတ်ခဲ့သူ ချစ်ကို(၂၅ နှစ်)ကို ဘိုကလေး မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **ဌေးနိုင်(ဘိုကလေး)**

# ပြည်ခရိုင်၊ ရွှေတောင်မြို့နယ် ရဟန္တာ (၈၀) မဲ့ရှင်ဆရာတော်ဘုရားကြီး၏ ရဟန်း၊ သာမဏေ၊ သီလရှင်အပါး (၅၀၀၀) အောင်ပွဲကြီးအောင်မြင်၍ (၅၅၅၅) ပါးပြည့်စုံစွာ အောင်မြင်ခြင်းကို သာဓုအနုမောဒနာခေါ်ဆိုကြရန်



ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ရွှေတောင်မြို့နယ် ရှေးဟောင်းသမိုင်းဝင် ရဟန္တာ (၈၀) မဟာသိမ်တော်ကြီး ပရိဝုဏ်အတွင်းရှိ ရဟန္တာ (၈၀) ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော်ကြီးဖြစ်သော ဘဒ္ဒန္တခေမာစာရ(မဲ့ရှင်ဆရာတော်)ဘုရားကြီး၏ အဓိဋ္ဌာန်သုံးချက်ဖြစ်သော (၁)သာသနာတော်ကြီးရှည်ကြာမြင့်အောင် အဓိဋ္ဌာန်ချက်၊ (၂) နိုင်ငံတော်တစ်ဝန်းအေးချမ်းသာယာစေရန်အဓိဋ္ဌာန်ချက်၊(၃) ကမ္ဘာတစ်ဝန်းအေးချမ်းသာယာစေရန်အဓိဋ္ဌာန်ချက်တို့ဖြင့် ရဟန်း၊ သာမဏေ၊ သီလရှင်အပါး (၅၀၀၀) ကျင်းပနိုင်ရန်အတွက် ရွှေတောင်မြို့နယ် သံဃနာယကအဖွဲ့၊ ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဝင်း၊ ရွှေတောင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဇော်ဦးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်မိရပ်ဖများ၊ ဆရာတော်ကြီး၏ တပည့်ဒါယကာ၊ ဒါယိကာမများနှင့် ညှိနှိုင်းစည်းဝေးတိုင်ပင်သည့်အခါ ၄င်းပုဂ္ဂိုလ်များမှတာဝန်ယူ၍ (၂၇-၃-၂၀၁၅)မှ (၁၁-၃-၂၀၁၅)ရက်နေ့အထိ ဆောင်ရွက်ခဲ့ကြရာ ရဟန်း (၁၇၂၈) ပါး၊ သာမဏေ (၂၄၇၀)ပါး၊ သီလရှင် (၁၃၅၇) ပါး စုစုပေါင်း (၅၅၅၅) ပါးတို့ကို ပရိက္ခရာ ရှစ်ဖြာစုံလင်စွာဖြင့် မုတ္တာစာဂီ၊ စေတနာသုံးတန်ပြဋ္ဌာန်း၍ အလှူမင်္ဂလာအောင်ပွဲကြီးကို (၁၁-၃-၂၀၁၅)အင်္ဂါနေ့ နေ့လယ်ပိုင်းတွင် နိုင်ငံတော်ဩဝါဒါစရိယ ပြည်မြို့ဇောတိကာရုံ၊ ပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဘဒ္ဒန္တကုက္ကုလဇောတိထံမှ ဧည့်ပရိသတ်တို့က ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဇန်းမော်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက ရေစက်ချ အနုမောဒနာတရားဟောကြားပြီး အောင်ပွဲတော်မြတ်ကြီးကို ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။

ယင်းနောက် အလှူမင်္ဂလာအောင်ပွဲကြီးကို ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် မိုးပြည့်ပြည့်မောင်က ဦးစီး၍ နိုင်ငံကျော် အဆိုတော် စိုးစန္ဒာထွန်းနှင့် နိုင်ငံတော်အနုပညာအဖွဲ့သားများက အနုပညာဒါနဖြင့် မဲ့ရှင်ဆရာတော်ဘုရားကြီးအား အားရဝမ်းသာစွာ ပူဇော်ကြပါသည်။

မဲ့ရှင်ဆရာတော်ဘုရားကြီး၏ အဓိဋ္ဌာန်သုံးချက် မုချအောင်မြင်ပြီဟု ရည်မှတ်ကြ၍ မြန်မာပြည်သူ ပြည်သား၊ ကမ္ဘာသူ ကမ္ဘာသားအပေါင်းတို့က သာဓုအနုမောဒနာ ခေါ်ဆိုကြပါရန်-

**မဲ့ရှင်ဆရာတော်ဘုရားကြီးနှင့်တပည့်ဒါယကာ၊ဒါယိကာမများ**

# ရေဘေးအတွက် ကြိုတင်ပြင်ဆင်ခြင်း

**(၁) ရေမကြီးမီ ဆောင်ရွက်ရန် အချက်များ**

(က) မိုးလေဝသသတင်းကို ဂရုပြုနားထောင်ပါ။
(ခ) ရေဘေးမှ လွတ်ကင်းနိုင်သည့် အခိုင်အမာအဆောက်အအုံများ၊ ကုန်းမြင့်များ ကြိုတင်သတ်မှတ်ထားပါ။
(ဂ) သတ်မှတ်နေရာများသို့ ရောက်ရှိမည့် ပြေးလမ်းကြောင်းများ ကြိုတင်ရွေးချယ်ထားပါ။
(ဃ) ရေတွင်ပေါ်နိုင်သည့် ငှက်ပျောပင်ကဲ့သို့ အပင်များစိုက်ပျိုးထားပါ။
(င) အရေးကြီးစာရွက် စာတမ်းများ ရေမစိုနိုင်အောင် ပလတ်စတစ်ဖြင့် သေချာစွာထုပ်ပိုးထားပါ။
(စ) အဝတ်အစား၊အစားအစာ၊ ဆေးဝါး၊ ဓာတ်မီး၊ မီးခြစ်၊ဖယောင်းတိုင် စသည့်ပစ္စည်းများ အသင့်ဆောင်ထားပါ။
(ဆ) သယ်ယူပို့ဆောင်သွားလာရေးအတွက် လှေ၊ ပဲ့ထောင်၊မော်တော်၊ စက်သုံးဆီ စသည်များ ကြိုတင်စီစဉ်ထားပါ။
(ဇ) ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်မှုများ၌ ပူးပေါင်းပါဝင်ဆောင်ရွက်ပါ။
(ဈ) သရုပ်ပြ အစမ်းလေ့ကျင့်မှုများ ပြုလုပ်ထားပါ။

**(၂) ရေကြီးခြင်း သတိပေးချက်ရရှိပါက ဆောင်ရွက်ရန် အချက်များ**

(က) အစားအစာ၊ ဆေးဝါး၊ သောက်ရေတို့နှင့်အတူ လုံခြုံစိတ်ချရသော အဆောက်အအုံနှင့် ကုန်းမြေမြင့်သို့ အချိန်မီရွှေ့ပြောင်းပါ။
(ခ) သစ်တုံး၊ ဝါးဖောင်ငယ်၊ ကားတာယာကျွတ်၊ ဗောကွင်း၊ လူတစ်ဦးဖက်တွယ်နိုင်သည့် ဝါးပိုး ၊ဝါးဆစ်ပိတ်များ ဆောင်ထားပါ။
(ဂ) ကလေးငယ်များအား ရေစီးတွင်မျောပါမည်စိုး၍ ကြိုးဖြင့်ချည်နှောင်ထားခြင်းမျိုး၊ မိသားစုလိုက် ချည်နှောင်ထားခြင်းမျိုးကို ရှောင်ရှားပါ။
(ဃ) ရေဘေးအန္တရာယ် သတိပေးချက်ရရှိပါက ပင်လယ်ကမ်းခြေဒေသများ၊ အနိမ့်ပိုင်းဒေသများ၊ လယ်ကွင်းပြင်များတွင် နေထိုင်ခြင်းမှရှောင်ရှားပါ။
(င) မြစ်ချောင်း၊ ကမ်းပါး၊ မြေပြိုနိုင်သည့်ဒေသများသို့ သွားလာခြင်းမှရှောင်ရှားပါ။

**(၃) ရေကြီးနေစဉ် ဆောင်ရွက်ရန်အချက်များ**

(က) မြစ်ရေအခြေအနေ သတင်းထုတ်ပြန်ချက်ကို အမြဲနားထောင်ပါ။
(ခ) ရေလွှမ်းနေသည့် နေရာများသို့ လမ်းလျှောက်သွားလာခြင်းမှ ရှောင်ရှားပါ။
(ဂ) ခြောက်လက်မခန့်မြင့်သော ရေစီးသည် လူကိုမျောပါစေနိုင်သောကြောင့် ရေထဲဖြတ်ကူးခြင်း၊ ဖြတ်လျှောက်ခြင်းမပြုရ။ မလွှဲမရှောင်သာ၍ ဖြတ်လျှောက်ရပါက တုတ်ဖြင့် စမ်းထောက်ပြီးမှသွားပါ။
( ဃ) မြွေနှင့်အဆိပ်ရှိသော သတ္တဝါများ၏ အန္တရာယ်ကို သတိထားရှောင်ရှားပါ။
(င) လျှပ်စစ်အန္တရာယ်မှ ကင်းဝေးစေရန် လျှပ်စစ်မီးကြိုး၊ တိုင်များနှင့်ဝေးရာတွင် နေထိုင်ပါ။
(စ) မြစ်ချောင်း၊ ကမ်းပါး၊ မြေပြိုနိုင်သည့်နေရာများသို့ သွားလာခြင်းမှ ရှောင်ရှားပါ။
(ဆ) သောက်သုံးရေသန့်ရှင်းမှုကို တတ်နိုင်သမျှ လုပ်ဆောင်ပါ၊ ဝမ်းရောဂါမဖြစ်စေရန် ရေကိုကျိုချက်သောက်ပါ။

**(၄) ရေကြီးပြီးနောက် ဆောင်ရွက်ရန်အချက်များ**

(က) တာဝန်ရှိသူများက အန္တရာယ်မရှိကြောင်းကြေညာမှ အိမ်ကိုပြန်လာပါ။
(ခ) မိသားစုဝင်အားလုံး စုံ၊ မစုံစစ်ဆေးပါ။
(ဂ) ကျန်းမာရေးအခြေအနေ စစ်ဆေးပါ၊ လိုအပ်ပါက ဆေးခန်း၊ ဆေးရုံ ပို့ပါ။
(ဃ) မိမိအိမ်/ခြံ၊ လမ်း ၊ ရပ်ကွက်၊ကျေးရွာများအတွင်း သန့်ရှင်းရေးဆောင်ရွက်ပါ။
(င) ရေနစ်မြုပ်ထားသော လျှပ်စစ်ပစ္စည်းများကို ကျွမ်းကျင်သူများဖြင့် သေသေချာချာ စစ်ဆေးပြီးမှ သုံးစွဲပါ။
(စ) ရေကြီးထားသောကြောင့် လမ်း၊တံတား၊ အိမ်များ အချိန်မရွေး ပြိုကျနိုင်သည့်အတွက် သတိပြုပါ။
(ဆ) အဆိပ်ရှိသတ္တဝါများ ခိုအောင်းနေတတ်သဖြင့် သတိပြုပါ။
(ဇ) အိမ်ပတ်ဝန်းကျင်ကို ပိုးသတ်ဆေး၊ ထုံး၊ ဆားဖျန်းပါ။
(ဈ) ရေကို ကျိုချက်သောက်ပါ။

**ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန**

# ကင်းတားရေလှောင်တမံ ရေရှည်တည်တံ့ရေးအတွက် ပြည်သူများကလည်း ဝိုင်းဝန်းထိန်းသိမ်းပေးသင့်

ကျော်ကျော်(မလှိုင်)



ရှေးမြန်မာမင်းများ လက်ထက်ကစ၍ ပန်းလောင်မြစ်ပေါ်တွင် ရေလွှဲဆည်များ တည်ဆောက်၍ လယ်မြေများကို ဆည်ရေပေး စိုက်ပျိုးခဲ့ရာ ကိုလိုနီခေတ် ၁၈၉၁-၁၈၉၂ ခုနှစ်တွင် ပန်းလောင်မြစ်ပေါ်၌ အဆင့်ဆင့် တည်ရှိနေသည်။ ကင်းတားဆည်နက်လွှဲဆည်၊ ကျီးမဲဆည်နှင့် ထုံးကြီးဆည်တို့ကို ပြန်လည်မွမ်းမံပြင်ဆင်ပြီး ယနေ့တိုင်ဆည်ရေပေးဝေသုံးစွဲခဲ့သည်။ ထိုဆည်များသည် ရေလွှဲဆည်များဖြစ်သဖြင့် မြစ်၏ရေစီးရေလာနည်းပါးချိန်တွင် ရေလုံလောက်မှုမရှိခြင်း၊ မြစ်ရေကြီးချိန်တွင် လယ်မြေများတွင် ရေလွှမ်းမိုးမှုမှ ကာကွယ်ရန် တစ်နှစ်ပတ်လုံး ရေလိုအပ်ချိန်တွင် ထုတ်ယူသုံးစွဲနိုင်ရန် နှစ်စဉ်လျှပ်စစ်ဓာတ်အား ယူနစ်သန်းပေါင်း ၁၆၅ သန်း ထုတ်လုပ်ရန် ရည်ရွယ်၍ တည်ဆောက်ခဲ့သကဲ့သို့ ကင်းတား ရေလှောင်တမံကို သက်ဆိုင်ရာ တာဝန်ရှိသူများက ၁၉၈၁-၁၉၈၂ ခုနှစ်၌ တည်ဆောက်ခဲ့ရာ ၁၉၈၉-၁၉၉၀ ခုနှစ်တွင် ပြီးစီးခဲ့သည်။ ရေလှောင်တမံ အမျိုးအစားမှာ ကျောက်ဖြည့်တမံဖြစ်ပြီး တမံအမြင့် ၂၃၆ ပေ၊ တမံအလျား ၂၀၃၄ ပေ၊ ရေထုတ်ပြွန် အမျိုးအစား ကွန်ကရစ် ဥမင်၊ ရေထုတ်ပြွန်အရွယ်အစား ၂၄ ဒသမ ၆ ပေ ၊ ရေထုတ်ပြွန် အလျား ၁၅၂၅ ပေ၊ ရေပိုလွှဲအမျိုးအစား ရေတံခါးတပ်ကွန်ကရစ်၊ ရေပိုလွှဲ အကျယ် ၂၉ ဒသမ ၅ ပေ၊ အမြင့် ၃၄ ဒသမ ၄ ပေ၊ ရေထုစီးနှုန်း ၇၈၂၆၉ ကုဗပေ၊ စက္ကန့်တူးမြောင်းမကြီး အလျား ၇၈ မိုင်၊ လက်တံ မြောင်းအလျား ၄၂၀ ဆည်ရေပေးနိုင်မည့် ဧရိယာ ဧက ၂၀၁၅၀၀၊ တမံ တည်ဆောက်ကုန်ကျငွေကျပ် ၁၃၆၁ ဒသမ ၇၀ သန်းဟု အဆိုပါ ကင်းတား ရေလှောင်တမံ တာဝန်ရှိသူထံမှ သိရသည်။

ထို့အတူ ကင်းတားရေလှောင်တမံ ဘက်စုံစီမံကိန်းများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ကမ္ဘာ့ဘဏ်ချေးငွေတို့ဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး အပြည်ပြည်ဆိုင်ရာ တင်ဒါခေါ်ယူမှုစနစ်အရ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ လာမေယာ အင်တာနေရှင်နယ် ကုမ္ပဏီက ၁၉၇၈ ခုနှစ်တွင် ဖြစ်မြောက်နိုင်စွမ်း အစီရင်ခံစာကို ပြုစုပေးခဲ့ပြီး ရေလှောင်တမံနှင့် ရေတားအဆောက်အအုံများ၊ ရေအားလျှပ်စစ်ဆိုင်ရာ မြို့ပြအဆောက်အအုံများကို သက်ဆိုင်ရာနိုင်ငံများက တည်ဆောက်ခဲ့ရာ ၁၉၈၉-၁၉၉၀ ခုနှစ်တွင် စီမံကိန်းအားလုံး ဆောင်ရွက်ပြီးစီးခဲ့သည်ဟု သိရသည်။

ယခုအခါ ကင်းတားရေလှောင်တမံ ဘက်စုံစီမံကိန်းများနှင့်ပတ်သက်ပြီး ကင်းတားရေလှောင်တမံ ဘက်စုံစီမံကိန်းကို စိုက်ပျိုးရေပေးဝေရန်၊ ရေလွှမ်းမိုးမှုမှကာကွယ်ရန်၊ ရေအားလျှပ်စစ် ထုတ်လုပ်ရန်အတွက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ကင်းတားရေလှောင်တမံမှာ အောက်ဘက်ရှစ်မိုင်အကွာရှိ ကင်းတားရေလွှဲဆည်မှ လက်ဝဲ/လက်ယာနှင့် ပန်းလောင်ရေသောက်စနစ်ရှိ စိုက်ပျိုးမြေ ဧက ၂၀၁၅၀၀ ကို စိုက်ပျိုးရေပေးဝေရန် နိုင်ငံတော်က တည်ဆောက်ခဲ့သည်။ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် မိုးစပါးဧက ၉၀၆၀၆ ဧကသာ ရေသွင်းစိုက်ပျိုးနိုင်ခဲ့သည်။ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု အနေဖြင့် ၂၀၁၄ ခုနှစ်တွင် ကီလိုဝပ်နာရီသန်းပေါင်း ၅၂ ဒသမ ၅၈ ထုတ်လွှတ်နိုင်ခဲ့သည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီ ၆ ရက်အထိ ကန်အတွင်း ရေသိုလှောင်ပမာဏ ၂၀၁၅၀၄ ဧကပေရှိပြီး ၂၀၁၄ ခုနှစ်တွင် ရေသိုလှောင်ပမာဏ ဧကပေ ၃၈၉၆၄၀ရှိ၍ ၁၈၈၁၃၆ ဧကပေလျော့နည်းသိုလှောင်ထားနိုင်ခဲ့ပြီး အသုံးပြုနိုင်သည့် ရေပမာဏ ၁၄၅၂၂၄ ဧကပေရှိသည်။ ကင်းတားတမံအတွင်း ရေပမာဏသည် Minimum Opration Level အနိမ့်ဆုံးရေအမှတ် ၁၇၈ ဒသမ ၅ မီတာ၊ ၅၈၅ ဒသမ ၆ ပေအောက်သို့ ကျဆင်းသွားသည့်အခါမျိုးတွင် (Grate Chamber Irrigation Outlet)မှတစ်ဆင့် လိုအပ်သောစိုက်ပျိုးရေကို ထုတ်လွှတ်ပေးထားကြောင်း မြစ်သားမြို့နယ် ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိထံမှ သိရသည်။

ဆက်လက်၍ ကင်းတားရေလှောင်တမံကန်အတွင်း ရေသိုလှောင်မှုနည်းပါးမှုနှင့် လုံခြုံရေးဆိုင်ရာများကို ဤရေလှောင်တမံဆည်အနီးမှာရှိသည့် တောတောင်များသည် ယခင်က သစ်ပင်ကြီးများပေါ်များစွာ ပေါက်ရောက်နေပြီး သဘာဝပတ်ဝန်းကျင်သည် အမြဲစိမ်းလန်းစိုပြည်နေသောကြောင့် ဒေသခံကျေးလက်နေပြည်သူများအတွက် စိုက်ပျိုးရေပေးသည့်အခါ ရေပေါများစွာ ပေးဝေနိုင်ခြင်း၊ ရေပေါများစွာ သိုလှောင်နိုင်ခြင်းများရှိခဲ့သော်လည်း ယခုအခါ သဘာဝတော တောင်များအတွင်းရှိ သစ်ပင်ကြီးငယ်များကို သစ်ခုတ်သမားများမှတစ်ဆင့် သစ်ပွဲစားများက လာရောက်ဝယ်ယူနေခြင်းကြောင့် သဘာဝစိမ်းလန်းစိုပြည်ရေးကို တစ်ထောင့်တစ်နေရာက ထိခိုက်နိုင်သလို ကင်းတားရေလှောင်တမံ ရေသိုလှောင်ထားမှုမှာလည်း သစ်ပင်ကြီးငယ်များ ထုတ်ယူမှုများနှင့် သက်ဆိုင်နေသည်။ ကင်းတားရေလှောင်တမံသည် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ရန်ကုန်-မန္တလေးကားလမ်းပေါ်ရှိ ကူမဲမြို့အရှေ့ဘက် ၂၁ မိုင်အကွာ ပန်းလောင်မြစ်ပေါ်တွင် တည်ဆောက်ထားရှိပြီး မြစ်သားမြို့နယ်ရှိ တောင်သူလယ်သမားများ အားကိုးနေရသည့် ဆည်တမံတစ်ခုအဖြစ်သို့ ကင်းတားရေလှောင်တမံ ရေရှည်တည်တံ့ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများသာမက ပြည်သူများကလည်း ဝိုင်းဝန်းထိန်းသိမ်းပေးစေရန် လိုအပ်ပေသည်။

သတင်းတိုများ

## ခရီးသည်များစိတ်ချမ်းမြေ့စေရေးဆောင်ရွက်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားတိုင်း(၆)တိုင်းတာဝန်ခံ ဦးမင်းမင်းထွေး၏ စီစဉ်မှုဖြင့် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ရှိ ဘူတာပေါင်း ၂၉ဘူတာမှအထူးတန်းရုံ ပိုင်ကြီးများ၊ တာဝန်ခံရုံပိုင်များနှင့် ဝန်ထမ်းများသည် ခရီးသည်များ စိတ်ချမ်းမြေ့စေရေး၊ ဘူတာများသန့်ရှင်းလှပရေး၊ ခရီးသည်များအန္တရာယ်ကင်းရှင်းရေးအတွက် နေ့စဉ် ဘူတာအားရေဆေးသန့်ရှင်းခြင်း၊ အမှိုက်များကိုလှဲကျင်း သိမ်းဆည်းခြင်း၊ ခရီးသည်နားနေထိုင်ခုံတို့ကို ကြမ်းပိုးဆေးများပက်ဖျန်းခြင်း ဆောင်ရွက်ကြသည်။

ထို့ပြင် ဘူတာ၌ ရထားများခေတ္တရပ်နားချိန်တွင် ခရီးသည်များ၏ လိုအပ်ချက်တို့ကိုမေးမြန်း၍ ကူညီဆောင်ရွက်ပေးသည့်အပြင် ခရီးသည်များ တွဲကြားအမိုးပေါ်တို့တွင် လိုက်ပါစီးနင်းခြင်းမပြုရန်၊ ပညာပေးတားမြစ်ကြသည်။ (ဝဇိရ)

## နှစ်ရှည်သီးနှံပင်များလျော်ကြေးပေးအပ်

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ်၌ မေ ပထမပတ်က အမ်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အမှုနဒီအစည်းအဝေးခန်းမ၌ (၂၃၀-ကေဗွီ)အမ်း-မြောက်ဦးဓာတ်အားလိုင်းနှင့်အမ်း-မအီ ဓာတ်အားလိုင်းများ တည်ဆောက်ရာတွင် မလွတ်ကင်းသောသီးနှံပင်နှင့် နှစ်ရှည်ပင်များ၊ အဆောက်အအုံများအတွက် လျော်ကြေးပေးအပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် အမ်းမြို့နယ်အတွင်းပါဝင်သောကျေးရွာအုပ်စု ၁၀ အုပ်စုမှတောင်သူ ၂၀၇ ဦးကို နှစ်ရှည်သီးနှံပင်များလျော်ကြေး ငွေကျပ် ၅၇၉၅၅၅၁၆၃ ကို မေ ၉ ရက်နှင့် ၁၀ရက်တွင်တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

သန်းမောင်(အမ်း)

## မော်တော်ဆိုင်ကယ်နှစ်စီးယာဉ်တိုက်မှုဖြစ်

မိတ္ထီလာမြို့ဝန်ဇင်းရပ်ကွက် မိတ္ထီလာကန်ပေါင်လမ်းအနီးတွင် မေ ၁၆ ရက် နံနက် ၁၁ နာရီခန့်က မော်တော်ဆိုင်ကယ်နှစ်စီး ယာဉ်တိုက်မှုဖြစ်ပွားရာ လူငယ်အမျိုးသားသုံးဦးထိခိုက်ဒဏ်ရာရခဲ့ကြောင်း သိရသည်။ မော်တော်ဆိုင်ကယ် ယာဉ်တိုက်မှုဖြစ်ပွားပြီးဒဏ်ရာရရှိသူများအား တာဝန်သိပြည်သူများက မော်တော်ယာဉ်ဖြင့်သယ်ဆောင်၍ မိတ္ထီလာခရိုင်ပြည်သူ့ဆေးရုံကြီးအရေးပေါ်ပြင်ပလူနာဌာနသို့ အချိန်မီကူညီပို့ဆောင်ပေးကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

## မြန်မာ-ကိုရီးယား နိုင်ငံတကာပညာရပ်များလေ့လာရေး ဗဟိုဌာနဖွင့်

**ရန်ကုန် မေ ၁၈**

ဆရာ ဆရာမများ၏ သုတေသနနှင့် သင်ကြားရေးအရည်အသွေးတိုကို မြှင့်တင်နိုင်ရန်နှင့် နိုင်ငံတကာ ပါမောက္ခများနှင့်အတူ ပူးပေါင်းကာ သင်ကြားရေးနည်းပညာများအသုံးချနိုင်ရန် ရည်ရွယ်လျက် မြန်မာ-ကိုရီးယား နိုင်ငံတကာ ပညာရပ်များ လေ့လာရေးဗဟိုဌာနဖွင့်ပွဲကို မေ ဒုတိယပတ်က ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ရန်ကုန်တက္ကသိုလ် ဒဂုံလမ်းရှိ အဆိုပါဌာန အဆောက်အအုံ၌ ဖွင့်လှစ်သည်။

အခမ်းအနားတွင် ကိုရီးယားနိုင်ငံတကာပညာရပ်များ လေ့လာရေးအဖွဲ့ဥက္ကဋ္ဌ ချောင်အန်းတက္ကသိုလ် ပါမောက္ခ ဒေါက်တာ KIM Taehyum က အမှာစကားပြောကြားသည်။

ယင်းနောက် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်သူက ကြိုဆိုနှုတ်ခွန်းဆက် စကားနှင့် ကိုရီးယားနိုင်ငံသံအမတ် H.E.Lee Baek-Soon နှင့် ချောင်အန်းတက္ကသိုလ်ဥက္ကဋ္ဌ ပါမောက္ခတို့က ကျေးဇူးတင်စကားများ ပြောကြားကြပြီး နိုင်ငံတကာဆက်ဆံရေးပညာဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာ ဒေါ်ချောချောစိန်က မြန်မာ-ကိုရီးယား၊ နိုင်ငံတကာပညာရပ်များလေ့လာရေးဗဟိုဌာနလုပ်ငန်းရည်မှန်းချက်များကို ပြောကြားသည်။

ရန်ကုန်တက္ကသိုလ်နှင့် ချောင်အန်းတက္ကသိုလ်တို့ ပူးပေါင်း၍ နိုင်ငံတကာဖွံ့ဖြိုးရေး ပညာရပ်ဒီပလိုမာသင်တန်းများကို ၂၀၁၃ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ရာ ယခုနှစ်တက်ရောက်လျက်ရှိသော သင်တန်းသား၊ ဆရာ ဆရာမအပါအဝင် ၇၀ ကျော်ရှိပြီဖြစ်ကြောင်း၊ သင်တန်းကာလမှာ တစ်နှစ်ခန့်ဖြစ်ပြီး သုတေသနပြုလုပ်နည်း၊ နိုင်ငံတကာဆက်ဆံရေးသီအိုရီ၊ စီးပွားရေးနည်းဥပဒေ၊ နိုင်ငံခြားရေးမူဝါဒစသည့် ပညာရပ်များကို စာတွေ့လက်တွေ့ပြုလုပ်ရကြောင်းနှင့် အဆိုပါဒီပလိုမာသင်တန်းသို့ တက်ရောက်လိုသည့် ဆရာ ဆရာမများအပြင် ဘွဲ့ရရှိပြီး စိတ်ပါဝင်စားသူ မည်သူမဆို ဒဂုံလမ်း မြန်မာ-ကိုရီးယား နိုင်ငံတကာပညာရပ်များ လေ့လာရေးဗဟို ဌာနတွင် လျှောက်ထားပြီး သတ်မှတ်အရည်အချင်း စစ်ဆေးမှုအောင်မြင်ပါက တက်ရောက်နိုင်ကြောင်း သိရသည်။

(ပညာရေး)

## လယ်ဝေးမြို့နယ်တွင် ကျောင်းဆောင်သစ်များဖွင့်



**လယ်ဝေး မေ ၁၈**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ်ရှိ ဆောက်လုပ်ပြီးစီးသွားသော အထက ခွဲ(ကန်လှ)၊ အထကခွဲ(ဝက်ပုတ်)၊ အထက (သဲကောကြီး)၊ အမက (သရက်ချောင်း)၊ အမက(သရက်ခုန်)(အရှေ့) ကျောင်းများတွင် ဆောက်လုပ်ပြီးစီးသွားသော ကျောင်းဆောင်သစ်များဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကို မေ ဒုတိယပတ်က အမက သရက်ခုန်(ရှေ့) ကျောင်း၌ ကျင်းပသည်။

ကျောင်းဆောင်သစ်များကို နေပြည်တော်ကောင်စီဝင် လယ်ဝေး မြို့နယ်အုပ်ချုပ်ရေးတာဝန်ခံ ဦးမြင့်ဆွေနှင့် ပညာရေးတာဝန်ခံ ဦးဖုန်းဇော်ဟန်၊ လယ်ဝေးမြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းနွဲ့၊ ကျောင်းအကျိုးတော်ဆောင် ဦးမြသိန်းတို့က ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ယခုဖွင့်လှစ်သော အထကခွဲ (ကန်လှ) ကျောင်းသည် ပေ (၉၀×၃၀) အာရ်စီတစ်ထပ်ကျောင်းဆောင်သစ်သည် ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုငွေကျပ် ၄၈၆ သိန်းဖြင့် အကုန်အကျခံ တည်ဆောက်ခြင်းဖြစ်ပြီး အမက (သရက်ချောင်း) ကျောင်းဆောင်သစ်သည် ပေ(၆၀×၃၀) အာရ်စီတစ်ထပ် ကျောင်းဆောင်သစ် ငွေကျပ် ၃၂၄ သိန်း အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်၍ အမက သရက်ခုန် (ရှေ့) ပေ(၆၀×၃၀) အာရ်စီတစ်ထပ် ကျောင်းဆောင်သစ်သည် ငွေကျပ် ၃၂၄ သိန်းအကုန်အကျခံ တည်ဆောက်ခြင်းဖြစ်ရာ အထက (သဲကောကြီး) ကျောင်းဆောင်သစ်သည် ပေ(၁၂၀×၃၀) ငွေကျပ် ၆၄၈ သန်းနှင့် ပေ(၈၀×၃၀) ငွေကျပ် ၄၅၇ သိန်း အကုန်အကျခံကာ ကျောင်းဆောင် သစ်နှစ်ဆောင်တည်ဆောက်ပြီး ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး အလက(ခွဲ) ဝက်ပုတ်တွင် ငါးခန်းတွဲ ရေလောင်းအိမ်သာတစ်လုံး အသစ်တည်ဆောက်ရန် နိုင်ငံတကာမှ ငွေကျပ် ၄၅၇ သိန်း ချထားပေးခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(ရှုပဗေဒ)

# ခင်ဦး၌ ကျေးရွာချင်းဆက် ကျောက်ချောလမ်းဖွင့်



**ခင်ဦး ဧပြီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ကျွန်းလည်ကျေးရွာအုပ်စု ကျွန်းဆွယ်-ညောင်ပင်ကြီးစု ကျေးရွာချင်းဆက် ကျောက်ချော လမ်းဖွင့်ပွဲကို ဧပြီ ၁၁ ရက် နံနက်က အဆိုပါလမ်းတွင် ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်သန်း၊ ဦးအောင်မျိုးငြိမ်းနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးရာဇာအေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အဆိုပါ ကျောက်ချောလမ်းကို ပြည်ထောင်စုရန်ပုံငွေကျပ် ၄၃ သိန်းဖြင့်အရှည် ပေ ၁၅၀၀၊ အကျယ် ၁၀ ပေ ခင်းကျင်းရာ စုစုပေါင်း ကုန်ကျငွေကျပ် ၉၂ သိန်းကျော် ကုန်ကျကြောင်း သိရသည်။ ကျွန်းဆွယ်-ညောင်ပင်ကြီးစု ကျေးရွာချင်းဆက်လမ်းပြီးစီးသွားသဖြင့် ရွှေဘို-ရေဦး ကားလမ်းသို့ ရာသီမရွေး သွားလာနိုင်ပြီး ညောင်ပင်ကြီးစုရှိ တိုက်နယ်ဆေးရုံနှင့် အထကကျောင်းသို့ပါ ရာသီမရွေး သွားလာနိုင်မည်ဖြစ်သည့်အတွက် ကျေးရွာနေပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးတို့ပါ အဆင်ပြေလာတော့မည်ဖြစ်ကြောင်း ကျွန်းလည်ကျေးရွာအုပ်ချုပ်ရေးမှူးက ပြောသည်။

**ခင်ဦးစိုးဝေ**

## သင်္ကြန်ပွဲတော် ပိတ်ပွဲကျင်းပ

**ဇန်းမော် ဧပြီ ၁၈**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ပိတ်ပွဲအခမ်းအနားကို သင်္ကြန်အတက်နေ့ မြို့မရပ်ကွက် ကမ်းသာဦးဆိပ်ကမ်း ဗဟိုမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားတွင် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်ကွက်များမှ မြန်မာ့ရိုးရာသင်္ကြန်ယိမ်း အကအလှများဖြင့် သီဆိုကပြဖျော်ဖြေကြရာ မြို့နယ်အုပ်ချုပ်ရေးမှူးက ယိမ်းအဖွဲ့များအား ဆုငွေများချီးမြှင့်ပေးအပ်ခဲ့ပြီး မန်းတောင်ရိပ်ခို သီချင်းကို တပျော်တပါးသီဆို ကပြဖျော်ဖြေခဲ့ကြောင်း သိရသည်။ **ဝါဝါ(ဗန်းမော်)**

# မုန်တိုင်းအတွက်ကြိုတင်ပြင်ဆင်

မြန်မာနိုင်ငံတွင် မုန်တိုင်းအဖြစ်များသောကာလ နှစ်ခုရှိပါသည်။ မိုးဦးကာလ(ဧပြီလ-မေလ)နှင့် မိုးနှောင်းကာလ(အောက်တိုဘာလ-နိုဝင်ဘာလ)တို့ဖြစ်ပြီး ယခုမိုးဦးကာလကျရောက်လာပြီဖြစ်ပါသဖြင့် အောက်ပါတို့ကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန် လိုအပ်ပါသည်။

၁။ **မုန်တိုင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန်အချက်များ**

(က) ရေဒီယိုအမြဲဖွင့်၍ သတင်းနားထောင်ပါ။

(ခ) ငါးဖမ်းထွက်ခြင်း၊ ရေလမ်းခရီးထွက်ခြင်းမှ ရှောင်ကြဉ်ပါ။

(ဂ) သောက်ရေ၊ ဆေးဝါး၊ ချက်လွယ်ကျက်လွယ်သော ရိက္ခာခုနစ်ရက်စာတို့ကို အသင့်ပြင်ဆင်ထုပ်ပိုးထားပါ။

(ဃ) လက်နှိပ်ဓာတ်မီး၊ ဖယောင်းတိုင်အသင့်ဆောင်ထားပါ။

(င) အရေးကြီးသော စာရွက်စာတမ်းများကို ရေစိုခံအိတ်ထဲတွင်ထည့်ထားပါ၊ သယ်မသွားနိုင်သောပစ္စည်းများကို စဉ့်အိုး/ ရေစိုခံအိတ်ထဲထည့်၍ မြေမြှုပ်ပါ၊ ခိုင်ခံ့စွာချည်နှောင်ထားပါ။

(စ) စပါး၊ ပဲကဲ့သို့ မျိုးစေ့များကို ပလတ်စတစ်အိတ်ထဲသို့ လုံခြုံအောင်ထည့်ပြီး ကုန်းမြေမြင့်တစ်နေရာတွင် မြေမြှုပ်ပါ။

(ဆ) အိမ်နှင့်အမိုးခိုင်ခံ့ပါက ထိုအိမ်တွင်သာခိုလှုံပါ။

(ဇ) မုန်တိုင်းခိုနေရာများသို့ ကျွဲ၊ နွားများနှင့်အတူ အလျင်အမြန်ပြောင်းရွှေ့ပါ။

(ဈ) မိသားစုများတစ်ဦးစီကွဲသွားသည့်အခါ ပြန်ဆုံနိုင်မည့်နေရာကို ကြိုတင်သတ်မှတ်ထားပါ။

(ည) သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ မသန်စွမ်းသူများ၊ ကိုယ်ဝန်ဆောင်များနှင့် မကျန်းမာသူများအား ခိုအောင်းရမည့်နေရာသို့ ဦးစားပေးပို့ဆောင်ပေးပါ။

၂။ **မုန်တိုင်းတိုက်ခတ်ချိန်တွင် ဆောင်ရွက်ရန်အချက်များ**

(က) ရပ်ရွာမှ တာဝန်ရှိသူများ၏ အကြံပြုချက်အတိုင်းလိုက်နာ ဆောင်ရွက်ပါ။

(ခ) လျှပ်စစ်မီးလိုင်းများနှင့် ဓာတ်ငွေ့ပိုက်လိုင်းများကို ဖြတ်တောက်ပစ်ပါ။

(ဂ) လွင့်ပျံလာသောအရာဝတ္ထုများနှင့် ထိခိုက်မှုမရှိစေရန်အတွက် ခိုအောင်းရာနေရာ၌သာနေပါ၊ အပြင်ထွက်ရပါက လွင့်ပါလာသော သွပ်များနှင့် ထိခိုက်မှုမှကာကွယ်နိုင်ရန် ဦးခေါင်းကို အဝတ်ထူနှင့်ပတ်ပြီးပြေးပါ။

(ဃ) အဆောက်အအုံ၏ခိုင်ခံ့သောအပိုင်းတွင်သာ ခိုလှုံပါ။ ရေဒီယိုမှ သတင်းထုတ်ပြန်ချက်ကို အဆက်မပြတ်နားထောင်ပါ။

(င) အသက်ကယ်အင်္ကျီ၊ ဘောကွင်း၊ ပလတ်စတစ်ရေပုံးအလွတ်၊ ငှက်ပျောတုံး၊ ကားတာယာကျွတ်များကို မိမိတို့နှင့်အတူ ဆောင်ထားပါ။

(စ) တံခါးနှင့်ပြတင်းပေါက်များကို သေသေချာချာပိတ်ထားပါ၊ မုန်တိုင်းအရှိန်ကြောင့်ပွင့်ထွက်သွားပါက မျက်နှာချင်းဆိုင်ဘက်မှ လေထွက်ပေါက်တစ်ခု အမြန်ပြုလုပ်ပါ။

(ဆ) လေလာသည့်ဘက်မှ တံခါးပေါက်များကိုပိတ်ထားပြီး လေကွယ်ရာအရပ်ရှိ တံခါးပေါက်များကို ဖွင့်ထားပါ။

(ဇ) နေအိမ်စတင်ပြိုကျလာပါက ခန္ဓာကိုယ်ကို မွေ့ရာများ၊ စောင်များဖြင့် အကာအကွယ်ပေးထားပါ (သို့မဟုတ်) ခိုင်ခံ့သောစားပွဲများ အောက်တွင်နေပါ။

(ဈ) မုန်တိုင်းဗဟိုဖြတ်သန်းစဉ် ခေတ္တလေငြိမ်သော်လည်း နာရီဝက်ခန့်အကြာတွင် ဆန့်ကျင်ဘက်အရပ်မှ ပိုမိုပြင်းထန်သည့်လေများ ဝင်ရောက်လာတတ်သည်ကို သတိပြုပါ။

(ည) လေမုန်တိုင်းခေတ္တလျော့ပါးချိန်တွင် အိမ်အပြင်သို့ထွက်ခြင်း၊ ကမ်းခြေသို့သွားခြင်းမပြုပါနှင့်။

၃။ **မုန်တိုင်းကျရောက်ပြီးနောက် ဆောင်ရွက်ရန်အချက်များ**

(က) ရေဒီယိုကိုဖွင့်ထားပြီး သတိပေးချက်နှင့်အကြံပြုချက်များကို နားထောင်ပါ။

(ခ) မုန်တိုင်းအန္တရာယ်စိတ်ချရပြီဆိုသောသတင်းရရှိမှသာ နေအိမ်သို့ပြန်ပါ။

(ဂ) ဒဏ်ရာရသူများကိုပြုစုပါ၊ လိုအပ်လျှင်ဆေးခန်း၊ ဆေးရုံသို့ပို့ပါ။

(ဃ) ပြုတ်ကျပြတ်တောက်နေသော ဓာတ်ကြိုးများကိုတွေ့ရှိလျှင် မကိုင်မထိမိစေရန် သတိပြုပါ၊ လျှပ်စစ်ရုံးသို့ အကြောင်းကြားပါ။

(င) ပြိုကျပျက်စီးနိုင်သော အဆောက်အအုံ၊ သစ်ပင်များနှင့်ဝေးဝေးနေပါ။

(စ) မြွေနှင့်အဆိပ်ရှိသော သတ္တဝါများကို သတိထားပါ။

(ဆ) ရေဝပ်သောနေရာများတွင် ကျင်းများ၊ ချိုင့်များရှိလျှင် ရေနစ်တတ်သဖြင့် ကလေးများကို ၄င်းနေရာတွင် မကစားရန် ထိန်းသိမ်းပါ။

(ဇ) လမ်းနှင့်ရပ်ရွာသန့်ရှင်းရေးပြုလုပ်ပါ။ ရေကိုကျိုချက်သောက်ပါ။

(ဈ) ကယ်ဆယ်ရေးလုပ်ငန်းများတွင် ကူညီပါ။

(ည) ကောလာဟလသတင်းများကို နားမထောင်ပါနှင့်။

**ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန**

## ရေစကြို၌ သက်ကြီးပူဇော်ပွဲကျင်းပ



**ရေစကြို ဧပြီ ၁၈**

မြန်မာလူမျိုးများ၏ ယဉ်ကျေးမှုဓလေ့အစဉ်အလာနှင့်အညီ နှစ်သစ်ကူးပြောင်း အခါသမယကောင်းဖြစ်သော ၁၃၇၇ ခုနှစ်မြန်မာနှစ်ဆန်း ၁ ရက်ဧပြီ ၁၇ ရက်နံနက် တွင်ရေစကြိုမြို့ အမှတ်(၁)ရွှေတန်းရပ်ကွက်နွေပိတောက်လူငယ်အဖွဲ့မှကြီးမှူး၍ (၁၇)ကြိမ်မြောက်သက်ကြီးပူဇော်ပွဲအခမ်းအနားကို ဘုရားသုံးဆူအာရုံခံအတွင်း၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားသို့အမှတ်(၁)ရွှေတန်းရပ်ကွက်မှအသက် ၈၀ နှစ်အထက် အဘိုး ၁၄ ဦး၊ အဘွား ၂၆ ဦးစုစုပေါင်း ၄၀ တို့တက်ရောက်အပူဇော်ခံကြပြီး နွေပိ တောက်လူငယ်များနှင့်ရပ်ကွက် ပြည်သူများက လှူဖွယ်ဝတ္ထုများဖြင့်ပူဇော်ကန်တော့ကြသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

**ကျန်းမာ၊ ပညာဘက်စုံကို**
**ဖွံ့ဖြိုးစေလို၊ အခွန်ကို**
**မှန်မှန်ကန်ကန်ဆောင်စေလို**

# ကန်တော်ကြီးပတ်လမ်းရေကစားမဏ္ဍပ်များအနီးမှ ပိုင်ရှင်မဲ့ဘီယာများ တွေ့ရှိသိမ်းဆည်းရမိ

**ရန်ကုန် ဧပြီ ၁၈**

သင်္ကြန်ကာလရေကစားမဏ္ဍပ်များတွင် သတ်မှတ်စည်းကမ်းများနှင့် အညီ အရက်၊ ဘီယာများနှင့်အလုံပိတ်ခန်းများမရှိစေရေးအတွက် သင်္ကြန်အကြိုနေ့မတိုင်မီ ညသန်းခေါင်က မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ရေကစားမဏ္ဍပ် ၁၀ ခုကို ရန်ကုန်အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ထွေး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းအောင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုအုပ်ချုပ်ရေးမှူး ဦးပြည့်စုံ၊ အရှေ့ပိုင်းခရိုင်အထူးမှုခင်းနှိမ်နင်းရေးဌာနစုမှ ရဲအုပ်စောမြိုင်အုန်းနှင့် အဖွဲ့က ရှောင်တခင်ဝင်ရောက်စစ်ဆေးခဲ့သည်။

ထိုသို့ရှောင်တခင်စစ်ဆေးရာ၌ မြမာလာရေကစားမဏ္ဍပ်နှင့်မလှမ်းမကမ်းတွင် စည်ဘီယာများ ထည့်ထားသည့်ဘီယာပီပါ အလုံး ၄၀၊ ရွှေသင်္ကြန်ရေကစားမဏ္ဍပ်မနီးမဝေးတွင် စုပုံထားသော စည်ဘီယာပီပါ အလုံး ၂၀၊ --- စာတန်းတံဆိပ်ပါဘီယာ တစ်ဖာလျှင် ၂၄ လုံးပါ သုံးဖာ၊ --- စာတန်းတံဆိပ်ပါဘီယာတစ်ဖာလျှင် ၂၄ လုံးပါ သုံးဖာ၊ ---စာတန်းတံဆိပ်ပါဘီယာ သုံးဖာ၊ --- စာတန်းတံဆိပ်ပါဘီယာ ၂၄ လုံးပါ နှစ်ဖာ၊ --- စာတန်းတံဆိပ်ပါ ၂၄ လုံးပါလေးဖာ၊ --- စာတန်း တံဆိပ်ပါအရက်ဝီစကီ ၁၂ လုံး၊ ခေတ်အတာရေကစားမဏ္ဍပ် အနီးပလက် ဖောင်းပေါ်တွင် --- စာတန်းတံဆိပ်ပါ စည်ဘီယာပီပါ ခြောက်လုံးတို့ကို ပိုင်ရှင်မဲ့ စစ်ဆေးတွေ့ရှိရသဖြင့် ကန်တော်ကလေး (မြောက်ပိုင်း) ရပ်ကွက်



အုပ်ချုပ်ရေးမှူး ဦးဖုန်းမြင့်ဝင်းနှင့် ရာအိမ်မှူး ဦးနေလင်းတို့က လက်မှတ်ရေးထိုးပေးအပ်သဖြင့် မင်္ဂလာတောင်ညွန့် မြို့မရဲစခန်းက ရှာဖွေပုံစံနှင့် သိမ်းဆည်းခဲ့သည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**

# အရက်မူးပြီးစကားများရာက တုတ်ဖြင့်ရိုက်၍သေဆုံး

**အုတ်တွင်း ဧပြီ ၁၈**

သူငယ်ချင်းများ အရက်အတူတူဝိုင်းဖွဲ့ကာ သောက်စားကြရင်း တစ်ယောက်တစ်ခွန်းစကားများကာ တုတ်နှင့်ရိုက်၍ သေဆုံးသွားခဲ့သောအမှုတစ်ခု ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ရွှေလောင်းကျေးရွာ အုပ်စု လွှစင်ကုန်းကျေးရွာတွင် ဧပြီ ၁၃ ရက် နံနက် ၈ နာရီခွဲက ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ အခင်းဖြစ်သည့်နံနက်ပိုင်းက ဝေဖြိုးအောင် (၁၈)နှစ်၏ နေအိမ်လှေကားရင်းတွင် အမျိုးသားတစ်ဦး ဒဏ်ရာများဖြင့် သေဆုံးနေကြောင်းသတင်းအရ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်ဆွေနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုခဲ့ရာ သေဆုံးသူမှာ သက်နိုင်ဝင်း (၃၅နှစ်) ကရင်ကြီးကျေးရွာ ဇီးကုန်းကျေးရွာအုပ်စုနေသူဖြစ်ကြောင်းသိရပြီး ၄င်းတွင်ဒဏ်ရာတစ်ချက်ရရှိထားသည်ကို တွေ့ခဲ့ရ သည်။

သက်နိုင်ဝင်းသည် သူငယ်ချင်းများဖြစ်သော ဝေဖြိုးအောင်၏နေအိမ်တွင် ဝေဖြိုးအောင်၊ မျောက်ရှုံး(၁၈နှစ်) ဇီးကုန်းကွက်သစ် ဇီးကုန်းအုပ်စုနေသူတို့နှင့် အရက်အတူတူဝိုင်းဖွဲ့ကာစားသောက်ကြရင်း တစ်ယောက်တစ်ခွန်းစကားများရန်ဖြစ်ခဲ့ကြပြီးနောက် ဝေဖြိုးအောင်နှင့်မျောက်ရှုံးတို့နှစ်ဦးက တုတ်ဖြင့်ရိုက်နှက်ရင်း သေဆုံးသွားကြောင်းသိရှိရ၍ အုတ်တွင်းမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# နယ်စပ်ဒေသများ၏ အမှာရရှိခြင်းကြောင့် သင်္ကြန်အပြီးကာလ ကြက်သွန်နီဈေးတက်ဖွယ်ရှိ

**မုံရွာ ဧပြီ ၁၈**

သင်္ကြန်မတိုင်မီ ကြက်သွန်နီဈေးကွက်သည် ဈေးနှုန်းတစ်စထက်တစ်စ မြင့်တက်ခဲ့ပြီး ယခုသင်္ကြန်ကာလအပြီးတွင် နယ်စပ်အမှာများ ကြိုတင်ရရှိနေပြီဖြစ်သောကြောင့် ကြက်သွန်နီဈေးတက်ဖွယ်ရှိကြောင်း မုံရွာမြို့ ကြက်သွန်ကုန်သည်ကြီးတစ်ဦးက သုံးသပ်ပြောကြားသည်။

"နှစ်တိုင်းသင်္ကြန်နားနီးရင်တော့ ကြက်သွန်ဈေးက လှုပ်တတ်ပါတယ်၊ ခုဒီနှစ်မှာတော့ ဧပြီ ၇ ရက်နဲ့ ၈ ရက်ဝန်းကျင်ကရှိတဲ့ ကြက်သွန်နီဈေးတစ်ပိဿာ ငွေကျပ် ၃၀၀ မှ ၃၅၀ ဝန်းကျင်ကနေ ဧပြီ ၁၀ ရက်နေ့မှာ တစ်ပိဿာ ကျပ်ငွေ ၄၅၀ အထိ ဈေးမြင့်တက်သွားပါတယ်၊ ဈေးတက်တဲ့ ဧပြီ ၁၀ ရက်က အဖိတ်နေ့လည်းဖြစ် သင်္ကြန်မတိုင်ခင်ဈေးဝယ်ချင်သူများနဲ့ ဈေးတွေ လမ်းတွေမှာ အများကြီးဖြစ်သွားပါတယ်။ အခု သင်္ကြန်အပြီး ပိုတက်ဖို့ရှိပါတယ်။ အဲဒါ ဘာလို့တက်မှာလဲပြောရရင် နယ်စပ်လိုင်းတွေအစုံက ကြိုတင်အမှာတွေ ပွဲစားတွေ၊ ကုန်သည်တွေလက်ထဲမှာ ကြိုတင်ရောက်ရှိနေ လို့ပဲဖြစ်ပါတယ်" ဟု မုံရွာဒေသခံ ကြက်သွန်ကုန်သည်ကြီးက ပြောပြသည်။

ကြက်သွန်နီဈေးကွက်၏ ဈေးလှုပ်ခတ်မှုသည် နှစ်စဉ်သင်္ကြန်ကာလ မတိုင်မီ လှုပ်တတ်သည့်သဘောရှိသော်လည်း သင်္ကြန်အပြီး ဈေးတက်နိုင်သည့် အခြေအနေမှာ နယ်စပ်ကုန်စည်ဈေးကွက်မှတစ်ဆင့် အမှာရရှိခြင်း၊ မရရှိခြင်း အပေါ်မူတည်၍ ဖြစ်တတ်ကြောင်း၊ ယခုနှစ်သင်္ကြန်အပြီး ဈေးတက်နိုင်သည် ဟု တွက်ဆရခြင်းမှာ အိန္ဒိယဝယ်လက်၊ တရုတ်ဝယ်လက်၊ မြဝတီဝယ်လက်၊ မြိတ်နှင့်ကော့သောင်းဘက်မှ ဝယ်လက်များ၏ ချိတ်ဆက်မှာယူမှုများရှိခြင်းကြောင့် ဈေးတက်နိုင်သည်ကို ခန့်မှန်းရခြင်းဖြစ်ကြောင်း သိရသည်။

ကြက်သွန်နီကို ယခင်က ပြည်တွင်းလိုအပ်ချက်အရ အိန္ဒိယနိုင်ငံထွက် ကြက်သွန်များကို တင်သွင်းခဲ့ဖူးသော်လည်း ပြည်တွင်းမှ အသုံးပြုသူများအနေဖြင့် ကြက်သွန်သား မကြိုက်နှစ်သက် သုံးမကောင်းခြင်းတို့ကြောင့် တင်သွင်းမှုအားလျော့နည်းခဲ့ပြီး ပြည်တွင်း၌သာ လုံလောက်သည်ထက် ပိုလျှံအောင် စိုက်ပျိုးထုတ်လုပ်၍ နယ်စပ်ဒေသတို့သို့ ပေးပို့နိုင်သည်အထိ အထွက်ကောင်းခဲ့ကြောင်း သိရသည်။ သို့သော် အထွက်အားကောင်းနေသော ကြက်သွန်နီ ဈေးနှုန်းမှာ အကျဘက်သို့သာဦးတည်နေသောကြောင့် စိုက်ပျိုးသူ တောင်သူများအနေဖြင့် အရှုံးများနေသေးကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## မင်းလှမြို့နယ်၌ သက်ကြီးပူဇော်ပွဲ ကျင်းပ

**မင်းလှ ဧပြီ ၁၈**

မြန်မာ့ရိုးရာ ယဉ်ကျေးမှုထုံးတမ်းဓလေ့တစ်ရပ်အနေဖြင့် နှစ်စဉ်ကျင်းပလျက်ရှိသော သက်ကြီးရွယ်အို အဘိုး၊ အဘွားများအား ပူဇော်ကန်တော့ခြင်းကို သာယာဝတီခရိုင် မင်းလှမြို့နယ် မြို့နယ်ခမ်းမှာရုံ၌ ဧပြီ ၁၇ ရက် နံနက် ၈ နာရီခွဲက ကျင်းပသည်။

သက်ကြီးပူဇော်ပွဲတွင် အသက် ၈၀ နှစ်နှင့်အထက် အဘိုး၊ အဘွား ၁၀၀ အတွက် တစ်ဦးလျှင် ငွေကျပ် ၁၆၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၁၆၀၀၀၀ ဖြင့် ပူဇော်ခဲ့သည်။

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ချိုဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်နှင့် ဇနီး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် NGO အဖွဲ့အစည်းများက စုပေါင်းလှူဒါန်းပူဇော်ပြီး စေတနာရှင်၊ အလှူရှင်များကလည်း လှူဖွယ်ပစ္စည်းများဖြင့် လှူဒါန်းပူဇော်ခဲ့ကြကြောင်း သိရသည်။

**ပေါက်စ(iprd)**



မြန်မာနှစ်ဆန်းတစ်ရက် နံနက် ၇ နာရီက နာယက ဒေါ်ခင်သက်ဌေးဦးဆောင်သော ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ဗဟန်းမြို့နယ် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ရှေ့ရှိ ကြေးသွန်းဘုရားကြီးသို့သွားရောက်၍ ပန်း၊ ဆီမီး၊ ရေချမ်းများကပ်လှူကာ အလှူငွေများ ပေးအပ်လှူဒါန်းပြီး ဇီဝိတဒါနအလှူ ငှက်များ၊ ငါးများ ဘေးမဲ့လွှတ်စဉ်။

တင်ဝင်းလေး-ကြည့်မြင်တိုင်



တပ်ကုန်းမြို့နယ် အုန်းပင်အုပ်စု တောင်ပို့သာကျေးရွာ၌ ဧပြီ ၁၇ ရက် က အသက် ၈၀ နှင့်အထက် ဘိုးဘွားများအား သက်ကြီးပူဇော်ပွဲကို အလှူရှင် ဦးမျိုးအောင်-ဒေါ်သန်းသန်းနွယ်မိသားစုအိမ်၌ ကျင်းပရာ ဘိုးဘွား ၁၉ ဦးတို့ကို ရေချိုး၊ ခေါင်းလျှော်ခြင်းမင်္ဂလာပြုလုပ်ပြီး အဝတ်အစား တစ်စုံစီဝတ်ဆင်လှူဒါန်း၍ အလှူရှင်မိသားစုနှင့် ရဲအုပ်ရည်မွန် မိသားစုတို့ကလည်း ဘိုးဘွားတစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ စီ လှူဖွယ် ပစ္စည်းများ လှူဒါန်းကန်တော့စဉ်။

မောင်ပု

အခွန်ဆောင်လို့ဘဏ္ဍာတိုး
တိုင်းပြည်စီးပွားဖွံ့လို့ဖြိုး

## ရေကြောင်းသတိပေးချက်

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-9 တွင် Geotechnical Site Investigation(GTI) Survey လုပ်ငန်းများကို MV. MARINER (Call Sign: HO9324 ) ရေယာဉ်ဖြင့် အောက်ဖော်ပြပါ Coordinates များတွင် ၂၉-၄-၂၀၁၅ ရက်မှ ၂၆-၅-၂၀၁၅ ရက်အထိ ဆောင်ရွက်မည်ဖြစ်ပါသည်-

| Point | Latitude | Longitude |
|---|---|---|
| AI | 14° 31' 29.420"N | 95° 30" 1.599"E |
| BI | 14° 31' 34.510"N | 96° 14' 42.253"E |
| CI | 14° 0 ' 18.668"N | 96° 14' 31.841"E |
| DI | 14° 0' 15.200"N | 95° 50' 51.491"E |
| EI | 13° 52' 24.123"N | 95° 50' 48.796"E |
| FI | 13° 52' 21.410"N | 95° 30' 7.453"E |

အထက်ဖော်ပြပါလုပ်ငန်းခွင်ဧရိယာ ၄ ကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းမရှိစေရေး ရေကြောင်းသတိပေးချက် သက်ဆိုင်ရာမှ ထုတ်ပြန်ထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

မြန်မာ့အလင်း

## စာတည်းထံပေးစာများ

### ကြက်ခြံ အနံ့အသက်များ ဆိုးရွား

**စာတည်းခင်ဗျား-**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရေနီကျေးရွာအုပ်စု ရှမ်းပိုင်း(၁) လူနေရပ်ကွက်အတွင်း မွေးမြူရေးလုပ်ကိုင်လျက်ရှိသော ကြက်ခြံများ၏ အနံ့အသက်ဆိုးရွားသည့်ဒဏ်ကို ရပ်ကွက်နေလူထုမှာ နေ့စဉ် ခံစားနေရသည့်အတွက် သက်ဆိုင်ရာမှ အမြန်ဆုံးရွှေ့ပြောင်းပေးနိုင်ပါရန် စီစဉ်ဆောင်ရွက်ပေးစေလိုပါသည်။

**အနံ့ဆိုးမခံနိုင်သူများ**

### ငါးခြောက်အနံ့များကြောင့် ကျန်းမာရေးထိခိုက်

**စာတည်းခင်ဗျား-**

ဖျာပုံမြို့ (၁၀)ရပ်ကွက် ဂ-လမ်းတွင်လုပ်ငန်းရှင်တစ်ဦးသည် နေ့ ည အချိန်မရွေး ယင်း၏စီးပွားရေးလုပ်ငန်းဖြစ်သည့် ငါးခြောက်ကင်လုပ်ငန်း လုပ်ကိုင်ရာတွင် အညှော်နံ့များနှင့် ငါးခြောက်လှန်းထားစဉ် ထွက်ရှိလာသည့် အနံ့အသက်ဆိုးများမှာ ပတ်ဝန်းကျင်ပြည်သူများ နေ့စဉ်စိတ်အနှောင့်အယှက်ဖြစ်စေသည့်အပြင် သက်ကြီးရွယ်အို နာမကျန်းသူတို့အတွက် ကျန်းမာရေးထိခိုက်နေပါသဖြင့် တာဝန်ရှိသူများ ကွင်းဆင်းလေ့လာပြီး လိုအပ်သလို စီစဉ်ပေးပါရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်ပြည်သူ**

### လမ်းဘေးကျူးကျော်ဈေးဆိုင်များ ရှင်းလင်းစေလို

**စာတည်းခင်ဗျား-**

ရန်ကုန် တောင်ပိုင်းခရိုင် ဒလမြို့နယ် ကျန်စစ်သားရပ်ကွက် ဓမ္မစေတီလမ်းထောင့်နှင့်လမ်းမကြီးပေါ်ရှိကျူးကျော်ဈေးတွင် လူနေအိမ်များ အခိုင်အမာတည်ဆောက်နေထိုင်ခြင်း၊ သားငါးဆိုင်များ၊ လူနေဈေးဆိုင်များမှ စွန့်ပစ်ပစ္စည်းများနှင့် ဆိုင်တန်းများ ပြွတ်သိပ်နေသောကြောင့် မီးဘေးအန္တရာယ် စိုးရိမ်ရခြင်း၊ သက်ကြီးရွယ်အိုများ နေ့စဉ်နှင့် အမျှ အနံ့ဆိုးများရှူရှိုက်နေရပြီး ကျန်းမာရေးထိခိုက်ခြင်းတို့ကြောင့် ၎င်းကျူးကျော်ဈေးတန်း၊ ကျူးကျော်လူနေအိမ်များကို ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

**လမ်းသူလမ်းသားများ**

### အနံ့ဆိုးများက ပတ်ဝန်းကျင်ထိခိုက်

**စာတည်းခင်ဗျား-**

တောင်ငူမြို့ ၇ ရပ်ကွက် ဆေးရုံဟောင်းလမ်း ခရစ်ယာန်ဘုရားကျောင်း၊ ခရစ်ယာန်ဘုန်းတော်ကြီးကျောင်းနှင့် ဆရာအတတ်သင်ကျောင်းအနီးရထားလမ်းနှင့်ကားလမ်းအကြားတွင်ပတ်ဝန်းကျင်မှထွက်သော အမှိုက်များ၊ စားကြွင်းစားကျန်များ၊ ပလတ်စတစ်ထုပ်များ၊ ခွေး၊ ကြောင်အသေကောင်များ လာရောက်ပစ်ထားကြသည်။

၎င်းအမှိုက်ပုံကိုနွေရာသီတွင် မီးရှို့မှုကြောင့် မီးခိုးငွေ့များ နံနက်မှည အထိ တငွေ့ငွေ့ထွက်လာခြင်း၊ မိုးရာသီတွင် မကောင်းသောအနံ့အသက်များ ထွက်ခြင်းတို့ကြောင့် ပတ်ဝန်းကျင်နေပြည်သူများအတွက် ကျန်းမာရေးထိခိုက်ခြင်း၊ အများပြည်သူတို့အမြင်မတော်ခြင်း၊ မြို့၏ သန့်ရှင်းသာယာလှပမှုကို ထိခိုက်ခြင်းတို့ကြောင့် သက်ဆိုင်ရာမှ ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

**အမြင်မတော်သူတစ်ဦး**

## ရန်ကုန်မြစ်တွင်းတစ်လျှောက် အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ပူဇော်

**ရန်ကုန် ဧပြီ ၁၈**

ရန်ကုန်အနောက်ပိုင်းခရိုင် ဆိပ်ကမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစီအစဉ်ဖြင့် ရန်ကုန်မြစ်အတွင်း သွားလာလှုပ်ရှားသူများ အန္တရာယ်ကင်းဘေးရှင်းစေရေးအတွက်ရည်ရွယ်၍ ဧပြီ ၁၇ ရက် နံနက် ၈ နာရီခွဲမှစတင်၍ ရန်ကုန်မြစ်တွင်းတစ်လျှောက် ရွှေပြည်တန်အမြန်ရေယာဉ်ဖြင့် ဆရာတော်အရှင်သူမြတ်များအားပင့်ဆောင်၍ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ကြသည်။

ဆက်လက်၍ ဆိပ်ကမ်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းလွင်နှင့် ဝန်ထမ်းများက ရန်ကုန်မြစ်သုံးဆိုင်နှင့် ရန်ကုန် မြစ်ကြောင်းတစ်လျှောက် အန္တရာယ်ကင်းဘေးရှင်းစေရေး ရိုးရာဓလေ့အစဉ်အလာအရ ပူဇော်လှူဒါန်းမှုပြုခဲ့ကြောင်း သိရသည်။

**ဗညားမောင်မောင်(iprd)**

# နိုင်ငံကူးလက်မှတ်တွင် အချက်အလက်ပြည့်စုံစွာဖြည့်သွင်းထားရန် အသိပေးထား

**ဗန်ကောက် မေ ၁၈**

ထိုင်းနိုင်ငံရောက်မြန်မာအလုပ်သမားများ ကိုင်ဆောင်ထားကြသည့် ယာယီနိုင်ငံကူးစာအုပ်စာမျက်နှာ ၅ ၌ ပါရှိသော ဖြည့်စွက်ရမည့် အကြောင်းအရာများနှင့် စပ်လျဉ်း၍ မြန်မာအလုပ်သမားများသိရှိစေရေးအတွက် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ မြန်မာသံရုံးက ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (Myanmar Association inThailand- MAT)မှတစ်ဆင့် လမ်းညွှန်အသိပေး နှိုးဆော်စေထားကြောင်း သိရသည်။

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ မြန်မာသံရုံးမှ ပထမအတွင်းဝန် ဦးထွန်းအေးက "ကျွန်တော်တို့မြန်မာနိုင်ငံသား တော်တော်များများပေါ့၊ ထိုင်းမှာရောက်ရှိနေတဲ့ မြန်မာနိုင်ငံသား အလုပ်သမားတွေရော အခြားအကြောင်းအမျိုးမျိုးကြောင့် ထိုင်း၊ မလေးရှားစသဖြင့် ပြည်ပနိုင်ငံအသီးသီးမှာရှိနေကြတဲ့ မြန်မာနိုင်ငံသားအများစုဟာ ပတ်စပို့စာအုပ် စာမျက်နှာ ၅ မှာပါရှိတာနဲ့ ပတ်သက်ပြီး သတိမထားမိတဲ့ အကြောင်းလေးကို ပြောပြချင်ပါတယ်၊ အခုလက်ရှိ ထိုင်းမှာရောက်ရှိနေတဲ့ မြန်မာအလုပ်သမားအပါအဝင် အခြားသောနိုင်ငံများမှာရောက်ရှိနေကြတဲ့ မြန်မာနိုင်ငံသားများကိုင်ဆောင်ထားတဲ့ နိုင်ငံကူးလက်မှတ်တွေဟာ မကြာခဏပျောက်ဆုံးတာတွေ ဖြစ်ကြပါတယ်။ အဲလို ပျောက်ဆုံးတဲ့ နိုင်ငံကူးစာအုပ်တွေကို ထိုင်းနိုင်ငံမှာဆိုရင် ထိုင်းရဲတွေကမှတစ်ဆင့် စာတိုက်ကနေလာရောက်ပို့ဆောင်အပ်နှံကြပါတယ်။ အဲဒီအခါ ကျွန်တော်တို့ထံရောက်လာတဲ့ စာအုပ်ပိုင်ရှင်အများစုကို ပြန်ဆက်သွယ်ဖို့အတွက်အခက်အခဲတွေဖြစ်ရပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း တတ်နိုင်သလောက် ကြော်ငြာပေးသလို အဆက်အသွယ်ရအောင် ရှာပေးသော်လည်း နိုင်ငံကူးစာအုပ် ပိုင်ရှင်တွေနဲ့ ဆက်သွယ်မရခဲ့ပါဘူး။ အဲဒီတော့ သံရုံးမှာပဲ သက်တမ်းကျော်သွားတဲ့ စာအုပ်တွေများစွာရှိနေပါတယ်" ဟု MAT သို့ ပြောကြားသည်။

နိုင်ငံကူးစာအုပ်စာမျက်နှာ ၅ တွင် ပါရှိသည့် ဖြည့်စွက်ရမည့်အကြောင်းအရာများတွင် (၁) မြန်မာနိုင်ငံမှ မိမိ၏ နေရပ်လိပ်စာနှင့် ဖုန်းနံပါတ်ကိုဖြည့်သွင်းရန်၊ (၂)မိမိရောက်ရှိနေထိုင်ရာ ပြည်ပနိုင်ငံလိပ်စာနှင့် မိမိထံဆက်သွယ်ရနိုင်မည့် ဖုန်းနံပါတ်အပြည့်အစုံဖြည့်သွင်းရန်နှင့် (၃)မိမိအနေဖြင့် မမျှော်လင့်သောအက်ဆီးဒင့်အမျိုးမျိုးဖြစ်လာခဲ့လျှင် မိမိ၏ ကျန်းမာရေးအချက်နှင့်ပတ်သက်ပြီး ဆက်သွယ်အကြောင်းကြားနိုင်မည့် မိမိ၏မိသားစု (သို့မဟုတ်) မိမိ၏မိတ်ဆွေအပေါင်းအသင်း၏ ဖုန်းနံပါတ်နှင့် နေရပ်လိပ်စာအား ဖြည့်သွင်းရန်ဟု အချက်သုံးချက်ပါဝင်သည်။ ထိုသို့ ဖြည့်သွင်းထားခြင်းဖြင့် နိုင်ငံကူးလက်မှတ်စာအုပ်ပိုင်ရှင်များအနေဖြင့် စာအုပ်ပျောက်ဆုံးခြင်းနှင့် အခြားအကြောင်းမျိုးမျိုးဖြစ်လာပါကလည်း မိမိနှင့် မိမိ၏မိသားစုဆွေမျိုးမိတ်ဆွေများထံ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ဆက်သွယ်အကြောင်းကြားနိုင်မည်ဖြစ်ကြောင်း သိရသည်။

> စာအုပ်ပိုင်ရှင်အများစုကို ပြန်ဆက်သွယ်ဖို့အတွက် အခက်အခဲတွေ ဖြစ်ရပါတယ်၊ ကျွန်တော်တို့အနေနဲ့ တတ်နိုင်သလောက်ကြော်ငြာပေးသော်လည်း စာအုပ်ပိုင်ရှင်တွေနဲ့ ဆက်သွယ်မရခဲ့ပါဘူး။ သံရုံးမှာပဲ သက်တမ်းကျော်သွားတဲ့စာအုပ်တွေ များစွာရှိနေပါတယ် . . .

ဆက်လက်၍ စာအုပ်ပျောက်ဆုံးချိန်တွင် အသစ်ပြန်လည်လုပ်ဆောင်ရာ၌ လွယ်ကူစေရန်အတွက်လည်း "ထပ်မံပြီး မေတ္တာရပ်ခံပြောချင်တာကတော့ အခုတော်တော်များများနိုင်ငံကူးစာအုပ် အပျောက်အရှတွေဖြစ်လာတာများနေကြတယ်၊ အလေးနက်ထား ပြောချင်တာက မိမိတို့ရဲ့ နိုင်ငံကူးစာအုပ်ရှိ စာမျက်နှာ ၂ ကို ဖုန်းနဲ့ဖြစ်ဖြစ် မိတ္တူဆိုင်မှာဖြစ်ဖြစ် မိတ္တူကူးထားစေချင်ပါတယ်။ မြန်မာအလုပ်သမားအများစုက နိုင်ငံကူးစာအုပ်ပျောက်သွားတယ်ဆိုပြီး ကျွန်တော်တို့ကို ဆက်သွယ်အကြောင်းကြားလာရင် အများစုကတော့ မိတ္တူစာမျက်နှာကိုပြနိုင်ကြလို့ ကျွန်တော်တို့အနေနဲ့ ပျောက်ဆုံးသွားတဲ့နိုင်ငံကူးစာအုပ်အတွက် ပြန်လည်လုပ်ဆောင်ပေးရတာအဆင်ပြေပေမယ့် ဘာသက်သေခံအထောက်အထားမှ မကျန်ခဲ့တဲ့သူတွေအတွက်တော့ အခက်အခဲဖြစ်ရတာပေါ့။ ဒါကြောင့် အခုကျွန်တော်အကြံပေးချက်ကို မြန်မာအလုပ်သမားတွေအားလုံးသိရှိအောင် လက်ဆင့်ကမ်းပြောကြားပေးကြပါ" ဟု ဗန်ကောက်မြို့ မြန်မာသံရုံးမှ ပထမအတွင်းဝန်က MAT အဖွဲ့သို့ ပြောကြားသည်။

အဆိုပါ နိုင်ငံကူးစာအုပ်အတွင်းရှိ စာမျက်နှာ ၅ မှဖြည့်သွင်းရမည့်အချက်များမှာ ထိုင်းနိုင်ငံအတွင်းရှိ မြန်မာအလုပ်သမားများသာမက မလေးရှားနိုင်ငံ အပါအဝင် အခြားနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြသော မြန်မာအလုပ်သမားတိုင်း သိထားသင့်ကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံမှ ပြည်ပထွက်ခွာအလုပ်လုပ်ကိုင်ကြမည့် မြန်မာနိုင်ငံသားများပါသိထားသင့်၍ အသိပေးနှိုးဆော်ခြင်းဖြစ်ကြောင်း MAT အဖွဲ့မှ သိရှိရသည်။

**စိုးဝင်း(SP)**

# ရေစည်လှည်းအား သုံးဘီးဆိုင်ကယ်က နောက်မှဝင်ရောက်တိုက်မိခဲ့သဖြင့် အမျိုးသားတစ်ဦးသေဆုံး

**ပခုက္ကူ မေ ၁၈**

ပခုက္ကူမြို့ ယာဉ်ထိန်းတပ်ဖွဲ့စိတ်မှ ဒုရဲအုပ်ခင်မောင်ထွန်းသည် မေ ၁၂ ရက် နံနက် ၅ နာရီက ပခုက္ကူမြို့ စက်မှုဇုန်ရပ်ကွက် ပခုက္ကူ-ရေစကြိုကားလမ်းမတွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အခင်းဖြစ်နေရာသို့သွားရောက်စစ်ဆေးခဲ့ရာ ပခုက္ကူမြို့ဘက်မှ ရေစကြိုမြို့ဘက်သို့ ဦးတင်အေး (၅၂နှစ်) စက်မှုဇုန်ရပ်ကွက် ပခုက္ကူမြို့နေသူသည် လမ်းယာဘက်ကပ်လျက် ရေစည်လက်တွန်းလှည်းအားတွန်းနေစဉ် ၎င်းလမ်းအတိုင်း ပခုက္ကူမြို့ဘက်မှ ရေစကြိုမြို့ဘက်သို့ လမင်းအောင် (၃၅ နှစ်) အမှတ်(၁၅) ရပ်ကွက် ပခုက္ကူမြို့နေသူ မောင်းနှင်လာသော ဟ/---- အနီရောင် သုံးဘီးဆိုင်ကယ်သည် အရှိန်မထိန်းနိုင်ဘဲနောက်မှ ရေစည်လက်တွန်းလှည်းတွန်းနေသူကို ဝင်ရောက်တိုက်မိပြီး လမ်းဘေးယာဘက်ရှိ သစ်ပင်အားထပ်မံဝင်ရောက်တိုက်မိခဲ့သောကြောင့် ဦးတင်အေးတွင် ဒဏ်ရာများ(မစိုးရိမ်ရ) ရရှိခဲ့ပြီး လမင်းအောင်သည် ရရှိသော ဒဏ်ရာများဖြင့်နေရာ၌ပင် သေဆုံးသွားခဲ့ကြောင်း တာဝန်ရှိရဲအရာရှိတစ်ဦးက ပြောကြားသည်။ ထိုဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်မောင်း လမင်းအောင်အား ပခုက္ကူမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**



# ရန်ကုန်တောင်ပိုင်းခရိုင်၌ နှစ်ဆန်းတစ်ရက်နေ့ ကောင်းမှုကုသိုလ်ပြုသူများဖြင့် စည်ကား

**ရန်ကုန် မေ ၁၈**

ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်အသီးသီး၌ မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ကုသိုလ်ကောင်းမှုပြုကြသူများ၊ ဘုရားစေတီများသို့ သွားရောက်သူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

နှစ်ဆန်းတစ်ရက် နံနက်ပိုင်းမှ စတင်ကာ ဆရာတော် သံဃာတော်များက မော်တော်ယာဉ်များဖြင့် လှည့်လည်၍ အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်လျက်ရှိသည်။ သန်လျင်မြို့နယ်ရှိ ကျိုက်ခေါက်စေတီတော်၊ ကျောက်တန်းမြို့နယ်ရှိ ကျိုက်မှော်ဝန်းရေလယ် စေတီတော်၊ ခရမ်းမြို့နယ်ရှိ သွန်းဘုရားကြီးနှင့် တွံတေးမြို့နယ်ရှိ ရွှေဆံတော် စေတီတော်တို့တွင်လည်း ကုသိုလ်ကောင်းမှု ပြုသူများဖြင့် စည်ကားနေသည်ကို တွေ့ရသည်။

ထို့အတူ မြို့နယ်အသီးသီးရှိ ရပ်ကွက်/ကျေးရွာများတွင်လည်း သက်ကြီးပူဇော်ပွဲများ၊ ဇီဝိတဒါန ငါးလွှတ်ပွဲများ၊ စတုဒိသာ ကျွေးမွေးလှူဒါန်းပွဲများ ကျင်းပခဲ့ပြီး ညနေပိုင်းတွင်လည်း ရပ်ကွက်များရှိ လမ်းများ၌ ဆရာတော်၊ သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော် ရွတ်ဖတ်ပူဇော်ခဲ့ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

# ဝင်ငွေနည်းသော်လည်း တရားမဝင်ငါးဖမ်းနည်းများကိုရှောင်ရှားသော ရေလုပ်သားများ

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့ အလယ်ပိုင်းရပ်ကွက်မှဆိပ်ကမ်းသာ ရေလုပ်သားများသည် ဧရာဝတီမြစ်နှင့်ယောချောင်းကိုအခြေခံ၍မိသားစုဝင်ငွေရရှိရေးအတွက် ငါးဖမ်းလုပ်ငန်းကိုအဓိကထားပြီး နှစ်ပတ်လည်လုပ်ကိုင်ကြကာ ရေလုပ်ငန်းလုပ်ကိုင်သူ အိမ်ထောင်စု ၅၀ ခန့်ရှိသည်။

ဆိပ်ကမ်းသာ ရေလုပ်သားများသည် ငါးဖမ်းရာတွင် တစ်ရက်လျှင် အချိန်နှစ်ချိန် ဖမ်းယူကြသည်။ ညနေ ၆ နာရီခန့်မှ နံနက် ၅ နာရီခန့်အထိ ဧရာဝတီမြစ်အတွင်း၌ တစ်ညလုံးဖမ်းယူပြီး ရရှိသော ငါးများကို ပတ္တမြားဈေးတွင်လည်းကောင်း၊ နံနက်ပိုင်းမှ ညနေ ၃ နာရီအထိ ဖမ်းမိသောငါးများကို ဆိပ်ဖြူမြို့ ယောဝရပ်ကွက် ညနေဈေးတွင်လည်းကောင်း သွားရောက်ရောင်းချကြောင်း သိရသည်။

နှစ်စဉ် တန်ခူးလမှ ဝါဆိုလကုန်အထိသည် ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများအဖို့ ဝင်ငွေနည်းပါးသောရာသီဖြစ်သည်။ လုပ်ငန်းကောင်းသော ဝါခေါင်လမှ တပေါင်းလအထိ အချိန်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ခြင်းဖြင့် ရေလုပ်သားများအနေဖြင့် တစ်ရက်လျှင် ဝင်ငွေကျပ် ၅၀၀၀ မှ ၁၀၀၀၀ ခန့်ထိရရှိခဲ့ကြသည်။ ယခုဝင်ငွေနည်းပါးချိန်ဖြစ်သည့် တန်ခူးလမှဝါဆိုလအတွင်း ငါးဖမ်းသူများအနေဖြင့် တစ်ရက်လျှင် ကျပ် ၁၅၀၀ မှ ၂၀၀၀ ကျပ်ခန့်သာ ရရှိကြသည်။

ဆိပ်ကမ်းသာ ရေလုပ်သားများအနေဖြင့် ယခုကဲ့သို့ ဝင်ငွေနည်းနေသည့် အချိန်တွင် ယခင်ကစုဆောင်းထားသည့် ငွေများကိုသုံး၍လည်းကောင်း၊ ဧရာဝတီမြစ်ဆိပ်ကမ်းသို့ ဆိုက်ကပ်သည့် ဘိလပ်မြေသင်္ဘောများတွင် ကုန်ထမ်းခြင်းဖြင့်လည်းကောင်း၊ ကိုင်းစိုက်ပျိုးရေးလုပ်ငန်းများတွင်နေ့စားလုပ်သားအဖြစ် သွားရောက်လုပ်ကိုင်ခြင်းဖြင့် လည်းကောင်း ဝင်ငွေရရှိအောင်လုပ်ကြပြီး ဝင်ငွေရလွယ်သည့် တရားမဝင်ငါးဖမ်းခြင်းများကို ရှောင်ရှားကြကြောင်း သိရသည်။

ငါးမျိုးစိတ်များ ဆုံးရှုံးမှုမရှိစေရေးအတွက် ဝါယာရှော့ခ်တိုက် ငါးဖမ်းခြင်းကို လုပ်ကိုင်ကြခြင်း မရှိသလို ရေလုပ်သားအချင်းချင်းလည်း ဝါယာရှော့ခ်တိုက်ဖမ်းဆီးခြင်းမရှိစေရေးအတွက် အသိပညာမျှဝေပေးကြပြီး အခြားနေရာများမှလာ၍ ဝါယာရှော့ခ်တိုက်ငါးဖမ်းဆီးမှုများ ရှိပါကလည်း ရေလုပ်သားများ ပူးပေါင်း၍ သက်ဆိုင်ရာသို့ တိုင်ကြားကြကြောင်း သိရသည်။ မိသားစုဝင်ငွေလျော့နည်းနေချိန်၌ပင် ငွေရလွယ်သည့် တရားမဝင်ငါးဖမ်းနည်းများကို အသုံးမပြုဘဲ ပုံမှန်ငါးဖမ်းခြင်းဖြင့် ဆိပ်ကမ်းသာရေလုပ်သားများသည် ငါးမျိုးစိတ်များနှင့် သဘာဝရေသယံဇာတများ မဆုံးရှုံးစေရေးအတွက် အထောက်အကူပြုလျက် ရှိနေကြောင်း သိရသည်။



**သတင်းဆောင်းပါး-စိုးလင်းနိုင်**(irpd)

# အသက်(၈၀)နှင့်အထက် ဘိုးဘွားများအား ပူဇော်ကန်တော့ပွဲ ကျင်းပ

**ပင်လယ်ဘူး မေ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့၌ အသက်(၈၀) နှင့်အထက် အဘိုးအဘွားများအား ပူဇော်ကန်တော့ပွဲကို မေ ၁၇ ရက် (နှစ်ဆန်းတစ်ရက်)က ကျင်းပခဲ့သည်။

ကန်တော့ပွဲတွင် အသက် ၈၀နှင့်အထက် အဘိုးအဘွား ၇၃ ဦးအား တစ်ဦးလျှင် ထောက်ပံ့ငွေ ၁၀၀၀၀ ကျပ်နှုန်းဖြင့် ထောက်ပံ့လှူဒါန်းခဲ့သည့်အပြင် ဆေးနှင့်လူသုံးကုန်ပစ္စည်းများပါ လှူဒါန်းခဲ့ကြသည်။ ကန်တော့ပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်မြ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်နှင့်ဦးမြင့်ကျော်၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးစန်းလွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အထောက် အကူပြုအဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြသည်။

**ဦးရဲ(ကသာ)**

# လူမှုကူညီရေးနှင့် ပညာရေးဆိုင်ရာ ထောက်ပံ့ငွေများ မော်ကျွန်း၌ ပေးအပ်

**မော်လမြိုင်ကျွန်း ဧပြီ ၁၈**

မော်လမြိုင်ကျွန်းမြို့ပေါ်ရှိ လူမှုကူညီရေး အသင်းအဖွဲ့များအား အလှူငွေပေးအပ်ပွဲနှင့် ပညာရေးထောက်ပံ့ငွေပေးအပ်ပွဲကို ဧပြီ ၁၈ ရက်က မော်လမြိုင်ကျွန်းမြို့ အဝေးပြေးယာဉ်ရပ်နားစခန်း ကားကြီးဝင်းရှိ ပန်မြတ်သူ ဧရာဝတီ ကုမ္ပဏီလီမိတက်ရုံးခန်းမ၌ ကျင်းပသည်။

အလှူငွေပေးအပ်ပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးမြင့်အောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နှင့်ဌာနဆိုင်ရာများ၊ လူမှုကူညီရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ပန်မြတ်သူ ဧရာဝတီ ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများ မြို့မ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

အလှူငွေပေးအပ်ပွဲတွင် အာရောဂျံ လူမှုကူညီရေးအသင်း၊ နာရေးကူညီမှုအသင်း၊ ပါရမီရှင်သွေးလှူရှင်အသင်း၊ ဝါယုဒါနအောက်ဆီဂျင်အသင်း၊ အဖြူရောင်နှလုံးသားအခမဲ့ဆေးကုခန်းအဖွဲ့အား ပညာရေးထောက်ပံ့ငွေကျပ် ၅၄၀၀၀၀ ကျပ်ကို ပန်မြတ်သူ ဧရာဝတီကုမ္ပဏီလီမိတက်အုပ်ချုပ်မှု ဒါရိုက်တာ ဦးထွန်းထွန်းဦး-ဒေါ်အေးအေးကျော် မိသားစုတို့က ပေးအပ်လှူဒါန်းကြသည်။

**မော်ကျွန်းမြင့်အောင်**

# သက်ကြီးပူဇော်ပွဲ မိုးညှင်းမြို့၌ ကျင်းပ

**မိုးညှင်း ဧပြီ ၁၈**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်၌ သက်ကြီးပူဇော်ပွဲကို ဧပြီ ၁၇ ရက် (နှစ်ဆန်းတစ်ရက်) က မိုးညှင်းမြို့ စိမ်းလဲ့ရတနာခန်းမ၌ ကျင်းပခဲ့ရာ သက်ကြီးအဘိုးအဘွား ၂၃၀ အား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလေး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်နှင့်ခရိုင်နှင့် မြို့နယ်များရှိ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများက ပူဇော်ကန်တော့ခဲ့ကြကြောင်း သိရသည်။

**ကေဆိုင်းနော်(ဖားကန့်)**



မြန်မာ့ဂုဏ်ဆောင် အခြေခံပညာမူလတန်းကျောင်းမှ ဘုရားရှိခိုးနေသော ကလေးငယ်များ။

# ထိုင်းနိုင်ငံရှိ မြန်မာမူလတန်းကျောင်း ယခုပညာသင်နှစ်ဆက်ဖွင့်နိုင်ရန် ကူညီထောက်ပံ့ပေးမည့်သူများ လိုအပ်လျက်ရှိနေ

မြန်မာနိုင်ငံတွင် ကျောင်းနေအရွယ် ကလေးများ အားလုံးကျောင်းနေရေး အစီအစဉ်ကို နိုင်ငံတော်မှ နှစ်စဉ် စီမံဆောင်ရွက်ပေးခဲ့သည့်အတွက် အနယ်နယ်အရပ်ရပ်မှအသက်ငါးနှစ်ပြည့် ကလေးအများစု ကျောင်းတက်လာနိုင်ကြပြီဖြစ်သည်။ သို့သော် မြန်မာနိုင်ငံအတွင်းရှိ အချို့ကလေးမိဘများမှာ အခြေအနေအကြောင်းအမျိုးမျိုးကြောင့် ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြရာ မိဘများနှင့်အတူ ၄င်းတို့၏ ၁၀ နှစ်အောက် ကလေးငယ်များမှာလည်း ထိုင်းနိုင်ငံသို့ရောက်ရှိနေကြသည်။ ထိုင်းနိုင်ငံရောက်မြန်မာကလေးငယ်များတွင် ကျောင်းနေခဲ့သော်လည်း မူလတန်းပညာရေး မပြီးဆုံးကြသူများ၊ အခြေအနေအရ ကျောင်းစောစောထွက်ခဲ့ကြရသူများနှင့် ကျောင်းလုံးဝမနေဖူးသေးသော ကလေးငယ်များလည်းရှိကြောင်းသိရသည်။

ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ၏ သားသမီးကလေးငယ်များအား မြန်မာပညာရေးစနစ်အတိုင်း စာသင်ကြားနိုင်ရေးအတွက် မြန်မာ့ဂုဏ်ဆောင် အခြေခံပညာ မူလတန်းကျောင်းကို ထိုင်းနိုင်ငံ စမွတ်စာခွန်ခရိုင် မဟာချိုင်မြို့ ဝေလရပ်ကွက် (၁လမ်း)ထိပ်(စီပီချိုင်ဟဆေးရုံအနောက်)၌ တည်ထောင်ထားသည်။

အဆိုပါ မြန်မာ့ဂုဏ်ဆောင်အခြေခံပညာမူလတန်းကျောင်းကို ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစ၍ ထိုင်းနိုင်ငံ မဟာချိုင်မြို့ရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ သားသမီးကလေးငယ်များ ပညာသင်ကြားနိုင်ရန် ဆရာ ဆရာမ လေးဦးဖြင့် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အထိ ကျောင်းသားကျောင်းသူပေါင်း ၁၃၀ ကျော်ကို မြန်မာပညာရေးစနစ်အတိုင်း သင်ကြားလာခဲ့၍ နှစ်နှစ်တိတိ မွေးထုတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ယခုအခါ အဆိုပါ မြန်မာ့ဂုဏ်ဆောင်အခြေခံပညာမူလတန်းကျောင်းကို ဆက်လက်ဖွင့်လှစ်ရန် ငွေကြေးအခက်ခဲများကြောင့် ပညာရေးအလှူရှင်များ လိုအပ်လျက်ရှိနေကြောင်း သိရသည်။

မြန်မာ့ဂုဏ်ဆောင် အခြေခံပညာ မူလတန်းကျောင်းတည်ထောင်သူဖြစ်သည့် မဟာချိုင်မြို့နေ ကျောင်းဆရာ ကိုစောမောင်က "မဟာချိုင်မှာရှိနေတဲ့ မြန်မာကလေးငယ်တွေကို မြန်မာပညာရေးဝန်ကြီးဌာနမှချမှတ်ထားတဲ့ မူဝါဒအတိုင်း စာသင်ကြားနိုင်ရေးအတွက် ကျွန်တော်နဲ့ပညာရေးလိုလားသူ မိတ်ဆွေတွေစုပြီး ကျောင်းစတင်ဖွင့်လှစ်ခဲ့တာ အခုနှစ်နဲ့ဆို နှစ်နှစ်တိတိရှိပါပြီ၊ ထိုင်းစာပါသင်ပေးပါတယ်၊ ဘာလို့လဲဆိုတော့ သူ့နိုင်ငံဖြစ်နေတာနဲ့ ကလေးတွေ သွားလာရေးအတွက် အဆင်ပြေအောင်လေ၊ ကျောင်း အဓိကထားဖွင့်လှစ်ဖြစ်တာကတော့ အခြေအနေအကြောင်းအမျိုးမျိုးကြောင့် ဒီမှာလာရောက်လုပ်ကိုင် စားသောက်တဲ့ မိဘတွေနဲ့အတူ ပညာရေးတစ်ပိုင်းတစ်စနဲ့ ကလေးတွေပါလာကြတယ်။ တချို့ကလေးတွေကျတော့လည်း ဒီမှာမွေးတာရှိတယ်။ မိဘတွေက လောလောဆယ် မပြန်နိုင်သေးဘူး၊ ဒါကြောင့် မြန်မာကလေးတွေပညာရေးအတွက် ဖွင့်လှစ်တာပါ။ လာမယ့်ပညာသင်နှစ်မှာ ကျောင်းဆက်လက် ဖွင့်လှစ်နိုင်ဖို့အတွက် ငွေကြေးအခက်ခဲရှိနေပါတယ်။ ကျောင်းဆက်ဖွင့်လှစ်နိုင်ဖို့ ပညာရေးအလှူရှင်တွေ လိုအပ်နေပါတယ်။ အဓိကကတော့ ကျောင်းဖွင့်လှစ်တဲ့ တိုက်ငှားခက တစ်လကို ဘတ်ငွေတစ်သောင်းကုန်ကျပါတယ်။ အဲဒီကုန်ကျငွေကို လစဉ်ပုံမှန် လှူဒါန်းပေးနိုင်မယ့် အလှူရှင်တွေ ဒါမှမဟုတ် ပညာရေးနဲ့ပတ်သက်ပြီး ထောက်ပံ့ပေးနိုင်မယ့် အဖွဲ့အစည်းတွေ လိုအပ်နေပါတယ်။ မြန်မာတာဝန်ရှိသူများအနေနဲ့ ကျွန်တော်တို့ကျောင်းလေး ရေရှည်တည်တံ့ရေးနဲ့ ဒီမှာရှိနေတဲ့ နိုင်ငံတော်ရဲ့အနာဂတ်ကလေးတွေရဲ့ပညာရေးကို ရှေးရှုပြီး သင့်တင့်လျောက်ပတ်တဲ့ ထောက်ပံ့မှုတွေ ပေးစေချင်ပါတယ်"ဟု ပြောသည်။

> အဓိကကတော့ ကျောင်းဖွင့်လှစ်တဲ့ တိုက်ငှားခက တစ်လကို ဘတ်ငွေ တစ်သောင်းကုန်ကျပါတယ်။ အဲဒီကုန်ကျငွေကို လစဉ်ပုံမှန်လှူဒါန်း ပေးနိုင်မယ့် အလှူရှင်တွေ ဒါမှမဟုတ် ပညာရေးနဲ့ပက်သက်ပြီး ထောက်ပံ့ပေးနိုင်မယ့် အဖွဲ့အစည်းတွေ လိုအပ်နေပါတယ် . . .

မြန်မာ့ဂုဏ်ဆောင် အခြေခံပညာမူလတန်းကျောင်းကို ၂၀၁၅-၂၀၁၆ ခုနှစ် ပညာသင်နှစ်အမီ ဆက်လက်ဖွင့်လှစ်နိုင်ရေးအတွက် ကူညီထောက်ပံ့မည့်သူများ လိုအပ်လျက်ရှိနေသောကြောင့် တစ်ဦးတစ်ယောက်ချင်းဖြစ်စေ၊ အဖွဲ့အစည်းများအနေဖြင့် ဖြစ်စေ၊ မြန်မာနိုင်ငံမှ ဆက်သွယ်လှူဒါန်းလိုသူများအနေဖြင့် မြန်မာ့ဂုဏ်ဆောင်အခြေခံပညာမူလတန်းကျောင်း တည်ထောင်သူ ကျောင်းဆရာ ကိုစောမောင် ဖုန်း-၀၈ ၃၇၃၅ ၂၀၈၇ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**သတင်းဆောင်းပါး–စိုးဝင်း(SP)**




# မိတ္ထီလာတွင် သက်ကြီးပူဇော်ပွဲနှင့် ဇီဝိတဒါနငါးလွှတ်ပွဲ ကျင်းပ

**မိတ္ထီလာ ဧပြီ ၁၈**

မြန်မာလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံကို အစဉ်အလာမပျက် ထိန်းသိမ်းစောင့်ရှောက်သည့်အနေဖြင့် သက်ကြီးပူဇော်ပွဲနှင့်ဇီဝိတဒါန ငါးလွှတ်ပွဲကို မိတ္ထီလာမြို့၌ ဧပြီ ၁၇ ရက် (မြန်မာနှစ်ဆန်းတစ်ရက်)နံနက်ပိုင်းက ကျင်းပသည်။

သက်ကြီးပူဇော်ပွဲကို ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပရာ မြို့ပေါ်ရပ်ကွက် ၁၄ ရပ်ကွက်မှ အသက် ၉၀ နှစ်နှင့်အထက် ဘိုးဘွားများအား ခရိုင်အုပ်ချုပ်ရေးမှူးဦးတင့်ဝေသုံ၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးမျိုးလှိုင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစောနေလင်း ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်ရွှေ၊ ခရိုင်နှင့်မြို့နယ်ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် မြို့မိမြို့ဖများက စုပေါင်းကန်တော့ကြသည်။

ထို့နောက် အဘိုးအဘွား ၁၀၁ ဦးကို တစ်ဦးလျှင်ငွေကျပ် ၂၀၀၀၀ စီ ထောက်ပံ့ကန်တော့ခဲ့ကြပြီး သက်ကြီးပူဇော်ပွဲ မတက်ရောက်နိုင်သည့် ဘိုးဘွားများကိုလည်း အိမ်တိုင်ရာရောက် ထောက်ပံ့ကန်တော့မည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဇီဝိတဒါန ငါးလွှတ်ပွဲကို မိတ္ထီလာကန် မိုးကောင်းအန္တကူ ရေလယ်ဘုရားအနီး ကျင်းပခဲ့သည်။ ငါးလွှတ်ပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး၊မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများက ငါးကောင်ရေစုစုပေါင်း ငါးသောင်းလေးရာကို မိတ္ထီလာကန်အတွင်းသို့ စုပေါင်းလွှတ်ပေးခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



**ထီးတော် တင်လှူ**

**ရေစကြိုမြို့ အမှတ်(၄) ဖောင်တော်ဦးရပ်ကွက်ရှိ သဗ္ဗသိဒ္ဓိ ဆုတောင်းပြည့်စေတီတော်၌ နှစ်သစ်ကုသိုလ်အဖြစ် ထီးတော်အလှူရှင် ဦးမော်တာ(နိုင်သဇင်) မိသားစု၏ လှူဒါန်းမှုဖြင့် စေတီတော်ဂေါပကအဖွဲ့ဝင်များ ဧပြီ ၁၇ ရက် (နှစ်ဆန်းတစ်ရက်)က ထီးတော်တင်လှူပူဇော်စဉ်။**

ဖေထွဏ်းဇော်(ရေစကြို)



**ဧပြီ ၁၇ ရက် မြန်မာနှစ်ဆန်း ၁ ရက်က ကြည့်မြင်တိုင်မြို့နယ် ဈေးကြီး၊ တလိုင်းပိုင်း၊ ငါးကြော်ဖို၊ အိုးဘိုရပ်ကွက်လုံးဆိုင်ရာ (၆၆)ကြိမ်မြောက် သက်ကြီးဝါကြီး ပူဇော်ပွဲကို ကျောင်းကြီး လမ်းရှိမဟာပုညောပကာရမ္မောရုံ၌ ကျင်းပရာ အသက် ၇၀နှစ်နှင့်အထက် ဘိုးဘွား ၆၀၀ကို ပူဇော်ကန်တော့ပြီးဘိုးဘွားများကိုယ်စား အဘိုး ဦးကြည်ဝင်းက ဆုပေးစကားပြောကြားစဉ်။** ကိုကြီးတင်

# ဖအိုင်းသစ်တောကြိုးဝိုင်းအတွင်းမှ တရားမဝင်သစ်များသက်ဆိုင်ရာမှ ရှာဖွေသိမ်းဆည်း

**စေတုတ္တရာ ဧပြီ ၁၈**

မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်အတွင်းရှိ ဖအိုင်းသစ်တောကြိုးဝိုင်း အမှတ် (၁၁၅)အတွင်းသို့ ဖအိုင်းရဲကင်းစခန်းမှူးဒုရဲအုပ် ဇေယျာဦး ပါဝင်သော ရဲတပ်ဖွဲ့ဝင်များနှင့် စေတုတ္တရာမြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးလှမြင့်နှင့် သစ်တောဝန်ထမ်းများပါဝင်သောပူးပေါင်းအဖွဲ့သည် ဧပြီ ၁၄ ရက်နံနက် ၈ နာရီက ဝင်ရောက်ရှာဖွေခဲ့ရာ ပျဉ်းကတိုးခွဲသား ငါးချောင်း ၀ ဒသမ ၇၂၃၂ တန်၊ ရုံးခွဲသား တစ်ချောင်း ၀ ဒသမ ၃၅၀ တန်၊ ရှင်ရှတ်ခွဲသား နှစ်ချောင်း ၀ ဒသမ ၅၂၄၂ တန်၊ မအူခွဲသား ကိုးချောင်း ၁ ဒမသ ၁၀၈၈တန်၊ စုပေါင်းကာလတန်ဖိုး ၁၆၀၉၇၂ ခန့်ကိုလည်းကောင်း၊ ဆက်လက်၍ ထိုပူးပေါင်းအဖွဲ့သည် ဖအိုင်းသစ်တောကြိုးဝိုင်းကွင်းအမှတ်(၁၁၆)အတွင်းတွင် ပျဉ်းကတိုးခွဲသား တစ်ချောင်း ၀ဒသမ ၁၈၀တန်၊ ထောက်ကြံ့ခွဲသား ခုနစ်ချောင်း ၁ ဒသမ ၄၈၆၆ တန်၊ ဖန်ခါးခွဲသား လေးချောင်း ၀ ဒသမ ၅၅၇၂ တန်၊ မအူခွဲ သားလေးချောင်း၊ ၁ ဒသမ၁၄၀၆ တန်၊ စုပေါင်းသစ်ခွဲသားဆိုက်စုံ ၁၆ ချောင်း ၃ဒသမ ၃၆၄၄တန်အားပိုင်ရှင်မဲ့သိမ်းဆည်းရရှိခဲ့ကြောင်း၊ ထိုတရားမဝင်ပိုင်ရှင်မဲ့ သိမ်းဆည်းသစ်များအား ဖအိုင်းသစ်တောကြိုးဝိုင်း အတွင်းရှိဆင်အိုရုံစခန်းတာဝန်ခံထံ ယာယီအပ်နှံထားကြောင်း သစ်တောဦးစီးဌာနမှတာဝန်ရှိသူတစ်ဦးကပြောသည်။

**ကျော်ဇေယျ**

# နှစ်ဆန်း ၁ ရက်နေ့ ဇီဝိတဒါန ငါးလွှတ်ပွဲနှင့့် ဖန်ခါးမြေ ဘိုးဘွားရိပ်သာရှိ ဘိုးဘွားများအား ပူဇော်

**မကွေး ဧပြီ ၁၈**

မြန်မာနှစ်ဆန်း ၁ ရက်နေ့ ဇီဝိတဒါန ငါးလွှတ်ပွဲကို ဧပြီ ၁၇ရက် နံနက် ၇ နာရီက မကွေးရှိ ကမ်းနားလမ်းရှိ ညောင်ကိုးပင်ဆိပ်၌ ကျင်းပသည်။

အဆိုပါ ဇီဝိတဒါနငါးလွှတ်ပွဲကို မကွေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူးက မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဇော်လင်းအောင်အား ငါးခုံးမသားပေါက်ကောင်ရေ ၃၀၀၀၀ အား ပေးအပ်သည်။ ထို့နောက် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက အခမ်းအနားသို့ တက်ရောက်လာသည့် ဌာနဆိုင်ရာများအား ငါးသားပေါက်များ ပြန်လည်ပေးအပ်ပြီး ဧရာဝတီမြစ်တွင်းသို့ ငါးသားပေါက်များ စုပေါင်းလွှတ်ကြသည်။

ဆက်လက်၍ ဖန်ခါးမြေ ဘိုးဘွားရိပ်သာရှိ ဘိုးဘွားများအား လှူဒါန်းငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲကို အဆိုပါ ဘိုးဘွားရိပ်သာ၌ ကျင်းပသည်။ ဖန်ခါးမြေ ဘိုးဘွားရိပ်သာတွင် နေထိုင်သည့် အဘိုး ၂၁ဦး၊ အဘွား ၄၅ဦးတို့အား မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းငွေကျပ် ၄၆၂၃၀၀ နှင့် တိုင်း/ခရိုင်/မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ အမျိုးသမီးရေးရာအဖွဲ့များက လှူဒါန်းငွေကျပ် ခုနစ်သိန်းကျော် စုစုပေါင်း ၁၁ သိန်းကျော် လှူဒါန်းခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်ခရိုင် မူဆယ်မြို့နယ် မူးယစ်တပ်ဖွဲ့ဝင်များ ဆွဲမိုင်းဖြင့်တိုက်ခိုက်ခံရ

**မူဆယ် ဧပြီ ၁၈**

ဧပြီ ၁၁ ရက် ညနေ ၄ နာရီခန့်က မူးယစ်တပ်ဖွဲ့စု (၂၂) မူဆယ် (၁၀၅) မိုင်လှုပ်ရှားအဖွဲ့မှ ရဲအုပ်စိုးအောင်၊ ရဲအုပ်စိုးဝင်းနိုင်၊ ဦးစီး (၂+၄)မြို့ပေါ်လှုပ်ရှားအဖွဲ့မှ ရဲအုပ်စိုင်းကျော်မြင့်ထွန်းဦးစီး (၁+၅)အဖွဲ့တို့သည် သက်သေများနှင့်အတူ ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့နယ် လုံခန် ၁၀၅ မိုင်၊ ပန်ဆိုင်း (ကြူကုတ်) သွား ညောင်ပင်အနီးတွင် မော်တော်ယာဉ်၊ ဆိုင်ကယ်များအား ရှာဖွေစစ်ဆေးပြီး မူးယစ်ဆေးဝါးများ တားဆီးနှိမ်နင်းရေး လုပ်ငန်းများ ဆောင်ရွက်စဉ်လမ်းဘေးမှ ထောင်မိုင်းဟု ယူဆရသော မိုင်းပေါက်ကွဲမှုကြောင့် မိုင်းစထိမှန်ဒဏ်ရာများရရှိပြီး ရဲအုပ်စိုးဝင်းနိုင် (ကျဆုံး)၊ ရဲအုပ်စိုင်းကျော်မြင့်ထွန်း (ကျဆုံး)၊ ရဲတပ်ကြပ် သန်းစိုးလင်း မိုင်းစထိမှန် ဒဏ်ရာသုံးချက် (မစိုးရိမ်ရ)၊ ရဲတပ်ကြပ် မိုင်းစထိမှန်ဒဏ်ရာတစ်ချက် (မစိုးရိမ်ရ)၊ ရဲတပ်ကြပ် ကျော်မျိုးလွင် မိုင်းစထိမှန်ဒဏ်ရာ ၁၀ ချက် (မစိုးရိမ်ရ) တို့ရရှိခဲ့ကြောင်း၊ ရဲအုပ်စိုးဝင်းနိုင်နှင့် ရဲအုပ်စိုင်းကျော်မြင့်ထွန်းတို့ နှစ်ဦးမှာ အခင်းဖြစ်နေရာတွင် သေဆုံးပြီး ဒဏ်ရာရရဲတပ်ဖွဲ့ဝင်များအား ညနေ ၄ နာရီ ၄၅ မိနစ်တွင် မူဆယ်ပြည်သူ့ဆေးရုံ သို့ပို့ဆောင်၍ ဆေးကုသမှုခံယူလျက်ရှိကြောင်းသိရသည်။

**ရိုးသျှား**

# ဆိုင်ကယ်ပေါ်မှပြုတ်ကျ၍ သေဆုံးမှုဖြစ်ပွား

**မြင်းမူ ဧပြီ ၁၈**

မြင်းမူမြို့နယ် အလ္လကပ္ပကျေးရွာအနီး၌ ဧပြီ ၁၇ ရက်က အမျိုးသမီးတစ်ဦး သေဆုံးမှုဖြစ်ပွားခဲ့ကာ ဆိုင်ကယ်ပေါ်မှ ပြုတ်ကျခြင်းဖြစ်နိုင်ကြောင်း စုံစမ်းသိရှိရပြီး ထွက်ပြေးတိမ်းရှောင်နေသည့် ဆိုင်ကယ်မောင်းသူကို စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြင်းမူမြို့နယ် အလ္လကပ္ပကျေးရွာနှင့် ဝမ်းပြည့်ရွာကြား လမ်းပေါ်၌ အမျိုးသမီးတစ်ဦး ဒဏ်ရာများဖြင့် လဲကျသေဆုံးနေကြောင်း ဧပြီ ၁၇ ရက်က မြင်းမူမြို့မရဲစခန်းသို့ သတင်းရောက်ရှိသဖြင့် မြင်းမူမြို့မရဲစခန်းမှ တာဝန်မှူး ရဲအုပ်တင်မောင်ရွှေနှင့် တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စုံစမ်းခဲ့ရာ အလ္လကပ္ပရွာနှင့် ဝမ်းပြည့်ရွာကြားကားလမ်းဘေး မိုင်တိုင်အမှတ် (၅၅/၇) နှင့် (၅၈) ကြားတွင် အမည်မသိအမျိုးသမီးတစ်ဦးအား နှာခေါင်းသွေးထွက်ဒဏ်ရာ၊ ဘယ်နားသွေးထွက်ဒဏ်ရာများနှင့် သေဆုံးနေသည်ကို တွေ့ရှိရကြောင်း၊ စုံစမ်းချက်အရ သေဆုံးသူမှာမြင်းမူမြို့နယ် အလ္လကပ္ပရွာနေ ဒေါ်စန်း(၅၆)နှစ်ဖြစ်ပြီး တောင်သူလုပ်ငန်းလုပ်ကိုင်ကြောင်းနှင့် အခင်းဖြစ်နေရာအား စစ်ဆေးချက်များအရ ဆိုင်ကယ်တစ်စီးပေါ်မှ ပြုတ်ကျသေဆုံးကြောင်းနှင့် ဆိုင်ကယ်ယာဉ်မောင်းသူမှာ တိမ်းရှောင်သွားကြောင်းယူဆရသဖြင့် ဆိုင်ကယ်ကို မဆင်မခြင်မောင်းနှင်ပြီး ထွက်ပြေးတိမ်းရှောင်နေသည့် (အမည်မသိစုံစမ်းဆဲ)ဆိုင်ကယ်မောင်းသူအား အရေးယူပေးရန် ရဲအုပ်တင်မောင်ရွှေက မြင်းမူမြို့မရဲစခန်း၌ အမှုဖွင့်တိုင်တန်းထားပြီး ဆိုင်ကယ်မောင်းသူအား ဖော်ထုတ်နိုင်ရန် စုံစမ်းလျက်ရှိကြောင်း သိရသည်။

**(၀၇၉)**

**မူးယစ်ကင်းစင် စိတ်လန်းရွှင်**

**ဆန့်ကျင်မူးယစ်ဆေး**



# မိုးညှင်းသင်္ကြန်ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**မိုးညှင်း ဧပြီ ၁၈**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မဟာသင်္ကြန်ပွဲတော် ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ဧပြီ ၁၆ ရက် ညနေပိုင်းက မိုးညှင်းမြို့ ရွှေသာလျောင်းဇာတ်ရုံအနီးရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပခဲ့သည်။

ဆုချီးမြှင့်ပွဲတွင် ယိမ်းအကပြိုင်ပွဲ၌ ဆုရရှိသော မြို့မရပ်ကွက်ယိမ်းအဖွဲ့၊ အထက(၁) မိုးညှင်းယိမ်းအဖွဲ့၊ နားခါရပ်ကွက် ယိမ်းအဖွဲ့များနှင့် နှစ်သိမ့်ဆုရယိမ်းအဖွဲ့များအား တာဝန်ရှိသူများက ဆုဖလားနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့ပြီး မြနန္ဒာသီချင်းဖြင့် အခမ်းအနားကို သင်္ကြန်ပွဲတော်အခမ်းအနားကို ပိတ်သိမ်းခဲ့သည်။ သင်္ကြန်ပွဲတော် ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလေး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်၊ မိုးညှင်းတပ်နယ်မှူး ဗိုလ်မှူးချုပ်သက်လွင်နှင့် တပ်မတော်အရာရှိများ၊ ယိမ်းအကအဖွဲ့များနှင့် ဒေသခံပြည်သူများ စည်ကားစွာ တက်ရောက်ခဲ့သည်။

**ကေဆိုင်းနော်(ဖားကန့်)**

# ဇာတ်သိမ်းမယ့် ဗီလာ အိပ်မက်ရှင်သန်မယ့် လီဗာပူး

**ကမ္ဘာ့သက်တမ်းအရင့်ဆုံး ဘောလုံးပြိုင်ပွဲဖြစ်တဲ့ အက်ဖ်အေဖလားပြိုင်ပွဲရဲ့ ဒီနှစ်ဘောလုံးရာသီပွဲစဉ်ကတော့ အကြို ဗိုလ်လုပွဲအထိ ဆိုက်ရောက်လာခဲ့ပြီဖြစ်ပါတယ်။ အကြိုဗိုလ်လုပွဲ ပထမပွဲစဉ်အဖြစ် ရက်ဒင်းနဲ့အာဆင်နယ်တို့ ယှဉ်ပြိုင် ကစားခဲ့ပြီးဖြစ်လို့ ဧပြီ ၁၉ ရက် ညပိုင်းမှာတော့ ဗီလာနဲ့လီဗာပူးတို့ ဆက်လက်ဆင်နွှဲမှာဖြစ်ပါတယ်။ ဒီပွဲစဉ်ဟာ လီဗာပူးတို့အတွက် ဒီနှစ်ဘောလုံးရာသီမှာ ဆုဖလားမျှော်လင့်ချက်တစ်ခုတည်းသာဖြစ်တာမို့ သေသေချာချာ ပြင်ဆင် ကစားတော့မှာ ဖြစ်ပါတယ်။**




၃-၄-၂-၁ ကို အလှည့်ကျ အသုံးပြုလာတဲ့ လီဗာပူး အသင်းဟာ အခုပွဲမှာလည်း အဲဒီအခင်းအကျင်းနဲ့ပဲ ပွဲထုတ်လာဖို့ ရှိနေပါတယ်။ စတာလင်းကို တိုက်စစ်မှူးဦး မှာထားပြီး မာကိုဗစ်နဲ့ကော်တင်ဟိုတို့ကို ဝိုင်းရံစေတဲ့ အပြင် ကွင်းလယ်မှာ မော်ရီနို၊ ဂျိုးအာလန်၊ လူကပ်နဲ့ ဟန်ဒါဆန်တို့ကို ဖြန့်ကြက်ကာ ပေါ်အောက် လှုပ်ရှား စေမှာ ဖြစ်ပါတယ်။

လီဗာပူးတို့ဟာ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲရလဒ်ကို ကြည့်ရင် နယူးကာဆယ်၊ ဘလက်ဘန်းနဲ့ ဆွမ်ဆီးတို့ကို နိုင်ပွဲရခဲ့ပြီး မန်ယူနဲ့ အာဆင်နယ်တို့ကို ရှုံးပွဲကြုံခဲ့ရပါတယ်။ ဒီပွဲစဉ် ငါးပွဲမှာ လီဗာပူးတိုက်စစ်မှူးတွေဟာ ဂိုးပေါင်း ခြောက်ဂိုးပဲ သွင်းယူထားနိုင်ခဲ့တာမို့ အားရစရာတော့ မရှိပါဘူး။ ဒီလိုပါပဲ ငါးပွဲကစားခဲ့တဲ့နေရာမှာ ခြောက်ဂိုး ပေးခဲ့ရတဲ့ လီဗာပူးရဲ့ ခံစစ်ပိုင်းကလည်း စိတ်တိုင်းမကျ စရာတွေ ရှိနေခဲ့တာတော့ အမှန်ပါပဲ။

ဗီလာတို့ကတော့ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲရလဒ်ကို ကြည့်ရင် ဆန်းဒါးလန်းနဲ့ စပါးတို့ကို နိုင်ပွဲရခဲ့ပြီး ဆွမ်ဆီး၊ မန်ယူတို့ကိုတော့ ရှုံးပွဲကြုံထားတဲ့အပြင် ကျူပီအာကို သရေပွဲဖြစ်ထားပါတယ်။ ဗီလာရဲ့ တိုက်စစ်မှူးတွေဖြစ်တဲ့ အဘွန်လဟော်၊ ဘန်တီကီနဲ့ဂီမန်းတို့ရဲ့ သွင်းဂိုးတွေဟာ အဆုံးသတ်ကောင်းမွန်မှုတွေရှိခဲ့တာမို့ လီဗာပူးတို့ သတိ ထားရမှာပါ။

ဗီလာတို့က ၄-၃-၃ အခင်းအကျင်းနဲ့ ပွဲထွက်လာမှာ ဖြစ်ပြီး ခံစစ်လုံအောင်အခြေပြုကာ တန်ပြန်တိုက်စစ်ကို အားထားကစားဖို့ ကြိုးစားပါလိမ့်မယ်။ အိမ်ကွင်းမှာ အားထည့်ကစားတတ်တဲ့ ဗီလာတို့ဟာ လီဗာပူးရဲ့ အက်ဖ်အေဖလားအိပ်မက်ကို ရိုက်ချိုးဖျက်ဆီးဖို့အတွက် အားကုန်ထုတ်ဖို့ ပြင်ဆင်မှာ သေချာပါတယ်။

လီဗာပူးနဲ့ ဗီလာတို့ရဲ့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ သုံးပွဲ ရလဒ်ကိုကြည့်ရင် လီဗာပူးတို့ နိုင်ပွဲတွေချည်းရရှိခဲ့တာ ဖြစ်ပါတယ်။ လီဗာပူးဟာ အက်ဖ်အေဖလား နောက်ဆုံး ဗိုလ်လုပွဲအထိ ချီတက်နိုင်ဖို့အတွက် ဗီလာကို အခွင့် အရေးမပေးဘဲ ဂိုးပြတ်သွင်း အနိုင်ယူဖို့ အကောင်းဆုံး စုဖွဲ့မှုနဲ့အတူ ကျော်ဖြတ်ဖို့ပဲ ဆုံးဖြတ်ထားမှာပါ။

ဒီပွဲမှာ လီဗာပူးတို့အတွက် ဖလားလက်မဲ့မဖြစ်စေရေး ခြေလှမ်းတစ်ရပ်အဖြစ် ဗီလာကို အရှုံးရလဒ်ကိုပဲ ပေးအပ်ဖို့ စိတ်ဓာတ်ပြင်းပြင်းနဲ့ တိုက်စစ်ဖွင့်ကစားပြီး အနိုင်ယူမှာသေချာနေတာမို့ ဗီလာတို့ အက်ဖ်အေဖလား ဇာတ်သိမ်းပြီး လီဗာပူးတို့က အိပ်မက်တွေ ဆက်လက် ရှင်သန်နေဦးမှာ ဖြစ်ပါတယ်။ ။

■ မိုးမြင့်လင်းလက်

# ပရီမီယာလိဂ် အကောင်းဆုံးဘောလုံးသမား ဘယ်သူဖြစ်လာမလဲ

ပရီမီယာလိဂ် ရာသီကုန်ခါနီးမှာတော့ အကောင်းဆုံးဘောလုံးသမားတွေ ဘယ်သူတွေဖြစ်လာမလဲဆိုတာ စိတ်ဝင်စားနေကြပါပြီ။ စပါးတိုက်စစ်မှူး ဟယ်ရီကိန်းကတော့ ကြေးစားဘောလုံးသမားများအဖွဲ့ချုပ်(ပီအက်ဖ်အေ)ရဲ့ အကောင်းဆုံးနဲ့ တစ်နှစ်တာအကောင်းဆုံး လူငယ်ဘောလုံးသမားဆု ဆွတ်ခူး နိုင်မယ့် ဆန်ခါတင်လေးဦးမှာ တစ်ဦးအပါအဝင်ဖြစ်လာပါတယ်။

မန်ယူဂိုးသမား ဒေးဗစ်ဒီဂီယာ၊ ချယ်လ်ဆီးတိုက်စစ်မှူး ဟာဇတ်နဲ့ လီဗာပူးကွင်းလယ်ကစားသမား ဖီးလစ်ကော်တင်ဟိုတို့လည်း နှစ်ဆုစလုံးကို ဆွတ်ခူးနိုင်တဲ့ ဆန်ခါတင်စာရင်းမှာ ပါဝင်နေပါတယ်။ ချယ်လ်ဆီးတိုက်စစ်မှူး ဒီယေဂိုစတာနဲ့ အာဆင်နယ်တိုက်စစ်မှူး ဆန်ချက်ဇ်တို့ကတော့ လူကြီးဆန်ခါ တင်စာရင်းမှာ ပါဝင်နေတဲ့ ကစားသမားတွေဖြစ်ပါတယ်။

ဟာဇတ်ကတော့ သုံးနှစ်ဆက်တိုက် ဆန်ခါတင်စာရင်းမှာ ပါဝင်လာခဲ့ခြင်း ဖြစ်ပြီး ယခင်က ဂါရတ်ဘေးလ်နဲ့ ဆွာရက်ဇ်တို့နဲ့အပြိုင် အရွေးခံရာမှာ ရှုံးနိမ့် သွားခဲ့ရတာဖြစ်ပါတယ်။ ဂါရတ်ဘေးလ်ဟာ ၂၀၁၃ ခုနှစ်က ဒီဆုကို နှစ်ဆု စလုံး ဆွတ်ခူးနိုင်ခဲ့သလို ၂၀၀၇ ခုနှစ်က စီရော်နယ်ဒိုဟာလည်း ဒီဆုကို နှစ်ဆုစလုံး ဆွတ်ခူးနိုင်ခဲ့ပါတယ်။




မန်ယူဂိုးသမား ဒီဂီယာကတော့ ၁၉၇၇ ခုနှစ် ပီတာရှီတန်နောက်ပိုင်း ဂိုးသမားတစ်ဦးအနေနဲ့ ဒီဆုကိုဆွတ်ခူးနိုင်မယ့်စာရင်းမှာ ပါဝင်လာတာဖြစ်ပါ တယ်။

လီဗာပူးအသင်းရဲ့ရာဟင်းစတာလင်း၊ ချယ်လ်ဆီးဂိုးသမားတီဘောက်ဘော့ တွိုက်တို့လည်း လူငယ်ကစားသမား အကောင်းဆုံးဆန်ခါတင်စာရင်းမှာ ပါဝင် လာပါတယ်။ ဒီအထဲမှာတော့ ဟယ်ရီကိန်းက စပါးအသင်းမှာ သာမက အင်္ဂလန်အသင်းရဲ့ အောင်မြင်မှုတွေကိုပါ ရှာဖွေပေးနေတဲ့ တိုက်စစ်မှူး တစ်ဦးဖြစ်တဲ့အတွက် ဒီနှစ်ရဲ့ အကောင်းဆုံးကစားသမားဆု နှစ်ဆုစလုံးကို ဆွတ်ခူးဖို့ ရေပန်းအစားဆုံးဖြစ်နေပါတယ်။

> မန်ယူဂိုးသမား ဒေးဗစ်ဒီဂီယာ၊ ချယ်လ်ဆီးတိုက်စစ်မှူး ဟာဇတ်နဲ့ လီဗာပူး ကွင်းလယ်ကစားသမား ဖီးလစ်ကော်တင်ဟိုတို့လည်း နှစ်ဆုစလုံးကိုဆွတ်ခူးနိုင်တဲ့ ဆန်ခါတင် စာရင်းမှာ ပါဝင်နေပါတယ်။ . . .

ကောင်းမြတ်သူ-စုစည်းသည်

# ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာပြန်အရွေးခံရနိုင်မလား

မေလထဲမှာ ဖီဖာဥက္ကဋ္ဌ ရွေးပွဲကြီး ကျင်းပတော့မှာပါ။ လက်ရှိ ဥက္ကဋ္ဌ ဆပ်ဘလတ္တာကတော့ ပြန်အရွေးခံရဖို့ ရေပန်း စားနေပါတယ်။ သူ့ကို ဂျီးဆပ်လိုပုဂ္ဂိုလ်လိုတစ်ဖုံ၊ နယ်လ်ဆင် မင်ဒဲလားနဲ့ တစ်သွယ်၊ ဝင်စတန်ချာချီနဲ့ တစ်နည်းတူတဲ့ ပုဂ္ဂိုလ် ရယ်လို့ ထောက်ခံချီးကျူး ပြောဆိုနေကြပါတယ်။ သူ့ကို ကမ္ဘာကျော် ပုဂ္ဂိုလ်ကြီးတွေနဲ့ ခိုင်းနှိုင်းပြောဆိုလိုက်ခြင်းရဲ့ ရည်ရွယ်ချက်ကတော့ မေလထဲမှာ ကျင်းပမယ့် ဖီဖာဥက္ကဋ္ဌ ရွေးပွဲမှာ ပြန်လည်အရွေးခံရဖို့ ဖြစ်နိုင်တယ်လို့ ဘောလုံး ကျွမ်းကျင်သူတွေကဆိုပါတယ်။ သူ့ကို ကွန်ကာကာ့ဖ်အဖွဲ့ဝင် နိုင်ငံတွေရဲ့ ဘောလုံးတာဝန်ရှိသူတွေက ချီးကျူးပြောဆိုလိုက် ပါတယ်။ ကွန်ကာကာ့ဖ်ဆိုတာက မြောက်အမေရိက၊ ဗဟို အမေရိကနဲ့ ကာရေဘီယံဒေသရဲ့ ဘောလုံးအဖွဲ့ချုပ်ကို ဆိုတာ ပါ။ ဒီဒေသတွင်းနိုင်ငံတွေရဲ့ ဘောလုံးတာဝန်ရှိသူတွေက လက်ရှိ ဖီဖာဥက္ကဋ္ဌဆပ်ဘလတ္တာကို ပြန်အရွေးခံရဖို့ အဓိက ထောက်ခံအားပေးမယ့်သူတွေဖြစ်ပါတယ်။ ဒိုမီနီကန် သမ္မတ နိုင်ငံ ဘောလုံးဥက္ကဋ္ဌ အိုဆာရစ်ဂွတ်မန်းကတော့ ဆွမ်ဇာလန် နိုင်ငံသား ဆပ်ဘလတ္တာကို မော့ဆက်၊ အေဘရာဟမ်လင်ကွန်း နဲ့ မာတင်လူသာကင်းတို့နဲ့ နှိုင်းယှဉ်ပြောဆိုချီးကျူးခဲ့ပါသေး တယ်။ အဖွဲ့ဝင်တွေအနေနဲ့ ဆပ်ဘလတ္တာကို ဆက်လက် ထောက်ခံကြဖို့ မက်ဆေ့တွေ ပို့ထားပြီလို့ ကွန်ကာကာ့ဖ်ဥက္ကဋ္ဌ ဂျက်ဖရီးဝက်ဘ်က ဆိုပါတယ်။ ဆပ်ဘလတ္တာဟာ အရွေးခံ မယ့် ပုဂ္ဂိုလ်လေးဦးအနက် တစ်ဦးဖြစ်ပါတယ်။ အခြားသော အရွေးခံမယ့် ပြိုင်ဘက်တွေကတော့ ပေါ်တူဂီကစားသမား ဟောင်း လူးဝစ်ဖီဂို၊ ဒတ်ချ်ဘောလုံးအဖွဲ့ချုပ်အကြီးအကဲ မိုက်ကယ်ဗန် ပရက် (ဂ်)နဲ့ ဂျော်ဒန်အိမ်ရှေ့မင်းသား အလီ ဘင်အယ်လ် ဟူစိန်တို့ပဲဖြစ်ပါတယ်။ ထရီနီဒက်နဲ့ တိုဘာဂို ဘောလုံး အဖွဲ့ချုပ်ကတော့ အသက် ၇၉ နှစ်အရွယ် ဆပ် ဘလတ္တာကို ဘောလုံးရဲ့ဖခင် 'The Father of Football' လို့ ချီးကျူးပြောဆိုခဲ့ပါတယ်။ ဂျမေကာ၊ ဟေတီ၊ ကျူးဘား၊ ပနား မား၊ စိန့်ဗင်းဆင့်နဲ့ပွာတိုရီကိုနိုင်ငံက ဘောလုံးအကြီးအကဲ တွေကလည်း ၁၉၉၈ ခုနှစ်ကတည်းက ဘောလုံးဥက္ကဋ္ဌဖြစ်လာတဲ့ ဆပ်ဘလတ္တာကို ပဉ္စမသက်တမ်းပြန်ရွေးဖို့ ထောက်ခံထား ကြပါတယ်။ ကွန်ကာကာ့ဖ်အဖွဲ့ဝင်နိုင်ငံ ၄၁ နိုင်ငံက သူ့ကို ထောက်ခံထားကြပါတယ်။ ဖီဖာဥက္ကဋ္ဌ ရွေးပွဲကိုတော့ မေ ၃၀ ရက်မှာ ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့မှာ ကျင်းပသွားမှာ ဖြစ်ပါ တယ်။



*လွတ်လပ်စွာ ထုတ်ဖော်ပြောကြားခွင့်ကျင့်သုံးရာ၌ လိုက်နာရမည့် စံနှုန်းများ၊ ကျင့်ဝတ်များ၊ တာဝန်ဝတ္တရားများကို သိရှိနိုင်ရန်အတွက် ဥပဒေနှင့် ဒီမိုကရေစီဗဟိုဌာန (Centre for Law and Democracy) နှင့် နိုင်ငံတကာမီဒီယာထောက်ပံ့ကူညီရေးအဖွဲ့ (International Media Support-IMS) တို့မှ ပြုစုထုတ်ဝေသည့် "အခြေခံလူ့အခွင့်အရေးတစ်ခုဖြစ်သော လွတ်လပ်စွာထုတ်ဖော်ပြောကြားခွင့်" (လမ်းညွှန်မှတ်စုအတွဲများ)၊ Briefing Note Series "Freedom of Expression" စာအုပ်ကို အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ဖော်ပြသွားမည်ဖြစ်ပါသည်။ ဆောင်းပါးပါ မြန်မာဘာသာပြန်ဆိုချက်များနှင့် အသုံးအနှုန်းများမှာ မူရင်းဘာသာပြန်ဆိုသည့် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ အာဘော်သာဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။*




မှတ်စုအကျဉ်း-၁၀

# ရာဇဝတ်မှုနှင့်ဆိုင်သော အကြောင်းအရာများနှင့် ပါဝင်မှုအပေါ် ကန့်သတ်ချက်များ

***ဧပြီ ၅ ရက်နေ့မှအဆက်***

အပိုဒ် ၂၀(၂)အရ ကန့်သတ်ချက်များသည် အပိုဒ် ၁၉(၃)တွင်သတ်မှတ်ထားသည့် အပိုင်းသုံးပိုင်းပါ စစ်ဆေးချက်နှင့် ကိုက်ညီရန်လိုသည်။ UNHCR ၏ အထွေထွေသုံးသပ်ချက် ၃၄အရ-

> အပိုဒ် ၂၀အရ ဖော်ပြထားချက်များသည် အပိုဒ် ၁၉၊ ပိုဒ်ခွဲ ၃ သတ်မှတ်ချက်အရ လိုက်နာကန့်သတ်နိုင်သည်။ အပိုဒ် ၂၀ အပေါ် အခြေခံထားသည့် တားမြစ်ချက်တစ်ခုသည် အပိုဒ် ၁၉၊ ပိုဒ်ခွဲ ၃ ကို လည်းလိုက်နာရမည်။

အပိုဒ်၂၀(၂)အရ အခြေခံအချက်လေးချက် ပေါင်းစပ်ထားသောပြောဆိုမှုအား အမုန်းတရားပွားများစေသည့် ပြောဆိုမှုများအဖြစ် သတ်မှတ်ကြောင်း နားလည်သဘောပေါက်သည်- ၎င်းတို့မှာ ရည်ရွယ်ချက်ရှိခြင်း၊ လှုံ့ဆော်ခြင်း၊ ရလဒ်များကို တားဆီးပိတ်ပင်ခြင်းနှင့် စာရင်းပြုထားသော အခြေခံအချက်များအပေါ်တွင် အခြေပြုထားခြင်းတို့ဖြစ်သည်။ ပထမ သတ်မှတ်ချက်၌ တားဆီးပိတ်ပင်ထားသော ရလဒ်တစ်ခုအားလှုံ့ဆော်ရန် ရည်ရွယ်ချက်ရှိသည့် ပြောဆိုမှုတစ်ခုသည် အမုန်းတရားပွားများစေသည့် ပြောဆိုမှုများအဖြစ် သတ်မှတ်စေသည်။ ဤအချက်အား အပြည်ပြည်ဆိုင်ရာ တရားရုံးမှ ဥရောပလူ့အခွင့်အရေး တရားရုံး၏ အမှုတစ်ခုဖြစ်သော Jersild v.Denmark ကဲ့သို့ပင် ရှင်းလင်းစွာ ထပ်လောင်းအတည်ပြုထားသည်။ ဤအမှု၌လူမျိုးခွဲခြားရေးအမြင်ရှိသော ယဉ်ကျေးမှုတစ်ခု၏တည်ရှိမှုအား မြင်သာအောင်ဖော်ပြနိုင်ရန်အတွက် ရည်ရွယ်ပြောဆိုသော ဂျာနယ်လစ်တစ်ဦး၏ပြောဆိုချက်ကို အမုန်းတရားပွားများစေသည့် ပြောဆိုမှုအဖြစ် မသတ်မှတ်ဘဲ ကန့်သတ်ချက်ထုတ်ပြန်ခဲ့သည့် ဒိန်းမတ်အစိုးရကိုသာ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အား ချိုးဖောက်သူအဖြစ် သတ်မှတ်ခဲ့သည်။

ဒုတိယသတ်မှတ်ချက်မှာ လှုံ့ဆော်မှုဖြစ်ပြီး ဆိုလိုသည်မှာ ထုတ်ပြန်ချက်ကို တရားဥပဒေနှင့်အညီ မတားဆီးနိုင်ခင် ထုတ်ပြန်တစ်ခုနှင့် တားဆီးပိတ်ပင်ထားသော ရလဒ်များကြားတွင် နီးစပ်သည့် တိုက်ရိုက်အကျိုးအကြောင်း ဆက်နွှယ်မှုတစ်ခုရှိရသည်။ ထုတ်ပြန်ချက်တစ်ခုသည် အကယ်စင်စစ် တားမြစ်ပိတ်ပင်ထားသော ရလဒ်တစ်ခုစီ ဦးတည်သွားပြီး ၎င်းမှာ သိသာ ထင်ရှားသောရှင်းလင်းသည့် ညွှန်းဆိုမှုတစ်ခုဖြစ်သည်။ သို့သော်လည်း အခြားသော အကြောင်းအရင်းများ၌လည်း တာဝန်ရှိနိုင်သည်။ ဤနေရာ၌ နောက်ခံအချက်အလက်များသည် အလွန်အရေးကြီးသည်။ ထုတ်ပြန်ချက်တစ်ခုသည် ငြိမ်းချမ်းမှုရှိနေသော နောက်ခံအကြောင်းအရာတစ်ခုအတွင်း မုန်းတီးမှုများ ဖန်တီးရန် မရည်ရွယ်သော်လည်း ပိုမိုမတည်ငြိမ်သည့် ပတ်ဝန်းကျင်ကို ဖြစ်ပေါ်စေသည်။

တတိယသတ်မှတ်ချက်မှာ ထုတ်ပြန်ချက်တစ်ခုသည် တားဆီးပိတ်ပင်ထားသော ရလဒ်များထွက်ပေါ်လာရန် လှုံ့ဆော်ခြင်းဖြစ်သည်။ ရာဇဝတ်မှုများဖြစ်ပွားရန် လှုံ့ဆော်မှုတစ်ခုအဖြစ် ယေဘုယျအားဖြင့် တားမြစ်ပိတ်ပင်ခြင်းခံထားရသော အကြမ်းဖက်မှုနှင့် နိုင်ငံအများအပြားတွင် တားမြစ်ထားသော ခွဲခြားဆက်ဆံမှုနှင့် (အပြည်ပြည်ဆိုင်ရာဥပဒေမှ အကယ်စင်စစ်ကာကွယ်ပေးထားသည့်) စိတ်ပိုင်းဆိုင်ရာ အခြေအနေတစ်ခုဖြစ်သည့် မုန်းတီးမှုများတို့ပါဝင်သည်။ ဤအချက်အတွက် ကျိုးကြောင်းဆက်စပ်မှုတစ်ခုမှာ လူ့အဖွဲ့အစည်းများသည် မုန်းတီးမှုများကြောင့် မြေစာပင်ဖြစ်လာနိုင်သူများအား ကာကွယ်မှုများမပေးမီ မုန်းတီးမှုများလုပ်ရပ်အဖြစ် အမှန်တကယ်ပေါ်ထွက်လာသည်အထိ မစောင့်သင့်ပေ။

စတုတ္ထသတ်မှတ်ချက်မှာ ထုတ်ပြန်ချက်တစ်ခုသည် အမျိုးသားရေး၊ လူမျိုးရေးနှင့် ဘာသာရေးအခြေခံ၍ မုန်းတီးမှုများကို လှုံ့ဆော်ပေးသည်။ သို့သော်လည်း ဤအချက်သည် တိုင်းရင်းသားအရေး သို့မဟုတ် လိင်ပိုင်းဆိုင်ရာဦးတည်ချက်နှင့် အခြားဆက်စပ်သော အကြောင်းအရာများကဲ့သို့သော သမိုင်းကြောင်းအရ မပြေလည်မှုနှင့် မပြောင်းလဲနိုင်သော အယူအဆများအပေါ် အခြေခံသည့် အခြားတူညီသော အကြောင်းရပ်များဆီသို့ ချဲ့ထွင်သွားသည်။ သို့ရာတွင် မူဝါဒအပေါ်၌ နိုင်ငံရေးပြိုင်ဘက်အနေနှင့် တိုက်ခိုက်သော ပြောဆိုမှုများသည် အမုန်းတရားပွားများစေသည့် ပြောဆိုမှုများ မဟုတ်ချေ။ အတွေးအမြင်တစ်ခုသို့ ဦးတည်ရည်ရွယ်သည့် ပြောဆိုမှုတစ်ခုသည် ကြမ်းတမ်း သို့မဟုတ် မမျှတသော်လည်း ယေဘုယျအားဖြင့် ကာကွယ်ပေးထားပြီး ပုဂ္ဂလိကအခြေခံဖြင့် ၎င်း၏အမျိုးဘာသာကို တိုက်ခိုက်သောပြောဆိုမှုသည်သာ တားမြစ်ထားသော သတ်မှတ်ချက်ကို ချိုးဖောက်ခြင်းဖြစ်သည်။

အမုန်းတရားပွားများစေသည့် ပြောဆိုမှုများနှင့်ပတ်သက်၍ ထပ်မံဖြည့်စွက်သင့်သည့်အချက်များကို တရားဥပဒေအရ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အတွက် အပြည်ပြည်ဆိုင်ရာ အထူးထုတ်ပြန်ချက် ၂၀၀၁ ခုနှစ် ပူးတွဲကြေညာချက်တွင် ဖော်ပြထားသည်-

- ★ မှန်ကန်သော ထုတ်ပြန်မှုတစ်ခုအတွက် မည်သူတစ်ဦးတစ်ယောက်မှ အပြစ်ဒဏ်ပေးခြင်း မခံစေရ၊
- ★ ခွဲခြားဆက်ဆံမှု၊ ရန်လိုမှုနှင့် အကြမ်းဖက်မှုတို့ကို လှုံ့ဆော်ပေးသည့် ရည်ရွယ်ချက်ဖြင့် ပြောဆိုသော အမုန်းတရားစကားများဟု မပြနိုင်သည့်အခါ အမုန်းတရားပွားများစေသည့် ပြောဆိုမှုများအား ဖြန့်ဖြူးခြင်းကြောင့် မည်သူတစ်စုံတစ်ယောက်မှ ပြစ်ဒဏ်ပေးခြင်းမခံစေရ၊
- ★ ဂျာနယ်လစ်များမှ သတင်းအချက်အလက်နှင့် အတွေးအမြင်များ လူထုအား မည်သို့အကောင်းဆုံးသတင်းပေးမည်နည်းဟု ဆုံးဖြတ်ခွင့်နှင့် ၎င်းဆုံးဖြတ်ခွင့်အား လေးစားလိုက်နာရန်၊ အထူးသဖြင့် လူမျိုးရေး အစွန်းရောက်မှုများနှင့် သဘောထားသေးမှုများနှင့် ပတ်သက်၍ အစီရင်ခံရာတွင်
- ★ မည်သူတစ်ဦးမှ စိစစ်ရေး၏ ကြိုတင်ဆုံးဖြတ်ခြင်း မခံစေရ။
- ★ တရားရုံးမှချမှတ်သော မည်သည့်ပြစ်ဒဏ်မဆို အချိုးအစားညီမျှမှု မူဝါဒနှင့်ညီညွတ်ကိုက်ညီရမည်။

**မဖွယ်မရာပြောဆိုခြင်း**

မဖွယ်မရာပြောဆိုခြင်းသည် အပြည်ပြည်ဆိုင်ရာ ဥပဒေအောက်ရှိ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်သည့်ဧရိယာတွင် ရှင်းလင်းမှုမရှိသော နယ်ပယ်တစ်ခုဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အချို့သောသူများကို စော်ကားပုတ်ခတ်သည့် ထုတ်ပြန်ချက်များအား ကာကွယ်ထားစဉ်တွင်၊ အပိုင်း ၃ ပိုင်းပါ စစ်ဆေးချက်အရ ပြည်သူလူထု၏ ကိုယ်ကျင့်တရားအကျိုးစီးပွားအတွက် နိုင်ငံတော်သည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို တားဆီးနိုင်သည့်အာဏာရှိသည်။ (မှတ်စုတို ၂ ကို ကြည့်ရန်)

> မဖွယ်မရာပြောဆိုခြင်းသည် အဓိပ္ပာယ်ဖွင့်ဆိုရန် အလွန်ခက်ခဲပြီး ယေဘုယျသတ်မှတ်ထားသော အဆင့်သတ်မှတ်ချက်မရှိပေ။ တစ်ချိန်တည်း၌ပင် UNHCR ၏ အထွေထွေသုံးသပ်ချက် ၃၄ တွင် စံနှုန်းတစ်ခုအား စည်းကြပ်ရာတွင် အစဉ်အလာတစ်ခုမှ တန်ဖိုးများအား အခြားအစဉ်အလာများ အပေါ်တွင် အသုံးမပြုနိုင်ပေဟု ထင်ထင်ရှားရှား ဆိုထားသည်။

အထွေထွေသုံးသပ်ချက် အမှတ် ၂၂ တွင် ကော်မတီသည် ကိုယ်ကျင့်တရားနှင့်ပတ်သက်သည့် အယူအဆများသည် များစွာသော လူမှုရေး၊ ဒဿနဗေဒနှင့် ဘာသာရေးဆိုင်ရာ အစဉ်အလာများမှ ဆင်းသက်လာသည်။ အကျိုးဆက်အားဖြင့် ကိုယ့်ကျင့်တရားနှင့်ပတ်သက်သည့် ကာကွယ်မှုများ၏ ရည်ရွယ်ချက်အတွက် ကန့်သတ်မှုများသည် တစ်ခုတည်းသော အစဉ်အလာမှ သီးသန့်ဆင်းသက်လာခြင်းမဟုတ်သော စည်းမျဉ်းများကို အခြေခံရမည်ဟူသောအချက်အား လေ့လာရသည်။ မည်သည့်ကန့်သတ်ချက်များမဆို ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးနှင့် ခွဲခြားဆက်ဆံမှုမပြုခြင်းဆိုင်ရာ မူဝါဒများကို နားလည်သဘောပေါက်ရမည်။

တစ်ချိန်တည်း၌ပင် အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်းတရားရုံးများက ကိုယ်ကျင့်တရားဆိုင်ရာ မေးခွန်းများသည် အမျိုးသားရေးနှင့် ဒေသဆိုင်ရာ ယဉ်ကျေးမှုနှင့် အစဉ်အလာများနှင့် နီးကပ်စွာချည်နှောင်လျက်ရှိကြောင်း လက်ခံထားကြသည်။

**ယုံကြည်မှုဆိုင်ရာ အခြင်းအရာများကို စော်ကားပြောဆိုခြင်း**

တစ်ဦးတစ်ယောက်၏ ဘာသာရေးဆိုင်ရာ ကိုးကွယ်ယုံကြည်ပိုင်ခွင့်ကို ICCPR ၏ အပိုဒ် 18 အရ လူ့အခွင့်အရေးတစ်ခုဖြစ် ကာကွယ်ပေးထားသည်။ ဘာသာမဲ့ အယူအဆသာမက ဘုရားတစ်ဆူ (သို့မဟုတ်) အဆူများစွာကိုးကွယ်မှု စသည့် ယုံကြည်မှုများကို ပြုလုပ်နိုင်ကြောင်း UNHCR မှ ရှင်းလင်းစွာဖော်ပြထားသည်။ ဤအခွင့်အရေးများသည် အခန်း ၁၉ (လွတ်လပ်စွာထုတ်ဖော်ပြောဆိုမှုကို ကာကွယ်ခြင်း)နှင့် အခန်း ၂၀ (နိုင်ငံတော်မှ မုန်းတီးမှုကို ဖြစ်ပွားစေသော ပြောဆိုမှုများအား ကာကွယ်ပေးခြင်း)တို့၏ ဆုံမှတ်တစ်ခုဖြစ်ပြီး ဘာသာရေးဆိုင်ရာ အကြောင်းအရာတို့နှင့် ပတ်သက်သည့် ပြောဆိုမှုများတွင် မျှတမှုရှိရန် ဂရုစိုက်ဖို့လိုအပ်သည်။

ယုံကြည်မှုဆိုင်ရာအခြင်းအရာများကို စော်ကားပြောဆိုခြင်း ဥပဒေသည်-နှင့် ဘာသာတရားတစ်ခုကို သက်ဝင်ယုံကြည်သူများအား ဆန့်ကျင်၍ခွဲခြားဆက်ဆံခြင်း၊ ရန်လိုခြင်းနှင့် အကြမ်းဖက်ခြင်းတို့ဖြစ်ပွားရန် လှုံ့ဆော်မှုအား တားမြစ်ခြင်းထက်ကျော်လွန်ပြီး ဘာသာရေးဆိုင်ရာ ယုံကြည်မှုနှင့် အမှတ်လက္ခဏာများကို ရှုတ်ချပြောဆိုမှုများအား အပြည်ပြည်ဆိုင်ရာ ဥပဒေအရတရားဥပဒေနှင့် ညီညွတ်သည်ဟု မသတ်မှတ်တော့ပေ။ UNHCR ၏ ၂၀၁၁ ခုနှစ် အထွေထွေသုံးသပ်ချက် ၃၄ တွင် ဖော်ပြထားချက်မှာ-

> ယုံကြည်မှုဆိုင်ရာ အခြင်းအရာများကို စော်ကားပြောဆိုခြင်းဥပဒေအပါအဝင် ဘာသာတရားတစ်ခု (သို့မဟုတ်)အခြားယုံကြည်မှုတစ်ခုခုအပေါ် ရိုသေလေးစားခြင်း ကင်းမဲ့မှုပြသခြင်းကို တားမြစ်ခြင်းသည် ပဋိညာဉ်၏ အခန်း ၂၀ အပိုဒ် ၂တွင် ထည့်သွင်းထားသော တိကျသောအခြေအနေများမှလွဲ၍ ပဋိညာဉ်နှင့်သဟဇာတမဖြစ်ပေ။

ထိုအချက်နှင့်ကိုက်ညီစွာ ခိုင်မာသည့် ဒီမိုကရေစီနိုင်ငံများတွင် ၎င်းတို့၏ ယုံကြည်မှုဆိုင်ရာအခြင်းအရာများကို စော်ကားပြောဆိုခြင်း ဥပဒေတစ်ခုလုံးအား ရုပ်သိမ်းခဲ့ပြီး ထိုဥပဒေများကို ဆက်လက်ထားရှိလျှင်လည်း ထိုဥပဒေအရအရေးယူခြင်းမျိုး အလွန်ရှားပါးသည်။

ဘာသာရေးဆိုင်ရာသက်ဝင်မှုနှင့် ယုံကြည်မှုများကို ကာကွယ်ပေးသည့် အဆိုပါဥပဒေ၌ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို ဆန့်ကျင်သကဲ့သို့ ပြဿနာများစွာရှိသည်။ ဒီမိုကရေစီနိုင်ငံများ၌ ဘာသာရေးနှင့် သက်ဆိုင်သည့် ကိစ္စများအပါအဝင် ကွဲပြားခြားနားသည့် အတွေးအမြင်များနှင့် ပတ်သက်၍ အမိန့်ပြန်တမ်းများထက် လွတ်လပ်ပွင့်လင်းသော ဆွေးနွေးပွဲများ၌ ပြိုင်ဆိုင်ဆွေးနွေးကြသည်။ ဘာသာရေး၌ နိုင်ငံရေးမှ တိုက်ရိုက်(သို့မဟုတ်) သွယ်ဝိုက်၍ လွှမ်းမိုးမှုရှိခြင်းမှာ သိသာလှသော အမှန်တရားဖြစ်သည်။ နိုင်ငံရေးပါတီတစ်ခု၏ မူဝါဒများတွင် အခိုင်အမာတည်ရှိသော ဘာသာရေးအတွေးအမြင်များ ပါဝင်ပါက ထိုအတွေးအမြင်များအား ဝေဖန်ခြင်းနှင့် စကားစစ်ထိုးခြင်းတို့မှ ကာကွယ်ရန်မှာ ဒီမိုကရေစီစနစ်အရ နည်းမကျပေ။ ယုံကြည်မှုဆိုင်ရာ အခြင်းအရာများကို စော်ကားပြောဆိုခြင်းဥပဒေ၏ အခြားသော ပြဿနာရပ်များမှာ ၎င်းသည် ဘုရားတစ်ဆူတည်းဝါဒ၊ ဘုရားအဆူဆူဝါဒနှင့် ဘုရားမရှိဝါဒဟူ၍ ဘာသာရေးဆိုင်ရာ ရှေ့နောက်မညီသော ယုံကြည်မှုများရှိသော အခြေ

**မီဒီယာများသည် ယေဘုယျအားဖြင့် တရားဥပဒေနှင့်သက်ဆိုင်သောအမှုများကို တင်ပြနိုင်ခွင့်ရှိပြီး ပြည်သူများ၏ ကြီးမားပြင်းထန်သော စိတ်ဝင်စားမှုခိုင်မာစေရန် တိုးတက်မှုဖြစ်စဉ်များအား သတင်းထုတ်ပြန်ပေးရမည်။ အပိုဒ် ၁၄(၁)၌ ရှင်းလင်းဖော်ပြထားချက်အရ ဥပမာအားဖြင့် ကလေးသူငယ်များနှင့် ခံရသူများ/မြေစာပင်တို့၏ အထောက်အထားများကို ကာကွယ်ရန် အချို့သောအခြေအနေများတွင် မီဒီယာတို့မှတင်ပြချက်များအား ကန့်သတ်နိုင်သည်**

*စာမျက်နှာ ၂၃ သို့*

# မြန်မာနှစ်ဆန်း (၁) ရက်နေ့ အမြို့မြို့အနယ်နယ်၌ ကောင်းမှုကုသိုလ်ဒါနပြုသူများ များပြား



## ဘားအံ

ကရင်ပြည်နယ် ဘားအံမြို့၌ ဧပြီ ၁၇ ရက်တွင် သီလ၊ သမာဓိဂုဏ်နှင့် အသက်အရွယ်ရ ဘိုးဘွားများအား ကန်တော့ခြင်းနှင့် ဇီဝိတဒါန ငါးလွှတ်ပွဲကို နှစ်စဉ်နှစ်တိုင်း ကျင်းပကြသည်။

ရှေးဦးစွာ အဘိုး ၃၆ ဦးနှင့် အဘွား ၂၂ ဦးအား ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီး၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်ဇနီး၊ ရပ်မိရပ်ဖများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်များ ကန်တော့ကြပြီး အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက ဇီဝိတဒါနငါးလွှတ်ပွဲကို ဆက်လက်ကျင်းပရာ ဖွဲ့ကပင်ခန်းမရှေ့ရှိ ကန်သာယာကန်အတွင်းသို့ ငါးမျိုးစုံ ငါးသောင်းကျော်ကို ဇီဝိတဒါနကုသိုလ်အဖြစ် စုပေါင်းကုသိုလ်ပြု လွှတ်ပေးခဲ့ကြကြောင်း သိရသည်။ **နေမျိုးလွင်**

## မုံရွာ

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မုံရွာမြို့အလှူရှင်များပူးပေါင်း၍ ဇီဝိတဒါန ငါးကောင်ရေ တစ်သိန်းခွဲဘေးမဲ့လွှတ်ပွဲနှင့် ဘိုးဘွား ၅၇ ဦးအားပူဇော်ကန်တော့ပွဲများကို ဧပြီ ၁၇ ရက်က ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ ဝန်ကြီးများနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အဆင့်တာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြောင်း သိရသည်။

"မြန်မာတွေရဲ့နှစ်ဆန်းတစ်ရက်နေ့တိုင်းမှာ အခုလို ဘိုးဘွားမိဘတွေကို လှူဒါန်း ကြတာတွေဟာမျိုးဆက်သစ်လူငယ်တွေအတွက် အများကြီးကုသိုလ်ပွားပြီး ဒါနလက်ဆင့်ကမ်းစေတဲ့ ယဉ်ကျေးမှုပွဲပါ။ နှစ်တိုင်း မြန်မာမှန်ရင် ကုသိုလ်ဒါနတစ်ခုခုတော့ နှစ်သစ်ကူးမှာ ပြုကြစမြဲပါ" ဟု ကန်တော့ခံ သက်ကြီးအဘိုးတစ်ဦးက ပြောကြားသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

## မော်လူး

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတွင် ဧပြီ ၁၆ ရက်က (၂၅) ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။ သက်ကြီးပူဇော်ပွဲတွင် ကန်တော့ခံ အသက် ၈၀ နှင့်အထက် အဘိုးအဘွား ၇၈ ဦးတို့ကို တစ်ဦးလျှင် ကန်တော့ခံပစ္စည်းနှင့် ပူဇော်ကန်တော့ငွေ စုစုပေါင်းငွေကျပ် ၄၇၃၀၀ နှုန်းစီဖြင့် ပူဇော်ကန်တော့ခဲ့ကြကြောင်း၊ စေတနာရှင် အလှူရှင်များကလည်း ဘိုးဘွားများကို ကျန်းမာရေးအထောက်အကူပြုဆေးဝါးများ၊ အချိုရည်ဘူးများ၊ အာဟာရမှုန့်များ နှင့် လှူဒါန်းငွေများကိုလည်း ပေးအပ်လှူဒါန်းကန်တော့ခဲ့ကြကြောင်း၊ ကန်တော့ခံဘိုးဘွားများမှလည်း ပူဇော် ကန်တော့ကြသူများအား မြန်မာ့နှစ်သစ်ဦး တွင် ပြုလုပ်ကြရသည့်ကောင်းမှုကုသိုလ်များကြောင့် ကျန်းမာချမ်းသာစေကြောင်း ဆုပေးစကားများပြောကြားခဲ့ကြကြောင်း မော်လူးတွင် သက်ကြီးဘိုးဘွားများအား နှစ်စဉ်သင်္ကြန်အတက်နေ့တွင် သက်ကြီးပူဇော်ပွဲကျင်းပခဲ့သည်မှာ ယခုနှစ်ဆိုလျှင် ၂၅ ကြိမ်မြောက်ရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။ **နီတိုး**

## ဖန်းမော်

ကချင်ပြည်နယ် ဖန်းမော်မြို့တွင် ဧပြီ ၁၇ ရက်က သက်ကြီးပူဇော်ပွဲအခမ်းအနားကို ဇေယျမင်္ဂလာသာသနာ့ဗိမာန်တော်၌ ကျင်းပသည်။

အခမ်းအနားသို့ တက်ရောက်လာကြသူများက နှစ်သစ်ကူးမင်္ဂလာနှစ်ဦးကဗျာရွတ်ဆိုကြ၍ အဘိုး၊ အဘွားများကို ဂါရဝ၊ နိဝါတ တရားတော်နှင့်အညီရှိခိုးပူဇော်ကန်တော့ကြပြီးအဘိုး ၂၃ဦး၊ အဘွား ၂၄ ဦး စုစုပေါင်း ၄၇ ဦးတို့ကို လှူဖွယ်ဝတ္ထုပစ္စည်းများငွေများ လှူဒါန်းကြရာ အဘိုး၊ အဘွားများကိုယ်စား အဘိုးဦးစံဝ(စံဝ-ဖန်းမော်)က ဆုတောင်းမေတ္တာပို့သချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ကချင်ပြည်နယ် ဖန်းမော်မြို့ မြို့မရပ်ကွက် ရုပ်ပြေးရေယာဉ်ဆိပ်တွင် ဧပြီ ၁၇ ရက် မြန်မာနှစ်ဆန်း ၁ ရက်နှစ်သစ်ကူးအခါသမယအချိန် နံနက် ၇ နာရီ၌ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှဧရာဝတီမြစ်အတွင်းသို့ ဇီဝိတဒါနရွှေဝါငါးကြင်းကောင်ရေ ၃၀၀၀၀ လွှတ်ပေးပွဲ ကျင်းပခဲ့သည်။

အဆိုပါ ဇီဝိတဒါနငါးလွှတ်ပွဲသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ဒုတိယရဲမှူးကြီး ဝင်းမြင့်အောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစွမ်းထက်ဝေ၊ ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးကြည်မိုးနှင့် ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ် အမျိုးသမီးရေးရာနှင့်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့များတက်ရောက်ကာ ဇီဝိတဒါန ငါးများလွှတ်ပေးခဲ့ကြောင်း သိရသည်။

**ဝါဝါ (ဖန်းမော်)**

## မြဝတီ

မြဝတီခရိုင် မြဝတီမြို့နယ်၌ သက်ကြီးပူဇော်ပွဲနှင့် ဇီဝိတဒါနငါးလွှတ်ပွဲ အခမ်းအနားကို ဧပြီ ၁၇ ရက်တွင် ရွှေမြင်းဝန်ဘုရားကြီး သာသနဟိတကာရီဗိမာန်တော်နှင့် ဇီဝိတဒါနငါးလွှတ်ပွဲကို ချစ်ကြည်ရေးတံတားအောက် သောင်ရင်းမြစ်အတွင်း၌ကျင်းပရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဦးနှင့် ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများ၊ ခရိုင် /မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ ဝတ်ရွတ်အသင်း၊ ဘာသာရေးအသင်းအဖွဲ့များမှ အသက် ၈၀ နှင့်အထက် ဘိုးဘွား ၂၆၂ ဦးကို လှူဖွယ်ဝတ္ထုငွေများနှင့် ပစ္စည်းများပေးအပ်လှူဒါန်းပြီး ချစ်ကြည်ရေးတံတားအောက် သောင်ရင်းမြစ်အတွင်းတွင် ဇီဝိတဒါနငါးများလွှတ်ပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

(ဝ၂၅)




*စာမျက်နှာ ၂၂ မှ*

အနေတစ်ခုနှင့် လိုက်လျောညီထွေနိုင်စွမ်းမရှိခြင်းပင်ဖြစ်သည်။ ထပ်မံဖြည့်စွက်ရလျှင် ယုံကြည်မှုဆိုင်ရာအခြင်းအရာများကို စော်ကားပြောဆိုခြင်းဆိုင်ရာ ဥပဒေများသည် ရံဖန်ရံခါ၌ လူအများစု ကိုးကွယ်ရာဘာသာတရားတစ်ခုတည်းကိုသာ ကာကွယ်ပေးခြင်းနှင့် ၄င်းနည်းလမ်းကိုသာ အသုံးချသောကြောင့် ခွဲခြားဆက်ဆံမှုကိုလည်း ပြသသည်။ အမှန်တွင် ယုံကြည်မှုဆိုင်ရာ အခြင်းအရာများကို စော်ကားပြောဆိုခြင်းဆိုင်ရာ ဥပဒေများကိုကျင့်သုံးသည့် အလေ့အထအားတစ်ခါတစ်ရံ၌ လူနည်းစုကိုးကွယ်သည့်ဘာသာများ၊ မတူညီသော ကိုးကွယ်မှုများနှင့် ဘာသာမဲ့များကို ဖိနှိပ်ရာတွင်လည်း အသုံးပြုသည်။

### တရားစီရင်ရေးဆိုင်ရာ စီမံခန့်ခွဲမှု

အပြည်ပြည်ဆိုင်ရာ ဥပဒေများ၏အောက်တွင် တရားရုံးများသည် အများပြည်သူ၏ရှေ့မှောက်တွင် ကြားနာမှုများကို ဆောင်ရွက်ရသည်ကို အခိုင်အမာ သက်သေထူသည်။ ICCPR ၏ အပိုဒ် ၁၄(၁)တွင် ဖော်ပြထားသည်မှာ-

လူသားများအားလုံးသည် တရားရုံးနှင့် တရားခွင်ရှေ့မှောက်တွင် တန်းတူညီမျှမှုရှိရမည်။ ရာဇဝတ်တရားစီရင်မှုများ၌ တရားဥပဒေအရ တိကျသော အခွင့်အရေးနှင့် တာဝန်များရှိသော တရားရင်ဆိုင်ရသူ မည်သူမဆို မျှတ၍ အများပြည်သူကြားနာနိုင်သော၊ တရားဥပဒေအရ လွတ်လပ်မှုနှင့် သမာသမတ်ကျမှုရှိသော တရားခုံရုံး၌ စစ်ဆေးခံရန်တောင်းဆိုပိုင်ခွင့်ရှိသည်။ ကိုယ်ကျင့်တရား၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးနှင့် ဒီမိုကရက်တစ်လူ့အဖွဲ့အစည်းတစ်ခုအတွင်း အမျိုးသားလုံခြုံရေး၊ အမှုတွင်ပါဝင်ကြသော တရားလိုတရားခံများ၏ ကိုယ်ရေးဘဝ အကျိုးစီးပွားအတွက် လိုအပ်လျှင် ထူးခြားသော အခြေအနေများတွင် အများပြည်သူသိရှိခြင်းသည် တရားစီရင်မှုမဏ္ဍိုင်၏ အကျိုးကို အယူအဆတိမ်းစောင်းစေနိုင်သည်ဟု တရားရုံးတော်မှ ထင်မြင်သုံးသပ်လျှင် စသည့်အကြောင်းပြချက်များဖြင့် သတင်းဌာနများနှင့် အများပြည်သူတို့အား တရားစီရင်မှု၏ တစ်စိတ်တစ်ပိုင်း (သို့မဟုတ်)တစ်ခုလုံးမှ ဖယ်ထုတ်ထားနိုင်သော်လည်း အရွယ်မရောက်သေးသောသူများ၏ အကျိုးစီးပွားနှင့် ပတ်သက်၍ ကလေးထိန်းသိမ်းစောင့်ရှောက်ခွင့်နှင့် အိမ်ထောင်ရေးဆိုင်ရာ အငြင်းပွားမှုတို့နှင့် ပတ်သက်သောအမှုများကို ခြွင်းချက်ထားပြီး မည်သည့်ရာဇဝတ်မှု သို့မဟုတ် တရားရင်ဆိုင်သည့်အမှုတွင်မဆို ချမှတ်လိုက်သော စီရင်ချက်များကို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာရမည်။

တစ်ချိန်တည်း၌ အာဏာပိုင်အဖွဲ့အား ကာကွယ်ရန်နှင့် အထူးသဖြင့် တရားရေးဆိုင်ရာအုပ်ချုပ်မှု၏ သမာသမတ်ကျမှုတို့သည် အကြီးမားဆုံး အရေးကြီးသော အချက်များဖြစ်သည်။ တရားရုံးသို့ လိမ်ညာထွက်ဆိုခြင်းနှင့် သက်သေများအား ခြိမ်းခြောက်မှုစသည်တို့သည် တားမြစ်ထားသည့် အချို့သောဖော်ပြချက်များတွင် ပါဝင်သည်။ မီဒီယာများသည် ယေဘုယျအားဖြင့် တရားဥပဒေနှင့်သက်ဆိုင်သော အမှုများကို တင်ပြနိုင်ခွင့်ရှိပြီး ပြည်သူများ၏ ကြီးမားပြင်းထန်သော စိတ်ဝင်စားမှုခိုင်မာစေရန် တိုးတက်မှုဖြစ်စဉ်များအား သတင်းထုတ်ပြန်ပေးရမည်။ အပိုဒ် ၁၄ (၁)၌ ရှင်းလင်းဖော်ပြထားချက်အရ ဥပမာအားဖြင့် ကလေးသူငယ်များနှင့် **ခံရသူများ/**မြေစာပင်တို့၏ အထောက်အထားများကို ကာကွယ်ရန် အချို့သောအခြေအနေများတွင် မီဒီယာတို့မှ တင်ပြချက်များအား ကန့်သတ်နိုင်သည်။

တရားစီရင်မှုစနစ်မှ အာဏာပိုင်အဖွဲ့အား ကာကွယ်ရန် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်မှုများသည် ပိုမိုအငြင်းပွားဖွယ်ဖြစ်သည်။ ၂၀၀၂ ခုနှစ် ပူးတွဲကြေညာချက်မှ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အတွက် အပြည်ပြည်ဆိုင်ရာ အထူးထုတ်ပြန်ချက်၌ တရားရုံးနှင့် တရားစီရင်မှုအပေါ် ဝေဖန်ခြင်းအားအထူးတားမြစ်ချက်များသည် တရားမျှတမှုမဖြစ်နိုင်ပေ။ တရားစီရင်ရေးသည် ပြည်သူဆိုင်ရာ အခန်းကဏ္ဍတွင် အဓိကကျသဖြင့် အများပြည်သူရှေ့မှောက်၌ ပွင့်လင်းစွာ စေ့စေ့စပ်စပ် စိစစ်နိုင်ရမည်ဖြစ်သည်။

*R.v.Koptyo*၏ အွန်တာရီယို အယူခံရုံးမှ ဤအချက်နှင့်ပတ်သက်သော အကြောင်းပြချက်ကို ရှင်းလင်းစွာ ထုတ်ဖော်ပြောဆိုခဲ့သည်မှာ-

၎င်းတို့အရေးပါမှု၏ ရလဒ်အဖြစ် တရားရုံးများသည် သုံးသပ်ချက်နှင့် ဝေဖန်ချက်တို့၏ အဓိကအကြောင်းအရာဖြစ်ကြောင်း သေချာသည်။ အကြောင်းအရာအားလုံးမှာ ကောင်းမွန်စွာ အကျိုးအကြောင်းပြနိုင်မည်မဟုတ်ပေ။ တရားမနိုင်သော အမှုသည်တစ်ဦးသည် စီရင်ချက်ချပြီးသောအခါတွင် ချီးကျူးသည့် အသုံးအနှုန်းများမပါသော မှတ်ချက်များ ပြုနိုင်ပေသည်။ အချို့သော ဝေဖန်ချက်များမှာ ကောင်းစွာ အခြေခံထားပြီး အချို့အကြံပေးမှုများမှာ ချမှတ်ထားမှုများ ပြောင်းလဲရန်အတွက် ထိုက်တန်သည်။ သို့သော်လည်း တရားရုံးများသည် အငြင်းအခုံတည်းဟူသော ပူလောင်မှုအောက်တွင် ညှိုးနွမ်းသွားမည့် နုနယ်သော ပန်းပွင့်များမဟုတ်ကြပေ။ တရားရုံးများသည် မတူညီသော အချိန်များတွင်ပင် ၎င်းတို့၏လုပ်ငန်းဆောင်တာများကို ကောင်းမွန်ထိရောက်စွာ ဆောင်ရွက်နိုင်သည်။ ၎င်းတို့သည် ရပ်ရွာမှ ကောင်းစွာအသိအမှတ်ပြုခံရပြီး အကြောင်းမှာ လေးစားထိုက်သော ဆောင်ရွက်မှုများကြောင့်ဖြစ်သည်။ တရားရုံးများသည် ၎င်းတို့၏ ဆောင်ရွက်မှုနှင့် ဆုံးဖြတ်ချက်များကို ဝေဖန်မှုများနှင့် စောဒကတက်မှု အတားအဆီးများအားကြောက်ရွံ့ခြင်း မရှိပေ။

သို့သော်လည်း နိုင်ငံအများအပြား၌ တရားရုံးများနှင့် တရားစီရင်မှုများကို ဦးတည်လာသည့် ဝေဖန်မှုများကို ကျိုးကြောင်းဆီလျော်ခြင်းမရှိဘဲ ကန့်သတ်မှုများပြုလုပ်သည်။ တရားဥပဒေနှင့်ညီညွတ်သော ကာကွယ်ရန်လိုအပ်သည့် တစ်ခုတည်းသော အကျိုးအမြတ်မှာ အများပြည်သူများသည် အငြင်းပွားမှုများ၏ နောက်ဆုံးဆုံးဖြတ်သူအနေဖြင့် တရားရုံးများကို ဆက်လက်အသုံးပြုရန်ဆန္ဒရှိခြင်းပင်ဖြစ်သည်။ ၎င်းသည် လွန်စွာမှ အန္တရာယ်ကင်းသည်။



ဧပြီ ၁၇ ရက် မြန်မာနှစ်ဆန်း တစ်ရက်က ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက်လုံးဆိုင်ရာ သံဃာ့ ဒါနဆွမ်းလောင်းအသင်းက ကြီးမှူး၍ (၂၅) ကြိမ်မြောက် ငွေရတုသဘင် သက်ကြီးဝါကြီးပူဇော်ပွဲကို ယင်း မွှာရုံအလှူမဏ္ဍပ်၌ ကျင်းပရာ မြို့နယ်အတွင်းမှ သက်တော် ၇၅ နှစ် ဝါတော် ၅၅ဝါပြည့် ဆရာတော် သံဃာတော်များအား အသင်းအမှု ဆောင်များက လှူဖွယ်ဝတ္ထုငွေများ ဆက်လက်လှူဒါန်းစဉ်။

ဘော်ဂါသွေး

# ကိုယ့်အားကိုယ်ကိုး ကျေးလက်ကျန်းမာရေးဌာန လွှဲပြောင်းပေးအပ်

**ခင်ဦး ဧပြီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ငါးတင်းကြီးကျေးရွာ ကိုယ့်အားကိုယ်ကိုး ကျေးလက်ကျန်းမာရေးဌာန လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၁၀ ရက် နံနက် ၁၁ နာရီက ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ ကျေးလက်ကျန်းမာရေးဌာနကို ငါးတင်းကြီးကျေးရွာ သမိုင်းသစ်အုဋ္ဌကျောင်းဆရာတော် ဦးဝိစိတ္တ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်သန်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်နိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်သန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်၊ မြို့နယ်စီမံကိန်းဦးစီးအရာရှိ ဒေါ်သီတာသိန်းဆွေတို့က အမှာစကားပြောကြားပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြထွန်းက ကျေးလက်ကျန်းမာရေးဌာန ဆောက်လုပ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဆရာတော်ဦးဝိစိတ္တက ဆေးခန်းပိုင်မြေ အဆောက်အအုံနှင့်သက်ဆိုင်သော စာချုပ်စာတမ်းများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဦးကျော်နိုင်ထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ ကိုယ့်အားကိုယ်ကိုး ကျေးလက်ကျန်းမာရေးဌာနကို ကျေးရွာမှ ဘုန်းတော်ကြီးကျောင်းသုံးကျောင်းမှ ဆရာတော်များက ဦးဆောင်ပြီး ဆရာတော် ဦးဝိစိတ္တက ဆေးခန်းဆောက်လုပ်ရန် ဘိုးဘွားပိုင်မြေ အလျား ပေ ၁၁၀၊ အနံပေ ၁၁၀ ကို လှူဒါန်းရာ ကျေးရွာသူ၊ ကျေးရွာသားများက စုပေါင်း၍ အလျား ၄၇ ပေ၊ အနံ ၄၆ ပေ၊ သွပ်မိုး၊ နံရံကပ်၊ တစ်ထပ်အဆောက်အအုံကို ဆောက်လုပ်ရာ စုစုပေါင်းငွေကျပ် လေးရာတစ်ဆယ့်လေးသိန်းငါးသောင်းငါးထောင်ငါးရာ ကုန်ကျကြောင်းသိရသည်။

ယခင်က ငါးတင်းကြီးကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲသာရှိပြီး ကျန်းမာရေးအတွက် အရေးကြုံလာပါက ခြောက်မိုင်ခန့်ဝေးသော ရွာစဉ်ကျေးရွာ တိုက်နယ်ဆေးရုံသို့သွားရကြောင်း ယခုကိုယ့်အားကိုယ်ကိုး ကျန်းမာရေးဌာန ဖွင့်နိုင်သည့်အတွက် ကျေးရွာ ၁၂ ရွာမှ ပြည်သူ ၁၃၀၇၂ ဦးတို့မှာ ကျန်းမာရေးစောင့်ရှောက်မှု ခံယူနိုင်ပြီဖြစ်ကြောင်း ကျေးရွာရပ်မိရပ်ဖ ဦးခင်မောင်အေးက ပြောသည်။

**ခင်ဦးစိုးဝေ**

# သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့

**ရေကြည် ဧပြီ ၁၈**

မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် နှစ်သစ်မင်္ဂလာ အထိမ်းအမှတ်ဖြင့် ရေကြည်မြို့ပေါ်ရှိ ဆရာတော်ကြီးများက နှစ်သစ်မင်္ဂလာဩဝါဒစကားများမိန့်ကြားခြင်းနှင့် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲကို ဧပြီ ၁၇ ရက်က ပုသိမ်ခရိုင် ရေကြည်မြို့ ရေကြည်ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ နှစ်သစ်မင်္ဂလာအထိမ်းအမှတ်ဖြင့် ရေကြည်မြို့ ဇောတိကာရုံ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယကဆရာတော် ဦးကောဝိဒက နှစ်သစ်မင်္ဂလာ တရားတော်များအား ဟောကြားတော်မူပြီး ရေကြည်မြို့ပေါ် ဆရာတော်ကြီး အပါး ၂၀ တို့က နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။

ယင်းနောက် ဆရာတော်အပါး ၂၀ တို့အား လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများအား ကပ်လှူတော်မူကြသည်။ ထို့နောက် နံနက် ၈ နာရီတွင် သက်ကြီးဘိုးဘွား ၄၅ ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ စီဖြင့် ပူဇော်ကန်တော့ခဲ့ကြပြီး ကန်တော့ခံအဘိုးအဘွားများကိုယ်စား အဘိုးတစ်ဦးက ကျေးဇူးတင်စကားနှင့် နှစ်သစ်မင်္ဂလာဆုတောင်းစကားများ ပြောကြားခဲ့သည်။

**မင်းဇော်ဦး(ရေကြည်)**

# တပ်ကုန်းမြို့နယ် အိမ်ထောင်စုတိုင်း ဆိုလာလျှပ်စစ်မီးလင်းပြီ

**တပ်ကုန်း ဧပြီ ၁၈**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ကျောင်းကုန်းကျေးရွာအုပ်စုတွင် ဧပြီပထမပတ်က ကျောင်းကုန်းကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ရွာလုံးကျွတ်ဆိုလာလျှပ်စစ်မီးလင်းရေးဖွင့်ပွဲ ကျင်းပခဲ့သည်။ အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးစနေထွန်း၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဘဏ္ဍာရေးတာဝန်ခံ ဦးမင်းနိုင်၊ ကျေးရွာရပ်မိရပ်ဖ တစ်ဦးတို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

ကျောင်းကုန်း ကျေးရွာသည် တပ်ကုန်းမြို့၏ အရှေ့ဘက် မိုင် ၄၀ ခန့် ကွာဝေးလျက် တောင်ခြောက်လုံးတက်၊ တောင်ခြောက်လုံးဆင်းပြီးမှ ရောက်ရှိသောကျေးရွာဖြစ်၍ လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး အိမ်ခြေနည်းသော ကျေးရွာဖြစ်ကာ လျှပ်စစ်မီးရရှိရန် မလွယ်ကူလှပေ။ ယခုအခါ နေပြည်တော်ကောင်စီ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေဖြင့် ငွေကျပ်သန်းပေါင်း ၄၁ ဒသမ ၈၀၀ အကုန်အကျခံ၍ ကျေးရွာအတွင်းရှိ အိမ်ပေါင်း ၂၀၉ အိမ်ကို ဆိုလာပြား၊ ဘက်ထရီအိုး၊ အင်ဗာတာ၊ မီးသီး၊ မီးကြိုး၊ မီးချောင်းများအား(မင်းရာဇာ) ကုမ္ပဏီမှ တာဝန်ယူတပ်ဆင်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(၄၁၇)**



STRATEGY FIRST INSTITUTE
တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသော လူငယ်များအတွက်
ENGLISH 4 skills for young adults
• Elementary -12:30 pm to 2:30 pm (Mon, Tue, Wed), Fees: 95,000 ks
• Pre-Inter - 12:30 pm to 2:30 pm (Wed, Thu, Fri), | Fees: 125,000 ks
• Intermediate - 3:30 pm to 5:30 pm (Wed, Thu, Fri) | Fees: 135,000 ks
လုပ်ငန်းအတွက် အင်္ဂလိပ်စာတိုးတက်ချင်သူများအတွက်
ENGLISH 4skills for professionals
• Pre-Inter - 6:00 pm to 8:30 pm (Sat & Sun), Fees: 150,000 ks
• Intermediate - 6:00 pm to 8:30 pm (Wed, Fri) | Fees: 165,000 ks
IELTS™
English for International Opportunity
Preparation Course
• 6:00 to 8:30 pm (Sun & Mon), Fees: 180,000 ks
သင်္ကြန်ပိတ်ရက်အပြီး သင်တန်းများစမည်။
နိုင်ငံခြားသား ဆရာ၊ ဆရာမများမှ သင်ကြားပေးသည်။
Placement Test ဖြေဆိုရန် စာရင်းပေးသွင်းနိုင်ပါပြီ။
အင်္ဂလိပ်စာ ကျွမ်းကျင်မှုအပြင်၊ ဗဟုသုတ အစုံရရှိပြီး၊ critical thinking, creative thinking များ တိုးတက်စေရန် ပျော်ရွှင်ဖွယ်နည်းလမ်းများဖြင့် သင်ကြားပေးသည်။
သတိပြုရန် - ဆေးလိပ်၊ အရက်၊ ဘီယာလုပ်ငန်းများ၊ အချို့ MLM လုပ်ငန်းများနှင့် ၎င်းတို့၏ ဝန်ထမ်းများကို ဝန်ဆောင်မှုမပေးပါ။
1st Floor, Pan Chan Tower, Dhamma Zedi Road, San Chaung Township, Yangon.
Call Now: 09 250 7171 66-68

PUN HLAING HOSPITAL
ISO 9001:2008
ISO 14001:2004
ပန်းလှိုင်ဆေးရုံ နှလုံးဌာန အထူးအစီအစဉ်
နှလုံးသွေးကြောကျဉ်းရောဂါရှာဖွေကုသခြင်းပေါင်းများစွာတို့ကိုအောင်မြင်စွာပြုလုပ်ပေးနိုင်ခဲ့သော နိုင်ငံတကာအတွေ့အကြုံရှိ မြန်မာနိုင်ငံမှနှလုံးအထူးကုဆရာဝန်ကြီးများနှင့် စင်ကာပူနိုင်ငံမှ ဆရာဝန်ကြီးတို့ပူးပေါင်း၍
- နှလုံးသွေးကြောပုံရိပ်ဖော်ခြင်း
- နှလုံးသွေးကြောထောက်ကိရိယာ (Stent) ထည့်သွင်းကုသခြင်း
စသည်တို့ကိုလာရောက်ကုသပေးမည်ဖြစ်ပါသည်။
ဧပြီလ ( ၂၆ ) ရက်မှ ( ၂၈ ) ရက်နေ့အထိ
LIKE US ON facebook Pun Hlaing Hospital
ဆက်သွယ်ရန် – ရန်ကုန် (၀၁) ၆၈၄၃၂၃၊ ၆၈၄၃၂၅၊ ၆၈၄၃၃၆၊ (၀၉) ၄၂၁၀၄၂၆၇၉၊ (၀၉) ၂၅၄၉၅၀၈၁၇ / မန္တလေး (၀၉) ၄၃၂၀၇၇၈၁ Email : marketing-phih@spa-mm.com

# ကမ္ဘာ့ရတနာဘဏ်

GLOBAL TREASURE BANK

GLOBAL TREASURE BANK

**Your Dream Your Success, Global Treasure Bank.**

(သင့်ရည်မှန်းချက်အောင်မြင်ရေး ကမ္ဘာ့ရတနာဘဏ်မှဖြည့်ဆည်းပေး)

## ဘဏ်၏ဝန်ဆောင်မှုများ

- စာရင်းရှင်အပ်ငွေ
- ငွေစုဘဏ်အပ်ငွေ
- အချိန်ပိုင်းအပ်ငွေ
- ခေါ်ယူအပ်ငွေစာရင်း
- ချေးငွေများ
- **Hire Purchase**
- ငွေလွှဲခြင်း
- နိုင်ငံခြားငွေများဝယ်ယူရောင်းချလဲလှယ်ပေးခြင်း
- နိုင်ငံခြားသုံးငွေဖြင့်စာရင်းရှင်အပ်ငွေစာရင်းဖွင့်လှစ်နိုင်ခြင်း
- နိုင်ငံတကာမှလွှဲငွေပေးပို့နိုင်ခြင်း

## Call Deposits ခေါ်ယူအပ်ငွေ

| | | |
|---|---|---|
| ကျပ်သိန်း(၁၀၀) အထိ | - | ၄ % |
| ကျပ်သိန်း(၁၀၀) အထက် | - | ၈. ၂၅ % |
| ကျပ်သိန်း(၁၀၀၀)မှ (၅၀၀၀)သိန်းအတွင်း | - | ၈. ၃ % |
| ကျပ်သိန်း(၅၀၀၀)အထက် | - | ၈. ၃၅ % |

မိတ်ဖက်ငွေလွှဲလုပ်ငန်းဆောင်ရွက်လျက်ရှိသော

MOB/CB/AGD/UAB/မြဝတီ/စက်မှုလက်မှု/

ကျေးလက်/ရန်ကုန်မြို့တော်စည်ပင်ဘဏ်ခွဲများအသီးသီးသို့လည်း

အချိန်တိုအတွင်း ငွေပို့ – ငွေလွှဲနိုင်ပြီဖြစ်ပါသည်။

## FIXED DEPOSIT စာရင်းသေအပ်ငွေ

(၁၂)လ စာရင်းသေအပ်ငွေအတိုးနှုန်း ၁၀. ၀၀%

(၉)လ စာရင်းသေအပ်ငွေအတိုးနှုန်း ၉. ၇၅%

(၆)လ စာရင်းသေအပ်ငွေအတိုးနှုန်း ၉. ၅၀%

(၃)လ စာရင်းသေအပ်ငွေအတိုးနှုန်း ၉. ၂၅%

## SAVING DEPOSIT ငွေစုဘဏ်အပ်ငွေ

အတိုးနှုန်း (၁)နှစ် ၈. ၂၅%



JUNCTION CENtRE

မဟာသင်္ကြန် နှစ်သစ်ကူး ကံစမ်းမဲ

28th March - 30th April, 2015

ငွေကျပ် ၃ သောင်းဖိုး ဝယ်ယူပြီး
ဆုမဲများ ရရှိနိုင်မည့် အခွင့်အရေး . . .

ESKALA HOTELS & RESORTS သို့
ငွေဆောင်ကမ်းခြေခရီးစဉ် ၁၀ ဆု နှင့်
အခြားတန်ဖိုးကြီး ဆုမဲ ပေါင်းများစွာ...



www.facebook.com/junctionshoppingcentre
www.junctioncentregroup.com

Supported By ESKALA HOTELS & RESORTS

ရွှေထိပ်တန်း ချောင်းသာ(နေ့စဉ်)
ကျိုက်ထီးရိုး (နေ့စဉ်) | ငွေဆောင် (သောကြာ) | ရွှေနန်းပြည်တော်ပြန် (တနင်္ဂနွေ)
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ့်စမ်းလှိုဏ်ဂူ ခရီးလုံးငှားလက်ခံသည်
01-701015,01-710436,09-5403844,09-5044830

အဆင့် (1) to (5) နှင့်ဂုဏ်ထူးရှင်များဖြစ်အောင်သင်ပေးနေတဲ့
"ဒေါ်အောင်းသိမ့်သိမ့်သူ" B.A (Law) ၏
Ph : 09 254031322 , 09 5418350

ရွှေနဂါး
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
209077, 209388, 09-73167000

မြေကွက်ရောင်းမည်
ပြင်ဦးလွင် ရပ်ကွက်ကြီး (၁၂) ရှိ အသင့်နေထိုင်သော
အန်ဂလိုဆောက်ပါသည့် လူနေရပ်ကွက် ရေိယာအတွင်းရှိ
ပေ (70'x 80') မြေကွက်အား အမြန်ရောင်းမည်။
ဈေးနှုန်း - (450) သိန်း
ဆက်သွယ်ရန် - 09-250136302

ပြင်ဦးလွင် - မြေကွက်များရောင်းမည်
အရှုပ်အရှင်းကင်းသည့် နေရာကောင်းသော
မြေကွက်များအား ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။
ဈေးနှုန်း သိန်း -(160 မှ 15,000 အတွင်း)
စုံစမ်းရန် - အမှတ် -(506) ပထမထပ်၊ အခန်း (A -2)၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ (ရုံးချိန်အတွင်း)


## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဇေယျာသီရိရပ်ကွက်၊ အောင်ရတနာလမ်း၊ အမှတ် ၄၁၈ ဟုခေါ်တွင်သည့် တိုက်အဆောက်အအုံ၏ (၁၁½'×၄၇')အကျယ်အဝန်းရှိသော ပထမထပ်(ခြေရင်း)အခန်းနှင့် တတိယထပ်(ခြေရင်း)တိုက်ခန်း(၂)အား ရောင်းချပိုင်ခွင့်ရှိသူ (၁) ဦးအေးဝင်း (S/DGNMTT-000394)၊ (၂) ဦးကျော်လှိုင် ၁၂/မဂတ(နိုင်)၁၀၆၈၂၇၊ (၃) ဒေါ်သဇင်နွယ် ၁၂/လမန(နိုင်)၁၄၇၅၅၃၊ LUCKY FRIEND Construction တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါတိုက်ခန်းများနှင့် ယင်းတိုက်ခန်းများ၏ အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက် ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးရဲထူးကျော် LL.B အထက်တန်းရှေ့နေ(စဉ်-၃၇၅၈၂)
ဦးသူရ LL.B,D.B.L,D.I.L အထက်တန်းရှေ့နေ(စဉ်-၃၇၆၀၀)
အမှတ် ၉၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၁၄၁၉၁၀၊ ၀၉-၂၅၀၂၇၅၉၃၉


MA GA Manufacturing Co., Ltd

မာဃ ကုန်ထုတ်လုပ်မှု ကုမ္ပဏီလီမိတက်

"ရန်ကုန်မြို့ကြီး" ရေစီးရေလာ ကောင်းမွန်ဖို့ မာဃ ကွန်ကရစ်ပိုက်ကို သုံးကြစို့

၁။ ခေတ်မီစက်ကြီးဖြင့် ထုတ်လုပ်ထားသောကြောင့် နိုင်ငံတကာ အရည်အသွေးပြည့်မီခြင်း။
၂။ သာမန်ရေနုတ်မြောင်းများ အဖြစ်သာမက (Circular Culvert) များအဖြစ်ပါအသုံးပြုနိုင်ခြင်း။
၃။ ကွန်ကရစ် အရည်အသွေး 30 MPa ရရှိအောင် ထုတ်လုပ်ထားခြင်းကြောင့် ရေရှည်ခိုင်ခံ့စွာ အသုံးပြုနိုင်ခြင်း။
၄။ အချင်း ၃၀၀ မီလီမီတာ မှ အချင်း ၁၅၀၀ မီလီမီတာ အရွယ်အစား အထိရရှိနိုင်ခြင်း။
၅။ သယ်ယူပို့ဆောင်ရန် (Transport and Handling ) လွယ်ကူခြင်း။
၆။ နိုင်ငံတကာစံနှုန်းများနှင့် အရွယ်အစားများအတိုင်း ပြုလုပ်ထားခြင်းကြောင့် တပ်ဆင်အသုံးပြုရ လွယ်ကူခြင်း။



စွန့်ပစ်ရေဆိုးများအတွက် ရေလုံ၍ Sulphate Resistance ရှိသောကွန်ကရစ်ပိုက်များကို ထုတ်လုပ်ပေးနိုင်ပါသည်။

အမှတ်(၁၀၄)၊ ဝက်မစွတ်ဝန်ထောက်လမ်း၊ လှိုင်သာယာစက်မှုဇုံ(၄)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်။ Ph : 09 73494451, 09 5018522, 09 795723761

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**အမျိုးသားသွေးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

- အမျိုးသားသွေးဌာနတွင် လုံခြုံရေးစနစ်ပါရှိသော Serri-Airtigth Door များ ပြောင်းလဲတပ်ဆင်ခြင်း။
- ပြတင်းများ၊ အလင်းပေါက်များအား လုံခြုံရေးသံပန်းများတပ်ဆင်ခြင်း။
- Close Curcit TV System များတပ်ဆင်ခြင်း။
- Water Closet များအား ပြုပြင်မွမ်းမံခြင်း။

**အိတ်ဖွင့်တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၂၂-၄-၂၀၁၅ ရက်(ဗုဒ္ဓဟူးနေ့)
**အိတ်ဖွင့်တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၅-၅-၂၀၁၅ ရက်(အင်္ဂါနေ့)

အသေးစိတ်အချက်အလက်များသိရှိလိုပါက အမျိုးသားသွေးဌာန၊ ရန်ကုန်သို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

---

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ အောက်ဖော်ပြပါ Power Transformer များကို နိုင်ငံခြားငွေ(USD)ဖြင့် ဝယ်ယူလိုပါသည်-

| | | |
|---|---|---|
| (က) | 132/33/11kV,50MVA,3 Phase Power Transformer | (1)No |
| (ခ) | 230/33/11kV,100MVA,3 Phase Power Transformer | (2)No |

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၂-၄-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၁၉-၅-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၈၂**

---

**အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန**
**လူမှုဖူလုံရေးရုံးချုပ်**
**ရုံးအမှတ်(၅၁)၊ နေပြည်တော်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့လက်အောက်ရှိ ဆေးရုံကြီးများတွင် အသုံးပြုရန်လိုအပ်သော အောက်ပါဆေးပစ္စည်းကိရိယာများကို မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ဝယ်ယူရန် ဈေးနှုန်းတင်သွင်းလွှာ ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံများကို အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဖူလုံရေးရုံးချုပ်၊ ရုံးအမှတ်(၅၁) နေပြည်တော်နှင့်လူမှုဖူလုံရေးအဖွဲ့ အလုံပင်မဆေးသိုလှောင်ရေးဌာန၊ ကမ်းနားလမ်းနှင့် အောင်ရတနာလမ်းထောင့်၊ သခင်မြပန်းခြံ (အလုံ)ရန်ကုန်မြို့တွင် ၂၂-၄-၂၀၁၅ ရက်မှစတင်၍ ရုံးချိန်အတွင်း တင်ဒါပုံစံများကို ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၄၃၀၃၈၃၊ ၀၆၇-၄၃၀၂၈၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

(1) Operating Microscope, Topcom OMS-90(X-Y axis)
(2) 128-Slice CT Scanner
(3) Accessories of Color Doppler (Hitachi, F 37, Aloka
- (a) Software & Probes for Cardiac Application (UST-5299)
- (b) Software & Probes for Vascular Application (UST-5413)
- (c) Software &Probes for Transvaginal Application(UST-9124)

**ဆေးဌာန**
**လူမှုဖူလုံရေးရုံးချုပ်၊ နေပြည်တော်**

---

**ဒီကရီအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်**

## အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ပုသိမ်ကြီးမြို့နယ် တရားရုံးတော်၌**
**၂၀၁၀ ခုနှစ် တရားမကြီးအမှုအမှတ်-၅၇ နှင့်ဆက်နွယ်သည့်**
**၂၀၁၄ ခုနှစ် တရားမဇာရီမှုအမှတ်-၁၇**

| | | |
|---|---|---|
| ဦးသောင်းလှိုင် | **နှင့်** | ဒေါ်ခင်နီလာဝင်း |
| တရားနိုင် | | တရားရှုံး |

ဒေါ်ခင်နီလာဝင်း(ဘ)ဦးဝင်းနိုင် ၁၃/လရန(နိုင်)၀၉၄၈၀၃ နန်းဦးလွင်ကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၀ ခုနှစ် တရားမကြီးမှုအမှတ်-၅၇ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန်အတွက် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၅ ခုနှစ် ဧပြီ ၂၃ရက် (၁၃၇၇ ခုနှစ် ကဆုန်လဆန်း ၆ရက်)နံနက် ၁၁း၀၀ နာရီတွင် ဤရုံးတော်ရှေ့သို့ လာရောက်စေ။

၂၀၁၅ ခုနှစ် မတ် ၁၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးပေးလိုက်သည်။

**ဒေါ်ဝါဝါခိုင်**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ပုသိမ်ကြီးမြို့နယ်တရားရုံး**

---

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

**ဓာတ်အားခွဲရုံစီမံကိန်းများ**

(၁) 66/11kV,5MVA ဖလမ်းဓာတ်အားခွဲရုံ တည်ဆောက်ခြင်း
(၂) 66/33kV, 10 MVA & 66/11kV, 5MVA မင်းပြားဓာတ်အားခွဲရုံတည်ဆောက်ခြင်း
(၃) 66/11kV, 5MVA မိုင်းရှူးဓာတ်အားခွဲရုံ တည်ဆောက်ခြင်း
(၄) 66/11kV, 5MVA ကွတ်ခိုင်ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း
(၅) 66/11kV, 5MVA မင်းကင်းဓာတ်အားခွဲရုံ တည်ဆောက်ခြင်း
(၆) 66/11kV, 5MVA ထီးလင်းဓာတ်အားခွဲရုံ တည်ဆောက်ခြင်း
(၇) 66/11kV, 5MVA ဆောဓာတ်အားခွဲရုံ တည်ဆောက်ခြင်း
(၈) 66/11kV, 5MVA ရှားတောဓာတ်အားခွဲရုံ တည်ဆောက်ခြင်း
(၉) 66/33/11kV, 30MVA ဘော်လခဲ ဓာတ်အားခွဲရုံတည်ဆောက်ခြင်း
(၁၀) 66/11kV, 10MVA ဘုရားကုန်း (ဇာသပြင်) ဓာတ်အားခွဲရုံတည်ဆောက်ခြင်း
(၁၁) 66/11kV, 2 × 5MVA ကော့ကရိတ် ဓာတ်အားခွဲရုံတည်ဆောက်ခြင်း
(၁၂) 66/11kV, 5MVA မအီဓာတ်အားခွဲရုံ တည်ဆောက်ခြင်း
(၁၃) 66/11kV, 2× 10MVA ကျောက်ဖြူ (SEZ) ဓာတ်အားခွဲရုံတည်ဆောက်ခြင်း
(၁၄) 66/11kV, 10MVA တောင်ကုတ်မြို့ ဓာတ်အားခွဲရုံတည်ဆောက်ခြင်း
(၁၅) 66/11kV, 5MVA မင်းတုန်း ဓာတ်အားခွဲရုံတည်ဆောက်ခြင်း
(၁၆) 66/11kV, 5MVA ကမ္မဓာတ်အားခွဲရုံ တည်ဆောက်ခြင်း
(၁၇) 132/66/11kV, 2× 50MVA တောင်ကြီးဓာတ်အားခွဲရုံတည်ဆောက်ခြင်း
(၁၈) 230/66/11kV, 2 × 50MVA ကလေးပင်မဓာတ်အားခွဲရုံ တည်ဆောက်ခြင်း
(၁၉) 230/66/11kV, 2 × 50MVA ဂန့်ဂေါပင်မဓာတ်အားခွဲရုံတည်ဆောက်ခြင်း
(၂၀) 132/66kV, 100MVA, 132/33kV, 50MVA လှိုင်ကော်ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း
(၂၁) 230/66/11kV, 2 × 50MVA မြဝတီ ပင်မဓာတ်အားခွဲရုံတည်ဆောက်ခြင်း
(၂၂) ၂၃၀ကေဗွီ တောင်တွင်းကြီးခွဲရုံ (၂) Bay Extension တည်ဆောက်ခြင်း
(၂၃) ၂၃၀ကေဗွီ ရွှေတောင်ခွဲရုံ (၂) Bay Extension တည်ဆောက်ခြင်း

**ဓာတ်အားလိုင်းစီမံကိန်းများ**

(၁) မော်လမြိုင်-မြဝတီ ၂၃၀ကေဗွီ ဓာတ်အားလိုင်း (၈၀)မိုင်တည်ဆောက်ခြင်း
(၂) မြဝတီ-ကော့ကရိတ် ၆၆ ကေဗွီ ဓာတ်အားလိုင်း (၄၀)မိုင်တည်ဆောက်ခြင်း
(၃) တောင်ကုတ်-တောင်ကုတ်မြို့ ၆၆ ကေဗွီ ဓာတ်အားလိုင်း (၉)မိုင်တည်ဆောက်ခြင်း

၂။ အထက်ပါလုပ်ငန်းများသည် နည်းပညာပိုင်းနှင့် ကျွမ်းကျင်မှုပိုင်းဆိုင်ရာ လုပ်ငန်းများဖြစ်ပါသဖြင့် အလားတူလုပ်ငန်းအတွေ့အကြုံရှိသူများ ပါဝင်ဆောင်ရွက်နိုင်ပါသည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၂-၄-၂၀၁၅ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၁-၅-၂၀၁၅ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀နာရီ

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၈၂**

---

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**စက်မှုလယ်ယာဦးစီးဌာန**

## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနမှ အောက်ဖော်ပြပါစက်ကိရိယာပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| **စဉ်** | **ပစ္စည်းအမျိုးအမည်** | **အရေအတွက်** |
|---|---|---|
| (က) | **လက်တွန်းထွန်စက်နှင့်တွဲဖက်သုံးကိရိယာများ** | 4 Lot |
| (ခ) | **ထွန်စက်များ** | 3 Lot |
| (ဂ) | **ထွန်ယက်ကိရိယာများ** | 4 Lot |
| (ဃ) | **ကောက်စိုက်စက်** | 1 Lot |
| (င) | **စပါးရိတ်သိမ်းခြွေလှေ့စက်** | 1 Lot |

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှ စတင်၍ ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၅ ခုနှစ် မေ ၁၁ရက် ၁၅း၀၀ နာရီဖြစ်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**စက်မှုလယ်ယာဦးစီးဌာန**
**ရုံးအမှတ်(၅၀)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၃၂၄၃၊ ၀၆၇-၄၁၃၂၄၂**

---

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
## လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန

၁။ မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာနလက်အောက်ရှိ မြို့နယ်များအတွက် အောက်ဖော်ပြပါ မီးသတ်လုပ်ငန်းဆိုင်ရာ ယာဉ်/စက်ပစ္စည်းများ ဝယ်ယူရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | ရှာဖွေကယ်ဆယ်ရေးဝတ်စုံ | (၂၈၀)စုံ |
| (ခ) | BA Set | (၁၀)လုံး |
| (ဂ) | မီးသတ်ပိုက်လိပ် | (၅၆)လိပ် |
| (ဃ) | မီးကာဝတ်စုံ | (၈)စုံ |
| (င) | ကွန်ပျူတာ၊ ပရင်တာ | (၁၂)စုံ |
| (စ) | ဖုန်းတင်ဒါကား | (၈)စီး |

၂။ အိတ်ဖွင့်တင်ဒါနှင့်စည်းကမ်းချက်များကို ၂၂-၄-၂၀၁၅ ရက်မှစတင်၍(ရုံးချိန်အတွင်း) တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနရုံးတွင် ရောင်းချရမည်ဖြစ်ပြီး ၂၀-၅-၂၀၁၅ ရက်၊ ၁၈း၀၀ နာရီနောက်ဆုံးထား၍ တင်ဒါများတင်သွင်းရန်နှင့် ၂၉-၅-၂၀၁၅ ရက်တွင် တင်ဒါဖွင့်လှစ်မည်ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဖုန်း-၀၂-၂၄၉၅၆ နှင့် တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှူးရုံး ဖုန်း-၀၂-၆၀၇၄၀၊ ၀၉-၂၀၀၀၁၅၂ တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

---

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန**
**၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ်ဝင်ခွင့်**

## လျှောက်လွှာများခေါ်ယူခြင်း

၁။ အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဖြူ)တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ်သင်တန်းသားများကို ခေါ်ယူမည် ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) အကျင့်စာရိတ္တကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါသန်စွမ်းကျန်းမာသူဖြစ်ရမည်။
- (ဂ) တက္ကသိုလ်ဝင်စာမေးပွဲတွင် အောက်ဖော်ပြပါ ဘာသာတွဲများဖြင့် အောင်မြင်သူ ဖြစ်ရမည်။
  - (၁) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘောဂဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒ
  - (၂) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သမိုင်း၊ ရူပဗေဒ၊ ဓာတုဗေဒ
  - (၃) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ စိတ်ကြိုက်မြန်မာစာ၊ ရူပဗေဒ၊ ဓာတုဗေဒ
  - (၄) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ
  - (၅) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီဝင်၊ ရူပဗေဒ၊ ဓာတုဗေဒ
- (ဃ) တက္ကသိုလ်ဝင်စာမေးပွဲတွင်ရရှိခဲ့သည့် အင်္ဂလိပ်စာနှင့်သင်္ချာ စုစုပေါင်းရမှတ်အပေါ်မူတည်၍ ရွေးချယ်မည်ဖြစ်သည်။

၃။ မြန်မာတစ်နိုင်ငံလုံးရှိ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခဲ့သည့် စာစစ်ဌာနများမှ အောင်မြင်သူများ လျှောက်ထားနိုင်သည်။

၄။ အစိုးရနည်းပညာအထက်တန်းကျောင်းများမှ အောင်မြင်သူများလည်း လျှောက်ထားနိုင်သည်။

၅။ အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဖြူ)တွင် ဖွင့်လှစ်သင်ကြားပေးမည့် သင်တန်းများမှာ အောက်ပါအတိုင်းဖြစ်သည်-
- (က) မြို့ပြအင်ဂျင်နီယာ
- (ခ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ
- (ဂ) သုတနည်းပညာ

၆။ သင်တန်းကာလမှာ(၃)နှစ်ဖြစ်သည်။ သင်တန်းပြီးဆုံးပါက ဒီပလိုမာအောင်လက်မှတ်ပေးအပ်မည်ဖြစ်သည်။

၇။ ဝင်ခွင့်လျှောက်လွှာများကို အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ဖြူ)၌ ၂၂- ၄-၂၀၁၅ ရက်မှ စတင်ထုတ်ယူနိုင်သည်။ လျှောက်လွှာများကို ၃-၅-၂၀၁၅ရက် နောက်ဆုံးထား၍ အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ဖြူ)သို့ ပြန်လည်တင်သွင်းရမည်။

၈။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များကို ပူးတွဲတင်ပြရမည်-
- (က) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)
- (ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ထောက်ခံစာမူရင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ ထောက်ခံစာမူရင်း
- (ဂ) သက်ဆိုင်ရာမှ တရားဝင် ထုတ်ပေးထားသော တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သည့် အမှတ်စာရင်း (မူရင်းနှင့်မိတ္တူ)
- (ဃ) ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ

၉။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အစိုးရ စက်မှုလက်မှုသိပ္ပံ (ကျောက်ဖြူ)သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

## ကချင်ပြည်နယ်အစိုးရအဖွဲ့
## ကချင်ပြည်နယ်လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကချင်ပြည်နယ်၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ၂၀၁၅-၂၀၁၆ ပြည်နယ်အစိုးရခွင့်ပြုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့်မြို့နယ်(၂၂)မြို့နယ်တွင် ၃၃ ကေဗွီနှင့် ၁၁ကေဗွီ ဓာတ်အားလိုင်းများ ၄၀၀ ဗို့ ဓာတ်အားလိုင်းများ ထရန်စဖော်မာများတိုးချဲ့တည်ဆောက်ခြင်း လုပ်ငန်းများဆောင်ရွက်ရန်ရှိပါသဖြင့် ဆောင်ရွက်လိုသော လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၂၂-၄-၂၀၁၅ ရက်မှစတင်၍ ရုံးချိန်အတွင်းရောင်းချမည်ဖြစ်ပြီး သတ်မှတ်ရက်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များသိရှိလိုပါက အတွင်းရေးမှူး၊ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီရုံး (ကချင်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး) လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ဖုန်း-၀၇၄-၂၁၃၅၄၊ ၀၉-၆၄၀၀၉၈၀ တွင်စုံစမ်း ဝယ်ယူနိုင်ပြီးအောက်ပါအတိုင်း တင်ဒါတင်သွင်းရမည်ဖြစ်ပါသည်။

(က) **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်** - ၂၂-၅-၂၀၁၅ ရက်
(ခ) **တင်ဒါတင်သွင်းမည့်နေရာ** - ကချင်ပြည်နယ်
လျှပ်စစ်အင်ဂျင်နီယာရုံး၊
မြစ်ကြီးနားမြို့

## ကချင်ပြည်နယ်အစိုးရအဖွဲ့
## စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန
## ကချင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအစီအစဉ်ဖြင့် ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံး၏ ကြီးကြပ်မှုဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကချင်ပြည်နယ်အတွင်း ဆောင်ရွက်မည့်အောက်ဖော်ပြပါ ကျေးလက်ဒေသတည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှအိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ကျောက်လမ်း(၂၀/၄.၁၂)မိုင်/ဖာလုံ
(ခ) မြေလမ်း(၃၃/၁.၉၅)မိုင်/ဖာလုံ
(ဂ) သစ်သားတံတား(၇၃၄)ပေ
(ဃ) ရေကျော်တံတား(၄၀၀)ပေ
(င) ရေပြွန်(၃၀)ပေ
(စ) တွင်းတိမ်(၇)တွင်း
(ဆ) တွင်းနက်(၂၁)တွင်း
(ဇ) လက်တူးတွင်း(၆၂)တွင်း
(ဈ) စိမ့်စမ်းရေသွယ်(၂၁)ခု
(ည) တန်ဖိုးနည်းအိမ်ရာ(၆၆၄)လုံး
(ဋ) ယင်လုံအိမ်သာ(၂၀၀)လုံး
(ဌ) ပြည်နယ်ရုံး(၁)ရုံးနှင့်ခရိုင်ရုံး(၄)ရုံး

၂။ တင်သွင်းလိုသည့် ကုမ္ပဏီများသည် ဦးစီးဌာနက သတ်မှတ်ထားသောလုပ်ငန်း စံနှုန်း၊ ဒီဇိုင်းပုံစံများနှင့်အညီ အသေးစိတ်ရေးဆွဲတွက်ချက်တင်ပြရန်ဖြစ်၍ ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် Profile တင်ပြရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် သတ်မှတ်ချက်များကို ၁၀-၄-၂၀၁၅ရက်မှ ၈-၅-၂၀၁၅ ရက် (၁၄း၀၀) နာရီအထိ ရုံးချိန်အတွင်း ရောင်းချပေးသွားမည်ဖြစ်ပြီး ၈-၅-၂၀၁၅ ရက် နောက်ဆုံးထားတင်သွင်းရန်နှင့် တင်ဒါဖွင့်လှစ်မည့်ရက်ကို တင်ဒါတင်သွင်းသူများထံသို့ ဆက်သွယ်အကြောင်းကြားသွားမည်ဖြစ်ပါသည်။ သတ်မှတ်ရက်အချိန်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ တင်ဒါရောင်းချမည့်လိပ်စာနှင့် တင်ဒါပေးသွင်းရမည့်လိပ်စာမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ မြစ်ကြီးနားမြို့နှင့်ကချင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အမှတ်(၁၅၅)၊ ဈေးရပ်ကွက်၊ မြစ်ကြီးနားမြို့ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက ကချင်ပြည်နယ် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန၊ အစိုးရအဖွဲ့ရုံး၊ ဖုန်း-၀၇၄-၂၉၅၁၄၊ ကချင်ပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဖုန်း-၀၇၄-၂၄၂၂၃၊ ၀၇၄-၂၀၉၉၇၊ ၀၉-၇၃၈၁၀၁၅၅၊ ၀၉-၅၃၅၀၆၉၂၊ ၀၉-၄၇၀၂၆၂၈၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးလုပ်ငန်းကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မုံရွာမြို့နယ်တရားရုံး
## ၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၁၀၉

ဒေါ်ခင်သန်းဆွေ **နှင့်** ၁။ ဦးကျော်ကျော်ခိုင်
ဘုန်းစိုးလမ်း၊ လပ်ကီးဝမ်း
မုန့်ဆိုင်အနီး၊
ဘုန်းစိုးရပ်ကွက်၊ မုံရွာမြို့
၂။ ဒေါ်နှင်းနှင်းအေး
(၁-တရားပြိုင်နှင့်အတူနေဇနီး)

**တရားလို** **တရားပြိုင်များ**

အထက်ပါအမှုမှ တရားပြိုင် ဦးကျော်ကျော်ခိုင်နှင့် ဒေါ်နှင်းနှင်းအေး (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ဒီဇယ်ဖိုးကျန်ငွေ ၄၅၈၈၅၀၀/- ပြန်လည်ရရှိလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် မေ ၅ ရက် (၁၃၇၇ ခုနှစ် ကဆုန်လပြည့်ကျော် ၂ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် ဧပြီ ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**ဒေါ်ဘောက်ရာ**
**တွဲဖက်မြို့နယ်တရားသူကြီး**
**မုံရွာမြို့နယ်တရားရုံး**

## အထူးကျေးဇူးတင်ရှိခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း အလှူဒါယကာကြီး**
**ဦးခင်ဇော်(ခ)ဦးဇော်ကြီး အသက် (၅၈)နှစ်**
**(တောင်းကင်စံ ကုမ္ပဏီလီမိတက်၊ မန်နေဂျင်း ဒါရိုက်တာ)**
**(အမရပူရ ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်၊ ဒါရိုက်တာ)**

(၄-၄-၂၀၁၅) စနေနေ့တွင် ကွယ်လွန်သွားသော ကျေးဇူးရှင် ဖခင်ကြီး ဦးခင်ဇော်(ခ)ဦးဇော်ကြီး ၏ ရှာပနတွင် အဘက်ဘက်မှ လိုလေသေးမရှိအောင် အထူးစေတနာထား ဝိုင်းဝန်းကူညီစောင့်ရှောက် လုပ်ကိုင်ပေးကြပါသော ဖေဖေ၏ ချစ်လှစွာသော သူငယ်ချင်းများ ဖြစ်ကြသည့် ကျောက်ကုန်သည်ကြီးများ ဖြစ်ကြသောဦးအေးသိန်း၊ ဦးဆွေဝင်း၊ ဦးမြင့်အောင်၊ ဦးကျော်နိုင်၊ ဦးစိန်လင်းနှင့် မိသားစုဝင်များကို လည်းကောင်း၊ အမရပူရ ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ ဥက္ကဋ္ဌ ဦးသောင်းနိုင် နှင့် မိသားစု၊ ဒါရိုက်တာ ဦးအေးသိန်းနှင့် ဒါရိုက်တာ ဦးမင်းလွင်တို့၏ မိသားစုဝင်များနှင့် ကုမ္ပဏီမှ မိသားစု ဝန်ထမ်းများကို လည်းကောင်း၊ တောင်းကင်စံ ကုမ္ပဏီ လီမိတက်မှ G.M ကိုသက်ဇော်နှင့်တကွ မိသားစု ဝန်ထမ်းများအားလုံးကိုလည်းကောင်း၊ ချစ်လှစွာသောအဒေါ်များဖြစ်ကြသည့် ဦးအောင်ကျော်စိုး (မြန်မာ့လေကြောင်း)နှင့် ဒေါ်မာမာဝေ၊ ဦးဝင်းနိုင်စိန်နှင့် ဒေါ်ပြုံးပြုံးဝေ၊ ဦးသာအောင်နှင့် ဒေါ်ခိုင်ခိုင်ဝေ၊ ဒေါ်ချိုချိုဝေ မိသားစု တို့ကိုလည်းကောင်း၊ နာရေးကိစ္စသိသိခြင်း လာရောက်ကူညီကြသော ကျန်ရစ်သူ မိသားစုဝင်များ၏ မိတ်ဆွေအပေါင်းအသင်းများ၊ ၁၄၆လမ်း၊ အရှေ့ကုန်းရပ်ကွက်အတွင်းရှိ ရပ်မိရပ်ဖ အဖွဲ့ဝင်လူကြီးများနှင့်တကွ၊ လမ်းသူလမ်းသား လူငယ်မောင်မယ်များ၊ ၁၄၆လမ်း မွေ့ရုံအဖွဲ့ဝင်များလည်းကောင်း၊ Phone ၊ E-Mail ၊ Facebook ၊ သတင်းစာများတွင် နှစ်သိမ့်အားပေးကြသည့် ပြည်တွင်း၊ ပြည်ပမှ မိတ်ဆွေသူငယ်ချင်းများ၊ နေအိမ်သို့လိုလေသေးမရှိအောင် လှူဖွယ်ပစ္စည်းအမျိုးမျိုးနှင့် နာရေးကိစ္စမှ အစ ရက်လည်ဆွမ်းကျွေးပွဲအထိ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ သတင်းစာတွင် ဝမ်းနည်းကြောင်း ဖော်ပြပေးသော လုပ်ဖော်ကိုင်ဖက်များအားလုံးကိုလည်းကောင်း၊ ကျန်ကျေးဇူးတင်ထိုက်သူ အားလုံးကိုလည်းကောင်း၊ အထူးကျေးဇူးတင်ရှိပါကြောင်း လှိုက်လှဲစွာမှတ်တမ်းတင်အပ်ပါသည်။

**ကျန်ရစ်သူမိသားစုနှင့် ဝန်ထမ်းများ**

## လူ့ရွှေဟင်္သာ (ခ) လှလင်စိုး
## (ခ) ဦးမိုင်
### အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၆)ရပ်ကွက်၊ အမှတ်(၁၅၄)၊ လသာလမ်းနေ (ဒေါ်မေရင်) လပွတ္တာ၏ခင်ပွန်း၊ ကိုဘုန်းကျော်-လှစင်မင်း၊ ကိုမောင်မြင့်-မခင်အေးလှိုင်၊ ကိုမောင်ဝင်း-မတင်တင်ဝင်း၊ ကိုကျော်အောင်-မစန်းစန်းရီ၊ ကိုအောင်ကျော်ဦး-မအေမီတို့၏ဖခင်ကြီး၊ မြေး ၁၁ ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၆-၄-၂၀၁၅ ရက် (ကြာသပတေးနေ့) နံနက် ၃း၀၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## ဦးစိုးမြင့်
## (သ/မဦးစီးအရာရှိ၊ ငြိမ်း)
## (ဘိုကလေး)
### အသက်(၇၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ယမုံနာ(၂)ရပ်ကွက်၊ စံပြ ၂ လမ်း၊ အိမ်အမှတ် ၂၃၃နေ (ဦးအောင်သိန်း-ဒေါ်ခင်မေ)တို့၏သား၊ ဒေါ်လှတင်၏ ခင်ပွန်း၊ ဦးစိုးတင့် (ရွှေသိင်္ဂီ ဆန်ရောင်းဝယ်ရေး)-ဒေါ်ယဉ်ငွေး(အမက-၆၊ ကျောက်တံတား)၊ ဦးမျိုးသန့်ကျော်-ဒေါ်ဥမ္မာ၊ ဦးအောင်အောင်-ဒေါ်အေးအေးမြင့်၊ ဒေါက်တာစောမာလာ(ခေတ္တ-ဂျပန်)တို့၏ဖခင်၊ မောင်အောင်ကိုဇော်(အထက-၅၊ ဗိုလ်တထောင်)၊ မောင်လင်းသူရကျော် (အထက-၂၊ ဗိုလ်တထောင်)၊ မသဲနန္ဒာစု(အထက-၂၊ လသာ) တို့၏အဘိုးသည် ၁၆-၄-၂၀၁၅ ရက်(ကြာသပတေးနေ့) နံနက် ၅း၄၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ရေဝေးသုသာန်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်သင်္ဂဟများအားအသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးခင်မောင်ကြည် (ဒိုက်ဦး)
**(စာရေးဆရာ-ကျော်စိုး)**
**ဗိုလ်မှူး(ငြိမ်း)ရေ-၃၀၄၅**
**မော်ကွန်းဝင်တတိယဆင့်**
**ဌာနကြီးမှူး(ပါတီစာနယ်ဇင်း)**
### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၃)ရပ်ကွက်၊ အမှတ်(၈၂) ကျွန်းရွှေမြိုင်လမ်းနေ (ဦးလှမောင်-ဒေါ်နှင်းမြိုင်)တို့၏သား (ဦးစံဒွန်း-ဒေါ်ဒေါ်စွဲ) တို့၏သားသမက် (ဦးညွန့်မောင်-ဒေါ်ခင်ကြည်)တို့၏မောင် (ဦးတင်အောင်စော)-ဒေါ်အုန်းကြည်၊ ဦးမြင့်ကြည်-ဒေါ်သန်းမြင့်၊ ဦးသိန်းကြည်-ဒေါ်ရင်ရင်မြင့်တို့၏အစ်ကို ဒေါ်ခင်လှရီ၏ ခင်ပွန်းသည် ၁၅-၄-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆း၄၅ နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၄-၂၀၁၅ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဦးခင်မောင်ကြည် (ဒိုက်ဦး)
**(စာရေးဆရာ-ကျော်စိုး)**
**ဗိုလ်မှူး(ငြိမ်း)ရေ-၃၀၄၅**
**ဌာနကြီးမှူး(ပါတီစာနယ်ဇင်း)**
### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ ၂၃ရပ်ကွက်၊ အမှတ်(၈၂)၊ ကျွန်းရွှေမြိုင်လမ်းနေ ဒေါ်ခင်လှရီ၏ချစ်လှစွာသော ခင်ပွန်း၊ ဒေါ်ဥမ္မာကြည်(ငြိမ်း) စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ဦးကျော်စွာကြည် (UNITEAM)-ဒေါ်သီတာရွှေ၊ (ဦးအောင်မြင်ကြည်)၊ ဦးညီညီ-ဒေါ်စန္ဒာရီ၊ ဒေါ်ကြည်ချယ်ရီ(စီမံကိန်းရေးဆွဲရေးဦးစီးဌာန)၊ ဦးဇော်အောင်-ဒေါ်ဇင်ကြည်ရီ၊ (ဦးတေဇာအောင်ကြည်)၊ ဦးပြည့်ဝန်းဇော်-ဒေါ်စောစန္ဒာနွယ်၊ ဦးပညာအောင်ကြည်၊ ဦးသီဟအောင်ကြည်တို့၏ကျေးဇူးရှင် မွေးသဖခင်၊ ကိုဝဏ္ဏကျော်စွာ-မဇာလီကျော်၊ ဒေါက်တာကျော်သူအောင်၊ ဒေါက်တာမိုမိုကျော်စွာ(AIR BAGAN) မောင်အောင်စိမ်းလှတို့၏ချစ်လှစွာသော အဘိုးသည် ၁၅-၄-၂၀၁၅ ရက်၊ ဗုဒ္ဓဟူးနေ့ ညနေ ၆း၄၅ နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၄-၂၀၁၅ ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုလ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဒေါ်စန်းစန်းလွင် (ချစ်ချစ်)
**အထပြ(ငြိမ်း) အထက(၁) ဒေါပုံ**
**St.Francis အထက(၄)တာမွေ**
### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၀/ဘီ၊ ကုန်းမြင့်ရိပ်သာလမ်း၊ ၇မိုင်၊ မရမ်းကုန်းမြို့နယ်နေ (ဒေါက်တာနာယား-ဒေါ်သိန်းမေ)တို့၏ သမီးထွေး(ဦးဘစိမ်း-ဒေါ်ကြည်ကြည်) ပိဋကတ်တော် ပြန့်ပွားရေးမန္တလေးတို့၏ သမီးချွေးမ၊ ဦးဖေသန်း ပိဋကတ်တော်ပြန့်ပွားရေးရန်ကုန်၏ဇနီး Capt.အောင်ဖေသန်း(Assistance Operations Manager, Raffles Shipping International) -ဒေါ်ခင်လှနွယ် ပိဋကတ်တော်ပြန့်ပွားရေးရန်ကုန်၊ ဒေါက်တာလင်းဖေသန်း(ကထိက၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် ရန်ကုန်)-ဒေါ်ဝင်းမင်းပ၊ ဦးအုပ်စိုးဖေသန်း(Fortune International Ltd.)၊ ဦးဇင်ပိုင်ဖေသန်း-ဒေါ်ကေသီထွန်း(ရွှေနဂါးဆိုင်ကယ်အပိုပစ္စည်းရောင်းဝယ်ရေးရန်ကုန်) တို့၏မိခင် မထက်ဦးဝေ၊ မအေးမြတ်စု၊ မမြတ်ခန့်ဝေ၊ မမြတ်ပြည့်စု၊ မယွန်းလဲ့ဝေ၊ မဖူးပြည့်စုံ၊ မောင်သာလင်းထက်၊ မချစ်သက်နှင်းတို့၏ အဘွားသည် ၁၆-၄-၂၀၁၅ ရက် (ကြာသပတေးနေ့) ည၈း၃၅ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏သဘောဆန္ဒအရ ၁၇-၄-၂၀၁၅ ရက် (သောကြာနေ့) ညနေ ၅း၀၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၂-၄-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇း၀၀နာရီမှ ၁၀း၀၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြင့်မြင့်ဝင်း အသက်(၆၀)

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ လှိုင်မြင့်မိုရ်အိမ်ရာ၊ သုဇီတာလမ်း၊ အမှတ်(၃၃/၂)၊ မြေညီထပ်နေ (ဦးလှချီကွန်း-ဒေါ်ရီ)တို့၏သမီးကြီး၊ (ဦးတင်အေး)(နန်းမြင့်ဆောက်လုပ်ရေး)၏ချစ်လှစွာသောဇနီး၊ ဦးကျော်မြိုင်-ဒေါ်မိမာ၊ဦးမျိုးမြင့်-ဒေါ်တင်တင်စိန်၊ ဦးရဲသူရ-ဒေါ်ဝါဝါချို၊ ဦးကျော်ကျော်ဦး-ဒေါ်အေးအေးသက်တို့၏အစ်မ၊ ကိုအောင်နိုင်ဝင်း-မခိုင်ညွန့်သက်၊ဒေါက်တာဖြိုးဝေသော်-ဒေါက်တာစိုးစိုးသက်တို့၏ချစ်လှစွာသောမိခင်၊ မောင်အောင်သက်ဖြိုး၏အဘွားသည် ၁၆-၄-၂၀၁၅ရက် မွန်းလွဲ ၂း၁၅ နာရီတွင် အာရှ တော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ် ပြီးဖြစ်ပါကြောင်း။ ကွယ်လွန်သူအား ရည်စူး၍ ၂၂-၄-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## (၁)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
## ဒေါ်ခင်နု (တောင်ငူ)
### အသက်(၇၉)နှစ်
### (၁၉-၄-၂၀၁၄)-(၁၉-၄-၂၀၁၅)

မိသားစုနှင့်ခွဲခွာခဲ့သည်မှာ တစ်နှစ်ပြည့်ခဲ့ပြီးပေမယ့် တစ်နေ့မှမေ့မရခဲ့ပါ။ အမေ့ကိုရည်စူးပြီး နေ့စဉ်၊ လစဉ်ပြုရသောကုသိုလ်များနှင့် ယနေ့(၁)နှစ်ပြည့်တွင် ပြုလုပ်ရသောကုသိုလ်ကောင်းမှုအစုစုတို့ကို အမေ့အား အမျှ-အမျှ-အမျှ ပေးဝေပါသည်။ မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

**ကျန်ရစ်သူမိသားစု**
**ဦးဝင်းထွန်း-ဒေါ်သီတာသိန်း**
**ဒေါ်သော်တာသိန်း၊ ဒေါ်သန္တာသိန်း**
**မြေး-အင်ကြင်းခိုင်၊ ထွန်းနဒီရွှေ**

## ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
## ဒေါ်သန်းထွေး (ကုန်သွယ်/လယ်ယာ၊ငြိမ်း)
### အသက်(၇၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်း မြို့နယ်၊ ဝေဠုဝန်အိမ်ရာ၊ တိုက်၁၉၊ အခန်း ၁၁နေ (ဦးထွန်းရင်-ဒေါ်စိန်တုတ်)တို့၏သမီး၊ (ဦးဘိုးစံ-ဒေါ်အေးလှ)တို့၏သမီးချွေးမ၊ ဦးအောင်တင်(MEIS၊ ငြိမ်း)၏ဇနီး၊ (ဦးဇော်ထွန်းအောင်)-Ms Yoko Kono၊ ဦးထင်ကျော်(I.E.M, Co.,Ltd.)-ဒေါ်ခင်သက်ဝေတို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၁၆-၄-၂၀၁၅ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် မဟာမြိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးထွန်းအောင် (ငြိမ်း)
**ဒုရဲအုပ်လောင်း(အပတ်စဉ်-၁၅/၈၃)**
### အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဦးချစ်မောင်လမ်း၊ အမှတ် ၁၆၀နေ ဒေါ်ခင်ချိုမာ(ခ)မသက်၏ခင်ပွန်း ရဲအုပ်ထွန်းအောင်(ငြိမ်း)သည် ၁၇-၄-၂၀၁၅ရက် နံနက် ၁၁း၁၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုရဲအုပ်လောင်းသင်တန်း(၁၅/၈၃)မှ သူငယ်ချင်းများ**

## သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်းမပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြထိန်းသိမ်းမှု မရှိသော နေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## ဒေါ်မြင့်မြင့်
**အသက်(၈၇)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ အောင်သိဒ္ဓိကျောင်းလမ်း၊ အမှတ် ၂နေ ဦးစံလွင်၏ဇနီး၊(ဦးချိန်စွန်း-ဒေါ်အုန်းကြည်)တို့၏သမီးကြီး၊ (ဦးခင်မောင်ဝင်း-ဒေါ်ညွန့်ညွန့်)၊ (ဒေါ်နှင်းနု)တို့၏အစ်မ၊ [ဒေါ်လှလှဝင်း၊ ကျောင်းအုပ်ဆရာမကြီး၊ အလက(၄)အင်းစိန်]၊ (ဦးလှိုင်မြင့်)-ဒေါ်မြမြဝင်း၊ ဒေါ်မာမာဝင်း(လက်ထောက်ညွှန်ကြားရေးမှူး၊ ဗဟိုငှက်ဖျားရောဂါတိုက်ဖျက်ရေးဌာန၊ နေပြည်တော်)၊ ဒေါက်တာရီရီဝင်း (ပါမောက္ခ-ဌာနမှူး၊ ရက္ခဗေဒဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်)၊ ဦးစိုးပိုင်-(ဒေါ်လှလှဦး)တို့၏ချစ်လှစွာသောမိခင်၊ မြေးခုနစ်ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွားဒေါ်မြင့်မြင့်သည် ၁၅-၄-၂၀၁၅ရက် နံနက် ၉း၃၈နာရီတွင်လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါ၍ ယင်းနေ့ ညနေ ၅း၃၀နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၆-၄-၂၀၁၅ရက်တွင် ရက်လည်ဆွမ်းကျွေးတရားနာပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မြင့်မြင့်
**အသက်(၈၇)နှစ်**

ဒေါက်တာရီရီဝင်း(ပါမောက္ခ၊ ဌာနမှူး၊ ရက္ခဗေဒဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်)၏ ချစ်လှစွာသောမိခင် ဒေါ်မြင့်မြင့် အသက်(၈၇)နှစ်သည် ၁၅-၄-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရက္ခဗေဒမိသားစု**
**ရန်ကုန်အဝေးသင်တက္ကသိုလ်**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်စန်းစန်းလွင်
**အသက်(၇၈)နှစ်**

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)၊ မေးရိုးနှင့်ခံတွင်းခွဲစိတ်ကုပညာဌာနမှ ကထိက ဒေါက်တာလင်းဖေသန်း-ဒေါ်ဝင်းမင်းပတို့၏ မိခင် ဒေါ်စန်းစန်းလွင်သည် ၁၆-၄-၂၀၁၅ရက် (ကြာသပတေးနေ့)ညတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ဝန်ထမ်းများ**
**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)**

## ဒေါ်လှမေ (မုဒုံ)
**ကုန်သွယ်/လယ်ယာ(ငြိမ်း)**
**အသက်(၇၂)နှစ်**

မုဒုံမြို့၊ ဘုရားလေးဆူရပ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်၃၂၄နေ(ဦးဘိုးအောင်-ဒေါ်ထွေး)တို့၏သမီး၊ (ဦးဘအုန်း-ဒေါ်ဖွားသင်)တို့၏ချွေးမ၊ ဦးအောင်ထွန်း(ဦးစီးအရာရှိ၊ ငြိမ်း၊ ထွေအုပ်)၏ဇနီး၊ ဗိုလ်မှူးဟန်ထွန်းအောင်-ဒေါ်အေးအေးနှင်း၊ ဒုတိယဗိုလ်မှူးကြီးလွင်အောင်-ဒေါ်စံပယ်လှိုင်၊ မသင်းရွှေစင်(လ/ထ ညွှန်မှူး၊ နေပြည်တော်စည်ပင်)တို့၏မိခင်သည် ၁၈-၄-၂၀၁၅ရက် ၁၂း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၁၅ရက် မွန်းလွဲ ၁နာရီတွင် ကန်ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၂၃-၄-၂၀၁၅ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးကျော်မြတ်ဦး(ဒုတိယတပ်ရင်းမှူး) တဇ(၂၈)
**(ကြည်း-၃၄၀၀၀)**
**အသက်(၃၆)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ ရေနံ့သာကျေးရွာနေ ဦးကျော်ငြိမ်း-ဒေါ်မြပိုတို့၏ တစ်ဦးတည်းသောသား၊ ဒေါ်သူဇာသက်သက်အောင်၏ခင်ပွန်း၊ မောင်မြင့်မြတ်သစ္စာ၊ မောင်မင်းသက်ကျော်စွာ၊ မသီရိမြတ်သက်လျှာတို့၏ဖခင် ဗိုလ်မှူးကျော်မြတ်ဦးသည် ၁၆-၄-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၄-၂၀၁၅ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ခုနစ်မိုင် ရွှေပြည်စိုးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးဝင်းစိန် (ပဲခူး)
**B.Sc (Geology)**
**အသက်(၆၃)နှစ်**

ပဲခူးမြို့နေ (စောဘရားသား ဦးစောမောင်-ဒေါ်ငွေအောင်)တို့၏သားငယ်၊ မန္တလေးမြို့နေ (ဦးဝါပေါ်-ဒေါ်မြရှင်)တို့၏သားသမက်၊ မန္တလေးမြို့နေ ဦးအောင်စော (လုံခြုံရေးမှူး၊ ငြိမ်း) ဒေါ်စန်းစန်း (ဘဏ္ဍာရေးမှူး၊ ငြိမ်း၊ ပုလိပ် ချည်မျှင်နှင့် အထည်စက်ရုံ)၊ ဦးတင်ငွေ(GM ငြိမ်း၊ ဟိုတယ်/ခရီး)၊ ဒေါက်တာဒေါ်လှကြင်(ဆေးရုံအုပ်ကြီး၊ ငြိမ်း၊ NYGH)၊ ဒေါ်မြင့်မြင့်သန်း(လက်ထောက်မန်နေဂျာ၊ ငြိမ်း၊ မြန်မာ့စိုက်ပျိုးရေး)တို့၏ညီ/မောင်၊ ဦးအောင်ကိုး၊ ဒေါ်တင်နွဲ့ရီ (ဆေးလူမှုဆက်ဆံရေးအရာရှိ၊ စဝ်စံထွန်းဆေးရုံ)တို့၏အစ်ကို၊ မန္တလေးမြို့၊ မလွန်ထန်းလျက်တန်းနေ ဒေါ်ဝင်းကြည်၏ခင်ပွန်း၊ ဗိုလ်မှူးငွေနိုင်ဝင်း(ငြိမ်း)၊ ဒေါ်ရွှေရည်ဝင်း(လဝန်းလက်ကုမ္ပဏီ)၊ ကိုဝင်းမော်လွင်တို့၏ဖခင်၊ မနေဝန်းလက်(Grade-IX, MIS)၊ ကျော်သူဟိန်း(Grade-IV MIS)၊ နေဝဒီလှိုင်(Grade-I, MIS)တို့၏အဘိုးသည် ၁၈-၄-၂၀၁၅ရက် မွန်းလွဲ ၂း၃၀နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၀-၄-၂၀၁၅ ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါက်တာပြည်စိုးလွင်(ခ) နောင်နောင်
**M.B.,B.S ( YGN),**
**Dip in Med. Sc**
**(Family Medicine)**
**အသက်(၅၁)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်း၊ အခန်း ၁၄၊ အမှတ် ၅၆နေ (ဦးသိမ်းလွင်)-ဒေါ်လှငွေးတို့၏ချစ်လှစွာသောသားကြီး၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်း၊အမှတ်(၄၅-ဘီ)၊သုံးလွှာနေ ဒေါ်ချိုမာရင်(ခ)ချိုလေး၏ ချစ်လှစွာသောခင်ပွန်း၊ မချစ်စုလွင်( TOKU-OKA SEKKEI MYANMAR Co., Ltd.)(ခေတ္တ-ဂျပန်)၊မောင်ဇွဲဘုန်းလွင်(3rd M.B၊ဆေး-၁)တို့၏ဖခင်၊ ဦးအုန်းမြင့်-ဒေါက်တာဥမ္မာလွင်၊ ဦးဇော်သင်း-ဒေါ်ကလျာလွင်၊ ဦးတင်မောင်အေး-ဒေါ်ခင်စိုးလွင်၊ ဦးကမ္ဘာစိုး-ဒေါ်နန်းထွေး၊ ဦးကျော်စိုးလွင်-ဒေါ်မြသူဇာမွန်တို့၏အစ်ကိုကြီး၊ တူ၊ တူမ ခုနစ်ယောက်တို့၏ဘကြီးသည် ၁၈-၄-၂၀၁၅ရက် နံနက်၅း၃၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၀-၄-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၉နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၇း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၄-၄-၂၀၁၅ရက်(သောကြာနေ့)တွင် ဘီအိုစီပီဋကတ်တိုက်ကျောင်း၊ အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်သို့ နံနက်၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်ကျင်ဝိုင်း (ကျုံမငေး)
**အသက်(၉၂)နှစ်**

ကျုံမငေးမြို့နေ (ဦးဖိုးညွှန့်-ဒေါ်အေးတင်)တို့၏သမီးထွေး၊ (ဦးမောင်ရှမ်း-ဒေါ်စိန်သင်း)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၂၅လမ်း၊ အမှတ် ၅၃၊ သုံးလွှာ(ဝဲဘက်ခန်း)နေ (ဦးယုံရှန်း)၏ချစ်လှစွာသောဇနီး၊ ဒေါ်မြင့်မြင့်အေး၊ ဒေါ်ချိုမြတ်မွန်၊ ဦးခင်မောင်ဝင်း၊ (ဦးခင်မောင်မြင့်)-ဒေါ်ရှူတို့၏မိခင်ကြီး၊ ကိုဝေနိုင်ဦး၏ဘွားဘွားကြီးသည် ၁၈-၄-၂၀၁၅ရက် (စနေနေ့) နံနက် ၉း၅၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၄-၄-၂၀၁၅ရက် (သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်စောတင်
**အသက်(၉၀)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ အမှတ် ၆၊ ကမ္ဘောဇရိပ်သာလမ်းနေ (ဦးသာအိုး-ဒေါ်အေးစိန်)တို့၏သမီး၊ (ဦးချစ်မောင်-ဒေါ်ညွန့်လွင်)တို့၏သမီးချွေးမ၊ (ဦးညွန့်သိန်း၊ လေကြောင်းဦးစီး)၏ဇနီး၊ (ဦးချစ်လှိုင်-ဒေါ်အေးတင်)၊ (ဒေါ်မြင့်မြင့်)တို့၏ညီမ၊ (ဦးညွန့်လှိုင်-ဒေါ်မမလေး)၊ ဦးသက်တင်-(ဒေါ်ခင်ရွှေ)၊ (ဦးတင်အောင်)-ဒေါ်ခင်မြတို့၏အစ်မ၊ ဒေါ်မေလှိုင်သိန်း၊ ဦးကျော်ငွေး-(ဒေါ်မာမာ)၊ ဒေါက်တာမျိုးဆန်း-ဒေါက်တာခင်နှင်းနှင်းလှိုင်၊ ဦးကျော်မျိုး-ဒေါ်သီသီ၊ ဦးဝင်းညွန့်-ဒေါ်သက်သက်၊ဦးဟန်နီ၊ ဦးဆန်းတင့်-ဒေါ်ဆွေဆွေတို့၏မိခင်၊ မြေး ၁၄ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွားသည် ၁၈-၄-၂၀၁၅ရက် (စနေနေ့) နံနက် ၃နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၄-၄-၂၀၁၅ရက် (သောကြာနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးစိုးရှိန်း(ခ)ဦးလှရှိန်း (သဲကုန်း၊ မှော်ဘီ)
**အငြိမ်းစားဗိုလ်ကြီး (ကြည်း-၇၇၇၉) O.T.S (20)**
**အငြိမ်းစား ဒုရဲမှူးကြီး(လ/၁၂၉၄)**
**အသက်(၈၇)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့၊ သစ်ချိုရပ်နေ (ဦးဖိုးသင်း-ဒေါ်ငွေနှစ်)တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ တပ်ကြီးကုန်းရပ်ကွက်၊ သီရိရတနာရပ်၊ နီလာလမ်းနေ (ဒေါ်မြမြဝင်း)၏ခင်ပွန်း၊ ဦးရန်နိုင်ရှိန်း၊ ဦးရဲနိုင်ရှိန်း(ခ)ပုံ့ပုံ့-ဒေါ်စန္ဒာဦး၊ ဦးထွေးနိုင်ရှိန်း-ဒေါ်မျိုးမြင့်မြတ်တို့၏ဖခင်၊ မအိဖြူဖြူရှိန်း၊ မခွာညိုရှိန်း၊ မောင်အောင်ကိုခန့်၊ မောင်သန့်ကိုကိုရှိန်း၊ မမြတ်မွန်ရှိန်းတို့၏အဘိုးသည် ၁၅-၄-၂၀၁၅ရက် ည ၉း၅၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၆-၄-၂၀၁၅ရက် နံနက် ၁၁နာရီတွင် မှော်ဘီမြို့မသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၁-၄-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၅နာရီမှ ၁၁နာရီအထိ မှော်ဘီမြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်ညွန့်ရီ (မော်လမြိုင်)
**ဆရာမ(ငြိမ်း)(အမှတ်-၆၊အထက၊မော်လမြိုင်)၊အထက(၁)ကမာရွတ်**
**အသက်(၈၆)နှစ်**

မော်လမြိုင်မြို့နေ (ဦးဘကလေး-ဒေါ်ရီ)တို့၏သမီး၊ (ဦးစိန်လှိုင်၊ အငြိမ်းစားရေဝန်၊ မော်လမြိုင်)၏ဇနီး၊ ရန်ကုန်မြို့နေ ဦးခင်မောင်လှိုင်-ဒေါ်စိမ့်စိမ့်နွယ်၊ ဦးသိန်းဝင်းလှိုင်-ဒေါ်ခင်ဝင်းမူတို့၏မိခင်၊ ကိုသန့်ဇင်လှိုင်-မရီရီဝင်း၊ ကိုအေးမင်းလှိုင်-မနုနုထွေး၊ ကိုစိုးပြေလှိုင်၊မဖြူသန့်လှိုင်ခင်တို့၏အဘွား၊ မသီရိဝင်းသန့်၏ဘွားဘွားကြီးသည် ၁၇-၄-၂၀၁၅ရက်(သောကြာနေ့) ည ၇း၂၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [အမှတ် ၅၆၊ ရဲသီဟလမ်း၊ (၃၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။]

ကွယ်လွန်သူအားရည်စူး၍ ၂၃-၄-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၇နာရီတွင် F-1(FMI City)လှိုင်သာယာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ရင်ရင်မြ(ခ)ဒေါ်ခင်တီ
**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၉)ရပ်ကွက်၊ ကမာကြည်လမ်း၊ အမှတ် ၂၃၉နေ ဦးညို-စိန်ကုန်သည် ဒေါ်ကျော့ရင်တို့၏သမီး၊ ဦးသာထွန်းဦး[အမှတ်(၁)၊ ဓာတ်ငွေ့စက်ရုံမှူး၊ ငြိမ်း]၏ချစ်လှစွာသောဇနီး၊ ဒေါ်ခင်မြဦး(လူမှုဖူလုံရေး)၊ (ဦးကျော်စွာထွန်း)-ဒေါ်စန်းစန်းအေး၊ ဒေါ်နွယ်နီထွန်း(ထိုက်ရွှေဇင်စတိုး၊ သုဝဏ္ဏ)တို့၏မိခင်၊မထက်ဝတ်ရည်(ဒုတိယနှစ်၊ ကုန်ထုတ်ဓာတု)၊ မလင်းသံသာထွန်း(အထက-၄၊ဗိုလ်တထောင်)၊ မနှင်းနန္ဒာအောင်(အထက-၄၊ ဗိုလ်တထောင်)တို့၏အဘွားသည် ၁၇-၄-၂၀၁၅ရက်(သောကြာနေ့) ည ၉း၂၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၄-၂၀၁၅ရက်(စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၃-၄-၂၀၁၅ရက်(ကြာသပတေးနေ့)နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်အေးသိန်း
**အသက်(၇၄)နှစ်**

ရန်ကုန်မြို့နေ(ဦးသာထွန်း-ဒေါ်ဝင်းနု)တို့၏သမီး၊ထားဝယ်မြို့နေ(ဦးမောင်ရှိန် - ဒေါ်နှင်းလှ)တို့၏ သမီးချွေးမ၊ (ဦးမျိုးမြင့်)၏ဇနီး၊ ဦးဝင်းရွှေ-ဒေါ်မြင့်မြင့်တို့၏ညီမ၊ ဦးလှတင်-(ဒေါ်တင်မြင့်)၊ ဦးတင်ထွန်း-ဒေါ်စုသွယ်အောင်၊ ဦးလှသိန်း-ဒေါ်ငွေးငွေးမြင့်(ပန်းခြံကျောင်းလမ်း)၊ ဦးကံပေါ်-ဒေါ်တင်တင်နွယ်(အမက-၉၊ ကမာရွတ်)၊ ဦးကျော်ထွန်း - ဒေါ်ခင်မာလွင်တို့၏အစ်မ၊ ဦးအောင်ချိုဦး-ဒေါ်သိန်းသိန်းဦး(အမက-၄၀၊အင်းစိန်)၊ ဦးခင်ဇော်-ဒေါ်သီသီဦး၊ ဦးဇော်ဇော်ထက်-ဒေါ်ဇာလှိုင်ဦး၊ ဦးတေဇာစိုး-ဒေါ်နန်းယုယုခိုင်တို့၏မိခင်၊ မြေး ၁၄ယောက်တို့၏အဘွားသည် ၁၇-၄-၂၀၁၅ရက် (သောကြာနေ့) ညနေ ၆း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၁၅ ရက်(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက်၁၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## မဖြူနှင်းသန့်
**BBM (ပထမနှစ်)**
**အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် (ဗိုလ်တထောင်)**
**အသက်(၁၈)နှစ်**

ချောင်းဦးမြို့နယ်၊ ဝယာရွာနေ ဦးသက်တင့်-ဒေါ်ကြည်၊ မုံရွာမြို့၊ မြို့သစ်ရပ်ကွက်၊ အားသစ်လမ်းနေ ဦးယုံဘို-ဒေါ်ရှန်တို့၏မြေး၊ မုံရွာမြို့၊ အောင်ရတနာရပ်၊ အောင်မဟာလမ်းနေ ဦးမျိုးမင်း-ဒေါ်နွဲ့နွဲ့ဝင်း (ကျော်သီဟကောက်ပဲသီးနှံပွဲရုံ)တို့၏ သမီးကြီး၊ မခိုင်စုချစ်(Grade-10)ပါရမီ၏အစ်မသည် ၁၅-၄-၂၀၁၅ရက်တွင် ဘန်ကောက်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၈-၄-၂၀၁၅ရက်တွင် မုံရွာမြို့ ဆားကျင်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ခင်ညို(ခ)
## မော်လီ (Molly)
**(ရွှေဘို)**
**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ ၄၂လမ်း၊ အမှတ် ၈၅နေ (ဦးဘိုသင့် - ဒေါ်ညွန့်ညွန့်)တို့၏သမီး၊ ဦးပိုင်၊[ဘွန်ချွမ်(ခ)ဦးအေးသိန်း]၏ဇနီး၊ ဒေါ်စုစုဖေ၊ ဦးခင်မောင်တင်(ရှုပ)-ဒေါ်မြမြစီ၊ (ဒေါ်ခင်မာတင်)၊ ဒေါ်ခင်မာလွင် (Lotte MGS Co., Ltd.)၊ ဒေါ်ခင်မာမာ-ဦးသက်ဆွေတို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၁၈-၄-၂၀၁၅ရက် (စနေနေ့) နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၁၅ရက် (တနင်္လာနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၄-၄-၂၀၁၅ရက်(သောကြာနေ့)နံနက်၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်ချစ်စိန်
**(တောင်သာ-ကျောက္ကာ)**
**အသက်(၈၅)နှစ်**

တောင်သာမြို့နယ်၊ ကျောက္ကာရွာနေ (ဦးကျော်လှ-ဒေါ်သိန်းတင်)တို့၏သမီးကြီး၊ (ဦးစိန်ဖေ)၏ဇနီး၊ ရန်ကုန်မြို့နေ ဒေါ်ငွေခ၊ ဦးလှစိုး-(ဒေါ်ခင်ပြုံးရီ)၊ (ဦးပါစိုး)-ဒေါ်အမာကြည်တို့၏အစ်မသည် ၁၆-၄-၂၀၁၅ရက်တွင် မြောက်ဥက္ကလာပမြို့နယ်၊(က)ရပ်ကွက်၊မေယု(၂)လမ်း ဒေါ်အမာကြည်၏ နေအိမ်၌ ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီးဒေါ်နုနု (ငြိမ်း)
**တပ်မတော်မှတ်တမ်းရုံး**
**ဌာနခွဲမှူး(ငြိမ်း)၊ စီမံရေးရာဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၄/၆)ရပ်ကွက်၊မင်းရဲကျော်ထင်လမ်း၊အမှတ် ၅၂၀နေ (ဦးဘရင်-ဒေါ်ကျွေ)တို့၏သမီး၊ ဒေါ်လှအေး၏တူမ၊ (ဒေါ်ပုပု)၊ ဦးကျော်စိုး-ဒေါ်လှမြင့်၊ ဦးကျော်ကျော် - ဒေါ်မြင့်မြင့်အေးတို့၏အစ်မ၊ ဒေါ်သဇင်စိုး(YCDC)၊ ဦးကျော်ဇင်ဦး-ဒေါ်ဝတ်ရည်သိမ့်(YC DC)၊ ဒေါ်နှင်းရည်စိုး(YCDC)တို့၏ အဒေါ်သည် ၁၈-၄-၂၀၁၅ရက် နံနက် ၉း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၁၅ရက်(တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဖြည့်စွက်ဖတ်ရှုပါရန်

ဒေါ်မြင့်မြင့်(ခ)ဒေါ်အေးမြင့်(ခနေဖြူ) အသက်(၉၀)၏ နာရေးကြော်ငြာတွင် ၂၂-၄-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ ကွယ်လွန်သူအားရည်စူး၍ အလှူဒါနပြုလုပ်မှုအတွက် ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ကိုအောင်ပိုင်
**အသက်(၂၅)နှစ်**

ရန်ကုန်တိုင်းဒေသကြီးနေ (ဦးထွန်းလှ)-ဒေါ်ငွေလှိုင်၊ မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နေ ဦးတင်အောင်-(ဒေါ်သန်းရီ)တို့၏မြေး၊ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ ၁၅၄လမ်း၊ တိုက် ၉၊ အခန်း ၂၀၁နေ ဦးစိုးတင့်-ဒေါ်ခင်သန်းတို့၏သား၊ ဦးဟန်မိုး-ဒေါ်ယမင်းတို့၏မောင်၊ တူ၊တူမနှစ်ယောက်တို့၏ဦးလေးသည် ၁၇-၄-၂၀၁၅ရက် (သောကြာနေ့) မွန်းလွဲ ၂း၂၅နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၁၅ရက် (တနင်္ဂနွေနေ့)ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၃-၄-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
**အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ**
## ဘဒ္ဒန္တကေသရ (မြသိန်းတန် ပရိယတ္တိစာသင်တိုက်)
**သက်တော်(၈၉)နှစ်၊ သိက္ခာတော်(၆၉)ဝါ**

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ မြသိန်းတန် ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသရသည် (၁၃၇၆ခုနှစ် တပေါင်းလပြည့်ကျော် ၁၂ရက်)၁၆-၃-၂၀၁၅ရက်တွင်ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ရေစကြိုမြို့နယ်၊ စည်သာစံပြကျေးရွာသို့ ပင့်ဆောင်ပြီး (၁၃၇၇ခုနှစ် ကဆုန်လဆန်း ၇ရက်) ၂၄-၄-၂၀၁၅ရက်တွင် အန္တိမအဂ္ဂိဈာပန သာဓုကီဠနသဘင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအပ်ပါသည်။

ဈာပနဖြစ်မြောက်ရေးကော်မတီ
စည်သာစံပြကျေးရွာ

## ကျောင်းဒါယကာကြီး
## ဦးအောင်စိန်
**အသက်(၈၆)နှစ်**

ရေးမြို့နယ်၊ အစင်ကျေးရွာနေ ဦးသီးခြံ-ဒေါ်သာမေတို့၏သား၊ ဦးစင်း-ဒေါ်ခင်သန်းကြွယ်၊ ဦးစား-ဒေါ်ခေမာကြွယ်၊ ဦးတိတ်ရီ-ဒေါ်ဆန်းကျင်၊ ဒေါ်ထားထားသီ၊ ဦးစိုး သက်အောင်-ဒေါ်စန်းမြင့်၊ ဦးမိုးဝင်းအောင်- ဒေါ်မိုးသီတာ၊ ဦးမိုးသင်းအောင်-ဒေါ်နှင်းပွင့်ဖြူတို့၏ဖခင်၊ မြေး ၁၈ယောက်တို့၏အဘိုး၊ (ဒေါ်အေးလှိုင်)၏ခင်ပွန်းသည် ၁၇-၄-၂၀၁၅ရက်(သောကြာနေ့)နံနက် ၁၁း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၅ရက် (အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(အမှတ် ၆၅၆၊ ဦးတင်ဦးလမ်း၊ ငမိုးရိပ်ရပ်ကွက် နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးညိမ်းလှ(ခ)ဦးနိုင်ဦး (မော်လမြိုင်)
**အသက်(၆၈)နှစ်**

မော်လမြိုင်မြို့၊ အနောက်ရှမ်းကုန်းရပ်၊ အမှတ် ၁၈နေ ဦးချွန်စိန်-ဒေါ်ညောင်တို့၏သား၊ ဦးဟုတ်ထိုင်-ဒေါ်ရင်ရွှေတို့၏သားသမက်၊ ဒေါ်ခင်ညွန့်၏ခင်ပွန်း၊ ဦးဇာနည်နိုင်နိုင်-ဒေါ်ဝါဝါလင်း၊ မခိုင်ခိုင်သူတို့၏ဖခင်၊ Alyssa ရှင်းမြတ်နိုင်၊ Jayaen ကောင်းထက်နိုင်တို့၏အဘိုးသည် ၁၆-၄-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၁၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၄-၂၀၁၅ရက်(စနေနေ့)မွန်းလွဲ ၂နာရီတွင် ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာ
## ဦးခင်မောင်မြင့်(အာရှမြန်မာပေါင်းသကြားစက်)အသက်(၅၇)နှစ်

တကောင်းမြို့နေ (ဦးအောင်သိန်း-ဒေါ်အုန်းမေ)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးကျော်မြိုင်-ဒေါ်အေးကြည်)တို့၏သားသမက်၊ မန္တလေးမြို့၊ နတ်ရေကန်ရပ်ကွက်၊ အမရပူရ၊ အမှတ် ၂၅၂နေ ဒေါ်ကြည်ဝင်းဝင်း၏ခင်ပွန်း၊ ဦးမြင့်အောင်-ဒေါ်ဝင်းဝင်းမော်၊ ဦးငွေးဝင်းသိန်းတို့၏အစ်ကို၊ မောင်တိုးသီရိဆွေ-မမေသဉ္ဇာထူး၊ မအင်ကြင်းထူး၊ မပပဝင်းခင်၊ မောင်ဘုန်းပိုင်ကျော်တို့၏ဖခင်၊ မောင်ကောင်းထက်ပြည့်စုံတို့၏အဘိုးသည် ၁၇-၄-၂၀၁၅ရက် (သောကြာနေ့) ည ၁၀း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၅ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရန်ငြိမ်းအိမ်ရာ၊ တိုက် ၉/၄၊ အခန်း ၄၄ နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။]

ကွယ်လွန်သူအားရည်စူး၍ ၂၃-၄-၂၀၁၅ရက် နံနက် ၈နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီးမင်းသူ(ငြိမ်း)၊ တဇ-၁၀
**မြကြာဖြူ သင်္ကန်းတိုက်**
**အသက်(၅၄)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ရုံးကြီးလမ်း၊ အမှတ် ၁၄/၁၆နေ (ဦးသန်းမောင်-ဒေါ်တင်စိန်)တို့၏သား၊ (ဦးမြင့်သန်း)-ဒေါ်လှဝေတို့၏သားသမက်၊ ဒေါ်အေးအေးသောင်း၏ခင်ပွန်း၊ မောင်သီဟအောင်၊ ဒေါက်တာအိခိုင်မွန်တို့၏ချစ်လှစွာသောဖခင်၊ မောင်ကောင်းမြင့်မိုရ်၏အဘိုးသည် ၁၆-၄-၂၀၁၅ရက် နံနက် ၉း၅၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ကြီးမင်းသူ (ငြိမ်း)
**တဇ(၁၀)**

သူငယ်ချင်း ဗိုလ်ကြီးမင်းသူ(ငြိမ်း) ၁၆-၄-၂၀၁၅ရက် နံနက် ၉း၅၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**တဇ(၁၀)**
**သူငယ်ချင်းမိသားစုများ**

## ရဟန်းဖခမည်းတော်
## ဦးထွန်းထွန်းဦး (စုံစမ်းရေးမှူး၊ ငြိမ်း)
**အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး**
**အသက်(၅၁)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ (၁၀)မိုင်၊ ဗိုလ်တေဇလမ်း၊ အမှတ် ၇၄၃နေ (ဒုရဲမှူးကြီးဦးစောမောင်)-ဒေါ်တင်တင်ဝင်း(အထပြ၊ ငြိမ်း၊ အထက-၃၊ ဗဟန်း)တို့၏သားကြီး၊ ဦးစိုးနိုင်-ဒေါ်ဖြူဖြူဆွေ(ဟိုတယ်/ခရီး၊ ကသာခရိုင်အသင်း)တို့၏သားသမက်၊ ဒေါ်မိမိခိုင် (3 MDG Fund, UNOPS)-ဦးအောင်မိုး၊ ဦးမျိုးဇော်ဦး(H & B စက်မှုလက်မှု၊ မန္တလေး)-ဒေါ်နီနီဖြိုး၊ ဒေါ်ခင်စန္ဒာခိုင်-ဦးကျော်ကျော်ခိုင်(ခေတ္တ-စင်ကာပူ)တို့၏အစ်ကိုကြီး၊ တူ၊ တူမ ခြောက်ယောက်တို့၏ဘကြီး၊ ဒေါက်တာအေးယုစိုး(Senior Public Health Officer, 3 MDG Fund, UNOPS)၏ခင်ပွန်း၊ မောင်စွမ်းဝင့်(ဦးဉာဏိက)၊ မောင်ခိုင်မြဲ(ဦးကဝိဒ)၊ မပန်းသွေးနုနုတို့၏ဖခင်ကြီးသည် ၁၅-၄-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၄-၂၀၁၅ ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၁-၄-၂၀၁၅ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

# ဒီရေတောများပြန်လည်ထူထောင်ရန် ဂျပန်နှင့်ပူးပေါင်းဆောင်ရွက်နေ



သတင်း-ဝေယံဦး ➤ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

**ရန်ကုန် ဧပြီ ၁၈**

သဘာဝဘေးအန္တရာယ်များကို ကာကွယ်နိုင်ရန်နှင့် ရာသီဥတုမျှတမှုကို အထောက်အကူပြုစေသည့် ဒီရေတောများ စနစ်တကျထိန်းသိမ်းရန် ဂျပန်နိုင်ငံ ဂျိုက်ကာ(JICA)အဖွဲ့နှင့်ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိကြောင်း သဘာဝ ပတ်ဝန်းကျင်နှင့် သစ်တောရေးရာဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးကပြောသည်။

"မြန်မာနိုင်ငံမှာ ဒီရေတောလျော့နည်းမှုတွေရှိလာလို့ ပြန်လည်စိုက်ပျိုးမှုတွေ ပြုလုပ်နေပါတယ်။ ဒီရေတောစိုက်ပျိုးမှုနဲ့ ထိန်းသိမ်းမှုတွေကို ပြုလုပ်နေပြီး ဂျပန်နိုင်ငံ ဂျိုက်ကာ(JICA)အဖွဲ့အစည်းနဲ့လည်းပူးပေါင်းကာ ဒီရေတောစိုက်ပျိုးမှုလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်"ဟု ၎င်းကပြောသည်။

*စာမျက်နှာ ၃ ကော်လံ ၄* ✻

# ဘာစီလိုနာတို့ အိမ်ကွင်း၌ မျက်နှာပန်းလှ

သီဟ-ရေးသည်

ဘာစီလိုနာ ဧပြီ ၁၈

**စပိန်လာလီဂါပွဲစဉ် (၃၂) စနေနေ့က အစောပွဲစဉ်အဖြစ် ဘာစီလိုနာနှင့် ဗလင်စီယာအသင်းတို့ နူးကမ့်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ အိမ်ရှင်ဘာစီလိုနာ အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။**




ဘာစီလိုနာအသင်းသည် ၄-၃-၃ ကစားကွက်ဖြင့် ပွဲထွက်လာရာ တိုက်စစ်ပိုင်းတွင် နာမည်ကြီး MSN အတွဲထုတ်ကာ မက်ဆီ၊ ဆွာရက်ဇ်၊ နေမာတို့ဖြင့် အားဖြည့်ယှဉ်ပြိုင်ကစားခဲ့သည်။ ဘာစီလိုနာအသင်းသည် ပွဲအစတစ်မိနစ်တွင် မက်ဆီ ဖန်တီးပေးသော ဘောလုံးကို ဆွာရက်ဇ်က ပိုင်ပိုင်နိုင်နိုင်ကန်သွင်းပြီး ဦးဆောင်ဂိုး ရယူခဲ့သည်။ ဗလင်စီယာအသင်းသည် အဝေးကွင်းဖြစ်သော်လည်း ဘာစီလိုနာအသင်းကို ၄-၃-၃ ကစားကွက်ဖြင့် ပြန်လည်တိုက်စစ်ဆင်ကစားခဲ့ရာ ပွဲချိန် ၁၀ မိနစ်တွင် ပယ်နယ်တီကန်ခွင့်ရရှိခဲ့ပြီး

*စာမျက်နှာ ၉ ကော်လံ ၆* ◆

**ယနေ့ မာတိကာ**

**မဲလ်ဘုန်း၌ အကြမ်းဖက်ရန်ကြံစည်မှုဖြင့် ဩစတြေးလျ ဆယ်ကျော်သက်များ အဖမ်းခံရ** စာမျက်နှာ » ၄

**အနည်းဆုံးအခကြေးငွေအရေး ဆွေးနွေးပေးကြပါ** ဆောင်းပါး စာမျက်နှာ » ၆

**မိုင်းယောင်းမြို့နယ် နမ့်ယောင်းချောင်း၌ သင်္ကြန်ရေကစားသည့် ကလေးတစ်ဦးသေဆုံး** စာမျက်နှာ » ၇




မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

# ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေပြဋ္ဌာန်း

## ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေ

**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၅ ။)**

**၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်**

**( ၂၀၁၅ ခုနှစ်၊ဧပြီလ ၉ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ကော်မရှင်ဆိုသည်မှာ** ဤဥပဒေအရဖွဲ့စည်းသော ဥပဒေဘာသာပြန် ကော်မရှင်ကို ဆိုသည်။

(ဂ) **လုပ်ငန်းကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ဥပဒေ ဘာသာပြန်လုပ်ငန်းကော်မတီကို ဆိုသည်။

(ဃ) **ဘာသာပြန်လုပ်ငန်း**ဆိုသည်မှာ အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်း ထားသော တည်ဆဲဥပဒေကို မြန်မာဘာသာသို့ ဘာသာပြန်ဆို ခြင်းကို ဆိုသည်။

(င) **ဝေါဟာရဆိုသည်မှာ** ဥပဒေတစ်ရပ်ရပ်တွင် ပါရှိသော စကားရပ် သို့မဟုတ် စကားစု တစ်ခုခုကိုဆိုသည်။

### အခန်း (၂)
### ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင်အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေအားလုံးကို မြန်မာဘာသာသို့ ပြန်ဆိုရန်၊

(ခ) အချို့သော ဥပဒေဝေါဟာရများအတွက် အဓိပ္ပာယ်တူညီသော မြန်မာဝေါဟာရများပြန်ဆိုထားရှိရန်။

### အခန်း (၃)
### ကော်မရှင်ဖွဲ့စည်းခြင်း

၄။ နိုင်ငံတော်သမ္မတသည် ကော်မရှင်ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုရှေ့နေချုပ်၊ | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုတရားသူကြီးချုပ်က အမည်စာရင်းပေးသူနှစ်ဦး၊ | အဖွဲ့ဝင် |
| (ဂ) | ပြည်ထောင်စုရှေ့နေချုပ်က အမည်စာရင်းပေးသူ နှစ်ဦး၊ | အဖွဲ့ဝင် |
| (ဃ) | တရားလွှတ်တော်ရှေ့နေလုပ်သက် တစ်ဆယ်နှစ်နှင့်အထက်ရှိသူသုံးဦး၊ | အဖွဲ့ဝင် |
| (င) | တက္ကသိုလ်၊ ကောလိပ် အင်္ဂလိပ်စာဌာနများမှ တာဝန်ထမ်းဆောင်ဆဲသို့မဟုတ် အငြိမ်းစား ပါမောက္ခ၊ ကထိကသုံးဦး၊ | အဖွဲ့ဝင် |
| (စ) | တက္ကသိုလ်၊ ကောလိပ် ဥပဒေပညာဌာနများမှ တာဝန်ထမ်းဆောင်ဆဲ သို့မဟုတ် အငြိမ်းစားပါမောက္ခ၊ ကထိကသုံးဦး၊ | အဖွဲ့ဝင် |
| (ဆ) | မြန်မာစာဌာနမှ အငြိမ်းစားပါမောက္ခ နှစ်ဦး၊ | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ | အတွင်းရေးမှူး |
| (ဈ) | ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး။ | တွဲဖက်အတွင်းရေးမှူး |

၅။ ပြည်ထောင်စုရှေ့နေချုပ်သည် နိုင်ငံတော်သမ္မတက ပုဒ်မ ၄အရ ကော်မရှင် ဖွဲ့စည်းနိုင်ရေးအတွက် အမည်စာရင်းကို ပြုစုတင်ပြရမည်။

၆။ နိုင်ငံတော်သမ္မတသည် ပုဒ်မ ၄ ပါပြဋ္ဌာန်းချက်နှင့်အညီ ကော်မရှင်ကို အခါ အားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၇။ နိုင်ငံတော်သမ္မတသည် နိုင်ငံ့ဝန်ထမ်းမဟုတ်သူ ကော်မရှင်အဖွဲ့ဝင်များ အတွက် ချီးမြှင့်ငွေနှင့်စရိတ်များကို သတ်မှတ်ပေးရမည်။

၈။ နိုင်ငံတော်သမ္မတသည် ကော်မရှင်၏ သက်တမ်းကို သတ်မှတ်ပေးရမည်။ လိုအပ်ပါက ယင်းသက်တမ်းကို တိုးမြှင့်သတ်မှတ်နိုင်သည်။

### အခန်း (၄)
### ကော်မရှင်၏ လုပ်ငန်းတာဝန်များ

၉။ ကော်မရှင်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများကို မြန်မာဘာသာသို့ ပြန်ဆိုခြင်းနှင့် အတည်ပြုခြင်း၊

(ခ) အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသောတည်ဆဲဥပဒေများအနက် မြန်မာဘာသာပြန်ဥပဒေနှင့် ဥပဒေဝေါဟာရအက်ဥပဒေတို့အရ ဖွဲ့စည်းသော မြန်မာဘာသာပြန်ဥပဒေနှင့် ဥပဒေဝေါဟာရအကြံပေး ကော်မတီက ဘာသာပြန်ဆိုထားသည့် မြန်မာဘာသာပြန်ဆိုချက် များကို စိစစ်အတည်ပြုခြင်း၊

(ဂ) ဘာသာပြန်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လုပ်ငန်းစဉ်များ သတ်မှတ်ခြင်း၊

(ဃ) ဘာသာပြန်လုပ်ငန်းများ ထိရောက်အောင်မြင်စွာဆောင်ရွက်နိုင် ရန် လိုအပ်သောလုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့ငယ်များ ဖွဲ့စည်း ခြင်း၊

(င) မြန်မာဘာသာပြန်ဆိုမည့် ဥပဒေနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဘာသာ ရပ်ဆိုင်ရာကျွမ်းကျင်သူများကိုလိုအပ်ပါက ဖိတ်ကြားဆွေးနွေးခြင်း၊

(စ) ဘာသာပြန်လုပ်ငန်းနှင့်စပ်လျဉ်း၍ လိုအပ်ပါက ပုဂ္ဂလိကကျွမ်းကျင်သူ များ၏ အကူအညီရယူဆောင်ရွက်ခြင်းနှင့် ချီးမြှင့်ငွေသတ်မှတ် ပေးအပ်ခြင်း၊

(ဆ) မြန်မာဘာသာပြန်ဆိုမည့်ဥပဒေတွင် ပြင်ဆင်ချက်များရှိလျှင်ယင်း ပြင်ဆင်ချက်များ ပြည့်စုံစွာပါရှိစေရေးအတွက် ဆောင်ရွက်ပေးရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် ပြည်ထောင်စုရှေ့နေ ချုပ်ရုံးတို့ကို ပူးပေါင်းဆောင်ရွက်စေခြင်း၊

(ဇ) မြန်မာဘာသာပြန်ဆိုထားသောဥပဒေများ၏ ဘာသာပြန်စာမူများကို မှတ်တမ်းအဖြစ်ထိန်းသိမ်းခြင်းနှင့် တည်ဆဲဥပဒေနှင့်အညီ ထိန်းသိမ်း နိုင်ရန် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသို့ ပေးပို့ခြင်း၊

(ဈ) လုပ်ငန်းကော်မတီနှင့်လုပ်ငန်းအဖွဲ့ငယ်များအားလမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း။

၁၀။ ကော်မရှင်သည် ဘာသာပြန်လုပ်ငန်းကို ထိရောက်စွာဆောင်ရွက်နိုင်ရန်-

(က) ကော်မရှင်ဥက္ကဋ္ဌက တာဝန်ပေးအပ်သည့် ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦး ဦးဆောင်၍ကော်မရှင်အဖွဲ့ဝင် ငါးဦးနှင့် ကော်မရှင်အတွင်းရေးမှူး တို့ပါဝင်သော ဥပဒေဘာသာပြန် လုပ်ငန်းကော်မတီကို ဖွဲ့စည်း ရမည်။

(ခ) ကော်မရှင်အဖွဲ့ဝင်တစ်ဦး ဦးဆောင်၍ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကျွမ်းကျင်သူများနှင့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများပါဝင်သော လုပ်ငန်းအဖွဲ့ငယ်များကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။

၁၁။ လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ် သည်-

(က) အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများကို ယင်း တို့နှင့် သက်ဆိုင်သည့်ကဏ္ဍအမျိုးအစားအလိုက်ခွဲခြား၍ မြန်မာ ဘာသာပြန်ဆိုရန် လုပ်ငန်းအဖွဲ့ငယ်များအား တာဝန်ပေးအပ်ခြင်း၊

(ခ) လုပ်ငန်းအဖွဲ့ငယ်များက မြန်မာဘာသာပြန်ဆိုတင်ပြသည့် ဥပဒေ များကို စိစစ်၍ ကော်မရှင်သို့တင်ပြခြင်း၊

(ဂ) မြန်မာဘာသာပြန်ဆိုမည့် ဥပဒေနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံညှိနှိုင်းရန် လိုအပ်ကြောင်း လုပ်ငန်းအဖွဲ့ငယ်များက တင်ပြလာလျှင် ကော်မရှင်သို့ တင်ပြဆောင်ရွက်ခြင်း၊

(ဃ) ဘာသာပြန်လုပ်ငန်းနှင့် စပ်လျဉ်း၍ ဆောင်ရွက်ချက်များကို ကော်မရှင်သို့ တင်ပြခြင်း၊

(င) ဘာသာပြန်လုပ်ငန်းနှင့် စပ်လျဉ်း၍ အခြားတာဝန်များ ဆောင် ရွက်ခြင်း။

### အခန်း (၅)
### ဥပဒေဘာသာပြန် အမိန့်ထုတ်ပြန်ခြင်း

၁၂။ ကော်မရှင်သည် မိမိအတည်ပြုသော မြန်မာဘာသာပြန်ဆိုထားသည့် ဥပဒေသည် မူလစာမူနှင့်အလားတူအာဏာတည်ရမည်ဟုအမိန့်ဖြင့် ထုတ်ပြန် ကြေညာရမည်။

၁၃။ ကော်မရှင်သည် သင့်လျော်သည်ဟုယူဆလျှင် ထူးခြားသောဥပဒေဆိုင်ရာ အင်္ဂလိပ်ဝေါဟာရနှင့် ယှဉ်တွဲဖော်ပြထားသည့် မြန်မာဘာသာဝေါဟာရသည် အဓိပ္ပာယ်တူညီသည်ဟု ထုတ်ပြန်ကြေညာနိုင်သည်။

၁၄။ အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများနှင့်စပ်လျဉ်း၍ကော်မရှင်ကလည်းကောင်း၊ မြန်မာဘာသာပြန်ဥပဒေနှင့် ဥပဒေဝေါဟာရ အက်ဥပဒေအရ ဖွဲ့စည်းခဲ့သော မြန်မာဘာသာပြန်ဥပဒေနှင့် ဥပဒေဝေါဟာရ အကြံပေးကော်မတီကလည်းကောင်း ပြန်ဆိုထားသည့် မြန်မာဘာသာပြန်ဆိုချက် များသည် နိုင်ငံတော်မူပိုင်ဖြစ်သည်။

### အခန်း (၆)
### အထွေထွေ

၁၅။ ပြည်ထောင်စုရှေ့နေချုပ်ရုံးသည်-

(က) ကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့ငယ်များ၏ ရုံး လုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်ရမည်။

(ခ) ကော်မရှင်လုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရန် လိုအပ် သော ရုံးအဖွဲ့ ဖွဲ့စည်းရေးနှင့် ဝန်ထမ်းများခန့်ထားနိုင်ရေး အတွက် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရ မည်။

(ဂ) နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မရှင်အဖွဲ့ဝင်များနှင့်လုပ်ငန်း အဖွဲ့ငယ်များ၏အဖွဲ့ဝင်များအတွက်သတ်မှတ်ထားသည့် ချီးမြှင့် ငွေနှင့် စရိတ်များကို မိမိဘဏ္ဍာ ရန်ပုံငွေမှ ကျခံရမည်။

(ဃ) ပုဂ္ဂလိကကျွမ်းကျင်သူများ၏အကူအညီရယူခြင်းအတွက် ချီးမြှင့်ငွေ နှင့်စရိတ်များကို မိမိဘဏ္ဍာရန်ပုံငွေမှ ကျခံရမည်။

(င) ဥပဒေဘာသာပြန်ခြင်းဆိုင်ရာ အခြားကုန်ကျစရိတ်များကို မိမိ ဘဏ္ဍာရန်ပုံငွေမှကျခံရမည်။

၁၆။ ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် ဤဥပဒေအရ ကျခံသုံးစွဲရမည့်စရိတ် များအတွက် ရန်ပုံငွေရရှိရန် နှစ်စဉ်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ငွေစာရင်းတွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တောင်းခံရမည်။

၁၇။ ဤဥပဒေအရ ဘာသာပြန်လုပ်ငန်းနှင့်စပ်လျဉ်း၍ တာဝန်ထမ်းဆောင် ရသည့် နိုင်ငံ့ဝန်ထမ်းသည် မိမိ၏မူလတာဝန်မှအပဖြစ်သော လုပ်ငန်းတာဝန် ထမ်းဆောင်ရခြင်းဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ချီးမြှင့်ငွေခံစားခွင့်ရှိသည်။

၁၈။ သက်ဆိုင်ရာအစိုးရဌာန၊အစိုးရအဖွဲ့အစည်းများသည် ဤဥပဒေအရ ဆောင်ရွက်သော ဘာသာပြန်လုပ်ငန်းနှင့်စပ်လျဉ်း၍ ကော်မရှင်နှင့် လုပ်ငန်း ကော်မတီတို့ကဖိတ်ကြားခြင်း၊ တာဝန်ပေးအပ်ခြင်းတို့နှင့်စပ်လျဉ်း၍ ထမ်းဆောင် ရန် တာဝန်ရှိသည်။

၁၉။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မရှင်အဖွဲ့ဝင်များနှင့် လုပ်ငန်းအဖွဲ့ငယ် များ၏အဖွဲ့ဝင်များသည် ဤဥပဒေပါလုပ်ငန်းတာဝန်များကို အကောင်အထည် ဖော်ဆောင်ရွက်နေစဉ်ကာလအတွင်း ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်း ဖြစ်သည်ဟု မှတ်ယူရမည်။

၂၀။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးက လည်းကောင်း၊ကော်မရှင်ကလည်းကောင်း အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင် သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

---

*(ယမန်နေ့မှအဆက်)*

### အခန်း (၁၀)
### အထွေထွေ

၂၃။ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ပုဂ္ဂလိကအဖွဲ့အစည်းတစ်ခုခုသည် မိမိဌာန၊ အဖွဲ့အစည်း၏ လုပ်ငန်းလိုအပ်ချက်အရ အမြန်လမ်းမကြီးကိုဖြတ်သန်း၍ မြေပေါ်မြေအောက်တွင် ပိုက်လိုင်းဆက်သွယ်ခြင်း၊ လျှပ်စစ်ဓာတ်အားလိုင်း ဆက်သွယ်ခြင်း၊ ဆက်သွယ်ရေးလိုင်းများ ဆက်သွယ်ခြင်းနှင့် မြောင်းဖောက်လုပ် ခြင်းများ ပြုလုပ်လိုပါက ဝန်ကြီးဌာနနှင့် ကြိုတင်ညှိနှိုင်း၍ ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်ရမည်။

၂၄။ ဤဥပဒေ ပုဒ်မ ၁၈၊ ပုဒ်မ ၂၀ နှင့် ပုဒ်မ ၂၂ ပါ ပြစ်မှုများကို ရဲအရေး ပိုင်သော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၂၅။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့သည် ဤဥပဒေ ပါ ပြစ်မှုများမဖြစ်ပွားရေးအတွက် အသိပညာပေးရေး၊ တားဆီးကာကွယ်ရေး၊ စောင့်ကြည့်လေ့လာရေးနှင့် ပြစ်မှုများဖြစ်ပွားပါက ဥပဒေနှင့်အညီ အရေးယူရေးအတွက် ပူးပေါင်းဆောင်ရွက်ရမည်။

၂၆။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် အမြန်လမ်းမကြီးများနှင့်စပ်လျဉ်း ၍ အမြန်လမ်းမကြီးအုပ်ချုပ်မှုကော်မတီကို တာဝန်ခံရမည်။

၂၇။ ဤဥပဒေအရ အမြန်လမ်းမကြီးလုပ်ငန်းများ ဆောင်ရွက်ရန်အလို့ငှာ ခန့်အပ်သည့် သို့မဟုတ် တာဝန်ပေးအပ်ထားသည့် အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များသည် အမြန်လမ်းမကြီးဆိုင်ရာလုပ်ငန်းတာဝန်များ ထမ်းဆောင်နေသည့်အချိန်တွင် ပြည်သူ့ ဝန်ထမ်းဟု မှတ်ယူရမည်။

၂၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာ တွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် အမိန့်နှင့်ညွှန်ကြားချက် များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# မြန်မာနိုင်ငံဆေးကောင်စီဥပဒေပြဋ္ဌာန်း

**မြန်မာနိုင်ငံဆေးကောင်စီဥပဒေ**

**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၆ ။)**

**၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်**

**( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၉ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို မြန်မာနိုင်ငံဆေးကောင်စီဥပဒေဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဆေးပညာ** ဆိုသည်မှာ ကျန်းမာမှုအဆင့်မြှင့်တင်ခြင်း၊ ရောဂါကြိုတင်ကာကွယ်ခြင်း၊ ရောဂါစစ်ဆေးရှာဖွေခြင်း၊ ရောဂါကုသခြင်း၊ ကျန်းမာမှုပြန်လည်ထူထောင်ခြင်း၊ သုတေသနပြုခြင်း၊ လေ့ကျင့်သင်ကြားခြင်းနှင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့အပါအဝင် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းအားလုံးနှင့် စပ်ဆိုင်သောပညာရပ်ကို ဆိုသည်။

(ခ) **ကောင်စီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် မြန်မာနိုင်ငံဆေးကောင်စီကို ဆိုသည်။

(ဂ) **နာယကအဖွဲ့** ဆိုသည်မှာ ကောင်စီ၏ နာယကအဖွဲ့ကို ဆိုသည်။

(ဃ) **အလုပ်အမှုဆောင်အဖွဲ့** ဆိုသည်မှာ ကောင်စီ၏ အလုပ်အမှုဆောင်အဖွဲ့ကို ဆိုသည်။

(င) **ကောင်စီဝင်** ဆိုသည်မှာ မြန်မာနိုင်ငံဆေးကောင်စီဝင် တစ်ဦးဦးကို ဆိုသည်။

(စ) **မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ မြန်မာနိုင်ငံဆေးကောင်စီက ဤဥပဒေအရ ထုတ်ပေးသော ဆရာဝန်မှတ်ပုံတင်လက်မှတ်ကို ဆိုသည်။

(ဆ) **မှတ်ပုံတင်ဆရာဝန်** ဆိုသည်မှာ ဆရာဝန်မှတ်ပုံတင်စာရင်းတွင် အမည်တင်သွင်းခြင်းခံရပြီး ဆရာဝန်မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းခံရသူကို ဆိုသည်။

(ဇ) **ဆေးကုသခွင့်လိုင်စင်** ဆိုသည်မှာ ကောင်စီက ဤဥပဒေအရ ထုတ်ပေးသော အထွေထွေဆေးကုသခွင့်လိုင်စင်၊ အထူးဆေးကုသခွင့်လိုင်စင်၊ ကန့်သတ်အထွေထွေဆေးကုသခွင့်လိုင်စင်၊ ကန့်သတ်အထူးဆေးကုသခွင့်လိုင်စင်နှင့် ဆေးဘက်ဆိုင်ရာကျွမ်းကျင်လိုင်စင်တို့ကို ဆိုသည်။

(ဈ) **အထွေထွေဆေးကုသခွင့်လိုင်စင်** ဆိုသည်မှာ -

(၁) ကောင်စီက အသိအမှတ်ပြုထားသော ပြည်တွင်းဆေးတက္ကသိုလ်တစ်ခုခုမှ အခြေခံဆေးပညာဘွဲ့ရရှိပြီး သတ်မှတ်ထားသော အလုပ်သင်ကာလပြီးဆုံးသည့် နိုင်ငံသားမှတ်ပုံတင်ဆရာဝန်အား သတ်မှတ်ချက်များနှင့်အညီ ကောင်စီကထုတ်ပေးသော ဆေးကုသခွင့်လိုင်စင်ကို ဆိုသည်။

(၂) ကောင်စီ၏အသိအမှတ်ပြုခြင်းခံရသည့် ပြည်ပနိုင်ငံဆေးတက္ကသိုလ်တစ်ခုခုမှဖြစ်စေ၊ဆေးကောလိပ်တစ်ခုခုမှဖြစ်စေ အခြေခံဆေးပညာဘွဲ့ရရှိပြီး သတ်မှတ်ထားသော အလုပ်သင်ကာလပြီးဆုံးသည့် နိုင်ငံသားဆရာဝန်အား ဆေးကုသခွင့်လိုင်စင် စာမေးပွဲအောင်မြင်ပြီးနောက် ကောင်စီကထုတ်ပေးသော ဆေးကုသခွင့်လိုင်စင်ကို ဆိုသည်။

(ည) **အထူးဆေးကုသခွင့်လိုင်စင်** ဆိုသည်မှာကောင်စီက အသိအမှတ်ပြုထားသော ပြည်တွင်း ဆေးတက္ကသိုလ်တစ်ခုခုမှ အပ်နှင်းထားသော သို့မဟုတ် ပြည်ပနိုင်ငံ၏ သက်ဆိုင်ရာဆေးကောင်စီက အသိအမှတ်ပြုသော ဘွဲ့လွန်ဒီဂရီ၊ ဘွဲ့လွန်ဒီပလိုမာရရှိပြီး အထွေထွေအထူးဆေးကုသမှုကိုဖြစ်စေ၊ အထူးပြုအထူးကုဆေးကုသမှုကိုဖြစ်စေ အရည်အချင်းပြည့်မီ၍ အတွေ့အကြုံနှင့် ကျွမ်းကျင်မှုရှိသည်ဟု သတ်မှတ်ခြင်းခံရသော မှတ်ပုံတင်ဆရာဝန်အား ကောင်စီကထုတ်ပေးသည့် ဆေးကုသခွင့်လိုင်စင်ကို ဆိုသည်။

(ဋ) **ကန့်သတ်အထွေထွေဆေးကုသခွင့်လိုင်စင်** ဆိုသည်မှာ ကောင်စီ၏ အသိအမှတ်ပြုခြင်းခံရသည့် ပြည်ပနိုင်ငံ၏ သက်ဆိုင်ရာ ဆေးကောင်စီက အသိအမှတ်ပြုသော အခြေခံဆေးပညာဘွဲ့ရရှိသည့် နိုင်ငံခြားသားဆရာဝန်အား ကောင်စီက သတ်မှတ်ချက်များနှင့် အညီ စိစစ်ပြီးထုတ်ပေးသော ဆေးကုသခွင့်လိုင်စင်ကို ဆိုသည်။

(ဌ) **ကန့်သတ်အထူးဆေးကုသခွင့်လိုင်စင်** ဆိုသည်မှာ ကောင်စီ၏ အသိအမှတ်ပြုခြင်းခံရသည့် ပြည်ပနိုင်ငံ၏ သက်ဆိုင်ရာ ဆေးကောင်စီက အသိအမှတ်ပြုသောဘွဲ့လွန်ဒီဂရီ သို့မဟုတ် ဘွဲ့လွန်ဒီပလိုမာရရှိပြီး သတ်မှတ်ထားသော အရည်အချင်းပြည့်မီသည့် နိုင်ငံခြားသားဆရာဝန်အား ကောင်စီက သတ်မှတ်ချက်များနှင့် အညီစိစစ်ပြီး ထုတ်ပေးသော ဆေးကုသခွင့်လိုင်စင်ကို ဆိုသည်။

(ဍ) **ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်လိုင်စင်** ဆိုသည်မှာ အခြေခံဆေးပညာဘွဲ့မရရှိသော်လည်း ဆေးဘက်ဆိုင်ရာကျွမ်းကျင်ဘွဲ့၊ ဘွဲ့လွန်ဒီဂရီ၊ ဘွဲ့လွန်ဒီပလိုမာတစ်ခုခုရရှိပြီး ပြည်ပနိုင်ငံ၏ သက်ဆိုင်ရာ ဆေးကောင်စီ သို့မဟုတ် ကောင်စီကဲ့သို့ အလားတူကိစ္စရပ်များ ဆောင်ရွက်ရန် ဖွဲ့စည်းထားသော အဖွဲ့အစည်းကဖြစ်စေ၊ ကောင်စီကဖြစ်စေ သက်ဆိုင်ရာပညာရပ်အလိုက် ကုသမှုတစ်ခုခုကို ဆောင်ရွက်နိုင်သည်ဟု အသိအမှတ်ပြုထားသောပုဂ္ဂိုလ်အား ဘာသာရပ်ဆိုင်ရာကျွမ်းကျင်မှုအခြေအနေအရ လိုအပ်သည်ဟု ကောင်စီကသတ်မှတ်ချက်များနှင့်အညီစိစစ်ပြီး ထုတ်ပေးသော လိုင်စင်ကို ဆိုသည်။

**အခန်း(၂)**

**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အရည်အသွေးပြည့်ဝ၍ ထိရောက်မှုနှင့်လုံခြုံမှုရှိသော ကျန်းမာရေးစောင့်ရှောက်မှုကို နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသူအားလုံး ခံစားခွင့် ရရှိစေရန်၊

(ခ) ဆရာဝန်များ၏ ဆေးပညာဗဟုသုတ၊ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးနှင့် အဆင့်အတန်းကို အစဉ်တစိုက် ထိန်းသိမ်းမြှင့်တင်ရန်၊

(ဂ) ဆေးပညာကို ခေတ်နှင့်အညီ လေ့လာသင်ကြားနိုင်စေရန်၊

(ဃ) ဆေးပညာတိုးတက်မှုကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးနိုင်စေရန်၊

(င) ဆရာဝန်များ၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းမြှင့်တင်နိုင်စေရန်၊

(စ) ဆရာဝန်ကျင့်ဝတ်သိက္ခာနှင့်စည်းကမ်းများလိုက်နာစောင့်ထိန်းရေးကို ကြပ်မတ်ထိန်းသိမ်းပေးရန်၊

(ဆ) ကောင်းမွန်သော ဆေးကုသမှုပတ်ဝန်းကျင် ဖြစ်ထွန်းစေရန်။

**အခန်း(၃)**

**မြန်မာနိုင်ငံဆေးကောင်စီဖွဲ့စည်းခြင်း**

၄။ ကောင်စီသည် ဥပဒေနှင့်အညီ လွတ်လပ်စွာ ရပ်တည်ဆောင်ရွက်သော အဖွဲ့အစည်းဖြစ်သည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ထင်ပေါ်ကျော်ကြားသည့်ဂုဏ်သတင်းရှိသော ဝါရင့်အငြိမ်းစားဆေးပညာရှင် နှစ်ဦးပါဝင်သည့် နာယကအဖွဲ့ကို ဖွဲ့စည်းရမည်။

၆။ (က) နာယကအဖွဲ့သည် ကောင်စီကို ၆၅ ဦးထက်မပိုသော အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(၁) ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊

(၂) ညွှန်ကြားရေးမှူးချုပ်၊ ကုသရေးဦးစီးဌာန၊

(၃) ညွှန်ကြားရေးမှူးချုပ်၊ ဆေးဘက်ဆိုင်ရာ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန၊

(၄) ညွှန်ကြားရေးမှူးချုပ်၊ ဆေးသုတေသနဦးစီးဌာန၊

(၅) ညွှန်ကြားရေးမှူးချုပ်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၊

(၆) အဆင့်မြင့်အရာရှိကြီးတစ်ဦး၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊

(၇) တစ်ဆယ်ဦးထက်မပိုသော ဆေးတက္ကသိုလ် ပါမောက္ခချုပ်များ၊

(၈) မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်နှစ်ဦး၊

(၉) မြန်မာနိုင်ငံဆရာဝန်အသင်း ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်နှစ်ဦး၊

(၁၀) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူးများ၊

(၁၁) ဆေးတက္ကသိုလ်များမှ ဥပဒေရေးရာဆေးပညာဌာန ဝါရင့်ပါမောက္ခဌာနမှူးတစ်ဦး၊

(၁၂) ကောင်စီ၏ လုပ်ငန်းများတွင် စိတ်ပါဝင်စား၍ အများပြည်သူ၏ ယုံကြည်လေးစားမှုကိုရရှိသော အငြိမ်းစားဆရာဝန်ကြီး ခုနစ်ဦး၊

(၁၃) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မှတ်ပုံတင်ဆရာဝန်များက ရွေးချယ်တင်မြှောက်သော နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် မှတ်ပုံတင် ဆရာဝန်တစ်ဦးစီ၊

(၁၄) အများပြည်သူက ယုံကြည်လေးစားသော ဆရာဝန် မဟုတ်သည့် ပုဂ္ဂိုလ်နှစ်ဦး။

(ခ) နာယကအဖွဲ့သည် လိုအပ်ပါကကောင်စီကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၇။ နာယကအဖွဲ့သည် ကောင်စီဝင်များအနက်မှ ဥက္ကဋ္ဌတစ်ဦး၊ ဒုတိယဥက္ကဋ္ဌတစ်ဦး၊ အတွင်းရေးမှူးတစ်ဦး၊ တွဲဖက်အတွင်းရေးမှူးတစ်ဦးနှင့်ဘဏ္ဍာရေးမှူးတစ်ဦးတို့ကို ရွေးချယ်ထားပြီးသော ကောင်စီဝင်များ၏ ဆန္ဒမဲဖြင့်ရွေးချယ်တင်မြှောက်စေရမည်။

၈။ (က) နာယကအဖွဲ့သည် ကောင်စီ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် အောက်ပါပုဂ္ဂိုလ်များပါဝင်သော အလုပ်အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းရမည် -

(၁) ကောင်စီ ဥက္ကဋ္ဌ — ဥက္ကဋ္ဌ

(၂) ကောင်စီ ဒုတိယဥက္ကဋ္ဌ — ဒုတိယဥက္ကဋ္ဌ

(၃) ကောင်စီဝင် (၁၀)ဦး — အဖွဲ့ဝင်များ

(၄) ကောင်စီ အတွင်းရေးမှူး — အတွင်းရေးမှူး

(၅) ကောင်စီတွဲဖက်အတွင်းရေးမှူး — တွဲဖက်အတွင်းရေးမှူး

(၆) ကောင်စီဘဏ္ဍာရေးမှူး — ဘဏ္ဍာရေးမှူး

(ခ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၃) ပါ အဖွဲ့ဝင်များထဲမှ ခုနစ်ဦးကို ကောင်စီဝင်များ၏ ဆန္ဒမဲဖြင့်ရွေးချယ်တင်မြှောက်ပြီး ကျန်သုံးဦးကို ကောင်စီဥက္ကဋ္ဌက တိုက်ရိုက်ရွေးချယ်ရမည်။

၉။ အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့သည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ကောင်စီ၏ တာဝန်ဝတ္တရားများကို အချိန်ပြည့် ထမ်းဆောင်နိုင်သူဖြစ်ခြင်း၊

(ခ) ကောင်စီ၏ လုပ်ငန်းများတွင် စိတ်ဝင်စားမှုရှိပြီး ဦးဆောင်မှု၊ စီမံခန့်ခွဲမှု၊ ကြပ်မတ်မှု ပေးနိုင်သူဖြစ်ခြင်း။

၁၀။ (က) ကောင်စီ၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ လေးနှစ်ဖြစ်သည်။

(ခ) ကောင်စီဝင်များ၏ သက်တမ်းသည် ကောင်စီ၏သက်တမ်းနှင့်အညီဖြစ်သည်။

(ဂ) ကောင်စီဝင်တစ်ဦးသည် ကောင်စီဝင်သက်တမ်း တစ်ဆက်တည်း နှစ်ကြိမ်အထိသာ ကောင်စီဝင်အဖြစ် ဆောင်ရွက်နိုင်သည်။

(ဃ) ကောင်စီဝင်တစ်ဦးဦး၏ နေရာလစ်လပ်သည့်အခါ လစ်လပ်သည့်နေရာအလိုက် သက်ဆိုင်ရာပုဂ္ဂိုလ်များကို အစားထိုးခန့်ထားခြင်း သို့မဟုတ် ရွေးချယ်တင်မြှောက်ခြင်းဖြင့် ဖြည့်စွက်ရမည်။ ထိုသို့ ဖြည့်စွက်ခြင်းခံရသော ကောင်စီဝင်၏ သက်တမ်းသည် ကျန်ရှိသည့် ကောင်စီသက်တမ်းကုန်ဆုံးချိန်အထိသာ ဖြစ်ရမည်။

(င) ကောင်စီသည်သက်တမ်းကုန်ဆုံးသည့်အခါ ကောင်စီအသစ်ဖွဲ့စည်းပြီးသည်အထိ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

၁၁။ ကောင်စီဖွဲ့စည်းခြင်း၊ အလုပ်အမှုဆောင်အဖွဲ့ ဖွဲ့စည်းခြင်း၊ အစည်းအဝေးကျင်းပခြင်းနှင့် ငွေကြေးဆိုင်ရာကိစ္စရပ်များကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

**အခန်း(၄)**

**ကောင်စီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၁၂။ ကောင်စီ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်တွင်းပြည်ပရှိ ဆေးတက္ကသိုလ်၊ ဆေးကောလိပ်တစ်ခုခုကဖြစ်စေ၊ ဆေးပညာအတွက်ဖွဲ့စည်းထားသည့် အခြားအဖွဲ့အစည်းတစ်ခုခုကဖြစ်စေ အပ်နှင်းသည့်ဆေးပညာဘွဲ့များကို အသိအမှတ်ပြုခြင်း၊ အသိအမှတ်ပြုရန် ငြင်းပယ်ခြင်း၊

(ခ) ကောင်စီက အသိအမှတ်ပြုထားသော ဆေးပညာဘွဲ့များကို အခါအားလျော်စွာ ထုတ်ပြန်ကြေညာခြင်း၊

(ဂ) မှတ်ပုံတင်ဆရာဝန်စာရင်းနှင့် ဆေးကုသခွင့်လိုင်စင်ရ ဆရာဝန်စာရင်းများကို ပြုစုထားရှိခြင်းနှင့်အခါအားလျော်စွာ ထုတ်ပြန်ခြင်း၊

(ဃ) ဆရာဝန်များ၏ကျန်းမာရေးစောင့်ရှောက်မှုအရည်အသွေးနှင့် အဆင့်အတန်းကိုထိန်းသိမ်းမြှင့်တင်နိုင်ရန် လေ့လာဆန်းစစ်ခြင်း၊ လိုအပ်သလိုဆောင်ရွက်ခြင်း၊ အစိုးရဌာနအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

(င) နိုင်ငံတော်နှင့်ပုဂ္ဂလိကဆေးရုံများ၊ ဆေးခန်းများ၏ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်း ထိန်းသိမ်းမြှင့်တင်ရန်နှင့် လုံခြုံမှုရှိစေရန် လိုအပ်သောစံချိန်စံညွှန်းသတ်မှတ်ခြင်း၊ ထုတ်ပြန်ခြင်း၊ ဆန်းစစ်ခြင်းနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်း၊

(စ) ဆေးပညာသင်ကြားမှုအဆင့်အတန်းမြင့်မားစေရေးနှင့် အရည်အသွေးပြည့်ဝသော ဆေးပညာရှင်များ ပေါ်ပေါက်စေရေးတို့အတွက် တိုးတက်ပြောင်းလဲနေသော ဆေးပညာသင်ကြားရေးစနစ်များကို လေ့လာသုံးသပ်၍ သက်ဆိုင်ရာတက္ကသိုလ်များ သင်ကြားရေးဌာနများနှင့် ညှိနှိုင်းဆွေးနွေးခြင်း၊ အကြံပြုခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်နှင့်အညီ ဆရာဝန်များ ဆေးပညာစဉ်ဆက်မပြတ်သင်ကြားမှုရရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးတက္ကသိုလ်များ၊ ဆေးပညာဆိုင်ရာအသင်းအဖွဲ့များ၊ ပညာရှင်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းမြင့်မားစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနသို့ အကြံပြုခြင်း၊

(ဈ) ဆရာဝန်များ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာများကို သတ်မှတ်ကြေညာခြင်း၊

(ည) ဆရာဝန်၏ ကျင့်ဝတ်သိက္ခာများကို လိုက်နာစေရန် ကြီးကြပ်ကွပ်ကဲခြင်းနှင့် လိုက်နာစောင့်ထိန်းရန် ပျက်ကွက်မှုများနှင့် စပ်လျဉ်းသည့် တင်ပြချက်များကို စုံစမ်းစစ်ဆေးခြင်းနှင့် လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း၊

(ဋ) ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း၊ ဆေးရုံ၊ ဆေးပေးခန်းများတွင် ဆေးနှင့်ဆေးပစ္စည်းကိရိယာများ သုံးစွဲခြင်း၊ သုတေသနပြုခြင်းတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ အဖွဲ့အစည်းများအား ညှိနှိုင်းဆွေးနွေးခြင်း၊ အကြံပြုခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဌ) ကောင်စီ၏ အစည်းအဝေးများတွင် သက်ဆိုင်သည့် ပညာရပ်ဆိုင်ရာ ဝါရင့်ပါမောက္ခများကို လိုအပ်ပါကဖိတ်ကြား၍ အကြံဉာဏ်တောင်းခံခြင်း။

၁၃။ ကောင်စီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကောင်စီ၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် အောက်ဖော်ပြပါ ကော်မတီများကို ကောင်စီဝင်များနှင့် အခြားသင့်လျော်သော ပုဂ္ဂိုလ်များပါဝင်စေလျက် ဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီ

***အချပ်ပို (ဂ)သို့***

*အချပ်ပို (ခ) မှ*

အသီးသီး၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း -

(၁) မှတ်ပုံတင်လက်မှတ်နှင့် ဆေးကုသခွင့်လိုင်စင်စိစစ်ရေးကော်မတီ၊
(၂) ဆေးပညာဘွဲ့လက်မှတ်စိစစ်ရေးနှင့် အသိအမှတ်ပြုရေးကော်မတီ၊
(၃) ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ၊
(၄) ဆေးပညာသင်ကြားရေးနှင့် လေ့ကျင့်ရေးလုပ်ငန်းများ အရည်အသွေးနှင့်အဆင့်အတန်းမြင့်မားရေးအတွက် စံချိန်စံညွှန်း သတ်မှတ်ရေးနှင့် ကြီးကြပ်ရေးကော်မတီ၊
(၅) ကုသရေးဆိုင်ရာ အရည်အသွေး၊ အဆင့်အတန်းနှင့် လုံခြုံမှုအတွက် စံချိန်စံညွှန်း သတ်မှတ်ရေးနှင့် ကြီးကြပ်ရေးကော်မတီ၊
(၆) ဆေးပညာသင်ကြားရေးနှင့်ကုသရေးလုပ်ငန်းများကို စံချိန်စံညွှန်း ပြည့်မီကြောင်း တရားဝင်အသိအမှတ်ပြုရေးကော်မတီ၊
(၇) ဆေးပညာစဉ်ဆက်မပြတ် သင်ကြားရေးကော်မတီ၊
(၈) ဘဏ္ဍာရေးကော်မတီ၊
(၉) ဥပဒေရေးရာ ကော်မတီ၊
(၁၀)အခြားလိုအပ်သောကော်မတီများ၊

(ခ) မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊ ထုတ်ပေးရန် ငြင်းပယ်ခြင်းနှင့် ပယ်ဖျက်ခြင်း၊
(ဂ) ဆေးကုသခွင့်လိုင်စင်ထုတ်ပေးခြင်း၊ ထုတ်ပေးရန် ငြင်းပယ်ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊ စိစစ်၍ ပြန်လည်ထုတ်ပေးခြင်း၊
(ဃ) ဆေးကုသခွင့်လိုင်စင်သက်တမ်းသတ်မှတ်ခြင်း၊ သက်တမ်းတိုးမြှင့်ပေးခြင်းနှင့် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း၊
(င) နိုင်ငံတော်နှင့်ကောင်စီအတွက် အကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်များကို နိုင်ငံတကာ၊ ဒေသဆိုင်ရာနှင့် ပြည်တွင်းပြည်ပရှိ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊
(စ) မှတ်ပုံတင်ကြေး၊ လိုင်စင်ကြေး၊ လိုင်စင်သက်တမ်းတိုးမြှင့်ကြေးနှင့် ရက်လွန်ကြေး၊ စာမေးပွဲကြေးနှင့် အခြားသော အထွေထွေဝန်ဆောင်စရိတ်များကို သတ်မှတ်ခြင်းနှင့် ကောက်ခံခြင်း။

၁၄။ ကောင်စီသည် ဤဥပဒေပါ ရည်ရွယ်ချက်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အလုပ်အမှုဆောင်အဖွဲ့သို့ လွှဲအပ်နိုင်သည်။

## အခန်း(၅)
## ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ ရပိုင်ခွင့်များ

၁၅။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီနှင့်အလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ ရပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကောင်စီက သတ်မှတ်သည့် လစာစရိတ်၊ ချီးမြှင့်ငွေနှင့် ခံစားခွင့်များကို ရရှိခွင့်ရှိခြင်း၊
(ခ) တာဝန်အရ ခရီးသွားလာရပါက အမှန်တကယ် ကုန်ကျသည့် ခရီးစရိတ်နှင့် အခါအားလျော်စွာ သတ်မှတ်သည့် နေ့တွက်စရိတ်ကို ခံစားခွင့်ရှိခြင်း၊
(ဂ) ကောင်စီနှင့်သက်ဆိုင်သော အစည်းအဝေးများ တက်ရောက်ရပါက အခါအားလျော်စွာ သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိခြင်း။

## အခန်း(၆)
## ကောင်စီဝင်အဖြစ်မှရပ်စဲခြင်း

၁၆။ အောက်ပါအကြောင်းအရာ တစ်ရပ်ရပ်ပေါ်ပေါက်သည့်အခါ ကောင်စီသည် နာယကအဖွဲ့၏ အတည်ပြုချက်ဖြင့် ကောင်စီဝင်တစ်ဦးဦးအား ကောင်စီဝင်အဖြစ်မှ ရပ်စဲရမည် -

(က) မိမိဆန္ဒအရ နုတ်ထွက်ခြင်း၊
(ခ) ကောင်စီသို့ ခွင့်ပန်ခြင်းမရှိဘဲ အစည်းအဝေးတက်ရောက်ရန် သုံးကြိမ်ဆက်တိုက် ပျက်ကွက်ခြင်း၊
(ဂ) ကောင်စီသို့ ခွင့်ပန်ခြင်းမရှိဘဲ ပြည်ပသို့ ခြောက်လနှင့်အထက်ထွက်ခွာခြင်း၊
(ဃ) ဆရာဝန်မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခံရခြင်း၊
(င) ဆေးကုသခွင့်လိုင်စင် ပယ်ဖျက်ခံရခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခံရခြင်း၊
(စ) ဆရာဝန်တစ်ဦး၏ ကျင့်ဝတ်သိက္ခာပျက်ကွက်သည်ဟု ကောင်စီက စစ်ဆေးတွေ့ရှိခြင်း၊
(ဆ) ကောင်စီက ပေးအပ်သောတာဝန်များကို ထမ်းဆောင်ရန်ပျက်ကွက်ခြင်း။

## အခန်း(၇)
## အစည်းအဝေးကျင်းပခြင်း

၁၇။ အစည်းအဝေးများကို အောက်ပါအတိုင်း ကျင်းပဆောင်ရွက်ရမည် -

(က) ကောင်စီ၏ ပုံမှန်အစည်းအဝေးကို သုံးလလျှင်တစ်ကြိမ် ကျင်းပပြုလုပ်ခြင်းနှင့် လိုအပ်ပါက အထူးအစည်းအဝေး ကျင်းပခြင်း၊
(ခ) အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးကို တစ်လလျှင်တစ်ကြိမ် ကျင်းပပြုလုပ်ခြင်းနှင့် လိုအပ်ပါက အထူးအစည်းအဝေးကျင်းပခြင်း၊
(ဂ) အလုပ်အမှုဆောင်အဖွဲ့၏ ဆောင်ရွက်ချက်များကို ကောင်စီ၏ အနီးကပ်ဆုံး ပုံမှန်အစည်းအဝေးတွင် တင်ပြ၍ အတည်ပြုချက်ရယူခြင်း။

၁၈။ ကောင်စီအစည်းအဝေး ကျင်းပရာတွင် ကောင်စီဝင်ဦးရေ၏ ထက်ဝက်ကျော် တက်ရောက်မှသာ အစည်းအဝေး အထမြောက်သည်။

၁၉။ ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့သည် မိမိတို့၏ဆောင်ရွက်ချက်များကို ကျန်းမာရေးဝန်ကြီးဌာနသို့ အခါအားလျော်စွာ အသိပေးအကြောင်းကြားနိုင်သည်။

## အခန်း(၈)
## ရုံးအဖွဲ့ ဖွဲ့စည်းခြင်းနှင့်တာဝန်ပေးခြင်း

၂၀။ ကောင်စီသည် ကောင်စီနှင့်အလုပ်အမှုဆောင်အဖွဲ့တို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် ရုံးအဖွဲ့နှင့်ဌာနများကို အောက်ပါအတိုင်းဖွဲ့စည်း၍ လိုအပ်သော ဝန်ထမ်းများကို ခန့်အပ်တာဝန်ပေးရမည်-

(က) ရုံးအဖွဲ့မှူးတစ်ဦးနှင့် ဒုတိယရုံးအဖွဲ့မှူးတစ်ဦး၊
(ခ) စီမံရေးရာဌာန၊ မှတ်ပုံတင်ဌာနနှင့် ငွေစာရင်းဌာနတို့တွင် လက်ထောက်ရုံးအဖွဲ့မှူးတစ်ဦးစီ၊
(ဂ) အရည်အသွေးထိန်းသိမ်းခြင်းနှင့် စစ်ဆေးခြင်းဌာန၊ နိုင်ငံခြားဆက်သွယ်ရေးဌာန၊ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်းထိန်းသိမ်းရေးဌာနတို့တွင် ဆရာဝန်ဖြစ်သော လက်ထောက် ရုံးအဖွဲ့မှူးတစ်ဦးစီ။

၂၁။ ကောင်စီသည် ပုဒ်မ ၂၀ ပါရုံးအဖွဲ့နှင့်ဌာနများကို လိုအပ်ချက်နှင့်အညီ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## အခန်း(၉)
## ဘဏ္ဍာရေး

၂၂။ ကောင်စီသည် မှတ်ပုံတင်ကြေး၊ လိုင်စင်ကြေး၊ လိုင်စင်သက်တမ်းတိုးမြှင့်ကြေးနှင့် ရက်လွန်ကြေး၊ စာမေးပွဲကြေးနှင့် အခြားသောအထွေထွေဝန်ဆောင်စရိတ်များကို သတ်မှတ်ခြင်းနှင့် ကောက်ခံခြင်းတို့ကို ပြုလုပ်နိုင်သည်။

၂၃။ ကောင်စီသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အောက်ပါရငွေများဖြင့် ရန်ပုံငွေတစ်ရပ်ထူထောင်ရမည် -

(က) မှတ်ပုံတင်ကြေး၊ လိုင်စင်ကြေး၊ လိုင်စင်သက်တမ်းတိုးမြှင့်ကြေး၊ ရက်လွန်ကြေး၊ စာမေးပွဲကြေးနှင့် အခြားစရိတ်များမှ ကောက်ခံရရှိငွေများ၊
(ခ) ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းများနှင့် အလှူရှင်များထံမှ လှူဒါန်းငွေနှင့် ထောက်ပံ့ငွေများ၊
(ဂ) ရန်ပုံငွေမှ တရားဝင်တိုးပွားငွေများ။

၂၄။ ကောင်စီသည် ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် အလှူရှင်များက လှူဒါန်းသောပစ္စည်းများနှင့် အခြားအကူအညီများကို လက်ခံနိုင်သည့်အပြင် တည်ဆဲစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ တရားဝင် စီမံခန့်ခွဲပိုင်ခွင့်ရှိသည်။

၂၅။ ကောင်စီသည် ကောင်စီအလုပ်အမှုဆောင်အဖွဲ့နှင့် ရုံးအဖွဲ့တို့၏ ကုန်ကျစရိတ်များကို ကျခံရမည်။

၂၆။ ကောင်စီသည် ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်ချက်များကို တည်ဆဲဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၂၇။ ကောင်စီသည် မိမိရန်ပုံငွေဖြင့် သီးခြားရပ်တည်နိုင်ရန် ဆောင်ရွက်ရမည်။ မိမိရန်ပုံငွေဖြင့် ရပ်တည်ရာတွင် လုံလောက်မှုမရှိပါက ကျန်းမာရေးဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ရန်တင်ပြတောင်းခံနိုင်သည်။

## အခန်း(၁၀)
## ဆရာဝန်မှတ်ပုံတင်ခြင်း

၂၈။ ဆရာဝန်မှတ်ပုံတင်လက်မှတ်ရရှိလိုသော နိုင်ငံသားတစ်ဦးဦးသည် အောက်ပါသတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည် -

(က) ကောင်စီက အသိအမှတ်ပြုသည့် ပြည်တွင်းဆေးတက္ကသိုလ်တစ်ခုခုက အပ်နှင်းသည့် အခြေခံဆေးပညာဘွဲ့ ရရှိသူ၊
(ခ) ကောင်စီက အသိအမှတ်ပြုသည့် ပြည်ပဆေးတက္ကသိုလ် တစ်ခုခုကဖြစ်စေ၊ ဆေးကောလိပ်တစ်ခုခုကဖြစ်စေ အပ်နှင်းသည့် အခြေခံဆေးပညာဘွဲ့ ရရှိသူ၊
(ဂ) ကောင်စီကအသိအမှတ်ပြုထားခြင်းမရှိသည့် ပြည်ပဆေးတက္ကသိုလ်တစ်ခုခုကဖြစ်စေ၊ ဆေးကောလိပ်တစ်ခုခုကဖြစ်စေ အခြေခံဆေးပညာဘွဲ့ရရှိပြီး ကောင်စီက ကျင်းပပြုလုပ်သော ဆေးကုသခွင့်လိုင်စင်စာမေးပွဲကို အောင်မြင်ပြီးသူ။

၂၉။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၂၈ အရ လျှောက်ထားသည့် လျှောက်လွှာကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး မှတ်ပုံတင်ကြေး ပေးသွင်းစေ၍ ဆရာဝန်မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၃၀။ ကောင်စီသည် မှတ်ပုံတင်ဆရာဝန်တစ်ဦးဦးနှင့်ပတ်သက်၍ အောက်ပါအချက်တစ်ရပ်ရပ်ပေါ်ပေါက်ကြောင်း စစ်ဆေးတွေ့ရှိပါက မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ရမည် -

(က) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးသုံးစွဲကြောင်း ပေါ်ပေါက်ခြင်း၊
(ခ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားရုံး၏ ပြစ်မှုထင်ရှားစီရင်ခြင်းကိုခံရပြီး ယင်းပြစ်မှုသည် ဆရာဝန်အဖြစ် ဆက်လက်ထမ်းဆောင်ရန်မသင့်ဟု ကောင်စီက သတ်မှတ်ထားသော ပြစ်မှုဖြစ်ခြင်း၊
(ဂ) ဆရာဝန်တစ်ဦး၏ ကျင့်ဝတ်သိက္ခာပျက်ကွက်သည်ဟု ကောင်စီက စစ်ဆေးတွေ့ရှိခြင်း။

## အခန်း(၁၁)
## ဘွဲ့လွန်ဒီဂရီ အသိအမှတ်ပြုခြင်း

၃၁။ ပြည်တွင်း ပြည်ပ ဆေးတက္ကသိုလ်တစ်ခုခုက အပ်နှင်းသည့် ဘွဲ့လွန်ဆေးပညာဘွဲ့ရရှိသူသည် ဘွဲ့လွန်ဒီဂရီ အသိအမှတ်ပြုနိုင်ရန် ကောင်စီသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

၃၂။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၃၁ အရ လျှောက်ထားသူများကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး မှတ်ပုံတင်ကြေးပေးသွင်းစေ၍ ဘွဲ့လွန်ဒီဂရီရရှိကြောင်း မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

## အခန်း(၁၂)
## ဆေးကုသခွင့်လိုင်စင်

၃၃။ (က) နိုင်ငံသားမှတ်ပုံတင်ဆရာဝန်သည် ဆေးကုသသည့် လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လိုပါက အထွေထွေဆေးကုသခွင့်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။
(ခ) ကောင်စီသည် ပုဒ်မခွဲ(က)အရ လျှောက်ထားချက်ကို ရရှိသည့်အခါ အလုပ်အမှုဆောင်အဖွဲ့သို့ စိစစ်ရန် လွှဲပြောင်းပေးရမည်။

၃၄။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၃၃၊ ပုဒ်မခွဲ (က) အရ လျှောက်ထားသည့် လျှောက်လွှာကို စိစစ်ပြီး လိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသော အခကြေးငွေများပေးသွင်းစေ၍ လိုအပ်ပါက အရည်အချင်းစစ်ဆေးခြင်းပြုလုပ်ပြီး အရည်အချင်းပြည့်မီလျှင် အထွေထွေဆေးကုသခွင့်လိုင်စင်ကို ထုတ်ပေးရမည်။ အရည်အချင်း မပြည့်မီပါက လိုင်စင်ကို ထုတ်ပေးရန် ငြင်းပယ်နိုင်သည်။

၃၅။ အခြေခံဆေးပညာဘွဲ့နှင့် အလားတူ ဆေးပညာဘွဲ့ရ နိုင်ငံခြားသား ဆရာဝန်သည် ကန့်သတ်အထွေထွေဆေးကုသခွင့်လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၃၆။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၃၅ အရ လျှောက်ထားသည့် လျှောက်လွှာကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး လိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသော အခကြေးငွေများ ပေးသွင်းစေ၍ ကုသခွင့်ရှိသောနေရာ၊ ဒေသနှင့်အချိန်ကာလများကို ကန့်သတ်လျက် ကန့်သတ်အထွေထွေဆေးကုသခွင့်လိုင်စင်ကို ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၃၇။ အထွေထွေဆေးကုသခွင့် လိုင်စင်ရရှိထားသည့် မှတ်ပုံတင်ဆရာဝန်သည် အထူးဆေးကုသခွင့်အတွက် သတ်မှတ်ထားသည့် အရည်အချင်းနှင့်ပြည့်စုံပါက အထူးဆေးကုသခွင့်လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။

၃၈။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၃၇ အရ လျှောက်ထားသည့် လျှောက်လွှာကို စိစစ်ပြီးလိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသော အခကြေးငွေများ ပေးသွင်းစေ၍ အထူးဆေးကုသခွင့်လိုင်စင်ကို ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၃၉။ နိုင်ငံခြားသား အထူးကုဆရာဝန်သည် မြန်မာနိုင်ငံတွင် ဆေးကုသသည့်လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လိုပါက ကန့်သတ်အထူးဆေးကုသခွင့်လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၄၀။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၃၉ အရ လျှောက်ထားသည့် လျှောက်လွှာကိုစိစစ်ပြီး လိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသော အခကြေးငွေများ ပေးသွင်းစေ၍ ကုသခွင့်ရှိသောဆေးပညာဘာသာရပ် အမျိုးအစား၊ ကုသခွင့်ရှိသော နေရာ၊ ဒေသနှင့် အချိန်ကာလများကို ကန့်သတ်လျက် ကန့်သတ်အထူးဆေးကုသခွင့်လိုင်စင်ကိုထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၄၁။ အခြေခံဆေးပညာဘွဲ့ မရရှိသော်လည်း ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ဘွဲ့တစ်ခုခု ရရှိပြီး သက်ဆိုင်ရာ ပညာရပ်အလိုက်ကုသမှုဆောင်ရွက်လိုသူသည် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်လိုင်စင်ကို သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။

၄၂။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၄၁ အရ လျှောက်ထားသည့် လျှောက်လွှာကို စိစစ်ပြီး လိုအပ်ပါက အရည်အချင်းစစ်ဆေးရန်၊ အရည်အချင်းပြည့်မီလျှင် လိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသော အခကြေးငွေများပေးသွင်းစေလျက် ကုသခွင့်ရှိသည့် ပညာရပ်ဆိုင်ရာ နယ်ပယ်သတ်မှတ်၍ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်လိုင်စင်ကို ထုတ်ပေးနိုင်သည်။ အရည်အချင်းမပြည့်မီပါက လိုင်စင်ကို ထုတ်ပေးရန် ငြင်းပယ်ရမည်။

၄၃။ ဆေးကုသခွင့်လိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်း ကုန်ဆုံးပြီးနောက် မိမိ၏ ဆေးကုသသည့်လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက သက်တမ်းတိုးမြှင့်ပေးရန် လိုင်စင်သက်တမ်းမကုန်ဆုံးမီ သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။ လျှောက်ထားဆဲ ကာလအတွင်း ယင်း၏ ဆေးကုသမှုလုပ်ငန်းများသည် တရားဝင်ဆောင်ရွက်ခြင်းဟု မှတ်ယူရမည်။

၄၄။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၄၃ အရ ဆေးကုသခွင့်လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားသည့် လျှောက်လွှာကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သက်တမ်းတိုးမြှင့်ပေးခြင်း သို့မဟုတ် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၄၅။ အလုပ်အမှုဆောင်အဖွဲ့သည် ဆေးကုသခွင့်လိုင်စင်ရ ဆရာဝန်တစ်ဦးဦးနှင့် ပတ်သက်၍ အောက်ပါအချက်တစ်ရပ်ရပ်ပေါ်ပေါက်ကြောင်း စစ်ဆေးတွေ့ရှိပါက ဆေးကုသခွင့်လိုင်စင်ကို ပယ်ဖျက်ခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်းပြုနိုင်သည် -

(က) ဆရာဝန်မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခံရခြင်း၊
(ခ) စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် ကိုယ်အင်္ဂါကျန်းမာကြံ့ခိုင်မှု မရှိခြင်းကြောင့် ဆရာဝန်တစ်ဦး၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်စွမ်းမရှိခြင်း၊
(ဂ) ဆရာဝန်တစ်ဦး၏ လုပ်ငန်းတာဝန်များကို ပေါ့လျော့စွာဆောင်ရွက်ခြင်း၊
(ဃ) ဆရာဝန်တစ်ဦး၏ လိုက်နာရမည့် ကျင့်ဝတ်သိက္ခာနှင့်အညီ လိုက်နာစောင့်ထိန်းမှု မရှိခြင်း၊
(င) ဆရာဝန်တစ်ဦး၏ အရည်အသွေးနှင့်အညီ လုပ်ဆောင်နိုင်စွမ်းမရှိခြင်း၊
(စ) ကောင်စီကသတ်မှတ်သောကာလအတွင်း လုံလောက်သော အကြောင်းပြချက်မရှိဘဲ ဆေးကုသခွင့်လိုင်စင်သက်တမ်းတိုးမြှင့်ရန် ပျက်ကွက်ခြင်း၊
(ဆ) ကောင်စီက အသိအမှတ်မပြုသော ဘွဲ့၊ ဒီဂရီ၊ အဆင့်၊ ကျွမ်းကျင်မှုဆိုင်ရာပညာရပ်များကို မိမိ၏ အမည်နှင့်ယှဉ်တွဲ၍ ဖော်ပြခြင်း။

## အခန်း(၁၃)
## မှတ်ပုံတင်ဆရာဝန်နှင့်ဆေးကုသခွင့်လိုင်စင်ရဆရာဝန်၏ တာဝန်နှင့်ရပိုင်ခွင့်များ

၄၆။ မှတ်ပုံတင်ဆရာဝန်နှင့် ဆေးကုသခွင့်လိုင်စင်ရ ဆရာဝန်များသည် -

(က) ဤဥပဒေအရထုတ်ပြန်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလိုက်နာရမည်။
(ခ) ကောင်စီကသတ်မှတ်သည့် ဆရာဝန်၏ကျင့်ဝတ်သိက္ခာများကို လိုက်နာစောင့်ထိန်းရမည်။
(ဂ) ကောင်စီ၏ လုပ်ငန်းတာဝန်များ တိုးတက်အောင်မြင်စေရေးအတွက် ကောင်စီသို့ အကြံပြုခွင့်ရှိသည်။
(ဃ) မိမိ၏ နစ်နာချက်များကို ကောင်စီသို့ တင်ပြခွင့်ရှိသည့်အပြင် ကောင်စီ၏ အကြံဉာဏ်ကိုလည်း ရယူနိုင်ခွင့်ရှိသည်။

၄၇။ (က) မှတ်ပုံတင်ဆရာဝန်သည် ကောင်စီဝင် ရွေးချယ်တင်မြှောက်ရာတွင် ဆန္ဒမဲပေးပိုင်ခွင့် ရှိသည်။
(ခ) နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် မှတ်ပုံတင်ဆရာဝန်သည် ကောင်စီက သတ်မှတ်ထားသည့် အရည်အချင်းပြည့်မီလျှင် ကောင်စီဝင်အဖြစ် ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။

၄၈။ ဆေးကုသခွင့်လိုင်စင်ရ ဆရာဝန်သည် -

(က) မိမိရရှိထားသော ဆေးကုသခွင့်လိုင်စင် အမျိုးအစားအရ ဆေးကုသခြင်းကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခွင့် ရှိသည်။
(ခ) မိမိရရှိထားသော ဆေးကုသခွင့်လိုင်စင်သက်တမ်းတိုးမြှင့်ရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားခွင့်ရှိသည်။

## အခန်း (၁၄)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၄၉။ ကောင်စီသည် မိမိကိုယ်တိုင်သိရှိ၍ဖြစ်စေ၊ သတင်းပေးတိုင်ကြားသူက တိုင်ကြား၍ဖြစ်စေ မှတ်ပုံတင်ဆရာဝန် သို့မဟုတ် ဆေးကုသခွင့်လိုင်စင်ရသူတစ်ဦးဦးအား စုံစမ်းစစ်ဆေးရန် အကြောင်းပေါ်ပေါက်လျှင် ကောင်စီဝင်တစ်ဦးဦးနှင့် သက်ဆိုင်ရာပညာရှင် အနည်းဆုံးနှစ်ဦးပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၅၀။ ပုဒ်မ ၄၉ အရ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းခံရသော စုံစမ်းစစ်ဆေးရေးအဖွဲ့သည် သတ်မှတ်ချက်များနှင့်အညီ စုံစမ်းစစ်ဆေးပြီး သုံးသပ်ချက်၊ အကြံပြုချက်တို့နှင့်အတူ အလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြရမည်။

၅၁။ အလုပ်အမှုဆောင်အဖွဲ့သည် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ တင်ပြချက်ကို စိစစ်ပြီး တွေ့ရှိချက်များအရ ကောင်စီ၏ သဘောတူညီချက်ဖြင့် အောက်ပါအရေးယူဆောင်ရွက်မှုတစ်ခုခုကို ပြုလုပ်နိုင်သည် -

(က) သတိပေးခြင်း၊
(ခ) ဆေးကုသခွင့်လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊
(ဂ) ဆေးကုသခွင့်လိုင်စင်ကို ပယ်ဖျက်ခြင်း၊
(ဃ) မှတ်ပုံတင် ပယ်ဖျက်ခြင်း။

*အချပ်ပို (ဃ) သို့*

# ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုလွှတ်တော်**
**ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ**
**( ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် /၂၀၁၅ )**
**၁၃၇၇ ခုနှစ်၊ လ ရက်**
**( ၂၀၁၅ ခုနှစ်၊ လ ရက် )**

ပြည်ထောင်စုလွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**
**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို ၂၀၁၅ ခုနှစ်၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ရှေးဟောင်းဝတ္ထုပစ္စည်း** ဆိုသည်မှာ ပုဒ်မ ၄ တွင် ဖော်ပြထားသော အရာဝတ္ထုများကို ဆိုသည်။

( ခ ) **မြန်မာ့မူရင်းမဟုတ်သော ရှေးဟောင်းဝတ္ထုပစ္စည်း** ဆိုသည်မှာ ပြည်ပနိုင်ငံတစ်ခုခု၌ ပြုလုပ်ခဲ့ပြီး အကြောင်းတစ်ရပ်ရပ်ကြောင့် မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် ရှေးဟောင်း ဝတ္ထုပစ္စည်းကို ဆိုသည်။

( ဂ ) **ကာကွယ်ထိန်းသိမ်းခြင်း** ဆိုသည်မှာ အဓွန့်ရှည်တည်တံ့စေရန်အလို့ငှာ ရှေးဟောင်း ဝတ္ထုပစ္စည်းကို ဖုံးအုပ်ကာကွယ်ခြင်း၊ ပြန်လည်ပြုပြင်ခြင်း၊ ရှေးမူမပျက် အသစ်ပြန်လည်ပြုပြင်ခြင်း၊ ဆေးကြောသုတ်သင် မွမ်းမံခြင်းနှင့် ဓာတုဗေဒနည်းအပါအဝင် အခြားနည်းလမ်းများဖြင့် ထိန်းသိမ်းဆောင်ရွက်ခြင်းတို့ကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ ယဉ်ကျေးမှုဝန်ကြီးဌာနကို ဆိုသည်။

( င ) **ဦးစီးဌာန** ဆိုသည်မှာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနကို ဆိုသည်။

( စ ) **ဦးစီးဌာနက လွှဲအပ်တာဝန်ပေးခြင်းခံရသည့်ဌာန** ဆိုသည်မှာ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ဖွင့်လှစ်ထားသော ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ဌာနခွဲများကိုဆိုသည်။

**အခန်း(၂)**
**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရှေးဟောင်းဝတ္ထုပစ္စည်းများ အဓွန့်ရှည်တည်တံ့စေရေးအတွက် ကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာမူဝါဒကို အကောင်အထည်ဖော်နိုင်ရန်၊

( ခ ) သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လူတို့၏ပြုလုပ်မှုကြောင့်ဖြစ်စေ ရှေးဟောင်း ဝတ္ထုပစ္စည်းများ ယိုယွင်းပျက်စီးခြင်းမရှိစေရေးအတွက် ကာကွယ်ထိန်းသိမ်းနိုင်ရန်၊

( ဂ ) ရှေးဟောင်းဝတ္ထုပစ္စည်းများကို ကာကွယ်ထိန်းသိမ်းခြင်းဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစေရန်နှင့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ရှင်သန်ခိုင်မာစေရန်၊

(ဃ) အများပြည်သူတို့က ရှေးဟောင်းဝတ္ထုပစ္စည်းများ၏ တန်ဖိုးကြီးမားမှုကို နားလည်ခံယူနိုင်ကြစေရန်၊

( င ) ရှေးဟောင်းဝတ္ထုပစ္စည်းများကို ကာကွယ်ထိန်းသိမ်းခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်က သဘောတူလက်ခံထားသော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း၊ ဒေသဆိုင်ရာ သဘောတူညီချက်များနှင့်အညီ ဆောင်ရွက်ရန်။

**အခန်း(၃)**
**ရှေးဟောင်းဝတ္ထုပစ္စည်းအဖြစ်သတ်မှတ်ခြင်း**

၄။ ရှေးဟောင်းဝတ္ထုပစ္စည်းဟု ဦးစီးဌာနက စုံစမ်းစစ်ဆေးသည့်နေ့ရက်မတိုင်မီ နှစ်ပေါင်း ၁၀၀ က တည်ရှိသော သမိုင်းကြောင်းအရဖြစ်စေ၊ ယဉ်ကျေးမှုအရဖြစ်စေ၊ အနုပညာလက်ရာအရ ဖြစ်စေ၊ မနုဿဗေဒအရဖြစ်စေ၊ သတ္တဗေဒအရဖြစ်စေ၊ ရုက္ခဗေဒအရဖြစ်စေ ရှေးဟောင်းအမွေအနှစ်ဆိုင်ရာ တန်ဖိုးကြီးမားသောကြောင့် ကာကွယ်ထိန်းသိမ်းခြင်းအတွက် လိုအပ်သည့် မြေပေါ် မြေအောက်တွင်သော် လည်းကောင်း၊ ရေပေါ်ရေအောက်တွင်သော်လည်းကောင်းရှိသည့် ရွှေ့ပြောင်းနိုင်သော သို့မဟုတ် မရွှေ့မပြောင်းနိုင်သော အောက်ပါဝတ္ထုပစ္စည်းများကို ရှေးဟောင်းဝတ္ထုပစ္စည်းများဟု သတ်မှတ်သည်-

(က) လူနှင့် တိရစ္ဆာန်အမျိုးမျိုးတို့၏ ကျောက်ဖြစ်ရုပ်ကြွင်း၊ ရုပ်အလောင်းနှင့် အရိုးစုများအပါအဝင် သတ္တဗေဒနှင့် ရုက္ခဗေဒဆိုင်ရာ ရုပ်ကြွင်းများ၊

( ခ ) ဘုရားဆင်းတု၊ အုတ်ခွက်ဘုရား၊ နံရံဆေးရေးပန်းချီ၊ အဝတ်ပန်းချီ၊ ရုပ်ပုံများ၊ ပြိုကျပျက်စီးသွားပြီဖြစ်သည့် အပျက်အစီးများ၊ ယုံကြည်ကိုးကွယ်မှုဆိုင်ရာ ပစ္စည်းများ၊

( ဂ ) စေတီပုထိုးနှင့် သိမ်ကျောင်းအပါအဝင် သာသနိကအဆောက်အအုံများ၌ ပုံဖော်မွမ်းမံထားသော အင်္ဂတေပန်းလက်ရာများ၊

(ဃ) ကျောက်၊ ကြေး၊ သံ သို့မဟုတ် သတ္တုတစ်မျိုးမျိုးဖြင့်သော် လည်းကောင်း၊ အရိုး၊ အစွယ်၊ သစ်သား သို့မဟုတ် ဝါးဖြင့်သော်လည်းကောင်း ပြုလုပ်ထားသော လက်နက်ကိရိယာများ၊

( င ) ရွှေ၊ ငွေ၊ ကြေး၊ သံ သို့မဟုတ် သတ္တုတစ်မျိုးမျိုးဖြင့် သွန်းထားသော ဒင်္ဂါး၊ မြေ သို့မဟုတ် ရွှံ့ဖြင့် ပြုလုပ်ထားသော ဒင်္ဂါးနှင့် ငွေကြေးအဖြစ် အသုံးပြုခဲ့သော ရွှေတိုရွှေစ၊ ငွေတိုငွေစ၊ ရွှေခွက်နှင့် ငွေခွက်များ၊

( စ ) ရွှေ၊ ငွေ၊ ကျောက်၊ ကြေး၊ သံ သို့မဟုတ် သတ္တုတစ်မျိုးမျိုးဖြင့် သော် လည်းကောင်း၊ မြေ၊ ရွှံ့၊ အင်္ဂတေ၊ အုတ်၊ ကျောက်၊ သစ်သား၊ အရိုး သို့မဟုတ် အစွယ်ဖြင့်သော်လည်းကောင်း ပြုလုပ်ထားသော ရုပ်တု၊ ဆင်းတုနှင့် ရုပ်လုံးရုပ်ကြွများ၊

(ဆ) မြန်မာ့မင်းခမ်းတော်ပစ္စည်းနှင့် နန်းတွင်းအသုံးအဆောင်ပစ္စည်းများ၊

( ဇ ) ဝေါယာဉ်၊ ထမ်းစင်၊ ရထားနှင့် လှည်းများအပါအဝင် ခရီးသွားယာဉ်များ၊

(ဈ) ကျောက်စာ၊ အုတ်ခဲစာ၊ ခေါင်းလောင်းစာ၊ မင်စာ၊ ရွှေပြားစာ၊ ငွေပြားစာ၊ ကြေးပြားစာ၊ ပေစာ၊ စဉ့်ကွင်းစာ၊ ပုရပိုက် ၊ လက်ရေးစာ၊ သားရေစာ၊ ပုံနှိပ်စာ၊ တံဆိပ်တုံးနှင့် တံဆိပ်များ၊

(ည) မြန်မာ့ရိုးရာပန်းဆယ်မျိုးတွင် အကျုံးဝင်သော လက်မှုအနုပညာ ပစ္စည်းများ၊

( ဋ ) ဇရပ်အပါအဝင် လူနေအဆောက်အအုံရှိ အနုပညာလက်ရာအဖြစ် ပုံဖော်ထားသော ရုပ်လုံးရုပ်ကြွနှင့် အခြားသစ်ထွင်းလက်ရာများ၊ သတ္တုပုံဖော်လက်ရာပစ္စည်းများ၊ ကျောက်ထွင်း၊ ကျောက်ခြစ်နှင့် မြေထည်များ အပါအဝင် အနုပညာလက်ရာပစ္စည်းများ၊

( ဌ ) ခေါင်းပေါင်း၊ ဦးသျှောင်၊ ခေါင်းပတ်နှင့် အင်္ကျီအဝတ်အစားများ အပါအဝင် အဝတ်အထည်များ၊

( ဍ ) အမျိုးသား၊ အမျိုးသမီး အဆင်တန်ဆာပစ္စည်းများ၊

( ဎ ) အချိန်အတွယ်ကိရိယာအဖြစ် အသုံးပြုခဲ့သော အလေး၊ တင်းတောင်းနှင့် ချိန်ခွင်များ၊

(ဏ) ထွန်၊ ထယ်၊ အိုးလက်ခတ်နှင့် ရက်ကန်းလုပ်ငန်းသုံးပစ္စည်းများ အပါအဝင် လုပ်ငန်းသုံးပစ္စည်းများ၊

(တ) မြေအိုး၊ မြေခွက်၊ စဉ့်အိုး၊ စဉ့်ခွက်၊ ကျောက်အိုး၊ ကျောက်ခွက်၊ ကြွေအိုးနှင့် ကြွေခွက်များ အပါအဝင် အိုး၊ ခွက်ယောက်၊ ပန်းကန်၊ ဖွန်းနှင့် ယွန်းထည်ပစ္စည်းများ၊

(ထ) ဗုံ၊ မောင်း၊ ပုလွေ၊ နှဲ၊ လင်းကွင်း၊ ကြေးနောင်နှင့် ဆိုင်းဝိုင်းများ အပါအဝင် တူရိယာပစ္စည်းများ၊

( ဒ ) ဆင်၊ မြင်း၊ ကျွဲနှင့် နွားများအပါအဝင် တိရစ္ဆာန်များတွင် ဆင်ယင်သော အဆင်တန်ဆာပစ္စည်းများ၊

( ဓ ) မြေရုပ်ဒိုးနှင့် ကျောက်ဒိုးများ အပါအဝင် မြန်မာ့ရိုးရာ ကလေးကစားစရာပစ္စည်းများ၊

( န ) ဝန်ကြီးဌာနက ကွင်းဆင်းစစ်ဆေးပြီး ရှေးဟောင်းဝတ္ထုပစ္စည်းအဖြစ် မှတ်တမ်းထားရှိသည့် အခြားအရာဝတ္ထုပစ္စည်းများ။

**အခန်း(၄)**
**ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းခြင်း၊ အပ်နှံခြင်းနှင့် လက်ခံခြင်း**

၅။ ဝန်ကြီးဌာနသည် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) ရှေးဟောင်းဝတ္ထုပစ္စည်းများကို ကာကွယ်ထိန်းသိမ်းခြင်း၊ တူးဖော်ခြင်း၊ ရှာဖွေ စုဆောင်းခြင်းနှင့် သုတေသနပြုခြင်း၊

( ခ ) ရှေးဟောင်းဝတ္ထုပစ္စည်းများ တရားမဝင်သောနည်းများဖြင့် ပြည်ပသို့ မရောက်ရှိစေရေးနှင့် ပြည်ပသို့ တရားမဝင် ရောက်ရှိသွားသော ရှေးဟောင်းဝတ္ထုပစ္စည်းများ ပြန်လည်ရရှိရေးတို့ကို ဆောင်ရွက်ခြင်း၊

( ဂ ) ရှေးဟောင်းဝတ္ထုပစ္စည်းများကို ပြည်သူလူထုက ဂုဏ်ယူမြတ်နိုး တန်ဖိုးထားလိုသော စိတ်ဓာတ်နှင့် ထိန်းသိမ်းစောင့်ရှောက်လိုသော စိတ်ဓာတ်များ ဖြစ်ပေါ်ရန် ပညာပေးခြင်း။

၆။ ဝန်ကြီးဌာနသည် ရှေးဟောင်းဝတ္ထုပစ္စည်းတစ်ခုခုနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ယဉ်ကျေးမှု၊ သမိုင်း၊ ဗိသုကာ၊ အနုပညာလက်ရာဖြစ်စေ၊ မနုဿဗေဒအရဖြစ်စေ၊ သတ္တဗေဒအရဖြစ်စေ၊ ရုက္ခဗေဒအရဖြစ်စေ တန်ဖိုးကြီးမား၍ ဌာနက ထိန်းသိမ်းထားသော အခြားမည်သည့်ဝတ္ထုပစ္စည်းတစ်ခုခုနှင့် စပ်လျဉ်း၍ဖြစ်စေ အဓွန့်ရှည်တည်တံ့စေရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်း၍ ရှေးဟောင်းဝတ္ထုပစ္စည်းများကို ကာကွယ်ထိန်းသိမ်းခြင်း၊

( ခ ) ရှေးဟောင်းဝတ္ထုပစ္စည်းတစ်ခုခုကို ပြုပြင်မွမ်းမံရန်နှင့် လုံခြုံစွာထိန်းသိမ်းထားရန်အလို့ငှာ ပိုင်ရှင်၏သဘောတူညီချက်ဖြင့် ရွှေ့ပြောင်းထားရှိခြင်း၊

( ဂ ) ပိုင်ရှင် သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်သူမရှိသော ရှေးဟောင်းဝတ္ထုပစ္စည်းတစ်ခုခုကို နိုင်ငံတော်ပိုင်အဖြစ်သတ်မှတ်၍ ကာကွယ်ထိန်းသိမ်းခြင်း၊

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ရှေးဟောင်းဝတ္ထုပစ္စည်းတစ်ခုခုကို နိုင်ငံတော်အကျိုးငှာ သိမ်းယူပြီး ကာကွယ်ထိန်းသိမ်းခြင်း၊

( င ) ရှေးဟောင်းအမွေအနှစ်ဆိုင်ရာ တန်ဖိုးကြီးမားသည်ဟု သတ်မှတ်သော ရှေးဟောင်းဝတ္ထုပစ္စည်းများကို အမျိုးသားပြတိုက်တွင် ထိန်းသိမ်းထားရှိခြင်းနှင့် ခင်းကျင်းပြသခြင်း၊

( စ ) ဒေသဆိုင်ရာရှိ ပြတိုက်များတွင် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်စေသည့် ရှေးဟောင်းဝတ္ထုပစ္စည်းများကို ပြသနိုင်ရန် ညွှန်ကြားခြင်း၊

(ဆ) နိုင်ငံတော်အတွင်း ဒေသအသီးသီးမှတွေ့ရှိရသော ရှေးဟောင်းဝတ္ထုပစ္စည်းကို ထိန်းသိမ်းထားရှိရန်နှင့် ခင်းကျင်းပြသရန် နေရာရွေးချယ်မှုကို အတည်ပြုဆုံးဖြတ်ခြင်း။

၇။ ဝန်ကြီးဌာနသည်-

(က) သူတစ်ဦးဦးက တွေ့ရှိသည့်၊ လက်ဆောင်ရရှိသည့်၊ သေတမ်းစာအရဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ လက်ခံရရှိသည့် သို့မဟုတ် အမွေဆက်ခံရရှိသည့် ရှေးဟောင်းဝတ္ထုပစ္စည်းကို လာရောက်အပ်နှံပါက နိုင်ငံတော်ပိုင်ပစ္စည်းအဖြစ် သတ်မှတ်လက်ခံ၍ ကာကွယ် ထိန်းသိမ်း ထားရှိနိုင်သည်။

( ခ ) ပုဒ်မခွဲ(က)အရ သတ်မှတ်လက်ခံ၍ ထိန်းသိမ်းထားရှိသော ရှေးဟောင်း ဝတ္ထုပစ္စည်းကိုအပ်နှံသူအားအကျိုးခံစားခွင့်ရှိသူအဖြစ် သတ်မှတ်၍ ယင်းပစ္စည်းအတွက် ထိုက်တန်သော ကာလတန်ဖိုး ချီးမြှင့်ငွေ ပေးအပ်ရမည်။

၈။ (က) ဝန်ကြီးဌာနသည် ထိခိုက်ဆွေးမြည့်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် ရွှေ့ပြောင်းခံရမည့် အန္တရာယ်ရှိခြင်း ဖြစ်နိုင်သည်ဟု ထင်မြင်ယူဆသော ရှေးဟောင်းဝတ္ထုပစ္စည်းကို သက်ဆိုင်ရာပိုင်ရှင် သို့မဟုတ် ပိုင်ဆိုင်ခွင့်ရှိသူထံမှ ထိုက်တန်သောကာလတန်ဖိုးဖြင့် ဝယ်ယူပြီး ယဉ်ကျေးမှု အမွေအနှစ်အဖြစ် ကာကွယ်ထိန်းသိမ်းခွင့်ရှိသည်။

( ခ ) ပုဒ်မခွဲ (က)အရ ဝန်ကြီးဌာန၏ဆောင်ရွက်နိုင်ခွင့်သည် အောက်ပါ ရှေးဟောင်းဝတ္ထုပစ္စည်းများနှင့် သက်ဆိုင်ခြင်းမရှိစေရ-

(၁) ဘာသာရေးအရ ဝတ်ပြုကိုးကွယ်ရာတွင် အမှန်တကယ်အသုံးပြုနေသော ရှေးဟောင်းဝတ္ထုပစ္စည်း၊

(၂) ပိုင်ရှင်က မိမိ သို့မဟုတ် မိမိ၏ဘိုးဘွားစဉ်ဆက် သို့မဟုတ် မိမိ ၏ မိသားစုတွင် ပါဝင်သူတစ်ဦးဦးနှင့်ပတ်သက်၍ ခိုင်လုံသော အကြောင်းပြချက်ဖြင့် ကိုယ်ပိုင်ထိန်းသိမ်းထားရှိလိုသည့် ရှေး ဟောင်း ဝတ္ထုပစ္စည်း။

၉။ ဝန်ကြီးဌာနသည် ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းခြင်း၊ အပ်နှံခြင်း၊ လက်ခံခြင်းများနှင့် စပ်လျဉ်းသည့် လုပ်ငန်းတာဝန်များကို ဦးစီးဌာနသို့ လွှဲအပ် ဆောင်ရွက်စေနိုင်သည်။

**အခန်း(၅)**
**ရှေးဟောင်းဝတ္ထုပစ္စည်းကို စစ်ဆေးခြင်း**

၁၀။ ဦးစီးဌာနသည်-

(က) ဝတ္ထုပစ္စည်းတစ်ခုခုနှင့်စပ်လျဉ်း၍ ရှေးဟောင်းဝတ္ထုပစ္စည်း ဟုတ်/ မဟုတ် စိစစ်ရန် လိုအပ်ပါက စစ်ဆေးပြီးအဆုံးအဖြတ်ပေးရမည်။

( ခ ) ပုဒ်မခွဲ (က) အရ ဆောင်ရွက်ရာတွင် ရှေးဟောင်းဝတ္ထုပစ္စည်း ဟုတ်/ မဟုတ် အဆုံးအဖြတ်ပေးရေးအတွက် အငြင်းပွားဖွယ်ရာကိစ္စ တစ်စုံ တစ်ရာ ပေါ်ပေါက်လျှင် ဝန်ကြီးဌာနသို့ တင်ပြ၍ အဆုံးအဖြတ် ခံယူရမည်။

*ဆက်လက်ဖော်ပြပါမည်*

---

*အချပ်ပို (ဂ) မှ*

**အခန်း (၁၅)**
**အယူခံခြင်း**

၅၂။ အလုပ်အမှုဆောင်အဖွဲ့က ပုဒ်မ ၂၉၊ ပုဒ်မ ၃၂၊ ပုဒ်မ ၃၄၊ ပုဒ်မ ၃၆ ၊ ပုဒ်မ ၃၈၊ ပုဒ်မ ၄၀၊ ပုဒ်မ ၄၂၊ပုဒ်မ ၄၄၊ ပုဒ်မ ၄၅ သို့မဟုတ် ပုဒ်မ ၅၁ အရ ပြုလုပ်သည့် ဆောင်ရွက်မှုတစ်ခုခုကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် ချမှတ်သောနေ့မှ ရက်ပေါင်း ၉၀ အတွင်း ကောင်စီသို့ အယူခံနိုင်သည်။

၅၃။ ပုဒ်မ ၅၂ အရ အယူခံရာတွင် ချမှတ်သော ကောင်စီ၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

**အခန်း(၁၆)**
**တားမြစ်ချက်နှင့် ပြစ်ဒဏ်များ**

၅၄။ မည်သူမျှ ဆေးကုသခွင့်လိုင်စင်မရှိဘဲ ဆေးကုသခြင်း မပြုရ။

၅၅။ ဆေးကုသခွင့်လိုင်စင်ရသူ မည်သူမျှ ဆေးကုသသည့် လုပ်ငန်းဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဆေးကုသသည့် လုပ်ငန်းအလိုက် ကျွမ်းကျင်မှုရှိကြောင်း သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းက ထုတ်ပေးသည့်လိုင်စင်၊ မှတ်ပုံတင်လက်မှတ်၊ ခွင့်ပြုချက်၊ သင်တန်းဆင်းလက်မှတ် သို့မဟုတ် အထောက်အထားရရှိသူမှအပ အခြားသူကို တာဝန်ပေးဆောင်ရွက်စေခြင်းမပြုရ။

၅၆။ ဆေးကုသခွင့်လိုင်စင်ရသူ မည်သူမျှ-

(က) ကောင်စီကထုတ်ပေးသည့်လိုင်စင်ပါ ခွင့်ပြုသည့်ဆေးကုသခြင်း အမျိုးအစားမှအပ အခြားဆေးကုသခြင်းလုပ်ငန်း ဆောင်ရွက်ခြင်း မပြုရ။

(ခ) ကောင်စီကထုတ်ပေးသည့် လိုင်စင်ပါ ကန့်သတ်ချက်များကို ကျူးလွန် ဖောက်ဖျက် ဆောင်ရွက်ခြင်း မပြုရ။

၅၇။ ဆေးကုသခွင့်လိုင်စင်ရသူ မည်သူမျှ ကောင်စီက အသိအမှတ်မပြုသော ဘွဲ့၊ ဒီဂရီ၊ အဆင့်၊ ကျွမ်းကျင်မှုဆိုင်ရာ ပညာရပ်များကို မိမိ၏ အမည်နှင့်ယှဉ်တွဲ၍ ဖော်ပြခြင်းမပြုရ။

၅၈။ မည်သူမဆို ပုဒ်မ ၅၄ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံးငါးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၅၉။ မည်သည့်ဆေးကုသခွင့်လိုင်စင်ရ ဆရာဝန်မဆို ပုဒ်မ ၅၅ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသိန်း အောက်မလျော့သော ငွေဒဏ်ချမှတ်ရမည်။

၆၀။ ဆေးကုသခွင့်လိုင်စင်ရရှိသူမည်သူမဆို ပုဒ်မ၅၆ပါတားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်အထိ ထောင်ဒဏ် ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၁။ ဆေးကုသခွင့်လိုင်စင်ရရှိသူ မည်သူမဆို ပုဒ်မ ၅၇ ပါတားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လအထိ ထောင်ဒဏ် ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အခန်း(၁၇)**
**အထွေထွေ**

၆၂။ ဆေးကုသခွင့်လိုင်စင်ရသူ ကိုယ်တိုင်လက်မှတ်ရေးထိုးခြင်းမရှိသော ဆေးလက်မှတ်နှင့် ဆေးဘက်ဆိုင်ရာ အထောက်အထားများသည် တရားဝင်ဖြစ်သည်ဟု မမှတ်ယူရ။

၆၃။ ဆေးကုသခွင့်လိုင်စင်ရသူတစ်ဦးဦးသည်လူနာအကျိုးအတွက် ၎င်း၏သဘောတူညီချက်ဖြင့်ဆေးပညာရပ်ဆိုင်ရာ ထိုက်သင့်သော သတိပြုခြင်းဖြင့် ဆုံးဖြတ်၍ ဆရာဝန်ကျင့်ဝတ်နှင့်အညီဆောင်ရွက်ခဲ့လျှင် ယင်းဆောင်ရွက်ချက်ကို ပေါ့လျော့စွာ ဆောင်ရွက်သည်ဟု မမှတ်ယူရ။

၆၄။ ဤဥပဒေအရ ပြစ်မှုကျူးလွန်သူကို တရားစွဲဆိုခြင်းနှင့်စပ်လျဉ်း၍ တရားစွဲဆိုခံရသူသည် မှတ်ပုံတင်ဆရာဝန်ဖြစ်ပါက သက်ဆိုင်ရာအဖွဲ့အစည်းများသည် ကောင်စီသို့ အသိပေးအကြောင်းကြားရမည်။

၆၅။ မြန်မာနိုင်ငံဆေးကောင်စီဥပဒေ(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၁/၂၀၀၀) အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၆၆။ ကောင်စီသည် မြန်မာနိုင်ငံဆေးကောင်စီဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၁/၂၀၀၀) အရ ဖွဲ့စည်းထားသော ကောင်စီပိုင် ရန်ပုံငွေများကို လည်းကောင်း၊ရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို လည်းကောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများကို လည်းကောင်း၊ ဆောင်ရွက်ပြီး လုပ်ငန်းများကို လည်းကောင်း၊ ရရန်ပိုင်ခွင့်နှင့်ပေးရန်တာဝန်များကိုလည်းကောင်း အသီးသီးဆက်ခံရမည်။

၆၇။ မြန်မာနိုင်ငံဆေးကောင်စီဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၁/၂၀၀၀) အရ ဖွဲ့စည်းထားသော ပြည်ထောင်စုမြန်မာနိုင်ငံ ဆေးကောင်စီသည် ဤဥပဒေအရ ကောင်စီမဖွဲ့စည်းမီ ယင်း၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆက်လက်ဆောင်ရွက်ရမည်။

၆၈။ ကောင်စီသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၆၉။ မြန်မာနိုင်ငံဆေးကောင်စီဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၁/၂၀၀၀) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**